
www.burmeseclassic.com




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၁၉၇၄-ခု၊ ဇွန်လ

အုပ်ရေ
၆၀၀၀

မျက်နှာဖုံးဒီဇိုင်း
မောင်ညိုဝင်း

ဘလောက်
ဘသစ်အင်ဆန်း

အဖုံးရိုက်
ချင်းတွင်းရှောင်စုံပုံနှိပ်တိုက်

စာအုပ်ချုပ်
သူ့နည်းသူနှင့်မောင်များ

( ရောင်းဈေး ခြောက် - ကျပ် )

ဤစာအုပ်ကို ဒေါ်ခင်နု (မြ-၀၁၆၁၇)၊ တိုးတက်စန်း ပုံနှိပ်တိုက်၊ အမှတ် ၁၀၇၊ ၂၉-လမ်း ရန်ကုန်က ရိုက်နှိပ်၍ ဦးအောင်သင်း (မြ-၀၁၀၅၅) သင်းစာပေ၊ အမှတ် ၂၄၄ (က)၊ မြင်သာတိုးချဲ့ ၆-လမ်း၊ တောင်ဥက္ကလာပမြို့က ထုတ်ဝေသည်။

ချစ်ဖြိုင်စာစဉ်အမှတ် ၁၃

ဗိုလ်မှူးကြီး (ဟောင်း) တင်မောင်

# မုန်တိုင်းလွန်သော်

တိုင်းပြည်ကနုနုမုန်တိုင်းကထန်ထန်၏အဆက်

နိုင်ငံရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် ၀၆၁၉ အရ
ပုံနှိပ်ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏
## မြတ်ထန်အမည်ဖြင့် ထုတ်ဝေခဲ့ပြီးသောစာအုပ်များ။

✓ ၁။ နှောင်းတမြေ့မြေ့ .... .... (၁၉၇၀)
၂။ နှောင်ကြိုးငယ်ငင်သောကြောင့် .... (၁၉၇၂)
၃။ ကြင်နာပါတယ်မောင့်ကို .... .... (၁၉၇၂)
၄။ သူတို့ဘဝ သူတို့ရဲ့အလှ .... .... (၁၉၇၂)
၅။ မမကေသီ .... .... .... (၁၉၇၃)
၆။ မြေမဟာစမ်းနှင့်ပန်းအကြွေ.... .... (၁၉၇၃)
✓ ၇။ မုန်းသည်၊ ပြုံးသည်၊ ချစ်ရပါသည် .... (၁၉၇၃)
၈။ ဘဝဇာတ်ကြောင်းနှင်ပါလေဦး .... (၁၉၇၃)
✓ ၉။ ပြန်မပြောချင်တဲ့ဇာတ်လမ်းတပုဒ် (၁၉၇၄)

## ဗိုလ်မှူးကြီး (ဟောင်း) တင်မောင် အမည်ဖြင့်

၁။ ဂျပန်ခေတ်စစ်ပညာတော်သင်တဦး .... (၁၉၇၁)
၂။ တိုင်းပြည်ကနေ့ မုန်တိုင်းကထန်ထန်.... (၁၉၇၃)

## မာတိကာ


— အဓိဋ္ဌာန်
— စာရေးသူ၏အမှာ

### တပ်ရင်းမှူးမှကျောင်းအုပ်ကြီး

- အမိမြန်မာပြည်နှင့်ကျမျက်ရည် ၁၃
- နောက်ပိုင်းအာဇာနီများ ၂၀
- ကောက်သင်းကောက် ၂၆
- သင်ခန်းစာတခု ၃၀
- ဥပဒေနောက်ထပ်တမျိုး ၃၆
- မလေးရှားမှအတွေ့အကြုံ ၅၇
- မိခင်ဗိုလ်သင်တန်းကျောင်း ၇၀

### စစ်သံမှူး

- ဗိုလပ်သို့ ၇၅
- သံမှူးဆိုသည်မှာ ၈၈
- တနေ့တာ ၁၁၁
- နေ့ရေးခက်ခက် ၁၀၆
- သူ့အကြိုက် ကိုယ့်အကြိုက် ၁၁၀
- အနောက်တိုင်း ဒန့်(စ်) ၁၁၉
- နန်းတက်ပွဲ ၁၂၅
- ရွှေတော်သွင်း အခမ်းအနား ၁၂၇
- ဘုရင်ခံဟောင်းတဦး ၁၃၃
- စစ်တက္ကသိုလ်ကျောင်းဆင်းပွဲ ၁၄၀
- နှစ်သစ်ကူးပွဲ ၁၄၅


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


- ဟိုက်ပတ်ပန်းခြံ ၁၅၄
- ပဲရစ် ၁၆၂
- လူသားလျှင် ၁၆၉
- ဒေါ်ရှယ်ဝုဒ်မင်း ၁၇၈
- စာပေနှင့်ကျွန်တော် ၁၈၈
- ဒီလပ်တွင် နောက်ဆုံးနေ့ရက်များ ၁၉၇
- နှုတ်ဆက်ခဲ့ပါသည် ၂၀၃

လျှို့ဝှက်နိုင်ငံတော်

- ပြန်လည်လေ့ကျင့်ရေး ၂၀၇
- တပ်မင်းတို့ဘုန်း ၂၁၉
- ထိပ်ပြွင်စိုးစွင့် ၂၂၉
- စကားပြန် ၂၃၈
- ပီးမော ၂၄၁
- ပူတာအိုဒေသ ၂၄၇
- ဂုဏ်ယူလို့မဆုံး ၂၅၇

ဗွဲ့ကပင်တောင်ခြေ

- အပန်းဖြေခရီး ၂၆၁
- ချော ၂၆၈
- မင်းရှန်အောင် ၂၇၀
- မှိုင်တောသီက ၂၇၅
- စိတ်မောရပါသည် ၂၈၁
- လိပ်ပြာလှလှ ၂၈၇


## အဓိဋ္ဌာန်

ငါတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏သစ္စာကို စောင့်သိရိုသေပါမည်။

ငါတို့သည် ကျဆုံးလေပြီးသော ရဲဘော်တို့၏ သစ္စာကို စောင့်သိရိုသေပါမည်။

ငါ့အား အထက်မှ ပေးအပ်သောအမိန့်နှင့် တာဝန်ကို ကြွေးမြန်စွာ ထမ်းဆောင်ပါမည်။

ငါ့နိုင်ငံတော် ငါ့နိုင်ငံသား ငါ့တပ်မတော် အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာ

ကျွန်တော်သည်၊ "ဂျပန်ခေတ်စစ်ပညာတော်သင်တဦး" နှင့် "တိုင်းပြည်ကနုနုမုန့်တိုင်းကထန်ထန်" မှတ်တမ်းတို့ကိုရေးခဲ့စဉ်က ယနေ့လူငယ်လူရွယ်တို့နှင့် တပ်မတော်တွင် ယနေ့အမှုထမ်းနေကြသော အရာရှိ ငယ်များ၊ အကြပ်များ၊ ရဲဘော်များတို့ကို အဓိက အားဖြင့်ရည်ရွယ်ခဲ့ပါသည်။

သို့ရာတွင် စာအုပ်များအဖြစ် ပေါ်ထွက်လာသောအခါ၌မူ ထိုလူငယ်လူရွယ်တို့နှင့် စစ်မှုထမ်းတို့သာမဟုတ်၊ အသက်အရွယ် မရွေး၊ လူတန်းစားမရွေး၊ စာဖတ်ပရိသတ် အတော်များများ တို့၏ဖတ်ရှုခြင်းကိုခံခဲ့ရသည်ဖြစ်သဖြင့် ကျွန်တော်၏ရည်ရွယ်ချက် သည် ပိုမိုအောင်မြင်ခဲ့သည်ဟုဆိုရမည်ဖြစ်ပါသည်။ ထို့အတွက် အားရဝမ်းမြောက်ရပါသည်။

ကျွန်တော်သည် ဤမှတ်တမ်းတို့ကိုရေးသားနေရာတွင် လွန်ခဲ့သော တခေတ်ဟု ဆိုနိုင်မည်ဖြစ်သော ထိုကာလက တပ်မတော်၏ အကြောင်းနှင့် ထိုတပ်မတော်သည်မည်သို့ တိုင်းပြည်၏ တာဝန် တို့ကို ထမ်းဆောင်ခဲ့သည်ဆိုသည့် အကြောင်းတို့ကိုသာ ပြောပြ လိုသည်ဖြစ်ပါသည်။ ထိုမှတပါးအခြားအကြောင်းမရှိပါ။

ထိုသို့ရေးသားရာတွင် ကိုယ်တွေ့စင်စစ်ကိုသာ အပိုအလိုမရှိ အမှန်အတိုင်း ရေးသားတင်ပြရသည် ဖြစ်သဖြင့် အချို့နေရာ၌ တွင် ဆက်စပ်ရာ ကိုယ်ရေးကိုယ်တာ အကြောင်းအရာများပါ ဝင်လာခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုလည်း၎င်း မုန်တိုင်းလွန်သော် ကို "တိုင်းပြည်ကနူနူ၊ မုန်တိုင်းကထန်ထန်" ၏ အဆက်အဖြစ် ရေးသားရပြန်ပါပြီ။

သည့်တခါတော့ တိုင်းပြည်၏အခြေအနေက ပိုမိုကောင်းမွန်လာ၊ တာဝန်အနေဖြင့်ကလည်း အနည်းငယ်ပိုမို ကြီးလာခဲ့ပြီမို့ တိုက်ပွဲတို့တွင် တပ်ခွဲ၊ တပ်ရင်းတို့ကို ကိုယ်တိုင် ကိုယ်ကျသေနတ်ကိုင်စွဲပြီး ခေါင်းဆောင် တိုက်ခိုက်ရခြင်းထက်၊ တပ်မဟာမှူးတဦးအနေဖြင့် လက်အောက်ခွင်ရှိ များပြားလှသော တပ်ရင်းတို့ကို ညွှန်ကြားခန့်ခွဲပြီး ဦးစီးစစ်ဆင်ရသည်တို့ကိုသာ တွေ့ကြရပါမည်။ ထို့ကြောင့် တနည်းအားဖြင့်တော့ ပိုမိုတာဝန်ကြီးမားလာသည့် တပ်မှူးတဦး၏ ဘဝကို လေ့လာနိုင်ကြပါလိမ့်မည်။

ထို့အပြင် ဖြတ်သန်းခဲ့ရသည့်စစ်သံမှူး၏ ဘဝကိုလည်းတစိတ်တဒေသတွေ့ရှိကြရမည် ဖြစ်ပါသည်။ တိုင်းတပါးသို့သွားရောက်၍ တိုင်းပြည်အားကိုယ်စားပြုရသည့် တပ်မတော် အရာရှိတဦး၏ အတွေ့အကြုံတို့နှင့် ထိုတိုင်းပြည်၏ ထိုခေတ်က အကြောင်းအရာအချို့တို့ကိုလည်း အလျှင်းသင့်သလို တင်ပြထားပါသည်။

ထို့နောက်တော့ ကျွန်တော်၏ ဆန္ဒပြုစုဆုတခုသာ ကျန်ပါတော့သည်။

ကျွန်တော်သည် ၎င်းမှတ်တမ်းတို့ကိုပြုစုခဲ့ရာ၌ တိုင်းပြည်၏အကျိုးကိုဘဘက်တလမ်းအားဖြင့်ပြုနိုင်သည့်ကိုယ်ဖြစ်ချပါလိုသည်။

စက်တင်ဘာလ (၁၁)ရက် ၁၉၇၄-၅

# တပ်ရင်းမှူးမှ ကျောင်းအုပ်ကြီး

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အမိမြန်မာပြည်နှင့် ကျမျက်ရည်

အမိမြန်မာပြည်ကြီး အဖ္ဖိုတော့ဖြင့် ရှိုက်ခဲ့ငိုခဲ့ရတဲ့ ရက်တွေ လတွေ နှစ်တွေက များခဲ့ရပါပြီ။

၁၈၂၄ ခုနှစ်အထိ မြစိမ်းရောင် အတောင်စုံတို့ကို ဖြန့်တာ တဖျတ်ဖျတ်ရိုက်ခတ်ပြီး မြီးကွက်ကြီးများ တို့ကို တကားကား ဖြင့် လှပသာယာစွာ ကခဲ့သီဆိုခဲ့သည့် ဥဒေါင်းငှက်ကြီးသည် လည်း မကနိုင်ရှာတော့၊ မသီဆိုနိုင်ရှာတော့။

ထို ၁၈၂၄ခုနှစ် ဘကြီးတော်ဘုရား လက်ထက်တော်တွင် ဗြိတိသျှတို့၏ အရှေ့အိန္ဒိယကုမ္ပဏီအစိုးရက ရခိုင်နယ်စပ်မှမြန်မာ ပြည် အတွင်းသို့ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ပဋ္ဌမ မြန်မာ အင်္ဂလိပ်တို့စစ်ပွဲကြီး စတင်ဖြစ်ပွားခဲ့ရသည်။

၁၈၂၅ခုနှစ်၊ ဧပြီလ ၂ရက်နေ့တွင် မြန်မာတို့၏ အားထားရာ စစ်သူကြီး မဟာဗန္ဓုလ ဓနုဖြူမြို့တွင် ကျဆုံးခဲ့သည်။

၁၈၂၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ရက်နေ့တွင် သမိုင်း၏ အမဲ ကွက်တခုဖြစ်ခဲ့သည့် ရန္တပိုစာချုပ်ကို မြန်မာတို့ဘက်မှ လက်ခံ ချုပ်ဆိုခဲ့ကြရသည်။

၁၈၅၂ခုနှစ်တွင် အင်္ဂလိပ်တို့က သူတို့၏ အရာရှိ အချို့တို့ အား ပုဂံမင်း၏ အမှုထမ်းတို့က မခေလးမစား ဆက်ဆံသည်ဟူ

www.burmeseclassic.com



သော အကြောင်းပြချက်ဖြင့် ကုန်မိုဒိုလင်းဘတ်နှင့် စစ်သင်္ဘော ခြောက်စင်းတို့ကို ရန်ကုန်မြို့သို့ စေလွှတ်ခဲ့သည်၊ ထိုရေတပ်က မြန်မာတို့၏ ပင်လယ်ကူး သင်္ဘော တစင်းကို သိမ်းယူခဲ့သည်။ သို့ဖြင့် မြန်မာ အင်္ဂလိပ်တို့၏ ဒုတိယ စစ်ကြီး ဖြစ်ခဲ့ရပြန်သည်၊ ထိုစစ်ပွဲအပြီးတွင် မြန်မာတို့၏ ပဲခူးဒေသတခုလုံး အင်္ဂလိပ်တို့၏ သိမ်းပိုက်ခြင်းကို ခံခဲ့ရကြရသည်။

၁၈၈၅ခုနှစ်တွင် အင်္ဂလိပ်တို့၏ ဘုံဘေဘားမားသစ် ကုမ္ပဏီကြီးအားသစ်ခိုးမှုဖြင့် မြန်မာတို့က ဒဏ်ရိုက်သည်။ ဤသည်ကို အကြောင်းပြု၍ အင်္ဂလိပ်တို့က ရာဇသံပေးသည်။ထိုနှစ်နိုဝင်ဘာလ ၂၈ရက်နေ့တွင် ပရင်းဒါးဂတ်ဦးစီးသည့် အင်္ဂလိပ်စစ်တပ်တို့က ရတနာပုံမြို့တော်သို့ချီတက်၍ သီပေါဘုရင်မင်းမြတ်အား ဖမ်းဆီးလိုက်သည်။

၁၈၈၆ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့တွင် မြန်မာပြည်တပြည်လုံးအား သိမ်းပိုက်လိုက်ပြီဟု အင်္ဂလိပ်တို့က ကြေညာသည်။

ဤတွင် အချုပ်တန်းဆရာဖေက အောက်ပါ တေးတပ်ဖြင့် မှတ်တမ်းတင်ခဲ့ပေသည်။

"မြန်မာတွေ စည်းကမ်းဖောက်
ထီးနန်းပျောက်ဖြစ်ပြီ၊
မိုးငြမ်းထောက်အသစ်မှိုတယ်
ညစ်ပလီလူမျိုး၊
မိပစ်လို့ ဘချောင်သွေ့သည်
ဂွကောင်တွေ ခွေးဖြစ်ပေါ့မျိုး...."

ထိုအချိန်မှစတင်၍ နှစ်ပေါင်းတရာ့နှစ်ဆယ် ကျော်ကျော်၊ အမိမြန်မာပြည်ကြီးငိုခဲ့ရတဲ့ နေ့တွေ ရက်တွေ လတွေ နှစ်တွေ မျက်ရည်ချောင်းစီးတမျှ။





၁၉၄၅ ခုနှစ်မှာတော့ ထိုအမိမြန်မာပြည်ကြီးသည် နှစ်ပေါင်းများစွာ မျက်နှာပြင်တွင်အုပ်ခါ ထားခဲ့ရသည့် သူ့လက်ဖဝါးနုနုကလေးတို့ကိုရုပ်လိုက်ပြီး သားဘို့သမီးတို့ကို တစေ့တစောင်း ကြည့်သည်။ အဲဒီတော့ ရှိုက်သံတိုက စဲလို့လာကြသည်။ မျက်ရည်တို့ဖြင့် ဝေ့လည်ဆဲမျက်လုံးတို့သည် အားတက်သရော ရှိလာနေကြသည်။ သူ့နှုတ်ခမ်းတို့က တဆတ်ဆတ်ဖြင့်။ ထိုမျက်နှာက တဖြေးဖြေးခြင်းပြုံးလို့လာနေပါပြီ။

မြန်မာ့သမိုင်းတွင် မကြုံစဖူး ထူးထူးကဲကဲဖြင့် တတိုင်းပြည်လုံးသည် သွေးစည်းညီညွတ် လျက်ရှိနေကြပါသည်။ အို....ဝမ်းသာစရာ ကောင်းလိုက်ပါဘိ၊ မွေးရကျိုးနပ်လှပါဘိ။

ပြည်သူ့အရေးတော်ပုံပါတီ၊ ဗမာ့တပ်မတော်၊ ကွန်မြူနစ်ပါတီ၊ အာရှလူငယ်၊ ကရင်လူငယ်တို့နှင့် ကချင် ကရင် ကယားချင်း ရှမ်း မွန် ရခိုင် စသည်စသည် လူမျိုးစု အားလုံးတို့သည် ဖက်စစ်တို့၏ လေးလံလှသည့် စစ်ဖိနပ်ကြီး အောက်မှ ညီညီဖြဖြ ရုန်းကန်တွန်းလှန်ခဲ့ကြပြီးနောက် မဟာအောင်ပွဲကြီးကို သောင်းသောင်းညံညံခံယူဆင်နွှဲနေကြပါပြီ။

ဤကားညီညွတ်ခြင်း၏ရလဒ်။

အဲဒီနောက်မှာလဲ ပင်လုံစာချုပ်။ သွေးရင်း သားချင်းတို့ရဲ့ သွေးစည်းမှုကို ကမ္ဘာသို့ ပြသနိုင်ခဲ့သည့်စာချုပ်၊ တတိုင်းပြည်လုံးအား လွတ်သပ်ရေးကို အရဆောင်ကျဉ်းပေးမည့်စာချုပ်။

သို့ရာတွင် မကြာလှပါ။ အမိမြန်မာပြည်ကြီးခမြာ ငိုရှာပြန်ပါပြီ။ အသဲအူတွေပြုတ်ပြုန်းမတတ် ရှိုက်ခါရှိုက်ခါ ငိုရပြန်ပါပြီ။

၁၉၄၇ ခုနှစ်၊ ဂျူလိုင် ၁၉ ရက်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ နိုင်ငံ၏ ခေါင်းဆောင်ကြီးများ မသမာသူ၏လက်ချက်ဖြင့် ကျဆုံးခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် တတိုင်းပြည်လုံး၏ သွေးစည်း ညီညွတ်မှု အရှိန်ဖြင့်-

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀။ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကို ကြေညာ နိုင်ခဲ့ကြသည်။

သည်တခါတော့ဖြင့် အမိ မြန်မာနိုင်ငံကြီး ခမြာ ငိုလဲ မငို ဘော့၊ ပြုံးလဲမပြုံးတော့။ ရယ်မောဘို့ကိုတော့ဖြင့် ဝေးစွ။ ငိုလို့ကော ဘာများ အကြောင်း ထူးအုံးမှာမို့ပါလဲ။ ပြုံးလို့ကော ဘာများအကြောင်းထူးအုံးမှာမို့ ပါလဲ။

လွတ်လပ်ရေးရရှိသည်နှင့် တချိန်ထဲမှာလိုလို လွတ်လပ်ရေး၏ ဖွားဘက်တော်အဖြစ် ဆူပူသောင်းကျန်းမှုကြီးတို့က ဖြစ်ပေါ်လာခဲ့ကြသည်၊ ကွန်မြူနစ်ဘို့က လက်နက်စွဲကိုင် ပုန် ကန် ကြသည်။ ရဲဘော်ဖြူတို့က တောခိုကြသည်။ လက်နက်ကိုင် ကေအင်ဒီအိုတို့က အစိုးရအား အဘိ ဆ ယင်း စစ်ကြေညာလိုက်ကြသည်။

ရဲဘော်....၊ စိတ်ကူးဖြင့် မြန်မာနိုင်ငံ၏မြေပုံကို ဖြန့်လိုက်ကြည့်လိုက်စမ်းပါ။ အစိုးရအနေဖြင့် ထိုစဉ်က ပိုင်ပိုင်နိုင်နိုင် သိမ်းပိုက် စိုးမိုးထားနိုင်သော မြို့များ ကျေးရွာများတို့ကို အပြာရောင် ခဲတံဖြင့် ရေးဝိုင်းလိုက်စမ်းပါ။

ရန်ကုန်၊ ပဲခူး၊ သာစည်၊ စစ်ကိုင်း၊ ရွှေဘို၊ မြစ်ကြီးနားနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ အနည်းငယ်မျှသော ခရိုင်မြို့ကြီးများ။

ကျန်သည်တို့ကို ခဲတံအနီ....၊ အို....ခဲတံဖြင့် လိုက်ပြီး ရေးခြစ်နေလို့ ဘယ်မှာပြီးမှာပါလဲ။ စုတ်တံကြီးကြီး တချောင်းဖြင့်သာ မင်နီအိုးတွင် နှစ်လိုက်ပါ၊ ပြီးတော့ ကျန်ဒေသတို့ကို ထိုစုတ်တံဖြင့်ဆွဲကာဆွဲကာ သုတ်ခြယ်လိုက်စမ်းပါ။ အဲဒီအနီပြင်ကြီးတခု





လုံးသည် ဆူပူသောင်းကျန်းသူမျိုးစုံတို့ သိမ်းပိုက်ထားရာ၊ စိုးမိုးထားရာနယ်ပယ်များ ဖြစ်ကြပါသည်။

ပသိမ်ကဲ့သို့မြို့ကြီးကိုပင် သူပုန်တို့သည် နာရီပိုင်းမျှသိမ်းပိုက်နိုင်ခဲ့ကြသည်။ ဗိုလ်ကြီးမင်းသိမ်း(ယခုဗိုလ်မှူးကြီး၊ နိုင်ငံတော်ကောင်စီဝင်)ဦးဆောင်သော ဗမာ့သေနတ်ကိုင် တပ်ရင်း(၄)မှ တပ်ခွဲက ပြန်လည် တိုက်ခိုက် သိမ်းယူလိုက်သဖြင့်သာ မြို့သည် အစိုးရလက်သို့ ပြန်လည် ရောက်ရှိလာခဲ့သည်။

မော်လမြိုင်၊ သူပုန်တို့၏အစီးအနင်းမှမလွတ်။ သထုံ၊ ညောင်လေးပင်၊ တောင်ငူ၊ မိတ္ထီလာ၊ မန္တလေး၊ ပခုက္ကူ၊ မြင်းခြံ၊ ရေနံချောင်း၊ မင်းဘူး၊ မကွေး၊ ပြည်နှင့်မြစ်ဝကျွန်းပေါ်မှမြို့ကြီးအချို့ သူပုန်တို့၏ သိမ်းပိုက်ခြင်းမှ မလွတ်ခဲ့ကြ။ အားလုံးသည် အနီ။ မိုးသားတိမ်လိပ်တို့ ထူထပ်သည့် ညများတွင် ကောင်းကင်ပြင်၌ ရှာနိုင်လွန်းပါမှ ကြယ်ပွင့်ကလေးတို့ကို ဟိုမှာတပွင့် သည်မှာ တပွင့်မျှသာ တွေ့မြင်ရသလို မြန်မာပြည် တပြည်လုံးသည်လည်း ဟိုမှာ အပြာကွက်ကလေးဘာကွက်၊ သည်မှာ အပြာကွက်ကလေး တခု၊ ကျီးတိုးကျဲဘဲ....။ ကျန်သည်တို့ကအနီ၊ အနီမှ သွေးရောင်နီနီရဲရဲ။

ထိုစဉ်ကအစိုးရသည် ကမ္ဘာ့အလည်တွင် မျက်နှာငယ်လှပါသည်။ နိုင်ငံအချို့က ပြက်ကယ်ပြုခဲ့ကြသည်။ ရန်ကုန်အစိုးရပါတဲ့။

ထိုရန်သူတို့ကို သွေးခွက်ချည်း ဆန့်ကျည် အလံကိုတော့ မလှဲရင်မြေကတုတ် တွန်းလှန် ခုခံကြရသည်မှာ တိုင်းပြည်၏အရေးအခင်းဘိုင်းတွင် ပြည်သူလူထု၏ရှေ့မှ အစဉ်အမြဲမားမားမတ်မတ်ရပ်တည်ခဲ့သည့် အစဉ်အလာရှိသောတပ်မတော်၊ ဗိုလ်ချုပ်ကြီးနေဝင်းဦးစီးသည့် ဗမာ့ကြည်း၊ လေ၊ ရေ တပ်မတော်။

ရန်သူနှင့် နိုင်းယှဉ်လိုက်ပါက အရေအတွက်အားဖြင့် အဆ



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းများစွာ နဲပါးလှကာ ကျည်ဆံ ခဲယမ်း မီးကျောက် တို့ကို တတောင့်ချင်း လက်ချိုး ရေတွက်ပြီး တိုက်ခိုက်နေရသည့် ထို တပ်မတော်သည် ထိုရန်သူမျိုးစုံတို့အား အကြိတ်အနယ်ပြန်လည် ခုခံခဲ့ရရာမှ တစတစဖြင့် တန်ပြန်ထိုးစစ်ကို ဆင်နွဲနိုင်ခဲ့သည်။

၁၉၄၉ ခုနှစ်အတွင်း ရန်သူတို့လက်မှ-

မတ်လ ၂၂ ရက်နေ့တွင်....မိတ္ထီလာကိုရင်း။

ဧပြီလ ၁၇ ရက်နေ့တွင်....မေမြို့ကိုရင်း။

ဧပြီလ ၂၂ ရက်နေ့တွင်....အင်းစိန်ကိုရင်း။

ဧပြီလ ၂၄ ရက်နေ့တွင်....မန္တလေးကိုရင်း။

မေလ ၁၃ ရက်နေ့တွင်....ကျောက်ပန်းတောင်းကိုရင်း။

မေလ ၁၄ ရက်နေ့တွင်....ဇီးကုန်းနှင့်နတ်တလင်းတို့ကိုရင်း။

ဇွန်လ ၁၀ ရက်နေ့တွင်....ရေနံချောင်းကိုရင်း။

ဇွန်လ ၁၉ ရက်နေ့တွင်....တွံတေးကိုရင်း။

ဇွန်လ ၂၅ ရက်နေ့တွင်....သထုံကိုရင်း။

ဇူလိုင်လ ၁ ရက်နေ့တွင်....မလှိုင်ကိုရင်း။

ဇူလိုင်လ ၁၆ ရက်နေ့တွင်....သာယာဝတီကိုရင်း။

ဩဂုတ်လ ၁၅ ရက်နေ့တွင်....လက်ပံတန်းကိုရင်း။

စက်တင်ဘာလ ၁ ရက်နေ့တွင်....လားရှိုးကိုရင်း။

စက်တင်ဘာလ ၁၄ ရက်နေ့တွင်....သီပေါကိုရင်း။

စက်တင်ဘာလ ၁၇-ရက်နေ့တွင် လှိုင်လင်ကိုရင်း၊

စက်တင်ဘာလ ၂၅-ရက်နေ့တွင် သုံးခွနှင့် ခရမ်းကိုရင်း၊

နိုဝင်ဘာလ ၆-ရက်နေ့တွင် ညောင်တုန်းကိုရင်း၊

နိုဝင်ဘာလ ၂၃-ရက်နေ့တွင် တောင်ကြီးကိုရင်း၊

နိုဝင်ဘာလ ၂၉-ရက်နေ့တွင် မနုဖြူကိုရင်း၊

ဒီဇင်ဘာလ ၁၈-ရက်နေ့တွင် စာဘူးတောင်းကိုရင်း၊





၁၉၅၀-ခုနှစ်အတွင်း ရန်သူတို့လက်မှ....

ဇန်နဝါရီလ ၁၄-ရက်နေ့တွင်....ကျောက်ပန်းတောင်းကိုရင်း၊

ဖေဖော်ဝါရီလ ၉-ရက်နေ့တွင်....ကွမ်းလုံကိုရင်း၊

ဖေဖော်ဝါရီလ ၂၅-ရက်နေ့တွင်....ပြန်တဆာနှင့် ညောင်လေးပင်တို့ကိုရင်း၊

မတ်လ ၅-ရက်နေ့တွင်....ဖြူးကိုရင်း၊

မတ်လ ၁၉-ရက်နေ့တွင်....တောင်ငူကိုရင်း၊

ထိုတပ်မတော်က ပြည်သူ့သားကောင်းအဖုံအသွန်ကလေး တို့၏ အသက်သွေးပေါင်းများစွာတို့ကိုပေးလှူ၍ တမြို့ပြီးတမြို့.... ပြီးတော့ နောက်တမြို့ပြီး နောက်တမြို့တို့ကို ပြန်လည်သိမ်းပိုက် နိုင်ခဲ့သည်။

ထိုအခါ နိုင်ငံခြားတို့မှ "ရန်ကုန်အစိုးရ"ဟု လှောင်ပြောင် ခေါ်ဝေါ်ခြင်းခံခဲ့ရသောအစိုးရသည် "ပြည်ထောင်စု နိုင်ငံတော် အစိုးရ"အဖြစ်သို့ သိက္ခာရှိရှိ ပြန်လည်ရောက်ရှိလာခဲ့ပါပြီ။

သို့ရာတွင် ထိုပြည်တွင်းစစ်ကြောင့်တိုင်းပြည်တွင် အလဟဿ နစ်နာဆုံးရှုံးမှုတို့ကတော့ တွက်ချင့်နိုင်စွမ်းမရှိတော့သော လူမျိုး တမျိုးလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တ၊ ဂုဏ်သရေနှင့် လူနေမှု အဆင့်အတန်းတို့အပြင် တွက်ချင့်၍ရသမျှ အမေရိကန် စာရေး ဆရာကြီး ရစ်ချတ်ဘတ်ဝဲ(လ်)၏ အဆိုအတိုင်းမူ....

၁၉၄၈၊ ၄၉၊ ၅၀ ခုနှစ်များ အတွင်း မြန်မာပြည်သည် ပြည်တွင်းစစ်ကြောင့် စိုက်ပျိုးနိုင်သော မြေဧရိယာ၏ ၃၅-ရာခိုင်နှုန်းတို့ ကောခဲ့ရသည်။ လူဦးရေ သုံးသန်း(သုံးသန်း)ခန့်တို့ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြသည်။ ပြည်သူပြည်သား နှစ်သောင်း နှစ် ထောင် (နှစ်သောင်းနှစ်ထောင်)နှင့် အစိုးရဘက်မှ စစ်ဘက် နယ်ဘက် အမှုထမ်းပေါင်း ငါးထောင်ခွန်နှစ်ရာ (ငါးထောင်



www.burmeseclassic.com

www.burmeseclassic.com



ခွန်နှစ်ရာ)တို့ အသက်ဆုံးရှုံးကြရသည်။ ပြည်သူပိုင်ပစ္စည်းတန်ဖိုး ဒေါ်လာငါးသန်း(ငါးသန်း)၊ ပြည်သူပြည်သားတို့၏ ကိုယ်ပိုင်အိုးအိမ်ပစ္စည်းတန်ဖိုး ဒေါ်လာ ကိုးဆယ့်ငါးသန်း (ကိုးဆယ့်ငါးသန်း) ဆုံးရှုံးခဲ့ကြရသည်ဟုသူ၏စာအုပ်တွင်ဖော်ပြခဲ့သည်။

အမိမြန်မာပြည်ကြီးကတော့ မငိုတော့ပါ၊ မပြုံးတော့ပါ။ ငိုအား ပြုံးအားလည်း မရှိရှာတော့ပါ။

* * * *

## နောက်ပိုင်းအာဇာနည်များ

၁၉၅၀-ခုနှစ် မတ်လ ၉-ရက်နေ့တွင် ကေအင်ဒီအိုတို့၏ တနှစ်ကျော်ကျော်မျှ သိမ်းပိုက်ထားခြင်းကိုခံခဲ့ရသောတောင်ငူမြို့အား "မိုးကြိုး"ဟု အမည်တွင်သော စစ်ဆင်ရေးဖြင့် ပြန်လည် ရယူလိုက်ကြပြီးသည့်နောက်ထိုစစ်ဆင်ရေးနှင့်ပတ်သက်၍ ကျွန်ုပ်တော်၏ တာဝန်ဝတ္တရားတို့သည်လည်း ပြီးဆုံးခဲ့ပါပြီ။

ထို့ကြောင့် ကျွန်တော်၏ကိုယ်ပိုင်တပ်ရင်းဖြစ်သော ခြေလျင်တပ်ရင်းအမှတ်(၅)၏ ဌာနချုပ်ရှိရာ ဇေယျဝတီသို့ ပြန်ခဲ့သည်။

နေ့၏နံနက်ခင်းသည် ထွေးထွေးနွေးနွေးကလေး ရှိနေသည်။

တောင်ငူမြို့ပြင်သို့ရောက်လို့ ခပေါင်းချောင်းကို လွန်လာခဲ့တော့ အရှေ့ဘက်ဆီသို့ အမှတ်မထင်လှမ်းမျှော်ကြည့်လိုက်မိရပါသည်။ စိမ်းစိမ်းညို့ညို့ မှိုင်းမှိုင်းမှိုင်းမှိုင်းနှင့် တောင်တန်းကြီး၊ အဲဒီတောင်တန်းကြီး၏နောက်တွင် နောက်ထပ်တောင်တန်းကြီးတွေ ထပ်ခါထပ်ခါ ရှိကြပါလိမ့်အုံးမည်။ ပြီးတော့ သံလွင်မြစ်။ နောက်ဆုံး ယိုးဒယားနယ်စပ်သို့ရောက်သည်အထိ တောအထပ်





ထပ်၊ တောင်အထပ်ထပ်၊ မြောင်အထပ်ထပ်။ ဖါးစည်သံသာ လွင့်ပျံ့ရာ ကော်သူးလေပြည်နယ်နှင့် ကယားပြည်နယ်။

ကြည့်နေရင်းမှ စိတ်မောလိုက်ရသည်။ မိုးကြိုးစစ်ဆင်ရေးမှ လွတ်မြောက် သွားကြသော၊ တိမ်းရှောင် သွား ကြသော ကေအင်ဒီအို သောင်းကျန်းသူတို့သည် ထိုဒေသတို့တွင် အလုံးအရင်းဖြင့်မဟုတ်စေကာမူ ဟိုမှာတစု၊ သည်မှာတဖွဲ့ ရှိနေကြပါအုံးမည်။ ထိုအစု ထိုအဖွဲ့တို့သည်လည်း အင်အားကဖြင့်မသေးကြလှ။

ထို့ပြင် သတင်းတခုကိုလည်း သန့်သန့်မျှ ကြားနေခဲ့ရသည်။ အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်ပြည်ကြီးတွင် ကွန်မြူနစ်တပ်များက ချန်ကေရှိတ် ခေါင်းဆောင်သော ကူမင်တန် အစိုးရအပေါ်တွင် အောင်ပွဲခံလိုက်နိုင်ခဲ့သဖြင့်ကူမင်တန်အစိုးရစစ်တပ်များသည် ဖေါ်မိုဆာကျွန်းသို့ထွက်ပြေးခဲ့ကြရသည်။ သို့ထွက်ပြေးရာတွင် ခရီးကွာလှမ်းသဖြင့် မလိုက်ပါနိုင်သော စစ်ရှုံးတပ်အချို့တို့သည် နီးစပ်ရာနိုင်ငံတို့သို့ ကျူးကျော် ပြေးဝင်သွားကြသည်။

ထိုသို့သောတပ်မျိုးတွင် ဂျင်နရယ်လီမီအုပ်ချုပ်သည့် အမှတ်(၉၃)တပ်မသည် တခု အပါအဝင် ဖြစ်ခဲ့ပါသည်။ သူတို့သည် ယူနန်နယ်မှ ရှမ်းပြည်နယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာခဲ့ကြသည်။ ကျွန်တော်တို့၏ မိုးကြိုးစစ်ဆင်ရေး ပြီးဆုံးစအချိန်တွင်မူ ကျိုင်းတုံနယ်အတွင်းသို့ပင်အလုံးအရင်းဖြင့်ရောက်ရှိနေကြပါပြီ။

ဗမာ့တပ်မတော်အဖို့တော့ဖြင့် ပြည်တွင်းရန်ကို အပေါ်စီးရရုံမျှသာရှိပါသေးသည်။ ပူးလေးရာ ဖရုံကဆင့်ခဲ့ရပြန်ပါပြီ။

သက်ပြင်းတချက်နှင့်အတူ တဖက်သို့လှည့်လိုက်သည်။ အဲဒီမှာက ပဲခူးရိုးမကြီး။



www.burmeseclassic.com

www.burmeseclassic.com



ထိုရိုးမကြီးမှာလဲ မျက်စေ့ဖြင့် လှမ်းမျှော်မမြင်နိုင်ပေမင့် စိတ်ကူးဖြင့်ကြည့်လို့ရသည်။ ထိုတောင်တန်း တလျှောက်တွင် ကျောအင်ဒီအိုအနည်းငယ်နှင့် ကွန်မြူနစ်၊ ရဲဘော်ဖြူ တပ်တို့သည် လှုပ်လှုပ်ရှရှဖြင့် သွားလာလှုပ်ရှားနေကြပါမည်။

ထိုမှ မျက်လုံးတို့ကိုခွာလိုက်ပြီး ရှေ့သို့ကြည့်သည်။ လမ်းဘေးတလျှောက်ကို အကဲခတ်သည်။ ဖြတ်သန်းလာခဲ့ရသည့် အုတ်တွင်း၊ ကျွဲပွဲ၊ ညောင်ခြေထောက် အစရှိသော မြို့ကလေးတို့နှင့် ကျေးရွာအားသုံးတို့သည် တိုက်ပွဲများအတွင်းက ဘေးပတ်ဝန်းကျင်တို့တွင် ရှောင်တိမ်းနေကြရမှ ပြန်လည်ရောက်ရှိလာကြသော ရပ်သူရပ်သားများဖြင့် အသက်ဝင်စပြု လာနေကြပါပြီ။ တံတားတို့ကတော့ တခုမှအကောင်းမရှိကြ။ သူပုန်တို့က ချိုးခဲ့ကြသည်။

တောင်ငူနှင့်ဇေယျဝတီသည် နှစ်ဆယ့်ရှစ်မိုင်မျှသာကွာဝေးသည်ဖြစ်သဖြင့် တခဏနှင့်ပင် ဒေးရင်း မောရင်း တွေးရင်း တောရင်းဖြင့် ဇေယျဝတီသို့ရောက်လာသည်။

တောင်ငူသို့ခရီးစက်စဉ်က အချိန်မရသောကြောင့်ဖြတ်ခါသာ သွားခဲ့သည်။ ထိုမြို့ကလေးကို သေသေချာချာ မလေ့လာမိခဲ့။ ယခုမှ စေ့စေ့စပ်စပ် ကြည့်မိရသည်။ တကယ့် ကုလားမြို့ကလေး။ လမ်းမကြီးမှ ဘယ်ဘက်သို့ချိုးဝင်လိုက်ပြီး မီးရထားသံလမ်းကို ကျော်လိုက်သည် ဆိုလျှင်ပင် သကြားစက် ကြီးကို မားမား ကြီး တွေ့လိုက် ရသည်။ ကျွန်တော့်မှာ ထိုအချိန်အထိ သကြားစက်ဟူ၍ မတွေ့ဖူးခဲ့သဖြင့် မည်မျှကြီးသည် ငယ်သည်ကိုတော့မခန့်မှန်းတတ်၊ သို့ရာတွင် ကျွန်တော်တွေ့ခဲ့ဘူးသမျှ ဆန်စက်တို့ထက်တော့ များစွာမှပင်မိုကြီးမားလှပါသည်။





စက်ကြီးနံဘေးမှဖြတ်ပြီးဆက်ခါလာခဲ့သည်။ တပ်ရင်းရုံးဖွင့်လှစ်ထားရာအဆောက်အဦးကြီးကိုရောက်သည်။

ကြီးမားလိုက်ပါတဲ့ သစ်သားအိမ်ကြီးတလုံး။ ဒေသခံလူတွေက ထိုအဆောက်အဦးကို အိမ်ဟုမခေါ်ကြ၊ ခန့်ညားမှုနှင့်လိုက်လျောစွာ နန်းတော်ဟုခေါ်ကြသည်။ (ယခုမူ ထိုအဆောက်အဦးကြီးသည်မရှိတော့၊ မီးလောင်ပြာကျခဲ့ပါပြီ) ထိုအိမ်ကြီးသည် များစွာမှ ကျယ်ဝန်းလှသည်၊ အခန်းတွေကလဲမရေမတွက်နိုင်၊ အိန္ဒိယပြည်တွင် နေထိုင်သော ထိုသကြားစက်ပိုင်ရှင်သူဌေး တခါတရံ လာရောက်လည်ပတ်သည့်အခါတို့၌ ခေတ္တတည်းခိုရန် ဆောက်ထားခြင်း ဖြစ်သည်ဟု ကြားသိရသည်။ ကြီးကျယ်တော်မူပါပေ ။

ထိုနန်းတော်အပေါ်ထပ်တခုလုံးကို အရာရှိရိပ်သာနှင့်အရာရှိအိမ်ထောင်သည်တို့အတွက် သတ်မှတ်ထားသည်။ အောက်ထပ်မှာမူ တပ်ရင်းရုံး၊ တပ်ထောက်ရုံး၊ ရိက္ခာဂိုဒေါင်နှင့် အုပ်ချုပ်မှုဘပ်ခွဲတို့အဖို့ထားသည်။ သို့ရာတွင် ထိုမျှနှင့်မလောက်သေးပါ။ ကျွန်ုပ်ဘပ်ခွဲတို့ကမူ မြောက်ဘက်တွင် ကျွဲပွဲမှ တောင်ဘက်တွင် တောကျွဲအင်း အထိဖြန့်ပြီး တပ်စွဲနေကြသည် ဖြစ်သဖြင့် သူတို့အတွက်နေရာထိုင်ခင်းမလို၊ ဌာနချုပ်တပ်ခွဲနှင့် အုပ်ချုပ်မှုတပ်ခွဲတို့မှ အိမ်ထောင်သည်တို့အတွက်မူ အဆောက်အဦးများများစွာ လိုပါသေးသည်။ ပြီးတော့ ပဲခူးလေယာဉ်ကွင်းတွင် ကျန်ရှိနေသေးသည့် တပ်ရင်းနောက်ပိုင်းရုံးများ၊ အိမ်ထောင်သည်များတို့ကို ဤဒေသသို့ရွှေ့ပြောင်းရပါအုံးမည်။

ထို့ကြောင့် ရိပ်သာတွင် ခေတ္တမျှသာနားသည်၊ ထို့နောက် ပဲခူးသို့ဆက်လက်ထွက်ခွာခဲ့သည်။ ပဲခူးတွင် ဒုတပ်ရင်းမှူးဖြစ်သူ ဗိုလ်ကြီးအေး (ရှမ်းပြည်တောင်ပိုင်း အောင်ဘန်း ဒေသတွင်



www.burmeseclassic.com

www.burmeseclassic.com



ကျဆုံးခဲ့သည့်ဗိုလ်မှူးအေး)အား အစီအစဉ်တို့ကိုရေးဆွဲမှာကြားခဲ့ပြီး ရန်ကုန်သို့ဆင်းခဲ့သည်။

ရန်ကုန်သို့ရောက်တော့ ကျွန်တော်၏ဇနီးသည်အား ဆေးရုံတွင် တင်ထားရသည်ကို အံ့ဩတုန်လှုပ်စွာဖြင့် တွေ့ရှိလိုက်ရပါသည်။

"ဘာဖြစ်လို့ ကျွန်တော့်အကြောင်း မကြားကြသလဲဗျာ" ကျွန်တော်ကလူကြီးတွေကို အပြစ်တင်သလိုပြောမိရသည်။

"သူ့ကိုက အကြောင်းမကြားပါနဲ့တဲ့၊ စစ်ဆင်ရေးနဲ့မို့ လာနိုင်မှာလဲမဟုတ်ဘူး၊ အလကားစိတ်မကောင်းဖြစ်နေရမှာဘဲတဲ့" လူမမာကိုသာပြန်ပြီး လက်ညှိုးထိုးကြသည်။

အမှန်တော့လဲ သည်အတိုင်းပင်ဖြစ်ပါလိမ့်မည်။ ဇနီးသည် ဆေးရုံတင်ထားရသည်ကို သိရသည်ထား၊ ကျွန်တော်သည် မည်သို့မှ စစ်ဆင်ရေးကိုပစ်ခဲ့ပြီးပြန်လာနိုင်မည်မဟုတ်ပါ။ဒါကတော့ တပ်မတော်သားတိုင်းရင်ဆိုင်ကြရသည့်အခြေအနေသာဖြစ်သည်၊ မထူးဆန်းလှ။ သို့ရာတွင် ထိုသို့ ကိုယ်ရေးကိုယ်တာကိစ္စချပ်တို့ကို မငဲ့နိုင်ကြခြင်းကြောင့် တိုင်းပြည်အရေးကို ဦးစားပေးခြင်းကြောင့်၊ ဘွဲ့၊ တံဆိပ်နှင့်ဂုဏ်ဆောင်လက်မှတ်တွေကိုသာပေးမည်ဆိုပါက ထိုစစ်ဗိုလ်ထိုစစ်သားတို့၏ဇနီးတို့ကသာ ရထိုက်ကြသူများဖြစ်ကြပါသည်။

စစ်သားတဦး စစ်မြေပြင်သို့သွားသည်၊ သို့မဟုတ် စစ်ဆင်ရေးတခုအတွက် ခရီးထွက်သည့် အခါတိုင်း ခင်ပွန်းသည်အား သတိဝိရိယဖြင့် သွားဘို့လာဘို့ တတွတ်တွတ် တဖွဖွမှာရကြားရရင်တွင်း၌ ဗလောင်ဆူနေပါလျက် မျက်ရည်တို့ကို ထိန်းချုပ်ပြီး စစ်လွယ်အိတ်၊ စစ်အသုံးအဆောင်တို့ကိုပြင်ဆင်ထဲ့ သိုပေးရသည်က ထိုအမျိုးသမီးများဖြစ်ကြသည်။ ထို့နောက် လင်သား





ထွက်ခွာသွားသည့်အချိန်မှစပြီးစိုးရိမ်ကြောင့်ကြမှုတို့ကိုရင်တွင်တငွေ့ငွေ့ပိုက်ထွေးကာ ဘုရားကျောင်းရေအိုးပန်းအိုးကို မနမ်းစေဘဲ မပြတ်လဲခြင်း၊ ဆီမီးရေချမ်းတို့ကို ဆက်ကာပူဇော်ခြင်း၊ နေ့ညမရွေး အားလပ်သည်နှင့် အိမ်ဦးဘုရားစင်၏ ရှေ့တော်မှောက်တွင် ပုဆစ်တုပ်ခါ မောင်တယောက် ဘေးမသီရန်မခ၊ အောင်ပန်း လှလှတို့ကိုပန်ဆင်ပြီး အမြန်ဆုံးပြန်လာနိုင်ပါစေ.... လို့ဆိမန်း မန်းသလို တတွတ်တွတ် တောင်းလိုက်ရပါတဲ့....ဆု။

ဆုတောင်းပြည့်လို့ ကိုယ့်လင် ကိုယ့်သား ချောချောမောမော ပြန်ရောက်လာပြန်တော့ ဝမ်းသာလွန်းလို့.... ကျလိုက်ရပါတဲ့.... မျက်ရည်။

တခါ၊ အကြောင်းမလှလို့ ကိုယ့်တပ်က တစုံတဦး ကျဆုံးခဲ့တယ်ဆိုရင်လဲ သက်ဆိုင်ရာ ထိုမိသားစုနှင့် ရောနှောကာငိုလိုက်ရပြန်သည်က....တရှိုက်ရှိုက်။

ဘယ်ဘက်ကမှ မသက်သာရပါတဲ့ စစ်သားရဲ့ဇနီး၊

ကျွန်တော်သည် ဖြူဖွေးသော အိပ်ရာထက်တွင် ပက်လက်ကလေးရှိနေသည့် ဇနီးသည်အား ကြည့်ကာ စိတ်မကောင်းဖြစ်နေမိရပါသည်။ ကိုယ်ဝန်ကလဲ ဆရာဝန် မဟုတ်သေဘော့ ထို့ထက်လဲပိုလို့မတတ်နိုင်။

"ဘယ်နှစ်ရက်လောက်နေနိုင်အုံးမလဲ ဟင်" သူက မြော်သင့်တကြီးဖြင့်မေးသည်၊ တဘက်သို့ မျက်နှာလွှဲပြီးဖြေလိုက်ရသည်။

"နှစ်ရက်လောက်ပဲနေနိုင်မယ်ထင်တယ်ကွယ်"

အဲဒီတော့သူကပင် ပြန်ပြီးအပြုံးဖြင့် ကျွန်တော့်ကိုအားပေးလိုက်ပါသေးသည်။

"ဟုတ်တာပေါ့၊ သွားစရာရှိတာသွားပါ၊ နုလဲနေကောင်းနေပါဘိ"



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လူမမာ၏အပေါ်တွင် နှစ်ရက်နေပြီး ဇေယျဝတီသို့ပြန်ခဲ့ရပါသည်။

* * *

## ကောက်သင်းကောက်

မိုးကြိုးစစ်ဆင်ရေးအတွင်းက ကျွန်တော် စဉ်းစားခဲ့ပုံ ပါသည်။ တောင်ငူကိုသိမ်းပြီး ရင်ဖြင့် ခွင့်ကလေးတလလောက်တော့ ယူလိုက်ပါအုံးမည်။

မရောက်တာကြာပြီဖြစ်သည့် ကျွန်တော့် အဖိုးအဖွားများ ခေါင်းချရာ၊ သာပေါင်းမြို့အပိုင် ဒည်ကုန်းရွာကလေးကို တခေါက်ပြန်လိုလှပါသည်။ ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းက အလှမ်းမဝေးသော ပုသိမ်မြို့ကြီး ဗုံးကြဲခံရစဉ်ကရင်း၊ ဂျပန်စစ်ဖိနပ်တွေခွာသံပြင်းခဲ့စဉ်ကရင်း၊ တတိုင်းပြည်လုံး ဖက်စစ်တို့ကို တော်လှန်နေကြစဉ်ကရင်း၊ ထို့နောက်အင်္ဂလိပ်စစ်တပ်တို့က လေယာဉ်များအမြောက်များတို့ဖြင့် တအုံးအုံး တဒိုင်းဒိုင်း ပစ်ခတ်ပြီး ပြန်လည်ဝင်ရောက်လာကြစဉ်ကရင်း၊ ထိုစစ်ဘပ်တို့၏နောက်ဆွယ်မှ "စင်းမလား" စိမ်ကိန်းကိုကိုင်ကာ တမြုံးမြုံးဖြင့် လိုက်ပါလာသော "ကက်စဘီ"ဟုခေါ်တွင်သည့် အင်္ဂလိပ်ဘို၏ စစ်အုပ်ချုပ်ရေးခေတ် အတွင်းကရင်း၊ ခေတ်တွေသာပြောင်းခဲ့သည်၊ သူကတော့ငဝန်မြစ်ရေစိမ်းစိမ်းတွင်ခြေဆင်းကာ ကုက္ကိုပင်အိုကြီးတို့ အကြား၌ အိပ်မောကျနေသည့်အလား တချိန်လုံး ချမ်းမြေ့စွာငိုက်မျဉ်းနေခဲ့သည့်ကျွန်တော့်၏ဒည်ကုန်းရွာကလေး။ အဲဒီရွာကလေးကို မြင်လိုကြည့်လိုလှပါသည်။ ရွာရိုးတွင်လျှောက်





ခါဘအိမ်ဝင်တအိမ်ထွက် ဆွေတွေ မျိုးတွေကို နှုတ်ဆက်လိုလှပါသည်။ ပြီးတော့ အနီးရှိ ပနီတွင်းရွာသို့သွားမည်၊ အောက်ပိုင်းရွာသို့လည်မည်။ ဇနီးနှင့်သားတို့ကိုလည်း ရွှေပြမျိုးပြ။

သို့ရာတွင် မဖြစ်သေးပါ။ စစ်ဆင်ရေးပြီးခဲ့ပေမဲ့ တပ်သစ်ဖြစ်သည့် ခြေလျင်တပ်ရင်း(၅)အတွက် ပြုလုပ်ဖွယ်ရာတွေ မြောက်မြားစွာ ရှိနေပါသေးသည်။ ပြီးတော့ ရန်သူတို့အား ကောက်သင်းကောက်အနေဖြင့် ပြုလုပ်ရမည့် စစ်ဆင်ရေးအသေးအမွှားကလေးတို့ကလဲ ရှိကြလိမ့်အုံးမည်။

ခြေလျင်တပ်ရင်း(၅)သည် စစ်ဝန်ထမ်းတပ်တို့ကို ဖျက်သိမ်းပြီး စစ်တပ်အဖြစ်ပြန်လည်ဖွဲ့စည်းထားသည့်တပ်သစ်ဖြစ်သည်။ ထို့ကြောင့် ရဲဘော်တွေသည် တိုက်ပွဲအတွေ့အကြုံရှိကြပြီးသူများဖြစ်ပါသည်။ သူတို့လိုအပ်သည်က စစ်ဝန်ထမ်း တပ်သား ဘဝတုန်းက အချိန်မရသဖြင့်မပြုလုပ်နိုင်ခဲ့သည့် စနစ်တကျလေ့ကျင့်ရေးပင် ဖြစ်သည်။ ထိုလေ့ကျင့်ရေးကိုသာ အားပေးတရ ပေးလိုက်နိုင်မည်ဆိုပါက လိုအပ်သည့်စည်းကမ်းနှင့် ထက်မြက်သော တိုက်ရည်ခိုက်ရည်တို့ကို ရရှိလာကြမည်ဖြစ်သည်။

ထိုသို့ ဖြစ်နိုင်ရန်အတွက် အထက်စင်ရုံးကြီးမှလည်း သေနတ်ကိုင် တပ်ခွဲ (၁) (၄) (၅) (၆) တို့မှ ဝါရင့်အရာရှိများနှင့် အကြပ်တို့ကို ခွဲဝေမျှပေးသည်။

ဒု တပ်ရင်းမှူးအဖြစ် ဗိုလ်ကြီးအေး (ဗိုလ်မှူးအေး၊ ကျဆုံး)။ တပ်ခွဲမှူးများအဖြစ် ဗိုလ်ကြီးဖေညွန့် (ယခု အလုပ်သမားဌာန) ဗိုလ်ကြီးအုန်းကျော် (ယခု ဗိုလ်မှူးကြီး ဒု ဝန်ကြီး ပြည်ထဲရေးနှင့် သာသနာရေး)၊ ဗိုလ်ကြီးသိန်းညွန့်(ယခု ဒု ဝန်ကြီး ကုန်သွယ်ရေး)၊ ဗိုလ်ကြီးတင်မောင် (ယခု အငြိမ်းစား)၊ ဗိုလ်ကြီးစိန်မြင့် (ယခု အငြိမ်းစား)၊ ဗိုလ်ကြီး တင့်လွင် (ယခု ဒု ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



မှူးကြီး ဟောင်း၊ ကျောင်းအုပ်ကြီး၊ ဖေါင်ကြီး ပြည်သူ့ ဝန်ထမ်းကျောင်း)တို့ကို ရခဲ့သည်။ တပ်စုမှူးတို့မှာမူ အများအားဖြင့် ဗိုလ်သင်တန်းကျောင်း ဆင်းစ လူငယ်များ ဖြစ်ကြသော ဗိုလ်တိတ်စိန် (ယခု ဒု ဗိုလ်မှူးကြီးဟောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး)၊ ဗိုလ်ဘခင်(ယခု ဒု ဗိုလ်မှူးကြီး၊ ထောင်မင်းကြီး)၊ ဗိုလ်မျိုးလွင်(ယခု ဗိုလ်မှူးဟောင်း၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး)၊ ဗိုလ်မင်းညီ (ယခု ဒု ဗိုလ်မှူးကြီးဟောင်း၊ လွှတ်တော် ကိုယ်စားလှယ်)၊ ဗိုလ်လှဖေ(ယခု ဒုဗိုလ်မှူးကြီးဟောင်း၊စက်မှုလက်မှု)ဗိုလ်စံရှိန်(ယခုဆောက်လုပ်ရေး) အစရှိသူတို့ဖြစ်ကြသည်။ တပ်ခရုနှင့် တပ်ထောက်တို့မှာဗိုလ်ကြီးခင်စော (ယခု ဗိုလ်မှူးဟောင်း၊ စက်မှုလက်မှု) နှင့်ဗိုလ်ကြီးအုန်းဖေ(ယခု လက်ထောက်စစ်ထောက်ချုပ်စစ်ရုံး)တို့အသီးသီးဖြစ်ကြပြီး တပ်ရင်းအရာခံဗိုလ်မှာ ဗိုလ်လှကြည် (ယခု ဒုဗိုလ်မှူးကြီး၊တပ်ရင်းမှူးလွှတ်တော်ကိုယ်စားလှယ်)။

တကယ်လက်စာဖြင့် ညီလှပါသည်။ တပ်ရင်း တခု လုံးသည် အရာရှိုးဦး၏ရှောင်နိုအလား တရှိန်ရှိန် တလျှမ်းလျှမ်း။ စိတ်ဓာတ်အားဖြင့်လည်း မိုးကြိုးစစ်ဆင်ရေး၏ အောင်ပွဲဖြင့် တိမ်ညွှန့်ကိုလှမ်းဆွတ်တော့မတတ်၊ ဝင့်ဝင့်ကြွားကြွား၊ မြင့်မြင့် မားမား။

မည်သည့် အဖွဲ့အစည်း၌မဆို လူသည်သာ ပဓါနဖြစ်သည်လို့ထင်ပါသည်။ စစ်တပ်တွင်မူ ထိုအချက်သည်ပိုလို့ပင် အရေးကြီးလှပါသည်။

လူ ဟု ဆိုရာ၌ ပညတ်အားဖြင့် လူဟူ၍သတ်မှတ်ထားသော ဤရုပ်၊ ဤ ခန္ဓာကိုယ်ကြီးကိုအမှီပြုလျက် အစဉ်မပြတ် ဖြစ်ပြီးလျှင်ပျက်၊ ပျက်ပြီးလျှင်ဖြစ်၊ အဖြစ်အပျက်တို့၌သာလည်ပတ်နေတတ်သောစိတ်ပင်ဖြစ်သည်။စိတ်။ ၎င်းမှစိတ်ခါတ်၊ ထိုစိတ်ဓါတ်





တွင် ယုံကြည်မှုဟူသောလက်နက်ကို တပ်ဆင်ပေးလိုက်နိုင်ပါက တိုက်ပွဲသည် တဝက်အောင်မြင်ပြီးဖြစ်ပါသည်။ ထိုအခါ မည်သည်တို့ကို ယုံကြည်ရပါမည်လဲ၊ မေးစရာရှိသည်။ အကျဉ်းအားဖြင့် မိမိထမ်းဆောင်နေရသောတာဝန်၏မှန်ကန်မှုကို ယုံကြည်ရပါမည်၊မိမိ၏ခေါင်းဆောင်မှုကိုယုံကြည်ရပါမည်၊ မိမိ၏ယဉ်သားတို့ကိုယုံကြည်ရပါမည်၊ မိမိ၏လက်နက်ကို ယုံကြည်ရပါမည်၊ ထို့နောက် မိမိကိုယ်ကိုမိမိယုံကြည်ရပါမည်။

ထိုယုံကြည်မှုတို့မှ မိမိကိုယ်ကိုမိမိယုံကြည်ခြင်းကိုရရှိနိုင်ရန်မှာ တနည်းသာရှိသည်။ အခြားဖြတ်လမ်း မရှိ။ လေ့ကျင့်ရေးနှင့် ထပ်ခါထပ်ခါ လေ့ကျင့်ရေးပင်ဖြစ်ပါသည်။

ဘပ်ခွဲများ နေသားတကျရှိကြသည်နှင့် ကင်းစောင့်တို့မှအပ ကျန်အရာရှိ အကြပ်တပ်သား အားလုံးတို့သည် အလှည့်ကျ လေ့ကျင့်ရေး ဆင်းခဲ့ကြရသည်။ မိုးကြိုးစစ်ဆင်ရေး အတွင်းက ပဲခူး လေယာဉ်ကွင်းတွင်နေခဲ့၍ အဒေးပေါ် ပြုလုပ်ခဲ့ကြရသည့် လေ့ကျင့်ရေးတို့ကို အချောကိုင်ကြရသည်။ အသေးစိတ်မွန်းကြရသည်။ တချိန်ထဲမှာလည်း အရှေ့ဘက်တွင် စစ်တောင်းမြစ်ကမ်း၂ါး၊ အနောက်ဘက်တွင် ပဲခူးရိုးမတောင်ခြေ၊ထိုနယ်မြေ တခုလုံးကို စိုးမိုးသွားနိုင်စေရန်အတွက် စစ်ဆင်ရေးငယ်များနှင့် တိုက်ကင်းများထွက်ကြရသည်။ စောင့်ကြရသည့် ကင်းစခန်းတို့ကလည်း မနည်းလှ။ မြောက်ဘက်တွင် ကျုံပွဲမှ ဘောင်ဘက်တောကျွဲအင်းအထိ၊ ထိုအကြား ရှိရှိသမျှ မြို့များ၊ ရွာကြီးများနှင့် ကားလမ်း မီးရထားလမ်း တံတားများအားလုံး။

ထိုသို့ ကျွန်တော်တို့က ထထကြွကြွဖြင့် ရှိနေကြသည့် အကြားမှပင် ရန်သူကလည်း အနားမပေးခဲ့။ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းသို့ ဆုတ်ခွာသွားသောရန်သူသည် အနောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကမ်းသို့ တစတစဖြင့် ပြန်လည်စုရုံးလာကြသည်။ ပဲခူးရိုးမသို့ ရှောင်တိမ်းသွားခဲ့သော ရန်သူသည် မရဲတရဲဖြင့် တောင်ခြေသို့ ပြန်လည် ဆင်းသက်လာခဲ့ကြသည်။ ထို့နောက် ကင်းစခန်းငယ်တို့ကို သေးတိုးစမ်းကြသည်။ ကျေးရွာတို့ကို ဆက်ကြေးတောင်းကြသည်။ မီးရထားလမ်း မော်တော်ကားလမ်းတို့ကို ခြိမ်းခြောက်ကြပြန်သည်။ သို့ရာတွင် ကြီးကြီးကျယ်ကျယ်အင်နှင့်အားနှင့်တော့မဟုတ်ကြတော့။

ရန်သူတို့အင်နှင့်အားနှင့် မဖြစ်လာစေရန်လည်းတပ်တွေသည် အခါမလပ် လှည့်လည်ကြသည်။ ဇေယျာဝတီတပိုက်ရှိ ဂရုံခြံဟုခေါ်သော အိန္ဒိယအမျိုးသားကျေးရွာများရှိရာ ကြံခင်းကြံတောကြီးများအတွင်းသို့ တိုးကြရသည်။ ဖြူးနှင့်ကညွတ်ကွင်းအကြားမီးရထားလမ်း၏အရှေ့ဘက်ကွင်း၊ ရွာတန်းရှည်၊ ငါးခေါင်းအင်း အစရှိသည့်ဒေသကိုတိုက်ကင်း တို့ဖြင့် စိုးမိုးထားကြရသည်။

မကြာမီ တပ်တွေသည် လေ့ကျင့်ရေးမြီးသလောက် ရှိလာကြပါပြီ။ ထိုအခါ ဖြူးအရှေ့ဘက် ညောင်ပင်သာ ရွာကြီးမှ စတင်၍ စစ်ဘောင်းကမ်းခြေရှိ အုတ်ဖြတ်မြို့ကလေးကိုသိမ်းပိုက်တပ်စွဲနိုင်လိုက်ကြသည်။

ထို့နောက် ကျောက်ကြီးမြို့။

ကျောက်ကြီးမြို့ကို ပြန်လည်သိမ်းပိုက်သည့် စစ်ဆင်ရေးသည် ပူးတွဲစစ်ဆင်ရေးဖြစ်သည်။ ဗိုလ်မှူးကြီးစိန်ဝင်း (ယခု ဗိုလ်မှူးချုပ်ဟောင်း၊ ဝန်ကြီးချုပ်)၏ ခြေလျင်တပ်ရင်း(၁)မှတပ်ခွဲတခွဲ သေနတ်ကိုင်တပ်ရင်း(၃)မှ တပ်ခွဲတခွဲနှင့် ကျွန်တော်၏ခြေလျင်တပ်ရင်း(၅)မှ တပ်ခွဲသုံးခွဲတို့ ပူးတွဲစစ်ဆင်ရေး။ တပ်ရင်း(၁)က (၈)ရက်တွင် ပဲနွယ်ကုန်းအရှေ့ဘက် နတ်သံကွင်းရွာမှ နေ၍





စစ်တောင်းမြစ်ကိုကူးဖြတ်ပြီး အရှေ့ဘက်ကမ်းကိုသိမ်းပိုက်ထားပေးမည်။

ထိုအခါ ကျွန်တော်၏တပ်ရင်း(၅)နှင့်တပ်ရင်း(၃)တပ်ခွဲတို့က ဗိုလ်မှူးကြီးစိန်ဝင်း၏တပ်တို့ကိုကျော်ပြီး ကျောက်ကြီးသို့ ချီတက်တိုက်ခိုက်ရမည်ဖြစ်သည်။

ထို စစ်ဆင်ရေးမတိုင်မီကလေးတွင် စောစမိုင်း(လ်) ခေါင်းဆောင်သော လူပေါင်း လေးဆယ်ခန့်သည် လက်နက် မျိုးစုံတို့နှင့်အတူ ကျွန်တော်တို့ တပ်ရင်းသို့ အလင်းဝင် လာကြသည်။ ကျွန်တော်တို့သည် သူတို့အားပျောက်ဆုံးနေသော ညီရင်းအကိုများက ဝမ်းပန်းတသာ ဆီးကြိုခဲ့ကြသည်။

ထိုသို့ အလင်းဝင်မှုများ မကြာခဏသိုပင် တယောက်ချင်း၊ တဖွဲ့ချင်း ဝင်လာကြသူတွေရှိကြသလို ကျွန်တော်တို့ရဲ့ စေတနာကို နားမလည်ကြသူတွေကိုလဲ တွေ့ကြုံခဲ့ရဘူးပါသည်။

တကြိမ်ကမူ၊ တိုက်ကင်းတခုမှ တောခို ကွန်မြူနစ် ခေါင်းဆောင်ငယ်တဦး၏ ဇနီးနှင့်သားငယ်တို့ကို ရွာတရွာမှ ဖမ်းမိခဲ့ကြသည်။ ထိုသားအမိကို ကျွန်တော် တို့သည် ကောင်းစွာပြုစု ကျွေးမွေး ထားခဲ့ကြသည်။ မကြာပါ။ ထိုအမျိုးသမီး၏ ခင်ပွန်း က တောတွင်းမှ နေ၍ သူ့ ဇနီး နှင့် သားငယ်တို့ကို ပြန်လွှတ်ပေးရန်တောင်းဆိုသည့်စာတခောင် ရောက်ရှိလာခဲ့သည်။တပ်မတော်သည်အပြစ်ကင်းမဲ့သော အမျိုးသမီးများခလေးများတို့ကို ဖမ်းဆီးချုပ်နှောင်ထားရန် ဆန္ဒမရှိ၊ သူတို့၏နေရေးစားရေး အတည်တကျ ဖြစ်သည်အထိ စောင့်ရှောက်ထားခြင်းသာဖြစ်သည်။

ထိုစာအရထိုသားအမိကိုကျွန်တော်လွှတ်ပေးလိုက်ပါသည်။ သူတို့တောတွင်းသို့ ပြန်သွားကြသည်။ သို့ရာတွင်တပတ်ခန့်



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ မမျှော်လင့်သော စာတစောင်ထပ်မံ ရောက်လာပြန် ပါသည်။ တောတွင်း ထိုသူ၏ထံမှစာ။ သူ၏ဇနီးနှင့် သားတို့ကို ကောင်းမွန်စွာ ပြုစုစောင့်ရှောက် လိုက်သည်ကိုရှင်း၊ ပြန်လည် ပို့ပေးလိုက်သဖြင့်၎င်း ကျေးဇူးတင်ကြောင်း၊သို့ရာတွင် ထိုသို့ သော တန်ဆိုးလက်ဆောင်ဖြင့် သူ့အား အလင်းသို့ ဝင်လာရန် မြူဆွယ်ခြင်းမပြုစေလိုကြောင်း ရေးသားထားသည့်-စာ။

ကျွန်တော့်မှာတော့ ဖြစ်မှ ဖြစ်ရလေ ရဲဘော်ရယ်လို့သာ ညည်းတွားလိုက်မိပါသည်။

စောစမိုင်း(လ်)ဟို့ထံမှ ရန်သူ့အခြေအနေနှင့် ပတ်သက်၍ သတင်းအချို့တဝက်ရရှိသည်။ သတင်းသာမဟုတ်၊ စစ်ဆင်ရေး ပြုလုပ်မည်ဆိုပါက သူတို့ကိုယ်တိုင်ပင် လိုက်ပါ လိုပါသည်ဟု ပူးပေါင်းမှုကိုပါ ရရှိခဲ့သည်။

အချို့ကသူတို့၏စကားကိုမယုံကြ၊ကျွန်တော်ကတော့သူတို့ကို ယုံသည်၊ အထူးသဖြင့် စောစမိုင်း (လ်) သည် ရိုးသားသည်၊ ဖြောင့်မတ်သည်၊ပွင့်လင်းသည်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိသည်။ ကရင်အမျိုးသားတို့၏ အရေးကို မှန်ကန်သော အမြင်ဖြင့်မြင် သည် ကရင်အမျိုးသားကို မှန်ကန်သော အသိဖြင့်ချစ်သည်။ အဒီလိုဘဲ သူ့အပေါ်၌မြင်ခဲ့ပါသည်၊ ယုံကြည်ခဲ့သည့် အတိုင်း လည်း ထိုစစ်ဆင်ရေးတွင် ခေါင်းဆောင်သွားခဲ့ပါသည်။

ကျောက်ကြီးမြို့ကို စတင်၍တက်တိုက်ခိုက်ရန်(၈)ရက်သည် ဇန်နဝါရီလ(၇)ရက်၊၁၉၅၁ခုဖြစ်သည်။

ထိုနေ့မတိုင်မီ တရက်အလိုတွင် ကျွန်တော်သည်တပ်ခွဲတို့နှင့် အတူ ညနေပိုင်းတွင် စစ်တောင်းမြစ်ကမ်းဘေး နတ်သံကွင်းရွာ အနီးသို့ ရောက်သွားသည်။

တပ်ရင်း(၁)၏ ဗိုလ်ကြီးစန်းအောင် (ယခု ဒု-ဗိုလ်မှူးကြီး





ဟောင်း၊ ကုန်းလမ်းသယ်ပို့ဆောင်ရေး)၏ တပ်ခွဲသည် မြစ်ကို ဖြတ်ကူးရန်သည်ဘက်ကမ်းစပ်နှင့် မလှမ်းမကမ်းတွင် ပြင်ဆင်နေ ကြသည်။ ကျွန်တော်တို့ကတော့ မနက်ဖြန်နံနက်သူတို့ ဟိုဘက် ကမ်းသို့ ရောက်ပြီးမှ နောက်မှလိုက်ရမည်ဖြစ်သဖြင့် နားနား နေနေချက်ပြုတ်စားသောက်နေကြသည်။

တစတစဖြင့် မှောင်စပျိုးလာပါပြီ၊ ကမ်းနားဖူးတွင် ခြ လျင်တပ်ရင်း(၁)မှ တပ်ခွဲတို့သည် မဲမဲ မဲမဲနှင့် လှုပ်ရှားနေကြ သည်။ တချက်တချက်တွင် ခပ်အုပ်အုပ်ကလေး ပေါ်ထွက်လာ သည့် လက်နှိပ်ဓာတ်မီးရောင်တို့က ပိုးစိမ်းကြူးကလေးတွေလို ဟို မှာသည်မှာ တလက်လက်၊ အင်ဂျင်နီယာတပ်မှရဲဘော်တို့ကလှေ ဘိုကို တပ်ဆင်နေကြသည်၊ တချို့ကို ရေသို့ချနေကြသည်။ လ ရောင်နှင့်အတူ ဖြတ်ကူးကြမည်ဖြစ်သည်၊

စစ်ဆင်ရေးဟူသည် ကြိုတင်ခန့်မှန်းစီစဉ်ထားသည့် အတိုင်း ဖြစ်ခဲလှပါသည်။ အနဲနှင့်အများဆိုသလို မှန်းချက်နှင့် နှမ်းထွက် မကိုက်သည်တို့ကို တွေ့ရတတ်သည်။ ကြိုတင်သိရှိထားသည်နှင့် လုံးဝမတူ တမူခြားနားသော မြေအနေအထားနှင့် ဘွားကနဲ တွေ့ရတတ်သည်။ တွက်ဆထားသည်ထက် ပိုမိုအင်အားကြီးမား သောရန်သူကို ရင်ဆိုင်ရတတ်သည်။တခါတရံရန်သူကပြင်းပြင်း ထန်ထန်ခုခံလိမ့်မည်ဟုယူဆပြီး ကိုးမောင်းတင်သွားခါမှ ရန်သူ ဆို၍ တယောက်တလေမျှမတွေ့ရဘဲ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ရှိနေကြရှာသည့် မျက်စေ့သူငယ်နှင့် ရွာသူရွာသားတို့ကိုသာတွေ့ ရတတ်သည်။ စစ်မြေပြင်သည် အမြဲတစေ မမျှော်လင့်သော အ ချင်းအရာများ၊မထင်သော အခြေအနေတို့နှင့် ပြည့်နှက်နေတတ် ပါသည်။

ယခုသည်း လှေတို့ကိုစက်များတပ်ဆင်ပြီး တဖက်သို့ကူးမည်



www.burmeseclassic.com

www.burmeseclassic.com



ပြူခါမှ နိုးရှမရသည့်စက်၊ မြင်းလည်ကျခါမှ စက်ရပ်ခါ ရေစုန်သို့ မျောပါသွားသည့်လှေ၊ ဟိုဘပ်စုကသည်ဆောက်၊ သည်ဘပ်စုက ဟိုရောက်၊ အတော်တာလေးကသိကအောက်ဖြစ်လိုက်ကြရသည်။

အဲသည်မှာလဲ မမျော်လင့်သော အခြေအနေကိုရင်ဆိုင်လိုက်ကြရပြန်သည်။ ထင်မှတ်ခဲ့သည်က ရန်သူသည် ကျွန်တော်တို့တပ်များ မြစ်ကို ဖြတ်ကူးနေကြစဉ်တွင် တဖက်ကမ်းမှနေ၍ အပြင်းအထန်ပစ်ခတ် တားဆီးလိမ့်မည်ဟုဖြစ်သည်။ သို့ရာတွင် လက်တွေ့၌မူ တဖက်ကမ်းနားဖူးတွင် ရန်သူဟူ၍အနည်းငယ်မျှသာရှိသည်။ အပြင်းအထန်များ ခုခံသည်ဆိုပါက မြစ်ပြင်ကြောတွင် တဝဲလည်လည်ဖြင့် သေပြလားရေလား ခင်းကျင်းနေကြသည့် ထိုလှေများပေါ်ရှိ တပ်တွေသည်သက်သာကြမည် မဟုတ်ကြ၊ လက်တဲ့ စမ်းမြွင်းခံရသည့် သစ်ငုတ်တိုပေါ်မှ နို့ဆီခွက်ပမာဆန်ခါကျဘို့သာရှိပါတော့သည်။

ကျွန်တော်သည် သူတို့စဘင်ကူးမည် ပြုစဉ်က ကမ်းစပ်သို့ ဆင်းကာကြည့်ခဲ့ပါသေးသည်။ သို့ရာတွင် လှေသို့၏အခြေအနေကို မြင်ရတော့ မကြည့်ရဲတော့သဖြင့် ဘုရားကိုသာ တ,ကာမျက်နှာလွှဲပြီး ကမ်းစပ်မှတက်ခဲ့သည်။ ကျွန်တော်၏ ယာယီဌာနချုပ်ဖြစ်သောကောက်ရိုးပုံတွင် ပြန်၍အသာအယာခွေလိုက်ပါသည်။

ခေတ္တအိပ်ပျော်သွားသည်လို့ ထင်သည်။ ခေါ်သံကြားလို့ မျက်လုံးတို့ကို ဖွင့်ကြည့်လိုက်သည်။ အရှက်တက်လာပြီမှ အတော်ကလေးပင်မြင့်လို့ရှိနေပါပြီ။ ကျွန်တော့်အနားတွင်လည်းတပ်တွေသည် မရှိကြတော့၊ အိပ်မောကျနေသော ဗမာ့တပ်မတော်ဒု-ဗိုလ်မှူးကြီးတဦးအား စိတ်ရှည်လက်ရှည်ဖြင့် ကင်းစောင့်နေကြသည်က စောစမိုင်း(လ်)၏ အလင်းဝင်ကေအင်ဒီအိုရဲဘော်ကလေးများသာဖြစ်ကြပါသည်၊





"ဟော့....ဟော့....ဘပ်တွေကော....ရဲဘော်...."

ထိုရဲဘော်ကလေးတဦးက ပြုံးဖြီးဖြီးကြီးဖြင့်....

"ကမ်းစပ်သွားကြပီလေ"

ထို့ကြောင့် ကပျာကယာထပြီး ကောက်ရိုးပုံ၏ တဖက်သို့ လာခဲ့သည်။အဲသည်မှာ ကျွန်တော်၏ ဌာနချုပ်ရဲဘော်တွေသည် ဆက်လက်ချီတက်ရန် ပြင်ဆင်နေကြပါသည်။

သူတို့ကိုလောခဲ့ပြီး ရေစပ်သို့ ဆင်းခဲ့သည်။ ကြုံရာလှေဖြင့် တဖက်ကမ်းသို့ကူးခဲ့သည်။ ထိုတဖက်ကမ်းတွင် ဗိုလ်မှူးကြီးချစ်မြိုင်၊ ဗိုလ်ကြီးကိုကို(ထိုစဉ်ကတပ်ပေါင်းဗိုလ်မှူး၊ ယခုဗိုလ်မှူးကြီးဟောင်း၊ ဝန်ကြီး ပြည်ထဲရေးနှင့် သာသနာရေး)နှင့် စောစမိုင်း(လ်)တို့က ရောက်နှင့်နေကြပါသည်။

ဗိုလ်မှူးကြီးချစ်မြိုင်(ယခုသံအမတ်ကြီးလန်ဒန်)သည် ထိုစဉ်က ကျွန်တော်၏ အုထက်အရာရှိ၊တောင်ပိုင်းဘင်ရှိ ဘပ်မဟာ(၂)၏ တပ်မင်းဖြစ်သည်။ သူသည် ကျွန်တော့်အား လိုအပ်သော အကူအညီကို မဆိုင်းမတွ ပေးနိုင်ရန် အတွက် ကျောက်ကြီးသို့ ကျွန်တော်နှင့်အတူ လိုက်ပါမည်ဖြစ်သည်။

တပ်များအားလုံးစစ်တောင်းမြစ်ကို ကူးဖြတ်ပြီးကြလို့စဘင်ချီတက်ကြတော့ ကိုးနာရီကျော်ကျော်ပင်ရှိနေပါပြီ။ထိုနေရာမှ ကျောက်ကြီးသို့ ကိုးမိုင်ခန့်ရှိသည်။ ချီတက်ရာလမ်းတလျှောက် ရန်သူအနည်းငယ်မျှကိုသာ တွေ့ကြရသည်။

ထိုညကညောင်ကုန်းရွာတွင်နားကြသည်၊နောက်တနေ့နံနက် နှစ်နာရီတွင် ဆက်လက်ချီတက်ခဲ့ကြသည်။ထိုနေ့မှာပင် ကျောက်ကြီးမြို့အဝင်တွင် ရန်သူ၏အနည်းငယ်မျှသော ခုခံမှုကို တွန်းဖယ်လိုက်ကြပြီးမြို့ကို အလွယ်တကူ သိမ်းပိုက်လိုက်ကြသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သာ လေ့ကျင့်ရေးပြီးစီးပြီဖြစ်သဖြင့်စစ်ဆင်ရေးထွက်ခဲ့ကြရပေမဲ့ တပ်ရင်းအနေဖြင့်အရာရှိ ဦးရေး၊တပ်ကြပ်ဦးရေနှင့် လက်နက်ခဲယမ်းမီးကျောက်တို့က မပြည့်စုံခဲ့ကြ။ မပြည့်စုံသည်မှ အတော်ကလေးပင် မပြည့်စုံခဲ့ကြ။

ထိုအချိန်၌ ကျွန်တော်တို့ ခြေလျင်တပ်ရင်း(၅)နှင့် တပြိုင်တည်း အသစ်ဖွဲ့စည်းထူထောင်ခဲ့ကြသည့် ခြေလျင်တပ်ရင်း (၆)၊ ခြေလျင်တပ်ရင်း(၇)အစရှိသည့် တပ်ရင်းအသစ် တို့သည်လည်း ထိုနည်းနှင်နှင်ချည်းဖြစ်ကြသည်။ တပ်မတော်ကို မတိုးချဲ့၍မဖြစ်သဖြင့်သာ ဇွတ်မှိတ်ပြီး တပ်ရင်းအသစ်တို့ကို တိုးချဲ့ ဖွဲ့စည်းနေကြရသည်။ လူအား.....၊အထူးသဖြင့် အရာရှိအင်အားနှင့် လက်နက်အင်အားတို့ကတော့ ပြည့်စုံ လုံလောက်စွာမရှိ။

ဗိုလ်သင်တန်းကျောင်း သင်တန်းတပတ်မှာမှ ဆင်းပေးလိုက်နိုင်သည့် အရာရှိသစ်ကလေးများ ငါးဆယ်ခန့်တို့ကို တပ်တို့သို့ဖြန့်ဝေပေးလိုက်သောအခါတွင် ဆင့်ပါးစပ် နှမ်းပက်သည့်ပမာသာ ရှိခဲ့ရပါသည်။ ထို့ကြောင့်တပ်ခွဲတို့တွင် အရာရှိနှစ်ဦး၊ ကံကောင်းပါမှ သုံးဦး။ ထိုမျှသာ ထားရှိနိုင်ခဲ့ကြသည်။

လက်နက်ကမူ မဟာပြဿနာပင်ဖြစ်ခဲ့ရသည်။ သေနတ်ကိုင်တပ်ခွဲတခွဲတွင် ဘရင်း စက်သေနတ် ကိုးလက်ရှိရမည်ဖြစ်သည်။ သို့ရာတွင် အများဆုံးပေးနိုင်ပါမှ ခြောက်လက်။ ကျည်ဆံတလည်း ရှားပါးလိုက်သည့်ဖြစ်ခြင်း။ နှစ်လက်မစိန်ပြောင်းအတွက် ဗုံးတို့မှာမူ အရုပ်ရေးကြည့်ရုံမျှသောက်ပင်။ အချက်ပြဆက်သွယ်ရေးစက်တို့မှာ တပ်ရင်းတခုလုံးမှာမှ သုံးလေးလုံး။ ရိုင်ဖယ် သေနတ်တို့ကတော့ အင်မတန်မှ ဟောင်းနွမ်းလှပြီ ဖြစ်ကြသည့်





အမှတ်သုံးနှင့် အမှတ်လေး အင်္ဂလိပ်ရိုင်ဖယ်တို့ ဖြစ်ကြသည်။ ၎င်းသည်ပင် မလုံလောက်သဖြင့် ရှေးခေတ်ရဲစခန်းစောင့် ရဲသားတို့ ကိုင်ဆောင်သည့် ဂရင်းနားဂန်းဟု ခေါ်သော တလုံးထိုးသေနတ်တို့ဖြင့်ဖြည့်စွက်ထားကြရသည်။

ထိုသို့စစ်လက်နက်တို့တွင်သာချို့တဲ့ခဲ့ကြသည်မဟုတ်၊အဝတ်အစား တန်ဆာပလာတို့မှာလည်း ဆင်းရဲခဲ့ကြပါသည်။ ရေဗူး၊ ခါးပတ်၊ လွယ်အိတ်၊ သံခမောက်စသည်တို့သည် ရှားပါးပစ္စည်းများဖြစ်ကြသည်။ လိုသည့်တို့ကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရန်ကုန်မြို့တရုတ်တန်းမှ ဝယ်ယူစုံကိုင်ကြရသည်။

ထိုမျှအဘက်ဘက်တွင် မပြည့်မစုံ ဖြစ်ခဲ့ကြရပါသည်။ သည့်လိုဆိုတော့ ထိုပစ္စည်းတို့ကို ဘာပြုလို့ မဝယ်ယူပါသလဲ၊ ၎င်းမျှလောက် လိုအပ်နေသည်တို့ကို အဘယ့်ကြောင့် ပြင်ပနိုင်ငံတို့သို့ သွားရောက်မဝယ်ယူခဲ့ပါသလဲ။ တိုင်းပြည်တွင် ပိုက်ဆံကြေးငွေ မရှိ၍ပါလား။ မေးစရာရှိသည်။

ထိုမေးခွန်းတို့သည် လွယ်သလောက်ယောင် ရှိသလောက် အဖြေကတော့ မလွယ်ပါ။

တိုင်းပြည်တွင် ပိုက်ဆံကြေးငွေ ရှိပါသည်။ ပြင်ပသို့လည်း ထွက်၍ဝယ်ပါသည်။ သို့ရာတွင်လိုသလောက်မရပါ။ မရှိ၍တော့မဟုတ်၊ ရှိလျက်နှင့်ပင် ဝယ်၍မရခဲ့ခြင်းဖြစ်သည်။ ၎င်းကား လွတ်လပ်စ နိုင်ငံကလေးတခုသည် နိုင်ငံကြီးတို့၏ နည်းပရိယာယ် အကွေ့အကောက် အလှည့်အပတ်တို့နှင့် ရင်ဆိုင်ရခြင်းပင် ဖြစ်သည်။

နိုင်ငံတိုင်းသည် မိမိ၏အကျိုးကိုသာ ဦးစားပေး ကြည့်တတ်ကြသည်မှာ ဓမ္မတာဖြစ်သည်။ ကျွန်တော်တို့၏ ဝါဒနှင့်လိုပ်ရပ်တို့သည် ထိုနိုင်ငံကြီးတခုအဖို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော



www.burmeseclassic.com

www.burmeseclassic.com



နည်းဖြင့်ဖြစ်စေ၊ အကျိုးကျေးဇူး ဖြစ်ထွန်းစေနိုင်မည့် ဆိုပါက ကျွန်တော်တို့လိုအပ်သောစင်ပစ္စည်း လက်နက်ခဲယမ်းမီးကျောက်တို့ကို သူတို့ထံမှ ပိုက်ဆံပေးဝယ်ယူချင်ပင်မလို။ လေယာဉ်ပျံတို့ကို ယူပါမည်လား သူတို့သည် လိုလိုလားလား အလကားပေးကြပါလိမ့်မည်။ သို့ရာတွင် သူတို့ကိုတော့ ငြိုငြင်အောင် မလုပ်လိုက်ပါလေနှင့်၊ အကြောင်းအမျိုးမျိုးတို့ကိုပြပြီးဝမ်းနဲပါသည်၊မရောင်းနိုင်သေးပါ၊ ရောင်းစရာမရှိပ ဟု ပြောပါလိမ့်မည်။ မလွှဲသာ၍ ရောင်းလိုက်စေကာမူ ကျွန်တော်တို့၏ စရံငွေကိုသာ လက်ခံယူလိုက်ပါမည်၊ ပစ္စည်းတို့ကိုတော့ အချိန်ဆွဲပြီး နဲနဲချင်းသာ လီ၍ပို့ပေးပါလိမ့်မည်။

ထိုအချိန်က ကျွန်တော်တို့သည် ဤအဖြစ်မျိုးကို ကြုံခဲ့ကြရသည်။ တန်ဖိုးကြီးစွာပေး၍ သင်ခန်းစာကို ရယူလိုက်ကြရပါသည်။ မိမိကိုယ်မှတပါး အခြားအားကိုးရာ မရှိ။ ကျွန်တော်တို့သည် ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုး ကြရပါမည်။ ထိုအင်အားသည် ကိုယ့်မြည်တွင်းမှာသာရှိသည်ဆိုသော အချက်ကို ကောင်းကောင်းကြီး သဘောပေါက်ခဲ့ကြရပါသည်။

ဒွေးတော်သည် အမေရင်းလောက် တော့ ဖြင့် ရည်သို့မှ မကောင်းနိုင်ပါ။

*　*　*　*

## သင်ခန်းစာတခု

ခြေလျင်တပ်ရင်း(၅)နှင့် တနှစ်ခန့်မျှသာ နေလိုက်ရသည်။ ကျောက်ကြီး စစ်ဆင်ရေးအပြီး မကြာခင်မှာဘဲ သေနတ်ကိုင်တပ်ရင်း(၆)သို့ ပြောင်းရန် အမိန့်ရရှိခဲ့သည်။





တပ်ရင်း(၆)။ ပဲခူးဒေသ၊ ကယားပြည်နယ်၊ သာစည်၊ မိတ္ထီလာ၊ ထုံးကြီးစာပူးတောင်း၊ ပဲခူးမှတောင်ငူအကြား လမ်းမကြီးတလျှောက် စစ်မျက်နှာ အရပ်ရပ်တို့တွင် ကျွန်တော်နှင့် အတူတကွ တာဝန်ထမ်းဆောင်ခဲ့သည့် သေနတ်ကိုင်တပ်ရင်း(၆)။

ကိုယ်တိုင်တပ်ရင်းမှူးအနေဖြင့် ကကြီးရေကအဆင့်မှ စဘင်တည်ထောင်ခဲ့သည့် ခြေလျင်တပ်ရင်း(၅)နှင့် ခွဲခွာရမည် ဖြစ်သဖြင့် စိတ်မကောင်းလှသော်လည်း အုသိမ်အုမမကျန် အစင်းသိ တပ်ရင်းဟောင်းတခုသို့ ပြန်လည် ပြောင်းရွှေ့ရသည် ဖြစ်သောကြောင့် တော်သေးတာပေါ့လို့သာ စိတ်ထဲမှ ဖြေလိုက်ရသည်။

အမိန့်စာက တပ်သစ်သို့ ချက်ချင်း သွားရောက် အုပ်ချုပ်ရမည်ဟု ဆိုသဖြင့် ထုံးစံအတိုင်း ပြုလုပ်နေကြ နှုတ်ဆက်ပွဲ စသည်တို့ကိုပင် ပြုလုပ်နိုင်ခဲ့။ တပ်ရင်းဌာနချုပ်ရှိ အရာရှိ အကြပ်တပ်သားတို့မှအပ အခြား မည်သူ့ကိုမှလည်း နှုတ်မဆက်နိုင်ခဲ့။ ဒုတပ်ရင်းမှူးဖြစ်သူ ဗိုလ်မှူးအေးကတော့ တဖျစ်တောက်တောက်။

"တညတော့ နေအုံးဗျာ၊ ထမင်းစားပွဲလေး လုပ်လိုက်ရအောင်"

ကျွန်တော့်မှာ သူ့ကိုတောင်းပန်ရပါသည်။

"အမိန့်က ချက်ချင်းတဲ့ဗျ၊ မဖြစ်ဘူးသွားမှ"

"အို....မရဘူး၊ တရက်နဲ့တော့ မထူးပါဘူး"

သို့ရာတွင် ကျွန်တော် မနေခဲ့ပါ။ သွားစရာရှိလျှင် သွားလိုက်ချင်သည်။ ထို့ကြောင့် သူတို့ တားသည့် အကြားမှပင် ထွက်ခွာခဲ့ပါသည်။

သေနတ်ကိုင်တပ်ရင်း(၆)သည် တောင်ငူမှ ပြောင်းရွှေ့ပြီး သာယာဝတီသို့ ရောက်ရှိနေပြုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်၌ တညတာနားခဲ့သည်။ နောက်တနေ့မှာပင်သာယာဝတီသို့ ဆက်လက် ထွက်ခွာခဲ့သည်။ တပ်ရင်းသို့ ရောက်တော့ ဒုတပ်ရင်းမှူးဖြစ်သူ ဗိုလ်မှူးလွန်းတင် (ယခု ဗိုလ်မှူးကြီးဟောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်)က စောင့်ကြိုနေပါသည်။ သူနှင့်အတူ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ စစ်ဆင်ရေးအမိန့်ကလဲ အဆင်သင့်။

အိုင်ကလောင်ကျွန်းကို တိုက်ခိုက်သိမ်းပိုက်ရန်။

အိုင်ကလောင်ကျွန်းဟူသည်မှာ လှိုင်မြစ်နှင့် ဘောလယ်မြစ်တို့အကြား အလျားမိုင် နှစ်ဆယ်၊ အနံဆယ်မိုင်ခန့်ရှိ ရှည်မျော မျော ကျွန်းကြီးဖြစ်သည်။ ထိုကျွန်းပေါ်တွင်ရန်သူသည် များများစားစားမရှိ၊ သို့ရာတွင် အနောက်ဘက်တွင် ဩောင်တုန်း ပန်းတနော်ဒေသ၊အရှေ့ဘက်တွင် မှော်ဘီ တိုက်ကြီး၊ ထိုမှပဲခူးရိုးမ။ ထို့ကြောင့် မြစ်ဝကျွန်းပေါ်နယ်မြေရှိ သောင်းကျန်းသူတို့နှင့် ပဲခူးတောင်ငူနယ်မြေရှိသောင်းကျန်းသူတို့အကြားအချက်အချာဖြစ်သော ဆက်သွယ်ရေးစခန်းကြီး တခုဖြစ်သည်။ ထိုစခန်းကိုဖြိုဖျက်ပြီး တပ်စွဲလိုက်နိုင်ပါက ရန်သူတို့၏ ဆက်သွယ်ရေး လမ်းကြောင်းကို လုံးဝ ဖြတ်တောက် သွားစေနိုင်လိမ့်မည်ဟု မဆိုနိုင်စေကာမူ သူတို့၏ခြေလှမ်းကိုတော့ဖြင့် အတော်ကလေး ကျဲသွားစေနိုင်ပါလိမ့်မည်။ ဤသည်ကို ကျွန်တော်တို့ ရည်ရွယ်သည်။

ထိုစစ်ဆင်ရေး အမိန့်ကို တွေ့လိုက်ရသည်နှင့် စိတ်မောလို့သွားရပါသည်။ အချိန်ကများစွာမရှိတော့။မေလကုန်သို့ရောက်နေပြီဖြစ်သဖြင့် မိုးကလာပါတော့မည်။ယခုပင်တဖြောက်ဖြောက်လာနေပါပြီ။ မကြာခင်မှာဘဲ သဲသဲမဲမဲကြီး ရွာချလာပါတော့မည်။ ထိုနေ့ရက်သည် မဝေးလှတော့။ရက်ပိုင်းမျှသာကျန်သည်။





မိုးကြီး တကြိမ် နှစ်ကြိမ် ရွာလိုက်သည်နှင့် ထိုဒေသတခုလုံးသည်ရေအိုင်ကြီး ဖြစ်သွားပါလိမ့်မည်။ ထိုအခါကျွန်တော်တို့အသုံးပြုမည့် သံချပ်ကာယာဉ်များသည် လှုပ်ရှားနိုင်တော့မည် မဟုတ်ကြတော့။ သံချပ်ကာယာဉ်တို့ကို မဆိုထားပါနှင့်၊ ခြေလျင်တပ်တို့သည်ပင် ထိုရွှံ့ထဲတွင် ခဲခဲယဉ်းယဉ်းဖြင့် ရုန်းကြရပါတော့မည်။ ထိုအခါ ပေါပေါများများလှုပ်ရှားနိုင်စွမ်းရှိသော နယ်မြေကို ပိုမိုကျွမ်းကျင်သော ရန်သူတို့အဖို့ တလေးသာသည် ဖြစ်သည်။ ထိုတလေးကိုအသာမပေးနိုင်ပါ။ ထို့ကြောင့်မိုးကြီးမလာမီ ကျန်ရှိသည့် ရက်ပိုင်း အတွင်းမှာပင် ထိုကျွန်းကြီးကို အပြီးအပိုင်သိမ်းရပါမည်။ ကျွန်တော်တို့သည် အချိန်နှင့်အပြေးပြိုင်နေကြရပါပြီ။

ထို့ကြောင့် သာယာဝတီရှိ တပ်ရင်းဌာနချုပ်သို့ရောက်သည်နှင့် တပ်၏အခြေအနေတို့ကိုပင်လှည့်မကြည့်နိုင်ခဲ့၊ ထိုစစ်ဆင်ရေးအတွက် အပူတပြင်းပြင်ဆင်ကြရသည်။

စတင်မထွက်ခွာမီတရက်အလိုတွင် ဗိုလ်မှူးလွန်းတင်က အခွင့်တောင်းသည်။

"ကျွန်တော်လဲ လိုက်ချင်တယ် ဗိုလ်မှူး"

လုပ်ငန်းသဘောအရမူ၊ တပ်ရင်းမှူး စစ်ဆင်ရေးသို့လိုက်ပါသွားလျှင် ဒုတပ်ရင်းမှူးဖြစ်သူသည် နောက်ပိုင်း ဌာနချုပ်၌နေခဲ့၍ ကျန်ရှိသည့်တပ်တို့ကို ထိန်းသိမ်းကွပ်ကဲရသည်။ ရှေ့တန်းမှ လိုအပ်သည်တို့ကို ဖြည့်စွက်ပေးရသည်။ ယခုမူ ထိုဒုတပ်ရင်းမှူးက သူပါ စစ်ဆင်ရေးသို့ လိုက်လိုပါသည်ဟု ခွင့်တောင်းနေပါပြီ။

ကျွန်တော် တို့ ဆိုင်းဆိုင်းဖြစ်နေသည်ကို မြင်သဖြင့် သူက ....



www.burmeseclassic.com

www.burmeseclassic.com



"သံချပ်ကားတွေ အသုံးပြုဘာ လေ့လာချင်လို့ပါ" အကြောင်းပြသည်။

ကျွန်တော်မငြင်းသာတော့ပါ။ စစ်ဆင်ရေးပြုလုပ်မည့်ကာလကလည်း ကြာမြင့်မည်မဟုတ်သည်ကတကြောင်းကြောင့် နောက်ပိုင်း တပ်ရင်းကိုတပ်ရေးဗိုလ်ကြီးရစ်ချက်ဆင် (ယခုအငြိမ်းစား) နှင့်ထားခဲ့ပြီး ဗိုလ်မှူးလွန်းတင်ကိုခေါ်သွားခဲ့ပါသည်။ ငရဲပြည်သွားလျှင်ပင် အဖေါ်ကလေးနှင့်ဆိုတော့ ပျော်စရာပေပဲပေါ့။

(စ) ရက်တွင် အရှေ့ဦးနှင့်အတူ အင်ဂျင်နီယာတပ်မှ ဗိုလ်ကြီးဘငွေ (ယခုအငြိမ်းစား) ၏ခေါင်းဆောင်မှုဖြင့်သံချပ်ယာဉ်တို့သည် လှိုင်မြစ်ကိုဖြတ်ကူးကြသည်။

ကူးပြီးသည်နှင့် ရန်သူအား အနားမပေးဘဲ ချီတက်ရာလမ်းကြောင်းပေါ်ရှိ ရွာကြီးရွာငယ်တို့ကို တခုပြီးတခုဆက်တိုက်သိမ်းပိုက်လိုက်ကြသည်။ ယခုအထိမူ ရန်သူ၏ခုခံမှုကို ဟိုမှသည်မှ အနည်းငယ်မျှသာတွေ့ရပါသေးသည်။

နေမွန်းတည့်ချိန်လောက်တွင် ကျွန်တော်တို့သည် ကျွန်းကြီး၏အတွင်းပိုင်းကျကျသို့ရောက်လာခဲ့ကြသည်။

"ကဲ၊ ဒီမှာ ခဏနားကြမယ်၊ ထမင်းစားကြ" တပ်တို့သို့ အမိန့်ပေးလိုက်သည်။

ယခုရောက်ရှိနေသော ရွာကြီးသည် အတော်ပင်ကြီးသော ရွာကြီးတရွာဖြစ်သည်။ အိမ်ကြီး အိမ်ကောင်းများ အတော်ထားလေးများသည်။ သို့ရာတွင် ရွာသူရွာသားဟူ၍ တယောက်တလေမှမရှိကြ။ အုပ်အုပ်ဆိုင်းဆိုင်း သစ်ပင်တို့အကြားမှ အိမ်အိုကြီးတို့ကသာ ကျွန်တော်တို့ကို ဟင်းလင်းစွာဖြင့်ကြိုဆိုနေကြပါသည်။





တပ်ဘိုကိုရွာအတွင်း၌ထားခဲ့ပြီး ကျွန်တော်နှင့်ဌာနချုပ်အဖွဲ့သည် ရွာကိုလွန်၍ ကင်းထောက်ထွက်ခဲ့ကြသည်။

ပတ်လည်သည် မြေပြန့်သက်သက်ဖြစ်သည်။ မိုးတပြိုက် နှစ်ပြိုက် ရွာထားပြီးဖြစ်သော်လည်းရေမဝကြသေးသည့် လယ်ကွက်တို့သည် ပတ်ကြားအက်နေကြသည်။ ကျွန်တော်တို့သည် ထိုပတ်ကြားအက်နေသည့် လယ်ကွက်တို့ကို ဖြတ်ပြီး ခနော်ခနဲ့ဖြင့် လျှောက်လာကြရင်း ရှေ့သို့လှမ်းမျှော်ကြည့်ကြသည်။ ဘေးဘီတို့ကိုအကဲခတ်သည်။

ဤမြေအနေအထားသာဖြင့် သံချပ်ယာဉ်တို့ကိုရှေ့တွင်တင်ပြီး ကျွန်း၏တောင်ဘက်အစွန်းသို့ တရှိန်ထိုးချီတက်၍ ရန်သူအား လှည့်ပတ်ပိတ်ဆို့နိုင်ရန်အခွင့်ကောင်းများရှိပါလိမ့်မည်။ ထို့ကြောင့် ကျွန်တော့်စိတ်တွင်း၌ ရန်သူ၏ခုခံမှုကိုအနည်းငယ်ပင်ဖြစ်ပါစေ လိုလားလျှက်ရှိနေရသည်။ သို့မှသာ သူတို့အားကွေ့ပတ်ခါပိတ်ဆို့ချေမှုန်းနိုင်ဘို့ အချိန်ရရှိနိုင်ပါလိမ့်မည်။

သို့စဉ်းစားရင်းဖြင့် လယ်သုံးလေးကွက်မျှလွန်ခဲ့လျှင် ထည်းထည်းကြီး တပင်တည်းပေါက်နေသော သရက်ပင်ကြီးဘပင်အောက်သို့ရောက်လာကြသည်။

ခြစ်ခြစ်တောက်ပူလာပြီဖြစ်သည့် နေရှိန်တွင် လျှောက်ခဲ့ကြရာမှ မြေသည့်အရိပ်အောက်သို့ရောက်လာခဲ့ကြတော့ ခေတ္တမျှရပ်နားလိုက်မိကြသည်။ တမနက်လုံး တရွာဝင် တရွာထွက်လာခဲ့ကြရသဖြင့် အနည်းငယ်တော့ဖြင့် နွမ်းနယ်နေကြပါပြီ။ ဆို့ပြင်ခေါ့ကလည်းငတ်လှသည်၊ ထမင်းကလဲ ဆာလာကြပါပြီ။

ထိုအခိုက်မှတ်သုန်၏ ရှေ့ပြေးလေနုကလေးက တညှင်းညှင်းတိုက်ခတ်နေသဖြင့် ကျွန်တော့်အဖို့တော့ဖြင့် ထိုသရက်ပင်ရိပ်မှငင် မထွက်ခွာချင်တော့။

www.burmeseclassic.com



"ရဲဘော်ရေ၊ ထမင်းထုပ်သွားယူချေကွာ၊ ဒို့ဒီမှာဘဲစားကြရအောင်" ပြောပြောဆိုဆိုဖြင့် သစ်ပင်ရင်း၌ ထိုင်ချလိုက်ပါသည်။

ကျွန်လူတွေလည်းလိုက်ခါ ထိုင်လိုက်ကြပြီး ကျောခင်းသူကခင်း၊ ဦးထုပ်ကိုချွတ်ပြီး ယပ်ခတ်သူကခတ်၊ ဆေးလိပ်မီးညှိသူကညှိဖြင့် ထမင်းထုပ်တို့ကိုမျှော်ကြသည်။

ရောက်လာပြန်တော့လဲ မစားနိုင်ကြ၊ အမောကမပြေသေး။ ထို့ကြောင့် ရေဗူးအတွင်းမှရေဖြင့် တလုပ်ချင်းမျောကာ ချနေကြရသည်။

စားလို့ပြီးကြပြန်တော့ ဝမ်းဗိုက်လေးလေးဖြင့် ထိုမြေလှသည့်အရိပ်အောက်မှမခွာနိုင်သလိုဖြင့် ဆက်ခါ ထိုင်နေမိကြသည်။ ဗိုလ်မှူးလွန်းတင်က သစ်ပင်ရင်းကိုမှီနေသည်။ ကျွန်တော်က သူနှင့်လက်တကမ်းတွင်ထိုင်နေသည်၊ ကျွန်တော့် နောက်တွင် စိန်ပြောင်းတပ်စုမှူး ဗိုလ်စန်းညွန့်(ယခု ဗိုလ်မှူး၊ပြည်သူ့လုပ်အားချထားရေး၊ နမ်းစန်၊ရှမ်းပြည်တောင်ပိုင်း)။သူ့နောက်မှာတော့ အချက်ပြဆက်သွယ်ရေးတပ်သားနှစ်ဦးနှင့်ဝိုင်ယာလက်ဆက်သွယ်ရေးစက်၊ ဆရာဝန် ဗိုလ်ကြီး မင်းဒင်(ယခု၊ကျဆုံး)နှင့်ဆက်သားရဲဘော်များ။ ထိုအခိုက်-

သရက်ပင်မှ သစ်ကိုင်းတို့နှင့်သစ်ရွက်တို့သည် အပိုင်းပိုင်းပြတ်ခါ ကျွန်တော်တို့ကိုယ်များပေါ်သို့ တဖြုတ်ဖြုတ် ကျလာကြသည်။

တချိန်ထဲမှာပင် စက်သေနတ်သံတဒက်ဒက်က အဆက်မပြတ်ပေါ်ထွက်လာသည်။

ထိုသေနတ်သံတို့နှင့်အတူ "အင်...." ဟူသော ညည်းသံလေး





လေးကြီးကို ကြားလိုက်ရလို့ လှည့်ကြည့်လိုက်တော့....ဗိုလ်စန်းညွန့်။

သူသည် ထိုင်နေရာမှ တဖြေးဖြေးချင်းဖြင့် တစောင်းလဲကျသွားပါသည်။

မြေ၌ဝပ်လိုက်ကြသည်။

ကျည်ဆံတို့ကတော့ လေချွန်သံတရှီရှီဖြင့် ကျွန်တော်တို့ကိုယ်ပေါ်မှဖြတ်ခါ အဆက်မပြတ် ပျံသွားနေကြသည်။

ဗိုလ်မှူးလွန်းတင်က လှဲနေရာမှ သူ့ခါးတွင် ချိတ်နှောင်ထားသည့် ဆေးပတ်တီးကိုဆွဲဖြုတ်လိုက်ပြီး ဗိုလ်စန်းညွန့်ရှိရာသို့ တွားသွားသည်။

"ခေါင်းမှာ...."

ဗိုလ်စန်းညွန့်ကိုစောင်းငဲ့ကြည့်လိုက်သည်၊ သွေးစ သွေးနကိုတော့ မတွေ့ရ။သို့ရာတွင် နားရွက်အထက်နားဆီမှ ဆပ်ပြာရည်ကဲ့သို့ ခပ်ကြဲကြဲ ဖြူညစ်ညစ်အမြှုပ်တွေသည် တဘိုင်ဖြင့် စီးထွက်လာနေသည်ကို ရင်တုန်ပန်းတုန် မြင်လိုက်ရပါသည်။ မြတ်စွာဘုရား၊ ဦးနှောက်တွေများ ထွက်ကျလာနေကြပြီလား။

ဗိုလ်မှူးလွန်းတင်က ထိုနေရာကို ဆေးပတ်တီးနှင့်ဖိထားနေသည်။ ကျွန်တော်က နောက်သို့လှည့်ပြီး ခေါ်လိုက်သည်။

"ရဲဘော်....၊ စက်ဖွင့်ဟေ့...."

"ရပီ ဗိုလ်မှူး...."

"သံချပ်ကားကိုခေါ်....၊ ဒို့ရှေ့မှာဒုန်သူ....၊လာပြီးကာကွယ်ပေးပါလို့...."

ကျည်ဆံတို့က လာနေကြဆဲ။ တစကွန့်သည် တကမ္ဘာ။ လာစမ်းပါ သံချပ်ကားရယ်....၊ လာစမ်းပါ မြန်မြန်....။

တခဏ အကြာမှာဘဲ သံချပ်ကာကားနှစ်စီးတို့ တဂျိန်းဂျိန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရောက်လာကြသည်။ တစီးက ရန်သူရှိရာသို့ ပစ်ပေးသည်။ တစီးက ကျွန်တော်တို့ရှေ့တွင်ရပ်ပြီး ကာကွယ်ပေးထားသည်။

အဲဒီတော့မှ ဆရာဝန် ဗိုလ်ကြီး မင်းဒင်က ဗိုလ်စန်းညွန့်၏ ဒဏ်ရာကိုကြည့်နိုင်သည်။ ကျန်လူဘို့မှာလဲ ထိုအခါမှပင် ခေါင်းထောင်နိုင်ကြပါပြီ။

စစ်ပညာအခြေခံကျမ်းတို့တွင် "ထင်ရှားပေါ်လွင်သောနေရာတွင် မနေရ။ မနားရ" ဟု တိတိကျကျဆိုထားသည်။ ခေတ်အဆက်ဆက်၏ အတွေ့အကြုံပေါင်းများစွာတို့ကိုမှီးပြီး ပြုစုထားသည့် ထိုအခြေခံပညတ်ချက်ကို မလေးမစား မထီမဲ့မြင် ပြုမိခဲ့သည်က ကျွန်တော်။ အကာယ်ရှိသော ဗိုလ်စန်းညွန့်သည် ထိုဒဏ်ရာဖြင့်ကျဆုံးခဲ့ပါက တရားခံသည် ကျွန်တော်သာပင်ဖြစ်ရပါမည်။

ဗိုလ်စန်းညွန့်အား ထိုနေ့မှာပင် မင်္ဂလာဒုံ စစ်ဆေးရုံကြီးသို့ အရောက် ပို့ပေးနိုင်ခဲ့ကြသည်။ သူမသေပါ။ သို့ရာတွင် သူ့ခေါင်းထဲတွင် ငွေပြားတပြား ထဲ့ပေးထားရသည်လို့ ကျွန်တော် မှတ်မိသည်။ ယနေ့ထက်တိုင် မှုးနောက်သည့်ဝေဒနာကိုတော့ မကြာခဏခံစားနေရရှာပါသေးသည်။

ရှေ့သို့ ဆက်လက်ချီတက်ခဲ့ကြသည်။ ကောင်းကင်ပြင် တခုလုံးသည် မိုးသားတို့ဖြင့် ညိုမှိုင်းလာသည်။ မိုးကလေးတပေါက်နှစ်ပေါက်ပင် ပါလို့လာနေပါပြီကော။

ကျွန်တော်တို့သည် တပ်တို့ကိုဖြန့်ပြီး အပြင်းချီခဲ့ကြသည်။ ထိုညနေ နေဝင်ရီတရော၊ တကျွန်းလုံးကို ခုခံမှုမရှိ သိမ်းပိုက်လိုက်ကြသည်။

ထိုညမှာပင် ရွာလိုက်ပါတဲ့မိုး။

* * * *

ဥပဒေ နောက်ထပ်တမျိုး

ထို တပ်ရင်းမှာလဲ သုံးလခန့်သာ ကြာခဲ့သည်၊ တဖန် ပြောင်းရပြန်ပါပြီ။

သည်တခါတော့ မေမြို့ရှိ ဗိုလ်သင်တန်း ကျောင်းသို့....။ ကျောင်းအုပ်ကြီးအဖြစ်။ တချိန်လုံး မြေလျှင်တပ်ရင်းတို့၌သာ နေခဲ့ရသော ကျွန်တော့်အဖို့ ယခုကဲ့သို့ လေ့ကျင့်ရေးကျောင်းတွင် အမှုထမ်းရတော့မည်ဖြစ်သောကြောင့် အတွေ့အကြုံသစ်ကို ဝမ်းပန်းတသာကြိုဆိုမိပါသည်။

ဤကျောင်းကို ၁၉၄၆ ခုနှစ်က ကျွန်တော်တို့ တက်ရောက်ခဲ့ကြရသည့်သင်တန်းဖြင့် စတင်ဖွင့်လှစ်ခဲ့သည်ဟုဆိုပါက မှားမည်ထင်ပါ။ ကျွန်တော်တို့ဟု ဆိုရာ၌၊ ဗိုလ်ချုပ်ကြီး နေဝင်း၊ ဗိုလ်မှူးချုပ် ကျော်ဇော၊ ဗိုလ်မှူးကြီး ဇေယျ၊ ဗိုလ်မှူးချုပ် အောင်ရွှေ၊ ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်ချုပ်ကြီးတင်ဦးတို့ အပါအဝင် ထိုစဉ်က ဘာမားရိုင်ဖယ် အမှတ် ၃)(၄)(၅)အစ ရှိသော မြန်မာ့တပ်ဘို့မှ အရာရှိပေါင်း သုံးဆယ်တို့ဖြစ်ကြသည်။ အဲဒီတုန်းကတော့ ထိုသင်တန်းကို ဗိုလ်သင်တန်းဟု မခေါ်သေး၊ အထူးအရာရှိသင်တန်းဟုသာ ခေါ်ခဲ့သည်။

ဗိုလ်သင်တန်းကျောင်းဟု ခေါ်ဝေါ်ပြီး စနစ်တကျ စတင်ဖွင့်လှစ်သည်မှာ ၁၉၄၇ခုနှစ်တွင်မှဖြစ်သည်။ ပထမဆုံး ကျောင်းအုပ်ကြီးမှာ ဗိုလ်မှူးချုပ်မောင်မောင် (ယခု သံအမတ်ကြီး၊ ညစတြေလျ) ဖြစ်သည်။ သူနောက်တွင် ဗိုလ်မှူးချုပ်တင်ဖေ (ယခု အငြိမ်းစား)၊ ထို့နောက် ဗိုလ်မှူးကြီးကျော်စိုး (ယခု နိုင်ငံတော်ကောင်စီဝင်)။

ကျွန်တော်သည် ဗိုလ်မှူးကြီးကျော်စိုးထံမှတာဝန်လွှဲပြောင်း

www.burmeseclassic.com



လက်ခံယူမည် ဖြစ်သည်။ ကျွန်တော် ရောက်ရှိသွားချိန်တွင် သင်တန်းအမှတ်စဉ်(၅)ကျောင်းသား ဗိုလ်လောင်းတို့ သင်တန်းပြီးဆုံးခါစဖြစ်သဖြင့်ကျောင်းဆင်းပွဲနှင့်ကြုံရသည်။ ကျောင်းတွင် ကျွန်ုပ်ရစ်ကြမည့် သင်တန်းသားတို့က အမှတ်စဉ် (၆)နှင့်(၇)တို့ ဖြစ်ကြသည်။

ကျွန်တော့်အဖို့တော့ဖြင့် အားလုံးသည် အသစ်အဆန်းလို ဖြစ်နေရပါသည်။ သစ်လွင် နုပျိုသော ဗိုလ်လောင်းကလေးတို့သည် နံနက်အာရုဏ်ဦးမှညဘက်အိပ်ချိန်အထိ တချိန်လုံး၊ တက်ကြွစွာဖြင့် ပြေးလွှား လှုပ်ရှားနေကြသည်။ သင်ခန်းစာတခုမှ တခုသို့ ကူးပြောင်းပြီး လေ့ကျင့်သင်အံကျက်မှတ်နေကြသည်။ ဆရာများဖြစ်ကြသော အရာရှိတို့ကသည်း ဝါရင့် ပါမောက္ခကြီးများပမာ ဘာသာရပ်အသီးသီးတို့ကို ပိုင်နိုင်စွာပို့ချနေကြသည်။ ထိုဘာသာရပ်တို့သည်လည်း တပ်ရင်းတို့၌သင်ကြားလျက်ရှိသည် တို့နှင့် မတူကြတော့၊ ပိုမိုမြင့်မားသည်၊ ပိုမိုအသေးစိပ်လာသည်။ လက်နက်ငယ်သင်တန်းနှင့် လက်နက်မဲ့ သင်တန်းတို့တွင် ဗိုလ်လောင်းတို့သည် လှုပ်ရှားမှုအားလုံးတို့၌ စက်ရုပ်ကလေးများ ပမာ လွန်စွာမှ တိကျသေချာကြရသည်ဖြစ်သည်။ ထို့ပြင် ပိုမို လာသည့် ဘာသာရပ်တို့ကလည်းမနည်းလှ၊

ရှေးခေတ် စစ်ဗိုလ်တို့သည် အကြမ်းအားဖြင့် သူရသတ္တိနှင့် ပြည့်စုံကြရသည်၊ ဆင်စီးတတ်ကြရမည်၊ မြင်းစီးတတ်ကြရမည်၊ ဓါးခုတ်လှံထိုးတတ်ကြရမည်၊ စစ်ဘက် စစ်ချီကိစ္စတွင် ကျွမ်းကျင်ကြရမည်။

ယခုကဲ့သို့ စက်မှုနှင့်သိပ္ပံပညာရပ်တို့ ထွန်းကားသောခေတ်၊ အနုမြူခေတ်၊ ဂြိုဟ်တုခေတ်တွင်မူ ထိုအရည်အချင်းတို့နှင့် မလုံလောက်ကြတော့။ ဆင်မြင်းအစား သံချပ်ကာများ၊သံချပ်ကာ





ယာဉ်များတို့က အစားထိုးခဲ့ကြသည်။ ရှေးအခါများက တတောင့်ချင်း ပင်ပန်းတကြီးပစ်ခတ်ကြရသည့်ထန်းလုံးအမြောက်နှင့် တူမီးသေနတ်တို့ နေရာတွင် မိုင်ပေါင်းများစွာပြေးသော စက်အမြောက်ကြီးများ၊ မောင်းပြန်သေနတ်များ၊ ပြီးတော့ တန်ပေါင်းများစွာသောဗုံးတို့ကို သယ်ဆောင်ပြီး ဝေးလံလှသည့် နေရာတို့သို့သွားရောက်၍ ကြဲချနိုင်စွမ်းရှိသော လေယာဉ်ပျံကြီးများ၊ ကမ္ဘာကိုပတ်နိုင်စွမ်းရှိသော ဒုံးပျံလက်နက်ကြီးများတို့က နေရာယူအစားခင်ခဲ့ကြပြီဖြစ်သည်။

ထို့ကြောင့် ထိုစစ်ဗိုလ်သည် အနည်းဆုံးတော့ဖြင့် ဤခေတ်နှင့် ရင်ဘောင်တန်းအမှီလိုက်ရမည်ဖြစ်သည်။ ဤဗိုလ်သင်တန်းတွင် တက်ရောက်နေကြသည့် ဗိုလ်လောင်းကလေးတို့သည် ဤခေတ်၏နောက်တွင် ကျန်ရစ်နေခဲ့၍မဖြစ်။

ထိုသို့ ဤခေတ်ကြီးကို ရင်ဘောင်တန်း အမှီလိုက်နေကြရာတွင် တိုင်းပြည်တခုနှင့်တခုတို့ လိုက်ပုံလိုက်နည်းတို့က မတူကြ။ ကိုယ့်နည်းကိုယ့်ဟန်၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၏ လိုအပ်ချက်နှင့် လျော်ညီတမ်းအရ ကွဲပြားခြားနားကြသည်ဖြစ်သည်။

ဥပမာ၊ ကျွန်တော်တို့နှင့် အကျွမ်းတဝင်ရှိသော ကျွန်တော်တို့နှင့် ငြင်းနှီးသော အင်္ဂလိပ်နှင့်ဂျပန်တို့ကိုကြည့်။ သူတို့နှစ်ဦးသည် မတူကြ။

အင်္ဂလိပ်တို့သည် သူတို့၏ ဗိုလ်လောင်းများအား သူ့ဘိုဘာသာစကားဖြင့် ဂျင်းတဲ(လ်)မင်း ဟူသော လူကြီးလူကောင်း တဦးဖြစ်မြောက်ရေးကိုဦးတည်ပြီးမှ စစ်ပညာရပ်တို့ကို သင်ကြားပေးကြသည်ဖြစ်သည်။ ထိုဂျင်းတဲ(လ်)မင်း ဟူသည်မှာလည်း သူတို့လူမျိုး၏ပေတံဖြင့် တိုင်းတာသတ်မှတ်ထားသည့် လူကြီးလူကောင်းတယောက်တွင် ထားရှိအပ်သော သဘောထား၊ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်အမူအရာ၊ လိုက်နာကျင့်သုံးအပ်သော ပြုမူနေထိုင်မှုစသည်တို့ ဖြစ်ကြသည်။

ဂျပန်တို့ကမူ၊ စိတ်ဓါတ်ဆိုင်ရာသည် အဓိက။ ဗိုလ်ခလောင်းတဦးသည် တိုင်းပြည်ကိုချစ်သောစိတ်ဓါတ် အခိုင်မာဆုံးဖြစ်ရမည်၊ ဘုရင်ကိုမြတ်နိုးသောစိတ်ဓါတ် အမြင့်မားဆုံးဖြစ်ရမည်။ တိုက်စိတ်ခိုက်စိတ်နှင့် ထိုးစစ်စိတ်ဓါတ် အပြင်းပြဆုံးဖြစ်ရမည်၊ သူရဲကောင်းစိတ်ဓါတ် အပြည့်အဝဆုံးဖြစ်ရမည်။ ထိုစိတ်ဓါတ်တို့ကို မူတည်ပြီး စစ်ပညာတို့ကိုသင်ကြားပို့ချပေးကြသည်။

ဤသည်မှာ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီနှင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ထိုတိုင်းပြည်ကြီးနှစ်ခုတို့၏ စစ်ဗိုလ်တို့ကို မွေးထုတ်ပေးရာစစ်ကျောင်းတို့တွင် အကြမ်းဖျင်း ကျင့်သုံးခဲ့ကြသော အလေ့အထများဖြစ်ခဲ့ကြသည်။ ယခုခေတ်၌မူ ပြောင်းလဲခဲ့သော အခြေအနေအရပ်ရပ်တို့ကြောင့် ထိုအလေ့အထ မူဝါဒတို့သည်လည်း အနည်းငယ်ပြောင်းလဲပြီးဖြစ်ကောင်းဖြစ်ပါလိမ့်မည်။

ဗမာ့တပ်မတော်။ ဗမာ့တပ်မတော် ဗိုလ်လောင်းတို့အဖို့မှာတော့ အားလုံးတို့မှ အဆီအနှစ်တို့ကို ထုတ်နှုတ်သမထားသည်လို့ ဆိုချင်ပါသည်။ ကျွန်တော်တို့၏ ဗမာ့တပ်မတော်ကိုချုပ်ကိုင်သော စည်းမျဉ်းဥပဒေတို့နှင့် အုပ်ချုပ်မှုရေးရာတို့သည် အင်္ဂလိပ်စစ်တပ်တို့၏ စည်းမျဉ်းဥပဒေ၊ အင်္ဂလိပ်တို့၏ အုပ်ချုပ်မှုတို့နှင့် နှိုင်းယှဉ်နိုင်လောက်အောင် ခပ်ဆင်ဆင် တူသည် ဖြစ်သည်။ လက်နက် ခဲယမ်းမီးကျောက်တို့သည် အင်္ဂလိပ်၊ အမေရိကန်နှင့် အရှေ့ဥရောပနိုင်ငံတို့မှ ပစ္စည်းများဖြစ်ကြသည်။ လေ့ကျင့်ရေးကမူ ဂျပန်စစ်တပ်၏ပြင်းထန်မှုနှင့် ထပ်တူဆပ်မျှ။

ထိုသို့ဖြစ်ရသည်က လွတ်လပ်စ နိုင်ငံတခုသည် ကိုယ့်တိုင်း





ပြည်၏ လိုအပ်ချက်၊ ကိုယ့်လူမျိုး၏ ထူးခြားမှုတို့ကိုအခြေခံပြီး အမှာအရပ်ရပ်မှ အကောင်းတကာ့အကောင်းဆုံး သိသည်တို့ကို ထုတ်နိုင်သ၍ ဆန့်ခါချကာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကိုယ့်စစ်တပ်ကို ပြုပြင်ရှုပ်လုံးဖော်နေခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ဤကျောင်းတွင်ရှိ ဗိုလ်လောင်းကလေးတို့သည် စိတ်ဓါတ်အားဖြင့် အဘက်ဘက်ဘွင် မြင့်မားခိုင်မာလာကြစေရန် ကျင့်ဆောင်ကြရသည်။ လက်နက်များကိုင်တွယ်ရာ၌ အကျွမ်းကျင်ဆုံးဖြစ်စေရန် နဖူးမှချွေး ခြေမကျအောင် လေ့ကျင့်ကြရသည်။ ထိုးစစ် ခံစစ် အစရှိသော စစ်ဗျူဟာ လေ့ကျင့်ခန်းတို့တွင် မိမိ၌ရှိသော ရုပ်ဝတ္ထုပစ္စည်းတို့ဖြင့် ရန်သူ၏အပေါ်တွင် အောင်ပွဲခံနိုင်ရန် နည်းမျိုးစုံတို့ကို ကြံဆအဖြေရှာကြရသည်။

ကျွန်တော်သည် ဤကျောင်း၏နယ်မြေကိုနှင်းလိုက်မိသည်နှင့် ကျွန်တော်တို့ ဖြတ်သန်းခဲ့ကြရသည့် ဂျပန်ခေတ် မင်္ဂလာဒုံ ဗိုလ်သင်တန်းကိုရင်း၊ ဂျပန်ပြည် ဘုရင့် စစ်တက္ကသိုလ်ကိုရင်း၊ ထိုကျောင်းတို့တွင် ကျွန်တော်တို့ ပင်ပန်းကြီးစွာဖြင့် နေထိုင်လေ့ကျင့်ခဲ့ကြရသည်တို့ကိုရင်း ပြန်လည် မြင်ယောင်နေမိရပါသည်။

ထိုစဉ်အခါတွေတုန်းကတော့ တကယ်ဘဲပင်ပန်းလှပါသည်။ သို့ရာတွင် စစ်သင်တန်းဟူသည် မပင်ပန်းသည်မရှိ။ ပင်ပန်းသည်ချည်းဖြစ်သည်။ စစ်မှုထမ်းဘဝ၏ လေ့ကျင့်ရေးခရီးသည် ပန်းခင်းသောလမ်းမဟုတ်၊ ဆူးတွေ၊ ငုတ်တွေ၊ ကျောက်တွေ၊ ခဲတွေနှင့်ပြွန်းသည့်တောတွင်း လမ်းကြမ်းကြီးဖြစ်သည်။

ထိုလမ်းကြမ်းကြီးတွင် ဂျပန်ခေတ်မင်္ဂလာဒုံဗိုလ်သင်တန်းကတော့ အကြမ်းတကာ့ အကြမ်းဆုံး လမ်းဟု ဆိုပါက လွန်မည်မထင်ပါ။ ပင်ပန်းလှသည့်အပေါ်တွင် ဆင်းရဲမှုကထပ်ဆင့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ အနေဆင်းရဲလှသည်။ အစားဆင်းရဲလှသည်။ အဝတ်ဆင်းရဲလှသည်။ ဘာများလိုပါသေးသလဲ။ ပြီးတော့ ပါးရိုက်ကခံကြရပါသေးသည်။ တခန့်လျှင် ဖျမ်းမျှခြင်း နှစ်ချက်ခန့်အနည်းဆုံး။

တဖန် ဂျပန်ပြည်ဘုရင့်စစ်တက္ကသိုလ်ကျပြန်တော့ စစ်အတွင်းမှာမို့ အစားဆင်းရဲလှပါသည်။ ခသသထမင်းကိုစားပြီး အအေးဒဏ်ကို ကြံ့ကြံ့ခံကာ လေ့ကျင့်ရေး ဆင်းခဲ့ကြရသည်။

ဤအတွေ့အကြုံတို့ဖြင့် ကျွန်တော်သည် ကျောင်းအုပ်ကြီးကုလားထိုင်တွင်ထိုင်လိုက်သည်။ အခွင့်အရှင်ဂဂ္ဂဏ်ဖြင့်နေရာတွင်ထိုင်သွားကြကုန်သော ကျွန်တော်၏ နောင်တော် နောင်တော်တွေဘာတွေလုပ်ခဲ့ကြသည် မည်သို့ဆောင်ရွက်ခဲ့ကြသည်ကို လေ့လာစုံစမ်းသည်၊

ဗိုလ်မှူးချုပ်မောင်မောင်နှင့် ဗိုလ်မှူးချုပ်တင်ဖေဘို့နှစ်ဦးတို့၏ထူးခြားမှုကလေး တွေကိုတော့ မေးမြန်းလို့မရခဲ့၊ ထိုပုဂ္ဂိုလ်ကြီးတွေကို မမှီလိုက်ကြ၍လား၊ ချစ်ကြောက်ရိုသေကြလွန်းလို့ဘဲလား မပြောတတ်။ ပြောပြမည့်သူမရှိ။ ဗိုလ်မှူးကြီးကျော်စိုးနှင့်ပတ်သက်လို့တော့ သူ့ရဲ့ အလေ့အထကလေး တခုကို ကြားသိရလို့ ကျွန်တော် သဘောကျမိရပါသည်။

လေ့ကျင့်ရေးဆရာတဦးဖြစ်သူ ဗိုလ်ကြီးတယောက်ကစကားစပ်လို့ ပြောပြသည်။

"သူကမနက်အစောကြီးထတယ် ဗိုလ်မှူးရဲ၊ ကျွန်တော်တို့ကတော့ဘယ်သိမလဲ၊ အေးအေးဆေးဆေးပေါ့၊ အိပ်ရာထရမှတ်ရင် ကျောင်းသားတွေလူစစ်၊ ကျန်းမာရေး လေ့ကျင့်ခန်းတွေလုပ်၊ သန့်ရှင်းရေးတာဝန်ချ၊ ဒါဘဲပေါ့။ နောက်မှ သိတယ်၊ ဟော ဒီစိန်နှားပန်းခြုံတွေနောက်က သူက ချောင်းချောင်းကြည့်





နေတယ်တဲ့၊ ဘယ်လို လုပ်ကိုင်နေကြတယ်ဆိုတာ လေ့လာတာပေါ့"

"အဲဒီလိုကြည့်ပြီး ဘာပြောသလဲ"

"ဘာမှမပြောပါဘူး၊ သူမကြိုက်တာ တွေ့ရင်လဲ နောက်မှအေးအေးဆေးဆေး အကျိုးနဲ့အကြောင်းနဲ့ဆုံးမတာပါဘဲ၊ သူကလူကောင်းကြီးဘဲ"

အဲဒီတော့ ကျွန်တော့်မှာ နဲနဲတော့ဖြင့်အောင့်တောင့်တောင့်ဖြစ်သွားမိရပါသည်။ အင်္ဂလိပ်ကျောင်းအုပ်ကြီးဖြစ်တဲ့ ဗိုလ်မှူးကြီးကျော်စိုးက လူကောင်းကြီး ဆိုတော့ အခု ကျောင်းအုပ်ကြီးအသစ်ဖြစ်တဲ့ ကျွန်တော်က လူဆိုးကြီးပေါ့။

အမှန်တော့ ကျွန်တော်ဆိုးခဲ့တာ့သဲ ရှိခဲ့ပါသည်။ ကျောင်းသို့ရောက်ပြီးမကြာခင်မှာဘဲ ကျွန်တော့်မျက်စေ့ထဲတွင် သင်တန်းသားဗိုလ်လောင်းတွေ သင်တန်းတခုနှင့်တခုအကူးလမ်းလျှောက်သွားနေကြသည်ကို ကြည့်မရ ဖြစ်လာမိရသည်။ ထို့ကြောင့် အမိန့်သစ်တခုကို ထုတ်လိုက်ပါသည်။

ဗိုလ်လောင်းတို့သည် ကျောင်း၏နယ်မြေအတွင်း၌ မည်သည့်အရပ်မှ အခြားမည်သည့်အရပ်သို့ သွားသည်ဖြစ်စေ၊ ကူးပြောင်းသည်ဖြစ်စေ၊ လမ်းလျှောက်မသွားရ။ သတ်မှတ်ထားသောပုံစံအတိုင်း ပြေးသွားကြရမည်။

အသုံးအနှုန်းစကားရပ်တွေကတော့ ထပ်ချပ် မဟုတ်ကြပါ၊ သို့ရာတွင် သဘောကတော့ ထိုအတိုင်းပင်ဖြစ်သည်။

ထိုနေ့မှစပြီး ဗိုလ်လောင်းမြောများမှာ စာသင်ခန်းမှ လေ့ကျင့်ရေးကွင်း၊ လေ့ကျင့်ရေးကွင်းမှ စာသင်ခန်း၊ စာသင်ခန်းမှ အိပ်ဆောင်တို့သို့ သွားတိုင်းပြန်တိုင်း တပြောင်းပြောင်း ပြေးနေ



www.burmeseclassic.com

www.burmeseclassic.com



ကြရရှာပါပြီ။ ဗိုလ်လောင်းများ ပြေးကြရသဖြင့် ဆရာဖြစ်သူ ဗိုလ်ကြီးများလဲ ပြေးကြရသည်၊

ထိုအခါ ဘယ်လိုဘယ်က စတင်လာသည်ကိုတော့မသိ၊ ထော ပနာပြုသံကို တဆင့်စကားတဆင့်နား ကြားခဲ့ရပါသည်။

ကျောင်းအုပ်ကြီးအသစ်ကတော့...ဥပဒေ နောက်ထပ်တမျိုး တိုးလိုက်ပြန်ပြီ....ဟေ့....တဲ့။

ထိုစကားလုံးကလေးတို့သည် ဘာဘာနှင့်ထူးဆန်းသည်မဟုတ် ပါ၊ အပြစ်ရှိသည်လည်း မဟုတ်ပါ။ သို့ရာတွင်....စာရှုသူ မိတ် ဆွေသည် "ဥပဒေ နောက်ထပ်တမျိုးတိုး" ဆိုသော အဖွင့်စာ ကြောင်းမှ စာလုံးတို့ကို တလုံးစီ ကာရံရှာလိုက်စမ်းပါ၊ တွေ့ပါ ပြီလား၊ အဲဒီအခါဖြကတော့...."သူ့အခေ........"တဲ့ပေါ့။ ကျွန် တော့်မှာတော့ စိတ်မဆိုးနိုင်ပါ။ သူတို့ရဲ့ဘာသာဉာဏ်ကိုသာ ချီး ကျူးမိရပါသည်။သူ့ ခမြာများမှာလဲ မောမောနှင့်မို့ ထိုသို့ စာ ချိုးလိုက်ခြင်းပင်ဖြစ်ပါလိမ့်မည်။

ထိုအမိန့်သည် ယနေ့ထက်တိုင် တည်မြဲနေသည်လို့ထင်သည်။ စစ်တက္ကသိုလ် (ဒီအက်စ်အေ)သို့ပင် ကူးစက် သွားလေပြီလား။ ထို့ကြောင့် ယနေ့ဗိုလ်လောင်းတို့သည် ပြေးနေကြရရှာပါလိမ့် မည်။ ကျွန်တော့်စေတနာကတော့ သူတို့ဘလေးတွေ ကိုယ်လက် ကြံ့ခိုင်ရေးနှင့် သက်လုံကောင်းကြစေဘို့ အတွက်ပင် ဖြစ်သည်။ မောကြလွန်းလို့ စိတ်ဆိုးကြရင်ဖြင့်....ဥပဒေ နောက်ထပ်တမျိုး တိုးတယ်ဟေ့လို့သာ ဆိုလိုက်ကြပါတော့။

ထိုကျောင်းတွင် ရှိနေခဲ့စဉ်က နောက်ထပ်ဘမျိုး တီထွင်ခဲ့ တာ ရှိပါလေးသည်။ အဲဒါကတော့ ကျောင်းဆင်းပွဲ စစ်ရေးပြ အခမ်းအနားပင်ဖြစ်သည်။

အထက်ထက်က ကျောင်းဆင်းပွဲတို့တွင် စစ်ရေးပြရာ၌ ဗိုလ်





လောင်းတို့သည် ရိုင်ဖယ်သေနတ်ကို အလျားလိုက် ခါးလည်မှဆွဲ ကိုင်ပြီး သို့မဟုတ် ပခုံးတွင်ကပ်ပြီး ချီတက်အလေးပြုခဲ့ကြသည်။

ဤသည်ကို ကျွန်တော်သည် ဘဝင်မကျ ဖြစ်နေမိရသည်။ အတွေးတခုခေါင်းထဲတွင် ပေါ်လာသည်။

ဤ ဗိုလ်လောင်းတို့သည် ကျောင်းဆင်းကြပါက ခြေလျင် တပ်သို့သာသွားကြမည့်သူတွေမဟုတ်ကြ။ အများစုက ခြေလျင် တပ်၊ အချို့ကမူ အမြောက်တပ်၊ အချို့က အချက်ပြဆက်သွယ် ရေးတပ်၊ အချို့က အင်ဂျင်နီယာတပ်၊ အချို့က ထောက်ပို့တပ် အသီးသီး ရောက်ရှိသွားကြမည် ဖြစ်သည်။

ခြေလျင်တပ် တမျိုးထဲ ဆိုပါက သေနတ်ဆွဲပြီး ချီတက် အလေးပြုခြင်းသည် မှန်ကန်သည်ဖြစ်သည်။ သို့ရာတွင်အခြားတပ် တို့သည် သေနတ်ကို ထမ်းကြသူတွေ ဖြစ်ကြသည်။ နောက်တခု ကျွန်တော့်ခေါင်းထဲတွင် စွဲနေသည်ကရှိပါသေးသည်။ သေနတ် ဆွဲပြီး ချီတက်အလေးပြုခြင်းထက် သေနတ်ကိုထမ်းပြီး ချီတက် အလေးပြုခြင်းကပို၍လှသည်ဟူသောအချက်ပင်ဖြစ်သည်။ လုံစပ် တွေများဘင်ပြီး ညီညီဖြဖြဘယ်ညာ လှမ်းလိုက်ကြမယ် ဆိုရင်ဖြင့် နံနက်ခင်း၏ နေခြည်လျှမ်းလျှမ်းတွင် တဖိတ်ဖိတ် တလက်လက်၊ ဘယ့်လောက်များ ကြက်သရေ ရှိလိုက်ပါမည်လဲ၊ ဘယ့်လောက် များ ကြည့်လို့ ကောင်းလိုက်ပါမည်လဲ။

ထို့ကြောင့် သင်တန်း အမှတ်စဉ် (၆) ဗိုလ် လောင်းများ ကျောင်းဆင်းပွဲတွင်စတင်ပြီး သေနတ်ထမ်းချီတက်အလေးပြုကြ စေရန် ဆုံးဖြတ်လိုက်ပါသည်။

ထိုကျောင်းဆင်းပွဲသို့ ဗိုလ်ချုပ်ကြီး နေဝင်း ကိုယ်တိုင် ကြွ ရောက်ခြီးမြှင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်လောင်းတွေသည်တန်းစီနေကြပြီ၊ လေ့ကျင့်ရေးကွင်းကြီးတခုလုံး အံပ်ကျသည်ကိုပင် ကြားရမတတ် တိတ်ဆိတ်ငြိမ်သက်နေသည်။

မကြာမီ ဗိုလ်ချုပ်ကြီး စင်မြင့်ပေါ်သို့ဘက်ရောက်လာသည်။

"ဗိုလ်ချုပ်ကြီးအား အလေးပြုရန်....၊အလေး....ပြု"

ဖြောင်း....၊ဖြောင်း....၊ဖြောင်း....၊

လုံစွပ်တွေသည် နေခြည်တွင်ဝင့်လက်သွားကြသည်၊ ဘင်ခရာအဖွဲ့က အလေးပြုခံတေးသွားကို ခန့်ခန့်ကြီးတီးမှုတ်လိုက်သည်။

ထို့နောက် ဗိုလ်ချုပ်ကြီး၏ မိန့်ခွန်း။

ပြီးတော့ ဘင်ခရာအဖွဲ့၏ စစ်ချီတေး။

ဗိုလ်လောင်းတို့သည် သေနတ်တို့ကိုထမ်းပြီး တပ်စုလိုက် ချီတက်ခါ ဗိုလ်ချုပ်ကြီးအား အလေးပြုကြသည်။

စစ်ရေးပြပြီးသွားတော့ ဗိုလ်ချုပ်ကြီးအားဧည့်ခံရာ ခန်းမသို့ ခေါ်ဆောင်သွားခဲ့ပါသည်။ တချိန်လုံးမှာတော့ ကျွန်တော်၏ရင်သည်တဒိတ်ဒိတ်။

မနေနိုင်လွန်းတော့လို့ မရဲတရဲမေးလိုက်ရပါသည်။

"စစ်ရေးပြ ကောင်းရဲ့လားဗိုလ်ချုပ်"

"ကောင်းသားဘဲ"

ထိုအချိန်က ကျွန်တော်၏ ရင်တွင်း၌သာ မိုက်ကရိုဖုံး တခုကိုမြှုပ်နှံထားပြီး တနေရာတွင် လောက်စပီကာ အော်လန်ကြီးကို တပ်ဆင်ထားမည်ဆိုပါက ကျွန်တော်၏ ဟီးချသံကြီးသည်စကြာဝဠာ တံတိုင်းကြီးတို့ဆီသို့ပင် တုန်ဟီး ရိုက်ခတ် သွားပါလိမ့်မည်။

* * *

မလေးရှားမှ အတွေ့အကြုံ

၁၉၅၂ခုနှစ် မေလအတွင်းတွင် စင်္ကာပူနှင့် မလေးရှားပြည်အတွင်းရှိ စစ်ဘက်ဆိုင်ရာ လေ့ကျင့်ရေးစခန်းများနှင့် စစ်ဌာနချုပ်များတို့သို့ လေ့လာရေးအတွက် ရောက်ခဲ့ရသည်။

စစ်ဘက်ဆိုင်ရာဟုဆိုရာ၌ ဗြိတိသျှစစ်ဘက်ကို ဆိုလိုပါသည်။ ထိုစဉ်ကမူ စင်္ကာပူသည်၎င်း၊ မလေးရှားပြည်သည်၎င်း လွတ်လပ်ရေးမရကြသေး၊ နှစ်နိုင်ငံစလုံးတို့သည်ဗြိတိသျှတို့၏အုပ်ချုပ်မှုလက်အောက်တွင် စင်္ကာပူ၊ ပီနံ၊ မလက္ကာတို့ကဲ့သော ဗြိတိသျှ လက်အောက်ခံဒေသများ၊ လွတ်လပ်ရေးမရမီက ရှမ်းပြည်နယ်ရှိ အုပ်ချုပ်ရေးနှင့် အလားတူသော၊ ပဲရက်၊ ဆယ်လင်ဂေါ် အစရှိသော ဖယ်ဒရိတ်တက်ပြည်နယ်များ၊ ဂျဟိုး၊ ကယ်လန်တန်တို့ကဲ့သို့သော အန်ဖယ်ဒရိတ်ပြည်နယ်များအဖြစ် ပုံစံအမျိုးမျိုးဖြင့်ရှိနေကြသဲ၊ လွတ်လပ်ရေးအတွက် လှုံ့ပမ်းနေကြသဲ၊ တိုက်ပွဲဝင်နေကြသဲ၊ အချို့အဖွဲ့အစည်းဘိုကမူ လက်နက်စွဲကိုင်ဘော်လှန်နေကြသဲ။

ထို့ကြောင့် မလေးရှား၏ ပြည်တွင်းအခြေအနေသည် ထိုစဉ်ကမြန်မာပြည်၏ အခြေအနေနှင့်အပေါ်ယံအားဖြင့် ဆင်တူယောင်ယောင်ရှိနေပါသည်။ လက်နက်ကိုင် တော်လှန်ပုန်ကန်နေကြသူတို့က ရထားတွေကို ချီးသည်၊ ကျေးရွာများကို စီးနင်းသည်၊ မီးရထားလမ်းတို့ကို ဖောက်ခွဲသည်၊ ကားလမ်းတို့တွင် ငြုပ်ခိုတိုက်ခိုက်ကြသည်၊ ထိုသူတို့အား ဗြိတိသျှစစ်ဘက်ဘိုက လိုက်လံတိုက်ခိုက်ဖြိုခွင်းနေသည်။ ထို့ကြောင့်တတိုင်းပြည်လုံးသည် ကျီးလန့်စာစားသေနတ်သံ ပုံးသံတို့နှင့်သောသောညံနေသည်။

ထိုသို့အပေါ်ယံအားဖြင့် မြန်မာပြည်၏ အခြေအနေနှင့် တူ



www.burmeseclassic.com

www.burmeseclassic.com



သယောင်ယောင်ရှိလင့်ကစား ခြားနားမှုကတော့ ကြီးမားလှပါသည်။

ကျွန်တော်တို့သည် တတိုင်းပြည်လုံးသွေးစည်းညီညွတ်ခြင်းဖြင့် ဗြိတိသျှတို့အား နည်းမျိုးစုံတို့ကို သုံးကာ တိုက်ပွဲဝင်ခဲ့ကြပြီးနောက် လွတ်လပ်ရေးကို ရရှိခဲ့ကြသည်။ ဆိုသို့တိုင်းပြည်၏ခေါင်းဆောင်ကြီးများ အပါအဝင် အသက်ပေါင်း မြောက်များစွာတို့နှင့် မတန်တဆလဲလှယ်ရရှိခဲ့ရသည့် ထိုလွတ်လပ်ရေးကြီး ကိုယ်လက်တွင်းရောက်ရှိပြီးကာမှ အမျိုးသား အချင်းချင်း တဦးနှင့်တဦး၊ တဖွဲ့နှင့်တဖွဲ့၊ တပါတီနှင့် တပါတီ မညီမညွတ်ဖြစ်ခါ ပြည်တွင်းစစ်ကြီးဖြစ်ပွားနေကြရခြင်းဖြစ်သည်။

တနည်းအားဖြင့်ဆိုသော် ဒုတိယကမ္ဘာစစ်ကြီးပြီးစ၊ သူတပါး၏ ကျွန်သဘောက်ဘဝမှ လွတ်မြောက်ရေးအတွက် ရုန်းကန်နေကြသော၊ ရုန်းကန်၍ လွတ်မြောက်ပြီးကြသော တိုင်းပြည်တို့တွင် ဖြစ်လေ့ဖြစ်ထရှိသည့်ပြစ်စဉ် သဘောတရားအတိုင်းပင်ဖြစ်သည်။ အဆင့်တစ်တွင် လွတ်လပ်ရေးအတွက် တစည်းတလုံးထည်းအုံကြ တိုက်ပွဲဝင်ကြမည်၊ အဆင့်နှစ်အဖြစ် လွတ်လပ်ရေးရပြီးကြတော့ ဝါးအစည်းပြေသလိုအဖွဲ့တွေ ပါတီတွေ အကွဲကွဲအပြားပြားဖြစ်ကြမည်၊ ပြီးတော့ အချင်းချင်း သတ်ကြ ဖြတ်ကြပါလိမ့်မည်၊ အဲဒါကအဆင့်သုံး။

သို့ဖြစ်လျှင် ကျွန်တော်တို့သည် အဆင့်သုံး သို့ရောက်ရှိနေကြပြီဖြစ်သည်၊ မလေးရှားပြည်မှာကတော့ ယခုမှအဆင့်တစ်။

သူတို့၏အင်အားကမများလှ၊ လက်နက်ပွဲကိုင်သူဦးရေမှာ နှစ်ထောင်ကျော်သုံးထောင်ခန့်မျှသာရှိသည်။ သက်နက်တို့ကလည်း ဟောင်းနွမ်းလှပြီဖြစ်သည့် ရိုင်ဖယ်သေနတ်များနှင့် သတ္တုတွင်းတို့၌ရှိသည့် ဒိုင်းနမိုက်ယမ်းတို့သာဖြစ်ကြသည်။ ထိုစဉ်ကမြန်မာ





ပြည်တွင် တပ်မတော်နှင့် ရင်ဆိုင်နေကြသော သောင်းကျန်းသူဦးရေ၊ လက်နက်တို့နှင့် နှိုင်းယှဉ်ပါကများစွာမှ နိမ့်ကျနေပါးလှပါသည်။

ထိုတော်လှန်ပုန်ကန်နေကြသူ အားလုံးတို့ကို ဗြိတိသျှတို့က ကွန်မြူနစ်သူပုန်ဟု အမည်တပ်လိုက်သည်၊ ပြီးတော့ကော့ပူတွင် စစ်ဌာနချုပ်ကြီးတွေ့ကိုဖွင့်လှစ်ပြီး တပ်မနှစ်ခုဖြင့်အပြတ်အသတ်နှိမ်နင်းနေကြသည်။

ကျွန်တော်တို့အဖွဲ့သည် သူတို့၏လုပ်နည်းလုပ်ဟန်နှင့်အခြေအနေတို့ကို လေ့လာရန် သွားရောက်ကြခြင်းဖြစ်ပါသည်။

သေးငယ်ကျစ်လစ်သော အဖွဲ့ကလေးမျှသာဖြစ်သည်။ ထိုစဉ်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏တိုင်းမှူးဖြစ်သော ဗိုလ်မှူးချုပ်ကျော်ဇော (ယခုအငြိမ်းစား)က ခေါင်းဆောင်၊ ကျွန်အဖွဲ့ဝင်တွေက ဗိုလ်မှူးကြီးကျော်စိုး (ယခု နိုင်ငံတော်ကောင်စီဝင်)၊ ဒုဗိုလ်မှူးကြီး မောင်အို (ယခုအငြိမ်းစား)နှင့်ကျွန်တော်။ လေ့လာချိန်ကလည်း ရက်သတ္တနှစ်ပတ်မျှသာဖြစ်သည်။

တာဝန်အရမူ ဗိုလ်မှူးကြီးကျော်စိုးနှင့်ဒုဗိုလ်မှူးကြီးမောင်အိုတို့သည် ကော့ပူတွင်နေခဲ့ကြ၍ ဗြိတိသျှစစ်ရုံးတို့၌ တွဲဖက်နေထိုင်ပြီး အုပ်ချုပ်မှုကိစ္စအဝဝတို့ကို လေ့လာကြပါသည်၊ ဗိုလ်မှူးချုပ်ကျော်ဇောနှင့်ကျွန်တော်တို့ကမူ ကွာလာလန်ပူအနီးအဝေးရှိသော အတွင်းပိုင်းဒေသတို့ရှိ တိုက်ခိုက်နေ တပ်များတို့သို့ သွားရောက်အကဲခတ်ကြရန်ဖြစ်သည်။

ကွာလာလန်ပူမြို့ရှိ တပ်မဟာဌာနချုပ်သို့ ရောက်ကြသော့ ဗိုလ်မှူးချုပ်ကျော်ဇောကထိုဌာနချုပ်၏လုပ်နည်းလုပ်ဟန်တို့ကို လေ့လာရန် နေခဲ့ပြီး ကျွန်တော်က ဗြိတိသျှတပ်ခွဲဘနရှိရာ တောရွာကလေးတရွာသို့ ဆက်လက် ထွက်ခွာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရောက်ရှိသွားသည့်တပ်ခွဲမှာ ဂရင်းဟောင်းဝဒ်ဟု အမည်တွင်သော နံမည်ကြီး ဗြိတိသျှ ရဲဂျီမင့်၏ တပ်ခွဲတခု ဖြစ်သည်။ အားလုံး အင်္ဂလိပ်လူမျိုးများဖြစ်ကြသည်။

တပ်ခွဲမှူးသည် မေဂျာ (ဗိုလ်မှူး) အဆင့်ရှိသူဖြစ်သည်။ သူသည် ကျွန်တော် စီးနင်းလိုက်ပါလာသည့် ဂျစ်ကားဆိုက်လိုက်သည်နှင့် တပ်ခွဲရုံး ပြုလုပ်ထားသော ခြေတံရှည် သစ်သားအိမ်ကြီးပေါ်မှပြေးဆင်းလာသည်။ ကျနစွာအလေးပြုသည်။

"ကျွန်တော် မေဂျာ.... (အမည်ကိုတော့ မေ့နေပါပြီ)ပါ၊ ဂရင်းဟောင်းဝဒ်တပ်ဖွဲ့မှ ကာနယ်အား လှိုက်လှဲစွာ ကြိုဆိုပါတယ်"

လက်ဆွဲနှုတ်ဆက်ကြပြီး ထိုအိမ်ကြီးပေါ် သို့တက်ခဲ့ကြသည်၊ ထိုအိမ်ကြီးသည် ကျွန်တော်တို့ဆီမှ ရှေးခေတ် ဘိုဖုံကြီးများ အတိုင်း ဆင်ဝင်အထက်ထပ်သည့် ကျယ်ပြန့်သော ဧည့်ခန်းကြီး ဖြစ်သည်။ ထိုဧည့်ခန်းတွင် တပ်စုမှူးများဖြစ်ကြသော လက်ဖတင်နင်(ဗိုလ်)သုံးဦးတို့က ဆီးကြိုနေကြသည်။

ထိုင်လိုက်သည်နှင့် လက်ဖက်ရည်ကျကျ နီနီရဲရဲ မတ်ခွက်နှင့် အပြည့်ရောက်ရှိလာသည်။

လက်ဖက်ရည်သောက်ရင်း သူတို့၏နယ်မြေအတွင်းရှိ ရန်သူ အခြေအနေ၊ စစ်တပ်တို့အခြေအနေနှင့် တိုက်ပွဲတို့အကြောင်းကို ကြားနာရသည်။ နာရီဝက်ခန့်မြေပုံပေါ်တွင် လေ့လာကြသည်။ သိရှိနားလည်ရသ၍တော့ အခြေအနေသည် ကျွန်တော်တို့မြန်မာ ပြည်တွင် ၁၉၄၈-ခုနှစ် မြန်မာပြည်ကွန်မြူနစ်ပါတီ ထောခိုစဉ အခြေအနေမျှသာဖြစ်သည်။ စစ်ဆင်ရေး အားဖြင့်လည်း ကျွန်တော်တို့တွေကြုံခဲ့ကြရသည့် အင်းစိန်တိုက်ပွဲ၊ မိတ္ထီလာ သာစည်တိုက်ပွဲ၊ တောင်ငူမြို့ကိုပြန်လည်သိမ်းပိုက်ခြင်းစသော-တိုက်ပွဲမျိုး





ကိုမဆိုထားပါနှင့် ပဲခူးတောင်ဘက် ထုံးကြီးတိုက်ပွဲမျှ ကြီးမားသော တိုက်ပွဲပင်မရှိခဲ့။ သမားရိုးကျ မြို့များ ရွာကြီးများတို့ကို ထိန်းသိမ်းထားသည်၊ ကားလမ်း မီးရထားလမ်းတို့ကို တင်းလုံ့သည်၊ သတင်းအရ တောတွင်း ရွာငယ်ကလေးတို့သို့ ချီတက် ဝိုင်းဝန်းသည်၊ ရှာဖွေသည်၊ ထိုမှ သူပုန်ဟု ယူဆရသူတို့ကို ဖမ်းဆီးသည်။

ဤအဆင့်အထိ ကျွန်တော်သဘောပေါက်နားလည်ပါသည်။ လုပ်ရိုးလုပ်စဉ်ကိစ္စတွေမို့ ထူးထူးထွေထွေမရှိလှ။ သို့ရာတွင် လေ ကြောင်းအကူအညီနှင့်ပတ်သက်ပြီးကြားလိုက်ရတော့ ကျွန်တော် မှာ များစွာမှ အံ့ဩသွားမိရပါသည်။

ဤသည်မှာ သူတို့သည် ဗုံးကြဲလေယာဉ်တို့ကိုပေါပေါသီသီ သုံးစွဲပြီ သူပုန်ရှိသည်ဟုယူဆရသော၊ သတင်းရခဲ့သော ကျေးရွာ ဘိုကိုအခြေအနေနှင့်မျှတရုံမဟုတ်ဖဲ ကောင်းကင်မှနေ၍ ရက်ရက် စက်စက်ဗုံးကြဲတိုက်ခိုက်ခြင်းပင်ဖြစ်သည်။

ခရု ခါးတောင်းကျိုက်ဖမ်းသည်ဟု မဆိုလိုသော်လည်း သတ္တဝါနှင့် လက်နက်မမျှသိုက်သည်ကတော့အမှန်။

"ဒီလိုဆိုတော့ အပြစ်ကင်းမဲ့တဲ့ရွာသူရွာသားတွေ သေကြေ မကုန်ကြဘူးလား မေဂျာ"

မေဂျာကပခုံးနှစ်ဖက်တို့ကို တွန့်ကာပြသည်။

"ဒါတော့ ဘယ်တတ်နိုင်မလဲကာနယ်၊ သူပုန်ကိုလက်ခံထားချင်တော့ သူတို့လဲ သူပုန်နဲ့အတူတူပျက်စီးကြရမှာပေါ့"

ကျွန်တော်မေးလိုက်ချင်လှပါသည်။ တကယ်လို့ အဲဒီကျေးရွာတွေဟာ အင်္ဂလန်ပြည်မှာရှိပြီး အင်္ဂလိပ်လူမျိုးတွေနေကြတဲ့ ကျေးရွာတွေဆိုရင်ကော....။ ဒါပေမဲ့ ဧည့်သည်နှင့် အိမ်ရှင်မို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မမေးလိုက်တော့ပါ။ မေးခွန်းတမျိုးကိုသာလွှဲပြောင်းမေးခဲ့ပါသည်။

"အဲဒီလိုဆိုကြ စက်သေနတ်တွေပစ်တော့ကော ရလဒ်ကောင်းရဲ့လား"

"ဟာ....၊ သိပ်ကောင်းတာပေါ့၊ ရဟ်သူရပ်သားတွေ နဲ့နဲ့ပါးပါး သေကြေထိခိုက်ဒဏ်ရာရကြပေမဲ့ သူပုန်ကတော့ ရှင်းသွားတာပေါ့၊ ပြီးတော့ ကျွန်တော်တို့ လုပ်တာ တခုရှိပါသေးတယ်"

ကျွန်တော်က နားစွင့်လိုက်ပါသည်။

"တောတွင်းက ရွာတွေအားလုံးကို ဖျက်ပြီးလူတွေကို ကားလမ်းဘေးမှာ ရွာသစ်တွေ တည်ဆောက်ပေးတယ်လေ"

"အော....၊ သဘောက...."

"သဘောကတော့ ရွာသားတွေနဲ့ သူပုန်တွေ အဆက်ပြတ်သွားအောင်လို့ပါ၊ သူပုန်တွေ ရိက္ခာမရအောင်လို့ပါ"

"ရွာသစ်တွေတည်ဆောက်ပေးပေမဲ့ ဆက်သွယ်ချင်တဲ့လူကတော့ ဆက်ပြီးဆက်သွယ်မှာပေါ့"

အဲဒီတော့ မေဂျာက ခေါင်းကို တယမ်းယမ်း လုပ်လိုက်ပါသည်။

"နိုး....နိုး....၊ သူတို့ကို ဒီလိုတော့ ဘယ်အလွတ်ထားမလဲကွာနယ်၊ အဲဒီရွာသင်တွေကို သံဆူးကြိုးခတ်လိုက်တယ်၊ အစောင့်နဲ့ထားတယ်"

"ဟင်၊ ဒီလိုဆိုရင် အကျဉ်းချထားသလိုဖြစ်မနေဘူးလား"

သူ့အဖြေက–

"အခြေအနေအရတော့ ဘယ်တတ်နိုင်မလဲ၊ ဒီလိုဘဲလုပ်ရမှာပေါ့"





"ဒါဖြင့် သူတို့အလုပ်လုပ်ဖို့ကော...."

"မနက်ကျရင် လူစစ်ပြီး ဂိတ်ဝမှာ တယောက်စီ ရှာတယ်၊ ပြီးတော့ အစောင့်နဲ့ သူတို့အလုပ်လုပ်တဲ့ယာဘာတောတွေကိုခေါ်သွားတယ်၊ ညနေကျရင် ပြန်ခေါ်လာပြီး ဂိတ်ဝမှာ တခါရှာတယ်၊ ညနေခြောက်နာရီလောက်ဆိုရင် ဝင်းတံခါးကိုပိတ်လိုက်ထာဘဲ"

ကျွန်တော်သည် ထိုရွာသူရွာသားတို့၏ ဘဝကို တွေးဆ၍ ကြည့်နေမိရပါသည်။ နောက်တနေ့တွင် ထိုကဲ့သို့သောရွာဘရွာသို့သွားရောက်ကြည့်ရှုခွင့်ရခဲ့သည်။

ကျွန်တော်တို့၏ဂျစ်ကား ဂိတ်ဝတွင် ထိုးဆိုက်လိုက်သည်နှင့် ရွာပတ်ပတ်လည်တွင် ခပ်စိပ်စိပ်ကာရံထားသောသံဆူးကြိုးတို့သို့ အမျိုးသမီးများ ခလေးများတို့သည် ပြေးလာကြ၍ ထိုသံဆူးကြိုးတို့ကို လက်နှစ်ဖက်တို့ဖြင့် ဆုပ်ကိုင်ကာ ဝိုင်းဝန်းကြည့်ကြသည်။ ရွာ၏ ဒေါင့်လေးဒေါင့်တွင်လည်း မျှော်စင်ကြီးများ တခုစီရှိကြသည်၊ ထိုအပေါ်သို့ မီးမောင်းကြီးများနှင့် စက်သေနတ်ကိုင်စစ်သားနှစ်ဦးစီ။ တကယ့် အကျဉ်းစခန်းကြီးတခု၊

အထဲသို့ဝင်ခဲ့ကြပြီး ထိုရွာသူရွာသားတွေအတွက် သက်သာချောင်ချိရေး မည်သို့ ဆောင်ရွက်ထားပုံ၊ ငါးသေတ္တာ နို့ဆီ သကြား စသည်တို့ကို မည်သို့ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပုံ စသည်တို့ကို ရှင်းပြနေသည့်မေဂျာ၏အသံကို ကျွန်တော်သည် ဝေဝေသီသီစွာဖြင့်သာ မကြားတချက်ကြားတချက်။ ကျွန်တော့်အာရုံကိုဆုပ်ကိုင်ထားသည်က ထိုအမျိုးသမီးများနှင့် ခလေးငယ်တို့၏ ကြောက်ရွံ့ထိတ်လန့်လျက်ရှိကြသည့် ကြီးကန်းတောင်းမှောက်မျက်လုံးများ၊ အကျဉ်းသားတို့၏ ပြူးကျယ် ကြောင်စီစီသောမျက်လုံးများ။



www.burmeseclassic.com

www.burmeseclassic.com



"တတိုင်းပြည်လုံး ဒီလိုဘဲလုပ်ထားသလား မေဂျာ"

"အို၊ နိုး...နိုး...၊ အဆိုးဆုံး ဒေသတွေမှာသာ လုပ်ထားရတာပ၊"

သည်လိုသာ ဆိုးသွမ်းသော နယ်များကို ဘောင်ခတ်ပြီး သူပုန်နှင့်အရပ်သားအကြား ကြာကြာမြင့်မြင့်ခွဲထားနိုင်မည်ဆိုရင်ဖြင့် တချိန်ထဲမှာလဲ မသက်သာသည့် တောတွင်းကျေးရွာတွေကိုဗုံးကြဲဖျက်ဆီးပစ်မယ်ဆိုရင်ဖြင့် သူပုန်တို့သည် တစတစဖြင့် လုံးပါး ပါးသွားနိုင်စရာ အကြောင်း ရှိကောင်း ရှိပါလိမ့်မည်။ သို့ရာတွင် အပြစ်မဲ့သော ရပ်သူရပ်သားတွေအဖို့မူ မသက်သာလှပါ၊ လွန်စွာမှဒုက္ခရောက်ကြပါလိမ့်မည်၊ ထို့ထက် လူ့အခွင့်အရေးဟူသမျှဘို့ကို နှင်ဖြင့်ချိ၍ ဆုံးရှုံးကြရပါတော့မည်။

ထိုညက တော်တော်နှင့်အိပ်မပျော်တော့။ နေ့လည်ကမြင်ခဲ့ရသည့် ထိုမျက်လုံးဘိုကသာ ကျွန်တော့်ကို ခြောက်လှန့်နေကြပါသည်။

သို့ရာတွင် ကျွန်တော် မျှမျှတတစဉ်းစားပါသည်။

ပြောက်ကြားစစ်ကိုချင်ဆိုင်ရာတွင် လေနှင့် နပန်းလုံးရသကဲ့သို့ အင်မတန်မှ အားမလိုအားမရဖြစ်ရတတ်သည်။ စိတ်တိုစရာလည်းကောင်းသည်။ကိုယ်ကလိုက်လျှင် သူကပြေးသည်၊ ကိုယ်ကရှာလျှင် သူကပုန်းသည်၊ ကိုယ်ပြန်လာလျှင် သူထွက်လာသည်၊ ကိုယ့်အင်အားနည်းပါးလျှင် သူက အပြုတ် ခြုံခိုတိုက်ခိုက်သည်။ တနည်းအားဖြင့် ပြောက်ကြားတို့သည် အိပ်ပျော်နေသည့် မိခင်၏နို့ဖုံးတွင် နားနေသော ယင်ကောင်နှင့်တူသပါသည်။ မိခင်ကိုညာတာပြီး အသာအယာဖမ်းချန် ကြိုးစားပါက လွတ်သွားနိုင်သည်။ အမိအရ ရိုက်နှက်လိုက်ပါကလည်း ထိုယင်ကောင်သေမည်ဖြစ်သော်လည်း မိခင်သည်လည်းအနာတရဖြစ်ရပါတော့





မည်။ စိတ်မရှည်နိုင်တော့လို့ အင်နှင့်အားနှင့် ကြမ်းကြမ်း တန်းတန်း တိုက်ခိုက်လိုက်မည်ဆိုပါက သူတို့ကိုတော့ ခြေမှုန်းနိုင်ပါလိမ့်မည်၊ သို့ရာတွင် အပြစ်မဲ့သော ကျေးရွာလူထုသည်လည်း နာကြပေလိမ့်မည်။ ခက်သည်၊ အလွန်ခက်သောစစ်ဆင်ရေးမျိုးဖြစ်သည်။

ထိုသို့ဆိုပါက ပြောက်ကြားတို့အား တိုက်ခိုက်ရန်၊ အောင်နိုင်ရန်အခြားနည်းလမ်းကောင်းများမရှိတော့ဘူးလား၊ မေးစရာရှိသည်။

ရှိပါသည်။ လူထုနည်းပင်ဖြစ်သည်။

အဓိကသည် လူထု၊ လုပ်သားပြည်သူများပင် ဖြစ်ကြသည်။ အစိုးရနှင့်စစ်တပ်သည် ထိုလူထု၏မေတ္တာရေကိုလိုသည်၊ သူတို့၏ပူးပေါင်းကူညီမှုကိုလိုသည်၊ သူတို့၏ ယုံကြည်ကိုးစားမှုကို ခံယူနိုင်ကြရမည်။ ထို့ကြောင့်ထိုအခြေခံအချက် အလက်များရရှိရေးအတွက် ထိုစစ်တပ်သည် စစ်ဆင်ရေးနှင့်အတူ စည်းရုံးရေးကိုလည်း တချိန်တည်း ပူးတွဲ လုပ်ဆောင်သွားရပေလိမ့်မည်။ ထိုစည်းရုံးရေး အောင်မြင်သည်နှင့်အမျှ အဖြေက ပေါ်ပြင်လာပါလိမ့်မည်။

သို့ရာတွင် အပြောလွယ်သလောက် အလုပ်ကတော့ မလွယ်လှပါ။ ထိုစည်းရုံးရေးသည် ယနေ့စည်းရုံး၊ မနက်ဖြန်တွင် အကျိုး အမြတ်ကို မြင်တွေ့ရသောကိစ္စမျိုးမဟုတ်ပါ၊ စစ်ဆင်ရေးနှင့် စည်းရုံးရေးတို့ကို ပူးတွဲပြီး တသမတ်ထည်း ရေရှည်ဆွဲ၍ ပြုလုပ်သွားနိုင်ပါမှ တဖြေးဖြေးချင်းရုပ်လုံးပေါ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် တနှစ်ကြာချင် ကြာမည်၊ နှစ်နှစ်ကြာချင် ကြာမည်၊ ဆယ်နှစ်...အနှစ်နှစ်ဆယ်...ကြာချင်လည်း ကြာပါ



www.burmeseclassic.com

www.burmeseclassic.com

လိမ့်မည်။ အခြေအနေအရပ်ရပ်အခါတွင် မူတည်၍ နှေးခြင်း မြန်ခြင်းတို့ရှိနိုင်သည်ဖြစ်သည်။

ယခုမူ အင်္ဂလိပ်တို့သည် သူတို့အကြောင်းနှင့်သူတို့မလေးရှား တော်လှန်ရေးသမားများအပေါ်တွင် စိတ်ရှည်ရှည်ထားနိုင်ကြဟန်မတူ။ အမြန်ဆုံး အဆုံးသပ်လိုကြသည်၊ အမြန်ဆုံး ခြေမှုန်းနိုင်ရေးကိုအဓိကထားပြီး မိခင်၏နဖူးတွင် နားနေသည့် ယင်ကောင်ကို တူကြီးကြီးဖြင့် ထုနှက်နေကြပါပြီ။ ထုပေမယ်ပေါ့၊ ထိုမိခင်သည် မိခင်ရင်းမှမဟုတ်ပါဘဲ။

ထိုတပ်ခွဲနှင့်သုံးရက်နေခဲ့သည်။ နောက်ဆုံးတခုက်တွင် သူတို့၏ စစ်ဆင်ရေးငယ်တခုတွင် ကိုယ်တိုင် ကိုယ်ကျလိုက်ပါကြည့်ရှုခွင့်ရခဲ့ပါသည်။

နံနက်အစောကြီးတွင် တပ်ခွဲတခုလုံး မော်တော်ကားများဖြင့် ချီတက်ကြသည်၊ မြင်မြင်ထင်ထင် လင်းလျှက်ရှိပြီဖြစ်သည့်အချိန့်တွင် သွားလိုသောတောစပ်သို့ရောက်ကြသည်။ ထိုနေရာမှ ရာဘာတောများကို ဖြတ်ပြီး ခြေလျင် ချီတက်ခဲ့ကြသည်။ တနာရီခန့်သွားမိလျှင် တပ်ခွဲသည် ပ,စောက်သဏ္ဌာန် ဖြန့်လိုက်ပြီး ကွက်လပ်တခုတွင်ရှိ တဲငယ်တလုံးကို ဝိုင်းလိုက်ကြသည်။ ထို့နောက် ပ စောက်ကို တဖြေးဖြေးချင်းကျဉ်းလိုက်ကြသည်။ အော်လန်ကြီးတခုဖြင့် တဲတွင်းမှ လူများ လက်မြှောက်ထွက်ခဲ့ကြရန်ခေါ်သည်။

တုန်တုန်ယင်ယင်ဖြင့် လက်မြှောက် ထွက်လာကြသူတို့ကား အဖွားကြီးတဦး၊ မိန်းမရွယ်တဦးနှင့် ခလေးနှစ်ယောက်။

တဲတွင်း၌ရှာသည်၊ တဲပတ်ဝန်းကျင်၌ရှာသည်၊ ဘာမှမတွေ့။

ထိုအမျိုးသမီးနှစ်ဦးတို့အား စကားပြန်ဖြင့် စစ်ဆေးသူက စစ်ဆေးနေစဉ် တပ်ခွဲတခုလုံးကလက်ဖက်ရည်ဖျော်၍သောက်ကြ





သည်။ ပြီးတော့ ပြန်လာခဲ့ကြပါသည်။ ညွှန်သည် ပါလာသော ကြောင့်ပေလားမပြောတတ်၊ ထိုတဲကလေးကိုမီးမရှို့ခဲ့ကြ။

နောက်တနေ့တွင် တပ်ရင်းရုံးသို့ပြန်ခဲ့သည်။ ယနေ့တပ်ရင်းမှူးဖြစ်သူနှင့်တွေ့မည်၊ ပြီးတော့ တပ်ရင်းကို လှည့်လာရပါမည်။

ရုံးခန်းသို့ဝင်လိုက်လျှင် တပ်ရေးဗိုလ်ကြီးက လေးလေးစားစားဖြင့် ဆီးကြိုသည်။ တပ်ရင်းမှူး၏ ရုံးခန်းသို့ ဝင်သွားသည်၊ ခေတ္တကြာတော့ပြန်ထွက်လာသည်။

"ခဏစောင့်ပါအုံးနော်၊ ကျွန်တော့် ကာနယ် မအားသေးလို့ပါ"

ခဏစောင့်သည်။ ထိုခဏက နာရီဝက်ခန့်။

တပ်ရေးဗိုလ်ကြီးက သူ့စားပွဲမှနေ၍ ကျွန်တော့်ကိုမကြာခဏ လှမ်းမျှော်ခိုးကြည့်သည်။ကျွန်တော်ကမတော့ ဝီးကရက် တလိပ်ပြီးတလိပ်သောက်ပြီး အေးအေးဆေးဆေးစွာပင်ထိုင်နေလိုက်ပါသည်၊ အင်္ဂလိပ် ကာနယ်ကြီးကတော့ မြန်မာ ဒုဗိုလ်မှူးကြီး တဦးကို ပညာပြနေပါပြီ။

တပ်ရေးဗိုလ်ကြီးက သူ့တပ်ရင်းမှူးရုံးခန်းသို့ ဝင်သွားပြန်သည်။ ပြန်ထွက်လာသည်။ ရှေ့ရဲသော အပြုံးဖြင့်-

"တပ်ရင်းမှူး မအားသေးလို့ပါနော်၊ ကာနယ် ခဏလေးစောင့်ပါအုံး၊ ဆေးလိပ်သောက်ပါ" သူ့စီးကရက်ဗူးကို ထုတ်ပြီးတည်သည်။

ကျွန်တော်က ခေါင်းခါပြလိုက်သည်။ ဆက်ခါစောင့်သည်။ ဆယ့်ငါးမိနစ်မှ မိနစ်နှစ်ဆယ်၊ မိနစ်နှစ်ဆယ်မှ နောက်ထပ်နာရီဝက်။ ကျွန်တော်ထလိုက်ပါသည်။

"ကက်ပတိန်၊ ကျုပ် အဆာရှိရိပ်သာကိုပြန်မယ်၊ နောက်တခါငြကြာရင် တပ်မဟာဌာနချုပ်ကိုပြန်နိုင်ဘို့ ယာဉ်တစီးစီစဉ်ပေး

www.burmeseclassic.com



ပါ၊ ဒီကြားထဲ ခင်ဗျားရဲ့ ကာနယ် ကျုပ်ကို တွေ့ချင်တယ်ဆိုရင် ရိပ်သာမှာ လာတွေ့ပါစေ၊ ကျုပ် အဲဒီမယ်ရှိမယ်"

ပြောပြီး ရုံးခန်းမှထွက်ရန် ပြင်လိုက်သည်နှင့် တပ်ရေး ဗိုလ်ကြီးမှာ ပျာပျာသလဲဖြစ်သွားသည်။

"အို....၊ ခဏလေးပါ၊ ခဏလေးထိုင်ပါအုံး၊ ကျွန်တော်ဝင်ကြည့်လိုက်ပါအုံးမယ်၊ ခဏလေးနော်...." "ဆာ"ချင်း မိုးမွှန်အောင်သုံးပြီး သူ့တပ်ရင်းမှူး ရုံးခန်းသို့ပြေးဝင်သွားပြန်သည်။ စက္ကန့်ပိုင်းအတွင်းမှာဘဲ ပြေးထွက်လာသည်။ "ကာနယ် အားပါပြီ၊ အထဲကြွပါ"

ရုံးခန်းတွင်းသို့ ဝင်သွားတော့ အင်္ဂလိပ် ဒုဗိုလ်မှူးကြီးတဦးသည် မျက်နှာနီနီကြီးဖြင့် သူ့စားပွဲမှထလာကာ ကျွန်တော့်ကို လက်ကမ်းကြိုဆိုနေပါသည်။

"ဆောရီး ကာနယ်၊ အခုလိုစောင့်ခိုင်းထားရတာဘဲရီး... ဘဲရီး ဆောရီး....။ ကာနယ်လဲ သိတဲ့အတိုင်းဘဲ....ဟဲ....ဟဲ....၊ အလုပ်ကသိတ်များတယ်မှတ်လား"

ကျွန်တော်က ခေါင်းတချက်ညိတ်လိုက်ရသည်။

"ထိုင်ပါ"

မျက်နှာချင်းဆိုင်ထိုင်လိုက်ကြသည်။

"တပ်ခွဲမှာ အတော်ကလေး ခလေ့လာခဲ့ရတယ်ထင်ပါတယ်၊ အစစကျေနပ်ပါရဲ့လား"

"ကောင်းပါတယ်"

"ဂွတ်....၊ ဘဲရီးဂွတ်....၊ ကဲ....ဒါဖြင့် ကာနယ် နောက်ထပ်ဘာများသိချင်ပါသေးသလဲ"

"မရှိတော့ပါဘူး"

ကျွန်တော့်အဖြေကြောင့် သူ့မျက်လုံးကြီးတွေက ပြူးကျယ်





သွားကြသည်။ သူ့ရဲ့ချာလီချက်ပလင် နှုတ်ခမ်းမွေးတို့က ထောင်လာကြသည်။

"အို။ သိချင်တာတွေတော့ရှိအုံးမှာပေါ့၊ မေးပါ၊ ကျွန်တော်တတ်နိုင်သလောက်ကြိုးစားဖြေပါ့မယ်"

ကျွန်တော်က ခေါင်းကိုသာခါပြလိုက်ပါသည်။ တကယ်သဲသူ့ထံမှ သိချင်တာလေ့လာစရာမရှိတော့ပါ။

အမှန်က ညနေပိုင်းတွင် တပ်ရင်းကိုလှည့်လည်ကြည့်ရှုရန်ဖြစ်သည်။ အဲဒါကိုလဲ မကြည့်လိုတော့ပါ။ ကျွန်တော်သိပါသည်၊ သူတို့ပြမည်က အိမ်သာ၊ ရေချိုးခန်း၊ ထမင်းစားခန်း၊ စတိုခန်းနှင့် စစ်သားများအိပ်ဆောင်။

ထိုနေ့နံနက်မှာဘဲ သူတို့ရဲ့ တည ဆက်လက်နေထိုင်ပါရန်တောင်းပန်ချက်ကိုလက်မခံတော့ဘဲ ဗိုလ်မှူးချုပ် ကျော်ဇောရှိရာ တပ်မဟာဌာနချုပ်သို့ ပြန်ခဲ့ပါသည်။ နောက်တနေ့တွင် စက်ဘူဌ ဗိုလ်မှူးကြီးကျော်စိုးတို့နှင့် ပြန်လည် ပူးပေါင်းမိကြသည်။

အပြန်ခရီးတွင် ဘန်ကောက်မြို့၌ နှစ်ရက်ခန့် ဝင်ရောက်နားခဲ့ကြသည်။ ထိုစဉ်က ဘန်ကောက်ရှိမြန်မာစစ်သံမှူးမှာ ဒုဗိုလ်မှူးကြီး မျိုးမြင့်(ယခု ဒုဝန်ကြီး စီမံကိန်းနှင့်ဘဏ္ဍာရေး)၊ သူ၏စီစဉ်မှုဖြင့် ထမင်းစားပွဲတခုတွင် ယိုးဒယား စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် တွေ့ဆုံမိတ်ဆွေဖြစ်ခဲ့သည်။

ထိုကျောင်းအုပ်ကြီးက ကျွန်တော်၏ ရာထူးကိုကြည့်ကာ တအံ့သြသြဖြစ်နေပါသည်။

ကျောင်းအုပ်ချင်းအတူတူ ကျွန်တော့်ရာထူးမှာ ဒုဗိုလ်မှူးကြီး၊ သူကတော့ ဗိုလ်ချုပ်ကြီး။

* * *

www.burmeseclassic.com

www.burmeseclassic.com

## မိခင် ဗိုလ်သင်တန်းကျောင်း

ဗိုလ်သင်တန်းကျောင်းတွင် တနှစ်တာမျှသာ နေခဲ့ရပါသည်။

ထိုတနှစ်တာ ဗိုလ်သင်တန်းကျောင်းအုပ်ကြီးအဖြစ် နေခဲ့ရသည့် နေ့ရက်ခေတ္တသည် ကျွန်တော့်အဖို့ အင်မတန်မှတန်ဖိုးရှိလှပါသည်။

စစ်ကြီးအတွင်းက တက်ရောက်ခဲ့ရသော မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းနှင့် ဂျပန်ပြည် ဘုရင့်စစ်တက္ကသိုလ်တို့တွင် သင်အံလေ့လာခဲ့ရသည့် စစ်ပညာရပ်တို့ကို ၁၉၄၆ ခုနှစ်မှ ၁၉၅၁ ခုနှစ်အထိ ခြေလျင်တပ်၏တပ်ခွဲမှူး၊ တပ်ရင်းမှူးအဖြစ် အကျိုးရှိရှိ လက်တွေ့အသုံးချခဲ့နိုင်သော်လည်း စစ်ဆင်ရေးတို့တွင်သာ နစ်မြုပ်နေခဲ့ရပါသည်။ ထို့ကြောင့် နေ့စဉ်နှင့်အမျှ တိုးတက်ပေါ်ထွက်နေသည့် လက်နက်ဆန်းများတို့နှင့် ၎င်းတို့ကို အသုံးပြုပုံ အသုံးပြုနည်း၊ ထိုမှပေါ်ထွန်း ဆန်းသစ်လာသည့် တိုက်နည်းခိုက်နည်း စသည်တို့ကို ကောင်းစွာလေ့လာခွင့်မရခဲ့ပါ။

မည်သည့်တာဝန်မျှမဆို အမှုထမ်းနေသော ပြည်သူ့ သားကောင်း အမျိုးကောင်းတယောက်သည် မိမိထမ်းဆောင်နေသည့် တာဝန်ဝတ္တရားတို့နှင့်ပတ်သက်သည့် ပညာရပ်တို့ကို ရပ်တန့်ခြင်းမရှိ အခွင့်ရရှိသ၍ နေ့စဉ်နှင့်အမျှ တိုးတက်လေ့လာ ဆည်းပူးနိုင်သင့်ကြသည်ဖြစ်သည်။

စစ်မှုထမ်းတို့အဖို့မူ ထိုသို့ ဆက်လက် ပညာရှာမှီးရေးသည် သိပ္ပံ ဝိဇ္ဇာပညာရှင်တို့နှင့် တတန်းတစားတည်း အရေးကြီးလှပါသည်။ ယနေ့ကမ္ဘာတွင်စမ်းသပ်မှု၊ တီထွင်မှု၊ တိုးတက်မှုတို့သည်နေ့စဉ်နှင့်အမျှ လျင်မြန်သောအရှိန်အဟုန်ဖြင့် ဆန်းသစ်နေကြသည်ဖြစ်သည်။ တနေ့က မြေကြီးပေါ်တွင်သာ ရပ်တည်နေခဲ့ရသော





လူသားသည် မနေ့က အာကာသကိုပတ်လျက်ရှိသည်။ ယနေ့မူ လကမ္ဘာပေါ်သို့ပင် ခြေချနိုင်ခဲ့ပါပြီ။ ထိုနည်းတူစွာ မနေ့က တမြို့မှတမြို့သို့သာ လှမ်းပစ်နိုင်သော အမြောက်သည် ယနေ့ ကမ္ဘာကြီး၏တဖက်စွန်းမှ နောက်တဖက်စွန်းသို့ ပစ်ခတ်နိုင်စွမ်း ရှိနေပြီဖြစ်သည်အထိ တိုးတက်လာခဲ့သည်။ ထိုနည်းတူစွာ အခြားအခြားသော လက်နက်ဆန်း လက်နက်သစ်တို့သည်လည်း သိပ္ပံ ဝိဇ္ဇာပညာရပ်တို့၏ တိုးတက်မှုကိုမှီးလျက် နေ့စဉ်နှင့်အမျှ ဆန်းသစ်နေကြသည်။ ထိုဆန်းသစ်လာသော လက်နက်တို့အပေါ်တွင် တည်၍ စစ်ဗျူဟာတို့သည်၎င်း၊ စစ်ပရိယာယ်တို့သည်၎င်း တိုးတက်ပြောင်းလဲလာကြမည်မှာ မုချဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့သည် လျင်မြန်စွာပြေးနေသည့် ယနေ့ကမ္ဘာကိုလက်တွေ့အားဖြင့် မဘတ်နိုင်ကြသေးစေကာမူ စာတွေ့အားဖြင့်တော့ အမှီလိုက်နေကြရပါမည်။ အခါမပြတ် လေ့လာဆည်းပူးသုံးသပ်နေကြရပါမည်။

ဤကျောင်းသို့ ရောက်ခါမှ ကျွန်တော်သည် ခေတ်သစ်တယောက်ပမာ စစ်စာအုပ်တို့ကို တအုပ်ပြီးတအုပ် ဖတ်လို့မဝ ဖြစ်နေရပါသည်။ နေ့စဉ်နှင့်အမျှ ပေါ်ထွက်လာနေသော စစ်စာအုပ်များ၊ စစ်ဂျာနယ်များ၊ စစ်သမိုင်းများ၊ ဗိုလ်ချုပ်ကြီးများ၏ မှတ်တမ်းများ၊ စစ်ခေါင်းဆောင်ကြီးတို့၏ အစီရင်ခံစာများ.....၊ ဖတ်လို့ပင်မကုန်နိုင်တော့။ ဒုတိယကမ္ဘာစစ်ကြီးပြီးမှ ထွက်ပေါ်ခဲ့သည့် စစ်နှင့်ပတ်သက်သော စာအုပ်စာတမ်းတို့ကလည်း မရေမတွက်နိုင်တော့။

ထိုသို့ စာအုပ်များဘက်သို့ များစွာသောအချိန်တို့ကို ပေးနိုင်ခဲ့သည်ကလည်း ထိုစဉ်က ထိုကျောင်းတွင်ရှိ အရာရှိ အကြပ် တပ်သားတို့၏ ကျေးဇူးကြောင့်ပင် ဖြစ်ပါသည်။ သူတို့သည်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အား စစ်ဆင်ရေးတပ်ဒိုင်းမှလာသည်ဟူသော စာနာမှုဖြင့် ကျွန်တော် သက်တောင့်သက်သာရှိစေရန် တာဝန်ဝတ္တရားတို့ကို ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးကြသည်။

ဗိုလ်သင်တန်းကျောင်းအုပ်ကြီးနှင့် ဆရာအဖြစ်အမှုထမ်းနေကြသူတို့၏ တာဝန်သည် ကြီးမားလှပါသည်။ အချုပ်အားဖြင့်ဆိုရပါမူ ဗမာ့တပ်မတော်အတွက် အကောင်းဆုံးသော အရာရှိငယ်များ မွေးထုတ်ပေးရေးပင်ဖြစ်သည်။

စိတ်ဓါတ်အားဖြင့်အကောင်းဆုံး။
အကျင့်စာရိတ္တအားဖြင့်အကောင်းဆုံး။
ကျန်းမာရေးအားဖြင့်အကောင်းဆုံး။
ခေါင်းဆောင်မှုအားဖြင့်အကောင်းဆုံး။
လေ့ကျင့်ရေးအားဖြင့်အကောင်းဆုံး။

အဘက်ဘက်တွင်အကောင်းဆုံး။ ထိုအကောင်းဆုံးမှ တပြားသားမျှမလျှော့နိုင်ပါ။ ကျွန်တော်တို့ကဲ့သို့ စီးပွားရေးအားဖြင့် အားယူကုန်းထနေရသော လွတ်လပ်စနိုင်ငံတခုအဖို့ နိုင်ငံ၏ တပ်မတော်ကို နောင်တနေ့ ဦးဆောင်မည့်အရာရှိတို့သည် အကောင်းတကာ့ အကောင်းဆုံးဖြစ်ကြရပါမည်။ ထိုသို့ အကောင်းတကာ့ အကောင်းဆုံးဖြစ်စေရန်မှာ လေ့ကျင့်ရေး၊ နောက်ထပ်လေ့ကျင့်ရေး၊ ပြီးတော့ လေ့ကျင့်ရေး၊ ထိုလေ့ကျင့်ရေးသည်သာ သော့ချက်ဖြစ်ပါသည်။

ကြားဖူးခဲ့ရသည်၊ ပဌမကမ္ဘာစစ်ကြီးအပြီး အင်္ဂလိပ်အမေရိကန်အစရှိသော နိုင်ငံကြီးတို့က ဂျပန်တို့၏စစ်အင်အားကို ချုတ်ချယ်ခဲ့ကြသည်။ ကန့်သတ်ခဲ့ကြသည်၊ စစ်တပ်မည်၍ မည်မျှသာထားရှိရမည်။ အထူးသဖြင့် ရေတပ်အနေဖြင့် စစ်သင်္ဘောတို့၏





တန်ချိန်အကြီးဆုံးအဖြစ် မည်၍ မည်မျှသာရှိရမည် ၊အကြီးဆုံးအမြောက်အနေဖြင့် လက်မမည်မျှသာရှိရမည်၊ စသည်....စသည်။

ထိုအခါဂျပန်တို့က သူတို့၏ပြက္ခဒိန်မှ တနင်္ဂနွေတည်းဟူသော အားလပ်ရက်ကို ထုတ်မယ်လိုက်ကြသည်၊ လက်နက်ပစ္စည်းတို့ကိုသာ ချုတ်ချယ်၍ရပါမည်၊ လေ့ကျင့်ရေးကိုမူ မည်သူကမှ ကန့်သတ်၍မရ၊ ရက်သတ္တတပတ်လျှင် ခုနစ်ရက်ရှိသည်တွင် တခုမှ အနားမယူ၊ ခုနစ်ရက်စလုံးလုပ်ငန်းခွင်သို့ဝင်ခဲ့ကြသည်။ လေ့ကျင့်ကွင်းတို့သို့ဆင်းခဲ့ကြသည်။

ကျွန်တော်တို့အဖို့မူ မည်သည့်တိုင်းတပါးထံကမှ ထိုသို့သော ပွင့်လင်းပြောင်ကျသည့် ချုတ်ချယ် ကန့်သတ်မှုတို့မရှိကြ၊ သို့ရာတွင် ပစ္စည်းပစ္စယများမပြည့်စုံ။ ထိုအချက်သည်အရေးကြီးသည် မှန်သော်လည်း ပြဿနာမဟုတ်ပါ၊ လူသည်သာအဓိက၊ ထိုလူသား၏စိတ်ဓါတ်နှင့်အတတ်ပညာသည် အဓိကဖြစ်ပါသည်။ ထို့ကြောင့်အခြားစစ်တပ်အိုက တနေ့လျှင် ၈နာရီလေ့ကျင့်ကြပါက ကျွန်တော်တို့သည် ၁၀နာရီလေ့ကျင့်ကြရပါမည်။ ဖြစ်နိုင်ပါက ၁၂နာရီ၊ ၁၄ ခြောက်နာရီစသည်ဖြင့် လေ့ကျင့်နိုင်ကြပါမည်၊ လေ့ကျင့်ကြရပါမည်။

ကျွန်တော်တို့သည် ထိုအတိုင်းပင် ကျင့်သုံးခဲ့ကြသည်။ ထိုကျောင်းရှိ အရာရှိအကြပ်တပ်သားတို့သည် စစ်ကျောင်းဟူသော ဂုဏ်ဒြပ်နှင့်လိုက်လျောစွာ ကိုယ်ဟန်ကြွကြွ၊ ယူနီဖေါင်းသပ်သပ်ရပ်ရပ်နှင့် လှလှပပကလေးရှိကြသည်။ သို့ရာတွင် ထိုအဆောင်အယောင်တို့၏အောက်တွင်ရှိကိုယ်ခန္ဓာတို့ကား တော့နွမ်းနယ်ကြလှပါသည်။ ပင်ပန်းကြလှပါသည်၊ နံနက်အိပ်ရာထ ခရာမှုတ်သည်မှ အာပေါက်မတတ် ဟောရပြောရ၊ သွန်ရသင်ရ၊ ကျယ်ပြန့်လှသည့်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရပ်တို့ကိုပို့ချရ၊ ထို့နောက်ကျောင်းသား ဗိုလ်လောင်းတို့နှင့်အတူပြေးရလွှားရ၊ လုပ်ရကိုင်ရသည်မှာ အိပ်ချိန်ရာမှတ်လို့ ကျောင်းသားများ ခေါင်းချသည်အထိဖြစ်သည်။ အခါများစွာ တို့၌မူ ထိုသို့ကျောင်းသားများအိမ်စက်သွားကြပြီဖြစ်သော်လည်း ဆရာဖြစ်သူတို့မှာ အနားမရကြသေး၊ နောက်ဘနေ့သင်ခန်းစာတို့ အတွက်ရှေ့လဘွင်ပြုလုပ်မည့်လေ့ကျင့်ခန်းအတွက်ပြင်ဆင်ကြရပါသေးသည်။

ဗိုလ်မှူးကြည်မောင်(ယခုဗိုလ်မှူးကြီး၊ ဝန်ကြီးကျန်းမာရေးဌာန)သည် လေ့ကျင့်ရေးမှူးချုပ်၊ တနည်းအားဖြင့် သူသည် ဒုတိယကျောင်းအုပ်ကြီးဖြစ်သည်။ လေ့ကျင့်ရေးဆရာအုပ်ချုပ်ရေးပါ တာဝန် ထမ်းဆောင်ရသည်။ဗိုလ်ကြီးသိန်းမောင်(ယခုဗိုလ်မှူးဟောင်း) အငြိမ်းစားသည် ဝ ါရင့်လေ့ကျင့်ရေးမှူး၊ ဗိုလ်မှူးကျော်ဟိုး (ယခုအငြိမ်းစားပြည်ပ) သည် အုပ်ချုပ်မှုအရာရှိ၊ ဗိုလ်ကြီးတင်ထွန်း (ယခုဒုဗိုလ်မှူးကြီးဟောင်း၊ ဆောက်လုပ်ရေး) သည် တပ်ရေး၊ဗိုလ်ကြီးခင်အောင်မြင့် (ယခုဗိုလ်မှူးဟောင်း၊ဦးဆောင်ညွှန်ကြားရေး၊ စားကုန်သောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း)သည်တပ်ထော၊ ဗိုလ်ကြီး မောင်မောင် (ယခုဒုဗိုလ်မှူးကြီး၊အုပ်ချုပ်မှုအကူအတတ်သင်ကျောင်း)သည် လေ့ကျင့်ရေးတပ်ရေး၊ သူတို့သည်အမှန်ကတော့ရုံးများမှနေ၍ အုပ်ချုပ်မှု ကိစ္စအဝဝတို့ကို ကြီးကြပ်ခန့်ခွဲကြရမည် ဖြစ်သည်။ သို့ရာတွင် သူတို့သည်ရုံးတွင်တင်ပါးပူအောင ထိုင်မနေနိုင်ကြသူတွေဖြစ်ကြသည်။လေ့ကျင့်ရေးတပ်ခွဲတပ်စုတို့နောက်သို့သာနေ့ပူမိုးရွာမရှောင်တကောက်ကောက်လိုက်ကြသည်။ ထိုအထဲတွင်တပ်ရေးဗိုလ်ကြီးတင်ထွန်းက အဲသို့၊ သူ့အားရုံးကိစ္စမေးမြန်းလို၍





ကြည့်လိုက်လျှင်သူမရှိတော့၊ လေ့ကျင့်ရေးကွင်းတွင်ပါဝင် သင်ကြားနေပါပြီ။

တပ်ခွဲမှူးနှင့်တပ်စုမှူးတို့က၊ဗိုလ်ကြီးမောင်လွင် (ယခုဒုဗိုလ်မှူးကြီးဟောင်း၊ဘာဝေါ လင်စက်ရုံ)၊ဗိုလ်ကြီးနေဒွန်း (ယခု ဒုဗိုလ်မှူးကြီးဟောင်း၊နိုင်ငံခြားရေးရုံး)၊ဗိုလ်ကြီးလူမော် (ယခုဒုဗိုလ်မှူးကြီး ကာကွယ်ရေး တက္ကသိုလ်)၊ဗိုလ်ကြီးမင်းအုန်း(ယခုဗိုလ်မှူးကြီး၊ တိုင်းမှူး လွှတ်တော် ကိုယ်စားလှယ်)၊ ဗိုလ်ကြီးထွန်းတင်(ယခုဗိုလ်မှူးကြီး၊တိုင်းမှူးလွှတ်တော်ကိုယ်စားလှယ်) ဗိုလ်ကြီးဝင်းဖေ (ယခုဒုဗိုလ်မှူးကြီးဟောင်း၊ မြန်မာ့သွင်းကုန်ထုတ်ကုန်)ဗိုလ်ကြီးသန်းဘင်(ယခုကျဆုံး)၊ ဗိုလ်ကြီး အောင်ဖေ(ယခုဒုဗိုလ်မှူးကြီးဟောင်း၊ချည်စက်ပသိပ်)၊ဗိုလ်ကြီးထွန်းလှ(ယခုအငြိမ်းစား)၊ဗိုလ်ကြီးထွန်းငြိမ်း (ယခုဗိုလ်မှူးဟောင်း၊အားကစား)ဗိုလ်ကြီးခင်ဦး(ယခုလူဝင်လူထွက်)၊ ဗိုလ်ကြီးမင်းဟန် (ယခု အငြိမ်းစား) အစရှိသူတို့ဖြစ်ကြသည်။

တက်ညီလက်ညီမိုပင်ပန်းသည်ကိုပင် ပင်ပန်းသည်ဟုအသိအမှတ်မပြုမိကြ၊ ဘာပျော်တပါးမိသားစုကြီးတခုမာ ရှိခဲ့ကြသည်။ ထို့ကြောင့်လည်း ဗိုလ်သင်တန်းကျောင်း....ဟော့....၊ဟု ဆိုလျှင် လက်ဝှေ့၌သည်းအကြိမ်ကြိမ်ဗိုလ်စွဲခဲ့သည်။ ဘော်လုံးတွင်လည်း နံမည်ကြီးခဲ့သည်။ ထို့ကြောင့်လည်း ထိုစဉ်ကဗိုလ်မှူးကြီးဘဖြူ (ယခုအငြိမ်းစား)၏ အားကစားဘက်တွင် နံမည်ကျော်ကြားခဲ့သည့်ဘီအီး(အင်ဂျင်နီယာတပ်)နှင့် အပြိုင်အဆိုင်ဖြစ်ခဲ့ကြရပါသည်။ ညီနောင်တပ်အချင်းချင်း လက်ဝှေ့ပွဲတို့တွင်ရန် ဖြစ်ကြသည်၊ဘော်လုံးပွဲတို့တွင် ရိုက်ကြသည်။သို့ရာတွင်ချစ်ကြည်ရေးကာတော့ မပျက်ခဲ့ကြ၊ ကိစ္စပြီးလျှင် ဖက်လှဲတတင်း ရှိကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးဘမြူနှင့် ကျွန်တော်တို့သည်လည်း ရမ်ခွက်ချင်းတော့လိုက်ကြပါသည်။

ဗိုလ်သင်တန်းကျောင်းသည် ထိုသို့အားကစားဘက်တွင်သာ ထူးချွန်သည်မဟုတ်၊ အနုပညာတွင်လည်းနံမည်ကြီးလှသည်။ ဗိုလ်ကြီးခင်အုန်း (ယခု ဗိုလ်မှူးကြီး၊ လွှတ်တော် ကိုယ်စားလှယ်) ဦးဆောင်သင်ကြားတင်ဆက်ခဲ့သည့် ကျောင်းဆင်းပွဲ အကမင်္ဂလာများနှင့် ပြဇာတ် တို့သည် အဆင့်အတန်း မြင့်မားလှပါသည်။

ထိုသို့သော ပျော်စရာဖတ်ဝန်းကျင်တွင် စိတ်မချမ်းမြေ့စရာကိစ္စတခုကိုတော့တလတခါ၊နှစ်လတခါဆိုသလို ရင်ဆိုင်တတ်ကြရပါသည်။အထူးသဖြင့်ကျောင်းဆင်းပွဲအကြိုတရက်တွင်ပြုလုပ်ရသည့်အခါများ၌ ကျွန်တော်တို့အားလုံး၏စိတ်တို့တွင် အထိခိုက်ဆုံးဖြစ်ကြရပါသည်။

ထိုကိစ္စက "အာဝတီယူ"ဟု ခေါ်သော၊ အကြောင်းကြောင်းတို့ကြောင့် တပ်မတော်အရာရှိအဖြစ်သို့ ခန့်အပ်ခြင်း မပြုနိုင်သူ ဗိုလ်လောင်းအား ကျောင်းမှ ထုတ်ပစ်ရခြင်း ဖြစ်ပါသည်။

ကျွန်တော်ဆိုခဲ့ပါသည်၊တပ်မတော်သည် အဘက်ဘက်တွင် အကောင်းဆုံး၊ ထိုအကောင်းဆုံးမှ တပြားသားမျှ မလျော့နိုင်၊ အကောင်းတကာ့အကောင်းဆုံး ဖြစ်ကြရပါမည်။

ထို့ကြောင့် ဗိုလ်လောင်းများ ကျောင်းသို့စတင်ရောက်ရှိလာကြကတဲက ကျွန်တော်တို့သည် သူတို့တဦးချင်းကို နေ့ညမတူ အမြဲတစေ လေ့လာကြရသည်။ ထိုဗိုလ်လောင်း၏ စိတ်ဓါတ်၊ အကျင့်စာရိတ္တ၊ ရဲဘော်စိတ်၊တိုင်းပြည်အားချစ်သောစိတ်၊ ကြိုးစားမှု၊ကျန်းမာရေး၊ပေါင်းသင်းဆက်ဆံမှု၊ နေထိုင်ပြုမူပြောဆိုပုံ....စသည်တို့ကို အခါမလပ် စောင့်ကြည့်ကြရသည်။





ဗိုလ်လောင်းတဦးသည် တခုသော အချက်အလက်တွင် ချို့ယွင်းလိုအပ်လာပါက ပဌမအကြိမ်အဖြစ်တပ်စုမှူးကသတိပေးသည်။တခါမှနှစ်ခါ၊နှစ်ခါမှသုံးခါဖြစ်လာပါကတပ်ခွဲမှူးကခေါ်ယူတွေ့ဆုံသတိပေးပြန်သည်။ ဆက်လက်ပြီး ပေါ့ဆစွာနေပါက လစဉ် အစည်းအဝေးတွင် တပ်ခွဲမှူးနှင့် လေ့ကျင့်ရေးမှူးတို့က ကျောင်းအုပ်ကြီးထံသို့ဘင်ပြကြ၍ ကျောင်းထုတ်ပစ်ရန်ကို စိတ်မကောင်းစွာဖြင့် ထောက်ခံကြရသည်။ ထိုအခါ ကျောင်းအုပ်ကြီးက ထိုကျောင်းသားအား ကျောင်းမှထုတ်ပယ်ရန် ဆုံးဖြတ်အမိန့်ချလိုက်ရပါသည်။ တပ်မှလာသော ဗိုလ်လောင်းဖြစ်ပါက တပ်သို့ မူလရာထူးဖြင့်ပြန်ရသည်။ အရပ်သားလောကမှ လာသူဖြစ်ပါက တပ်မှထုတ်ပယ်ရသည်။

ဤကိစ္စမျိုးသည် အင်မတန်မှ စိတ် မချမ်းမြေ့စရာ ဖြစ်ပါသည်။ ထိုသို့ထိုဗိုလ်လောင်းအား ကျောင်းမှ ထုတ်လိုက်ရခြင်းကြောင့် တပ်မတော်တွင် အရာရှိတဦး ယုတ်လျော့သွားရသည်။ နှမြောစရာ ကောင်းလှပါသည်။

သို့ရာတွင် ဗမာ့တပ်မတော်တွင် သာမန်အရည်အချင်းမျှသာရှိသောသူတို့ကို အရာရှိအဖြစ် မခန့်အပ်နိုင်ပါ။ စိတ်ဓါတ်ညံ့သူ၊ အကျင့်စာရိတ္တပျက်ပြားသူ၊ ရဲဘော်စိတ် မရှိသူ၊ လေ့ကျင့်ရေးမပြည့်စုံသူ၊ စမ်းစမ်းတမော်နှ မဆောင်ရွက်လိုသူ၊ မကြိုးစားသူတို့အဖို့ တပ်မတော်တွင် နေရာမရှိပါ။ အထူးသဖြင့် အရာရှိပိုင်းတွင် ထိုလူစားမျိုးအတွက် နေရာမရှိပါ။ ထိုသို့သော သူမျိုးသည် နောင်ဘနေ့တွင် တပ်မတော်၏ဂုဏ်သရေကို ညှိုးငယ်စေပါလိမ့်မည်။ တပ်မတော်ကြီး၏ ပျက်စီးရာ ပျက်စီးကြောင်းအတွင်းမှလိုက်ခါစားတတ်သည့် ရောဂါပိုးမွှားများ ဖြစ်လာကြပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဤကျောင်းနှင့် ခွဲခွာရခါနီး၊ သင်တန်း တခု၏ ကျောင်းဆင်းပွဲအကြိုနေ့ကဖြစ်သည်။ ထိုကိစ္စမျိုးကို စိတ်မချမ်းမြေ့စွာဖြင့် ပြုလုပ်ခဲ့ရပါသည်။

ယခုအကြိမ်ပြုလုပ်ရသည်တွင် ယခင်အခါ များထက် ပိုမိုဆိုးဝါးသည်က ထိုဗိုလ်လောင်းသည်တကြိမ်က ကျွန်တော်နှင့်ဂျပန်ခေတ် မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းတွင် အတူနေ အတူထိုင်ခဲ့ရဘူးသူ ရင်းနှီးသော ရဲဘော်တဦး ဖြစ်ပါသည်။

သူ့အား သင်တန်းတခုလျှောက်လုံးတွင် တပ်စုမှူးက အကြိမ်ကြိမ်သတိပေးခဲ့သည်။ သူနားမထောင်ခဲ့။ တပ်ခွဲမှူးက ဆုံးမသည် သူမလိုက်နာ။ နောက်ဆုံး ကျောင်းဆင်းဖို့ ရက်အနည်းငယ်အလိုတွင် ကျောင်းသားများ၏ အရည်အချင်းတို့ကို ဆန်းစစ်သည့်အစည်းအဝေးတွင်မှ ထိုကျောင်းသားအား "အာတီယူ" (ကျောင်းမှထုတ်ပယ်ရန်) ဝမ်းနည်းစွာဖြင့် ဆုံးဖြတ် လိုက်ကြရသည်။ ထိုဗိုလ်လောင်းသည် တပ်မတော်တွင် အရာရှိ မဖြစ်နိုင်တော့ပါ။

ထိုအကြောင်းကို သူ့အား ရှင်းလင်းပြောပြရန်မှာ ကျောင်းအုပ်ကြီးဖြစ်သော ကျွန်တော်၏တာဝန် ဖြစ်ပါသည်။

"ထိုင်ဗျာ"

ရုံးခန်းတွင်းသို့ ဝင်လာသောသူ့အား ကျွန်တော်က ထိုင်ရန် အခွင့်ပေးလိုက်သည်။ သူသည် မရဲတရဲထိုင်လိုက်သည်။ သူ့မျက်လုံးတို့သည် စိုးရိမ်တကြီးဖြင့် ကျွန်တော့်ကို စူးစမ်း နေကြသည်။ သူ့အားခေါ်ယူတွေ့ဆုံသည့် အကြောင်းကို သူရိပ်မိနေပြီလား။

"ကိစ္စကတော့ စိတ်မကောင်းစရာဘဲဗျာ...." ကျွန်တော်က စလိုက်သည်။ သူ့မျက်လုံးတို့က ပို၍ပြူးကျယ်လာကြသည်၊





"ခင်ဗျားကို တပ်စုမှူးက.... သုံးကြိမ် သတိ ပေးခဲ့တယ်၊ ခင်ဗျားမလိုက်နာခဲ့ဘူး" သူက စကားဖြတ်ပြီး ခေါင်းက ထက်ရန် တန်ပြုသည်။

"ဒါကတော့...."

ကျွန်တော်က လက်ကာပြလိုက်ရပါသည်။

"နေအုံး၊ ကျွန်တော်ပြောတာ ဆုံးအောင် နားထောင် ပါအုံး၊ တပ်ခွဲမှူးက သတိပေးတာက နှစ်ခါ...." ပြီးခဲ့သော သူ့ရဲ့ ချို့ယွင်းချက်၊ ပြုမူချက်တို့ကိုတခုစီတခုစီ ကျွန်တော်က ထောက်ပြသည်။

ကျွန်တော့်စကားဆုံးတော့ သူက ညှိုးငယ်စွာဖြင့်ပြန်ကြည့်နေပါသည်။

"တောင်းပန်ပါတယ်ဗျာ၊ နောက်တော့ ဒါတွေမလုပ်တော့ပါဘူး"

တကယ်ပင်နောင်တကြီးစွာ ရနေဟန်တူပါသည်။ သို့ရာတွင် နောက်ကျခဲ့ပါပြီ။ ကျွန်တော်သည် ခေါင်းကိုသာ တခါခါလှုပ်နေရပါတော့သည်။

"မဖြစ်တော့ဘူးရဲဘော်....၊နောက်ကျနေပြီ၊ သိတ်ကိုနောက်ကျနေပြီ။ အဲဒါကြောင့်ခင်ဗျားကို အာတီယူ လုပ်ဖို့ ဆုံးဖြတ်လိုက်ရပြီ...."

သူသည်ကျွန်တော့်အား မယုံကြည်နိုင် သကဲ့သို့ ငေးငေးကြီး စူးစိုက်ကြည့်နေသည်။ သူ့နှုတ်ခမ်းတို့က တဆတ်ဆတ် အကြာကြီးနေမှ စကားသံထွက်လာသည်။ ကြေကြေကွဲကွဲကြီး ဖြစ်သည်။

"ရက်စက်လှချည်လားဗျာ...."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လဲ သိတ်စိတ်မကောင်းပါဘူးဗျာ....၊ တကယ်ပါ...."

"မနက်ဖြန်ဘဲ ကျောင်းဆင်းတော့မှာ...."

"ဟုတ်တယ်"

ထို့နောက်တော်တော်နှင့်စကားမဆက်နိုင်ကြတော့။ သူ့ရင်တွင်း၌ မည်သို့ ခံစားနေရမည်ကို ကျွန်တော်မှန်းဆလို့မရသော်လည်း ကျွန်တော့် နှလုံးသားတို့မှတော့ သူ့အတွက် မျက်ရည်တို့က တစိမ့်စိမ့်စီးကျနေကြပါသည်။ တတ်နိုင်ချင်ဖြင့်....။

ဟော့လူ....၊ ခင်ဗျား ဘာမှ နောက်ထပ်မပြောနဲ့တော့၊ သွားတော့....လို့ရင်ထုမနာ အော်ထုတ်လိုက်ပြီး ထိုနေရာမှ ဝေးလံသောအရပ်သို့ ထွက်ပြေးလိုလှပါသည်။

ဖြစ်ရလေရဲဘော်ရယ်၊ တကြိမ်က ကျွန်တော်နှင့်ဂျပန်ခေတ်ဗိုလ်သင်တန်းကျောင်းတွင် ဆင်းရဲဘက်၊ ဒုက္ခခံဘက်၊ ပါးရိုက်ခံဘက်၊ပြီးတော့သူသည် ဗမာ့လွတ်လပ်ရေးတပ်မတော်၊ဗမာ့ကာကွယ်ရေးတပ်မတော်တို့တွင် တိုင်းပြည်အတွက် အသက်ပေး ပါဝင်ထမ်းရွက်ခဲ့သူ ရဲဘော်ဟောင်းစစ်စစ်တဦး။

ထိုအစဦးအလာနှင့် နောက်ကျောခံ အကြောင်းတို့ကြောင့်ပင် ဤကျောင်းရှိတပ်စုမှူး တပ်ခွဲမှူးတို့အပေါ်တွင် မာန်မာနထားပြီး ထိုသူတို့၏အဆုံးအမကို မနာခံခဲ့လေသလား။မသိမ့်မြင်ပြုခဲ့လေသလား၊ သည်လိုဆိုရင်ဖြင့် မှားတာပေါ့ရဲဘော်....။

သမိုင်းဟူသည့် ရပ်တည်ရျမနေ။ အမြဲရွေ့လျားနေသည်။ထိုရွေ့လျားနေသော သမိုင်းနှင့်အတူ အခြေအနေတို့သည် အစဉ်ပြောင်းလဲနေကြသည်။ အသစ်အသစ်တို့သည် အမြဲတစေ ဖြစ်နေကြသည်။ အဟောင်းအဟောင်းတို့သည် အမြဲတစေ ပျက်နေကြသည်။ ထိုရဲဘော်သည် နှစ်ဥ္စကရွေထီးဆောင်းခဲ့ရသည်ကို ဘဝင်





တွင်စွဲငြိပြီး ထိုပြောင်းလဲတတ်သော သဘောတရားကို မေ့လျော့နေခဲ့ဟန်တူပါသည်။ယခင်ကဆင်ကြီးဖြစ်ခဲ့ပါစေ၊ယနေ့ ပြောင်းလဲလျက်ရှိသောအခြေအနေအလိုက် ပစ္စုပ္ပန်ဆိုတ်၏ နေရာတွင်နေသင့်ပါက နေကြရပါမည်။ ထိုသို့နေနိုင်အောင်လည်း စိတ်ထားတတ်ကြရပါမည်။ ထိုရဲဘော်ကတော့ စိတ်ထားမထားတတ်ရှာသေးပါ။

သူကပါးစပ်ပြင်လိုက်သည်။

"ဒီလိုဆိုလဲ တခုတော့ငါးသန့်ပရစေ"

"ပြောပါ"

"ခင်ဗျားနဲ့ကျွန်တော်ဟာ ရဲဘော်ချင်း...."

ကျွန်တော်က ခေါင်းကို ညိမ့်နေရပါသည်။ မှန်ပါသည်။ ရဲဘော်ချင်း။ ဟိုတခါက ဆင်းရဲအတူ၊ ပါးရိုက်ခံအမျှ...။

"အဲဒီတော့....ကျွန်တော့်ကို ဗိုလ်အဖြစ်နဲ့ဘဲ ကျောင်းဆင်းပေးပါ၊ ကျောင်းဆင်းပွဲပြီးပြီးချင်း ကျွန်တော် တပ်ကနုတ်ထွက်ပေးပါ့မယ်"

သူသည် ယနေ့ထက်တိုင်တပ်မတော်၏စည်းကမ်းကိုနားမလည်ရှာသေးပါ။ ဗမာ့တပ်မတော်တွင် ဤသို့သော နားလည်မှုမျိုးမရှိသင့်၊ မရှိအပ်၊ ရှိလည်းမရှိ။

ခေါင်းကိုညိမ့်နေရာမှ ဆက်ခါဆက်ခါ ခါလိုက်ရပါသည်။

"ရဲဘော်ချင်းဗျာ...."

ကျွန်တော်က ဘာမှမပြောတော့။

"ဒီတခါထဲ ကျွန်တော့်ကိုကူညီပါဗျာ...."

ကျွန်တော့်အနေဖြင့် နောက်ထပ် ဘာပြောစရာလိုပါသေးသလဲ၊ စိတ်တို့ကို သံမဏိလိုမာကြောသွားလိုက်ပါသည်။ ထိုင်ရာမှ ထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကလဲ လိုက်ခဲ့ပါတယ်သည်။ သူ့မျက်လုံးတို့က နီနီမြန်းလာကြသည်။ သူသည် ကြီးမားသောဒေါသဖြင့် တကိုယ်လုံး တဆတ်ဆတ် တုန်နေသည်။ လက်သီးတို့ကို တင်းစွာဆုပ်လိုက်သည်။ ပြီးတော့ အခန်းတွင်းမှထွက်သွားပါသည်။

ကျွန်တော်သည် သူ့ကျောပြင်ကိုသာ မချမ်းမြေ့သောစိတ်ဖြင့် ကြည့်နေလိုက်ပါသည်။ တနေ့သောအခါ သူသည် ကျွန်တော်တို့၏ ဆုံးဖြတ်ပုံမှုချက်ကို နားလည်လာပါလိမ့်မည်။ အဲဒီလိုဘဲ မြော်လင့်လိုက်ရပါသည်။

နောင်၊ နှစ်ပေါင်းများစွာကြာလို့ သူနှင့် တခါပြန်လည်တွေ့ဆုံကြတော့ သူသည် ကျွန်တော့်အပေါ်၌ ဖြစ်ပျက်ခဲ့သည့်ကိစ္စကြောင့် အာဃာတအနည်းငယ်မျှပင်မထားသည့်အပြင် ယခင်ကကဲ့သို့ပင် ချစ်ခင်နှင်းနှီးစွာဖြင့် ပြန်လည်ဆက်ဆံသည်၊ ပြီးတော့ ကျွန်တော်တို့ရဲ့ ဟိုတုန်းက ဆုံးဖြတ်ပုံမှုချက်ကိုလည်း သဘောပေါက် လက်ခံနေပြီဖြစ်ပါသည်။

သူ့ကို စိတ်တွင်းမှ တိုးတိုးကလေးပြောလိုက်ရပါသည်။

တာဝန်ဟူသည် စပယ်ပန်းကလေးတပွင့်လို ဖြူဖွေးမွှေးကြိုင်ပေါ့ပါးသည်မဟုတ်ပါရဲဘော်....။

* * *

# စစ်သံမှူးတယောက်

www.burmeseclassic.com

www.burmeseclassic.com

## ဗိလပ်သို့

ဗိုလ်သင်တန်းကျောင်းမှပြောင်းရသည်က.... လန်ဒန်မြို့သို့။

ကျွန်တော်သည် လန်ဒန်မြို့သို့မြန်မာစစ်သံမှူးအဖြစ် ပြောင်းရွှေ့ အမှုထမ်းရမည်ဖြစ်ပါသည်။ သွားရောက်တာဝန်ယူရမည်က လည်း ထုံးစံအတိုင်း အမြန်ဆုံး ပါတဲ့။

ထိုအမိန့်စာကိုရလျှင်ရခြင်း အိမ်သို့ပြန်ခဲ့သည်။

"ကဲ၊ ရှင်မရေ၊ ပြောင်းရပြန်ပြီဟေ့"

"ဟင်...." အိမ်ရှင်မခမြာ အတန်ကြာပါးစပ်အဟောင်းသားဖြင့် ရှိနေရရှာသည်၊ ပြီးမှ "တနှစ်မှမပြည့်သေးရှဲလား...."

"ဒို့ ဒီရောက်ထာလား၊ တနှစ်နဲ့နဲ့ကျော်လာပြီလေကွာ...."

သူ့ခမြာ ဘယ်ကိုပြောင်းရမည်ကိုပင် မမေးနိုင်ရှာတော့။ ကျွန်တော်က သတိပေးရသည်။

"ဘယ်ပြောင်းရမယ်ဆိုတာ မမေးတော့ဘူးလား"

အဲဒီတော့မှ....

"ဘယ်လဲဟင်...."

"လန်ဒန်တဲ့"

သူ့မျက်လုံးတို့က ဝိုင်းစက်သွားကြသည်။ တဖြေးဖြေးဖြင့် သူ့မျက်နှာသည် ပြုံးဖြီးဖြီးကြီး ဖြစ်လာနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လန်ဒန်....၊ ဟုတ်လား....၊ လန်ဒန်ကို ပြောင်းရမယ်၊ ဟုတ်လား"

"အေး၊ လန်ဒန်၊ စစ်သံမှူးအဖြစ် ပြောင်းရမှာ"

သူသည် ခလေးတယောက်ပမာ သူ့လက်ချုပ်တလေးတို့ကို ဆက်ခါဆက်ခါတီးလိုက်ပြီး ခုန်ဆွခုန်ဆွ ဖြစ်သွားရရှာသည်။ ကျွန်တော်ကတော့ သူဝမ်းသာသည်ကိုမြင်တွေ့ရသည်မို့ ဝမ်းသာ နေရပါသည်။

ကျွန်တော့်ကိုယ်၌ကလဲ မရောက်ဖူးသည့် တိုင်းတပါးသို့သွား လိုလှပါသည်။ အတွေ့အကြုံအသစ်အဆန်းတို့ကိုတွေ့ကြုံရမည်ဖြစ် သဖြင့် တောင့်တမိသည်။ ယခင်ယခင်များက အများသူဘက်ကတော့ ဗိုလပ်သို့ သင်တန်းတက်ရန်သွားကြသည်ကိုကြားသိရတိုင်း အားကျမိခဲ့ရသည်။ ယခုမူ သွားမဲ့သွားရတော့လဲ စစ်သံအဖြစ်၊ ထို့ကြောင့် အားပါးတရ အနဲဆုံးနှစ်နှစ်၊ သို့မဟုတ် သုံးနှစ်ခန့် တော့ တဝကြီးနေရမည်ဖြစ်ပါသည်။

"ဘယ်တော့သွားရမလဲဟင်"

"အမြန်ဆုံးတဲ့"

"လုပ်ပါကွယ်"

ထို့နောက်တော့ ထုပ်ကြပိုးကြ၊ ပြောင်းကြရွှေ့ကြ။ သို့ရာတွင် ရန်ကုန်ရောက်ကြတော့ စိတ်ကူးခဲ့ကြသည့် အစီအစဉ်ကို ဖျက်လိုက်ရပြီး အစီအစဉ်အသစ်ကို ချလိုက်ကြရပါသည်။ စိတ်ကူးခဲ့သည့် အစီအစဉ်က မိသားစု တပျော်တပါး တစုတဝေးတည်း ဗိုလပ်သို့ လေယာဉ်ကြီးဖြင့်သွားကြရန်။ သို့ရာတွင် စည်းမျဉ်းဥပဒေအရ ထိုသို့ခွင့်မပြု။ ကျွန်တော်ကမူ လန်ဒန်သို့အမြန်ဆုံးရောက်ရှိရန် လိုအပ်သဖြင့် လေယာဉ်ဖြင့် သွားရပါမည်။ ကျွန်တော်၏ ဇနီးနှင့်သားတို့အဖို့မူ အစိုးရအနေဖြင့် လေယာဉ်





အခ ခွင့်မပြုနိုင်၊ သက်သာသော သင်္ဘောအခကိုသာ ခွင့်ပြုမည် ဖြစ်သည်။ အကယ်၍ တပါတည်းလေယာဉ်ဖြင့်ခေါ်ဆောင်သွား လိုပါက လေယာဉ်အခနှင့် သင်္ဘောအခတို့ ကွာခြားမှုကို ကျွန်တော် အိတ်ထဲမှ စိုက်ထုတ်ပေးရမည်ဖြစ်သည်။ ထိုကွာခြားမှုက သူဘဦးအတွက် တထောင်ကျော်ကျော် နှစ်ထောင်နီးပါး၊ လိုက် ပါကြမည်က ဇနီး သားနှင့်အဖေါ်အဒေါ်ကြီးတယောက်။ စုစုပေါင်းကျပ်ငွေလေးထောင်ခန့်။ ဘယ်မှာ တတ်နိုင်ပါမည်လဲ။

ထို့ကြောင့် အိမ်သားတို့ကို သင်္ဘောဖြင့် လိုက်ခဲ့ကြရန် မှာကြားစီစဉ်ပေးခဲ့ပြီး ကျွန်တော်ကတော့ လေယာဉ်ဖြင့် ဦးစွာ သွားနှင့်ရပါသည်။

ဗိုလပ်သို့သွားမည်ဆိုတော့ အနောက်တိုင်း ဝတ်စုံဖြစ်သော စွတ်တွေ၊ ဘွတ်တွေ၊ လည်စည်းတွေနှင့် ရှိုးကျကျရှိမှဖြစ်ပါလိမ့်မည်၊ နို့မဟုတ်ပါက ကိုယ့်တိုင်းပြည်၏ ဂုဏ်သိက္ခာသိမ်ငယ်ပါလိမ့်မည်။

တော်ပါသေးရဲ့၊ မမြို့သို့ပြောင်းရမည်ဆိုတုန်းက ချမ်းအေးသော ဒေသသို့သွားရမည်ဖြစ်သဖြင့် လိုရမယ်ရဆိုပြီး ရန်ကုန်မြို့ နံမည်ကြီး ကုလားအပ်ချုပ်ဆိုင် တဆိုင်တွင် ကုတ်အင်္ကျီနှင့် ဘောင်းဘီရှည် စွတ်တစုံ ချုပ်ထားတာ ရှိပါသည်။ အဲဒါကိုဘဲ ဝတ်သွားရပေမှာပေါ့။

သို့ဖြင့်၊ ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ၏ တခုသော ညနေခင်းတွင် ဘီအိုအေစီလေယာဉ်ပျံကြီးဖြင့် ဗိုလပ်ခေါ် လန်ဒန်ရွှေမြို့တော်ကြီးသို့ စွတ်တွေ၊ ဘွတ်တွေ၊ လည်စည်းတွေနှင့် ရှိုးကျကျထွက်ခွာခဲ့ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## သံမှူးအိုသည်မှာ

နောက်တနေ့ညနေစောင်းတွင် လန်ဒန်မြို့သို့ ရောက်သည်။ စစ်သံမှူးရုံးအဖွဲ့သားများနှင့်ဗိုလ်မှူးကြီးခင်ညို(ယခုအငြိမ်းစား)တို့ကလေဆိပ်သို့လာရောက်ကြိုဆိုနေကြသည်။ ဗိုလ်မှူးကြီးခင်ညိုသည် ဦးကျော်ငြိမ်း(ဖဆပလဝန်ကြီးဟောင်း)နှင့်ဗိုလ်မှူးချုပ်ကျော်ဇော(ယခုအငြိမ်းစား)တို့ ခေါင်းဆောင်သောဥရောပတိုက်တွင် လှည့်လည်နေသည့်အဖွဲ့နှင့် အတူပါလာခြင်းဖြစ်သည်။

လေယာဉ်ပေါ်မှ ပြင်ပသို့ထွက်လိုက်လျှင်ပင် အေးအေးမေါ်တ်က ခပ်စစ်စပ်ကလေးရိုက်ခတ်လိုက်ပါသည်။ ယခုမှ စက်တင်ဘာလသာတို့ဆီမှာ နွေနှောင်း၊ ကျွန်တော်ဝတ်ဆင်သွားသော ရန်ကုန်ချုပ် မိုးခိုးနုရောင် ဝတ်စုံသည် ထိုအချိန်းအတွက် မလုံလောက်သည့်အပြင် ညိုညိုမဲမဲတို့ကိုသာဆင်ယင်ထားကြသည့် အခြားသူတို့အကြားတွင် ခပ်ကြောင်ကြောင်ဖြစ်နေရပါသည်။

သို့ရာတွင် ထိုအကြောင်းတို့ကို ဂရုမပြုနိုင်၊ ကျွန်တော့်အဖို့မှာတော့ အားလုံးသည် အမြင်ဆန်းနေရသည်။ ရာသီဥတုကဆန်းသည်၊ လူတွေကဆန်းသည်၊ အဆောက်အဦးတွေက ဆန်းသည်၊ အတွေ့အကြုံတို့ကဆန်းသည်။ ပတ်ပတ်လည်သည် မျက်နှာဖြူတွေ၊ အင်္ဂလိပ်လူမျိုး စားပွဲထိုးများ၊ ကူလီများ၊ နှစ်ထပ်ဘတ်(စ)ကားကြီးများ။ အထူးခြားဆုံးကတော့ လမ်းမကြီးများပေါ်တွင် ထိုမျှလောက် မော်တော်ကားတွေ များပြားပါလျက် ဟွန်းသံတချက်မကြားရခြင်းပင်ဖြစ်သည်။

ကျွန်တော် တွင်နေထိုင်ရန် အိမ်အသင့်မရှိသေးသောကြောင့် ဗိုလ်မှူးကြီးခင်ညိုတို့ တည်းခိုနေသောဟိုတယ်၌ ရက်အနည်းငယ်ခန့် နေထိုင်ရသည်။ ထိုဟိုတယ်တွင် မန်းချီဆရာကြီး





ဦးငွေခိုင်(ကွယ်လွန်)လည်း တည်းခိုနေသည်ကို ဝမ်းမြောက်စွာတွေ့ရှိရသည်။

ပဌမရက်ပိုင်းတွေကဖြင့် မအားမလပ်အောင်ပင် ရှိပါသည်။ ဗိုလ်မှူးကြီးဘရှင် (ထိုစဉ်က လက်ရှိစစ်သံမှူး၊ ယခုကွယ်လွန်) ထံမှ တာဝန်ဝတ္တရားတို့ကိုလွှဲပြောင်းယူရသည်၊ နေစရာတိုက်ခန်းအိမ်ကိုရှာရသည်။ တဖက်တွင်လည်း အခြားသံရုံးတို့မှ စစ်သံမှူးတို့အား လှည့်လည်လိုက်လံတွေ့ဆုံမိတ်ဆက်ရသည်။

အလုပ်တာဝန်နှင့်ပတ်သက်၍အရေးအကြီးဆုံးတို့မှာစစ်ပညာတော်သင်များတို့၏ ကိစ္စအဝဝနှင့် စစ်ပစ္စည်း လက်နက်ခဲယမ်းမီးကျောက်တို့ ဝယ်ယူရရှိရေးတို့ပင်ဖြစ်ပါသည်။ တာဝန်တို့ကို လွှဲပြောင်းလက်ခံပြီး၊ စတင်ကိုင်တွယ်လိုက်သည့်အခါမှာ ထိုတာဝန်တို့သည် မည်မျှများပြားရှုပ်ထွေး သိမ်မွေ့သည် ဆိုသည်ကို တနေ့တခြားပိုမိုသိရှိနားလည်ခဲ့ရပါသည်။

ထိုစဉ်က ထိုတိုင်းပြည်တွင် လာရောက်သင်တန်းတက်လျက်ရှိသည့် ကြည်း-ရေ-လေ တပ်မတော် အရာရှိ အကြပ်တပ်သားပေါင်းနှစ်ရာကျော် သုံးရာခန့်တို့၏ ပညာသင်ကြားရေး၊ နေရေးစားရေး၊ ဆက်လက်တက်ရောက်ရမည့်သင်တန်းများ စသည်တို့ကို စီစဉ်ပေးရခြင်းနှင့် ဗြိတိသျှအစိုးရထံမှ ကျွန်တော်တို့အလိုရှိသဖြင့် စကားကမ်းလှမ်းထားသော စစ်လက်နက်ပစ္စည်းများရရှိရေး၊ ရရှိပြီးနောက် ထိုပစ္စည်းတို့ကို မြန်မာပြည်သို့ ပို့ဆောင်ရန် စသည်တို့သည်ကျွန်တော်၏အဓိက တာဝန်များဟုဆိုနိုင်ပါသည်။

စစ်ပညာတော်သင်တို့ ထိုမျှများပြားရခြင်းမှာ ထိုစဉ်က ကျွန်တော်တို့သည်ဗမာ့တပ်မတော်ကို ထူထောင်နေကြဆဲကာလဖြစ်သဖြင့် အင်္ဂလန်ပြည်တွင် တက်ရောက်ခွင့်ရသ၍ စစ်သင်တန်းတို့သို့ တနေ့ရာအလွတ်မခံနိုင်ဘဲ သင်တန်းသားများ ပို့ပေးနေ



www.burmeseclassic.com

www.burmeseclassic.com



ရသည်ဖြစ်သောကြောင့်ဖြစ်ပါသည်။ လေတပ်နှင့်ကြည်းတပ်အတွက် အပရင်းတစ်ဟုခေါ်သောစက်မှုလက်မှုအလုပ်သင် အသက်ဆယ့်ငါးနှစ် ပတ်ဝန်းကျင် လူငယ်ကလေးတွေကချည်း တရာကျော်ကျော်ရှိသည်။ ထို့နောက်ဆင်းဟုတ်ဟုခေါ်သော စစ်တက္ကသိုလ်တွင်တက်ရောက်နေကြသော ဗိုလ်လောင်းများ၊ အခြားစစ်ကျောင်းအသီးသီးတို့တွင် ဘာသာရပ်များအလိုက် သင်အံလေ့လာနေကြသော အရာရှိနှင့်အကြပ်များ၊ သူတို့အားလုံးတို့၏ ကိစ္စအဝဝတို့သည် စစ်သံမှူး၏တာဝန်များသာဖြစ်ကြသည်။ ထိုစစ်သံမှူးသည်ကြည်းတပ်စစ်သံမှူးဟု အမည်နာမ ခံယူထားသော်လည်း ဗမာ့ လေတပ်မတော် ဗမာ့ရေတပ်မတော်တို့ကိုလည်း ကိုယ်စားပြုရသည်ဖြစ်သဖြင့် အားလုံးသည် သူ့တာဝန်။

မြန်မာပြည်စစ်ရုံးမှ အင်္ဂလန်ပြည်တွင် မည်သည့် သင်တန်းအတွက် နေရာမည်ရွေ့မည်မျှ လိုချင်သည်ဟုဆိုပါက ဤစစ်သံမှူးရုံးမှ ဗြိတိသျှစစ်ရုံးရှိ သက်ဆိုင်ရာ တို့သို့ အကြောင်းကြားတောင်းခံရသည်။ လွယ်လွယ်ကူကူ ရရှိသည့်အခါတို့ ရှိကြသလိုခက်ခက်ခဲခဲပြောဆိုရရှိသည့်အခါသို့လည်း ရှိခဲ့ကြသည်။ ရရှိပြီးနောက် ထိုသင်တန်းသို့တက်ရောက်မည့် အရာရှိ ရောက်လာလျှင် လေဆိပ် သင်္ဘောဆိပ် ဘူတာရုံတို့သို့ သွားရောက်ကြိုဆိုရသည်။ သင့်တော်ရာ ဟိုတယ်တွင်ထားပေးရသည်၊ ထို့နောက်နှစ်ရက်ခန့် လန်ဒန်မြို့တွင်သွားတတ်လာတတ်သည့်အထိပြသသင်ကြားပေးပြီး ဘဏ္ဍာတည်း၌ လိုအပ်သော အဝတ်အစားတို့ကို ဝယ်ခြမ်းပေးရသည်။ ထို့နောက် သွားရမည့် အရပ်ဌာနတို့အရောက်ပို့ပေးရသည်။ ထိုကျောင်းသား အင်္ဂ[illegible] ပြည်တွင် ရှိနေသရွေ့ သူ၏ပြဿနာအရပ်ရပ်တို့ကို ဒိုင်ခံ[illegible]ရသည်။ သင်တန်းတွင် အစစအဆင်ပြေပါက ပြဿနာမရှိ[illegible]သ်လည်း မပြေသော





အခါတို့၌မူ ခေါင်းကိုက် ရသူမှာ ကျွန်တော်စစ်သံမှူးပင်ဖြစ်ရပါသည်။

အဆင်မပြေသည့် ကိစ္စရပ် ဟူသည်တို့ကလည်း သေးငယ်သေးယောင်ယောင်နှင့် ကြီးမားသိမ်မွေ့ကြသည့် အမှုအခင်းများဖြစ်ကြသည်။

ဥပမာ၊တကြိမ်တွင် သင်တန်းတခု၌ သင်ဘန်းမှူး အင်္ဂလိပ်အရာရှိက သူ၏ပို့ချချက်တွင် စကားတလုံး မှားရှပါသွားသည်။ ကိုလိုနီလက်အောက်ခံနိုင်ငံများဖြစ်ကြသော မလေးရှား မြန်မာ စသောနိုင်ငံများ....ဟူ၍သုံးစွဲမိခဲ့သည်။ ဤသည်ကို ထိုသင်တန်းတွင်ရှိ မြန်မာအရာရှိက ထ၍ကန့်ကွက်သဖြင့် ထိုအင်္ဂလိပ်အရာရှိနှင့် စကားအချေအတင်ဖြစ်ကြရသည်။ ထိုအကြောင်းကို ကျွန်တော့ထံသတင်းပို့သဖြင့် ချက်ခြင်းပင် ဗြိတိသျှစစ်ရုံးသို့ ကျောင်းအုပ်ဌာနသို့ ကန့်ကွက်ခဲ့ရပါသည်။ ပဋမတော့ အင်္ဂလိပ်တို့သည် အသည်းကြောင်ပတ် ဖြေသည်။ နောက်ဆုံးမှာမှ ထို အင်္ဂလိပ်အရာရှိသည် မသိနားမလည်သောကြောင့် ပြောမှားမိပါသည်။ ခွင့်လွှတ်ပါဟု တောင်းပန်စကား ပြန်လည်ရရှိခဲ့သည်။

တကြိမ်ကလည်း သင်တန်းတခုတွင် သင်တန်းဆရာဖြစ်သော အင်္ဂလိပ်အရာရှိက မြန်မာအရာရှိများအား "ယူ....ဘား::မိး(စ)" ဟော....မင်းဘိုဗမာတွေ....ဟု ခေါ်ဝေါ် သုံးစွဲသည်ကို မြန်မာအရာရှိတို့က ဆတ်ဆတ်ခါနာခဲ့ကြသည်။ ထိုကိစ္စကို ဗြိတိသျှစစ်ရုံးရှိသက်ဆိုင်ရာဌာနနှင့် ဖြေရှင်းကြသောအခါ အတော်ကလေးပင် အငြင်းပွားခဲ့ကြရပါသည်။ သူတို့ကဖြေသည်၊ ဟေ့ ဗမာတွေလို့ခေါ်တာ နာစရာလားတဲ့။ ဗမာတွေ မဟုတ်ဘူးလားတဲ့၊ အဲဒီလို ဆိုတော့လဲ ဟုတ်သလိုလို။ သို့ရာတွင် ခေါ်ဆိုက်သည့် လေသံနှင့် အသုံးအနှုန်း တို့၏ ရှင်းသည့်မှုကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူတို့နားလည်အောင် ရှင်းပြရသည်။ "ဟော့ အင်္ဂလိပ်တွေ" လို့ခေါ်ရင် ခင်ဗျားတို့စိတ်မှာ ဘယ်လိုနေမလဲလို့ ပြန်မေးတော့ သူတို့ကပြုံးနေကြပါသည်။ ဘာမှမဖြစ်ပါဘူးတဲ့၊ သူတို့ဟာ အင်္ဂလိပ်တွေဘဲဖြစ်ပါသည်....တဲ့။ မခက်ပါလား။ နောက်ဆုံးမှာမှ သူတို့သည် ထိုကိစ္စ၏ မသေးလှသော အရေးအခင်းကို သဘောပေါက်လက်ခံပြီး နောက်နောင် ထိုသို့ မသုံးစွဲတော့ပါ ဟူသော တောင်းပန်ချက်ကို ပေးခဲ့ကြသည်။

ထို့နောက် သင်တန်းပြီးတော့ ထိုကျောင်းသား များအား မြန်မာပြည်သို့ ပြန်ပို့ရန် စီစဉ်ရပါသည်။ ထိုသို့ ပြန်ပို့ ရာတွင်လည်း အချို့က လေယာဉ်ပျံဖြင့်ပြန်ခွင့်ရပါလျက် သင်္ဘောဖြင့် ပြန်ချင်ကြသည်။ သင်္ဘောဖြင့်သာ ပြန်ခွင့်ရသူတို့က လေယာဉ်ပျံဖြင့်ပြန်လိုကြသည်။ ဒါတွေအားလုံးသည် စစ်သံမှူးဖြေရှင်းရသည့် ပြဿနာများ ဖြစ်ကြသည်။

အချို့ကမူမြန်မာပြည်သို့ပြန်သွားပြီးမှပင်စစ်သံမှူးကတာရားခံ အငှားလိုက်ပြီး ဖြေရှင်းပေးရမည့် ပြဿနာတို့ကို ထားရစ်ခဲ့တတ်ကြပါသေးသည်၊ အဲဒါကတော့....အသဲပြဿနာ။

လူဟူသည် အချစ်နှင့်မကင်းကြ။ ဗီလပ်သို့ ပညာလာရောက်ရှာမှီးကြကုန်သော သူတို့သည်လည်း လူသားများသာ ဖြစ်ကြသည်။ မြန်မာပြည်တွင် ဘဝတလျှောက်လုံး အသားဝါကလေးများ၊ အသားညိုကလေးများတို့ကိုသာ မြင်နေတွေ့နေခဲ့ကြရမှ လေယာဉ်ပျံကြီးဖြင့် ဗြူးဆီ ထိုနိုင်ငံသို့ရောက်လာပြီး ရုတ်တရက် မြင်လိုက်ရသည်က....အသားဖြူမကလေးတွေ။

ထိုအသားဖြူမကလေးတွေကလည်း သူတို့၏စရိုက်အရ သူငယ်ချင်း မိတ်ဆွေအဖြစ် ရင်းနှီးလွယ်တတ်ကြ။ အဲသည်တော့ သူတို့





နှစ်ဦးတို့အကြား ချစ်ကြိုးများ ဆွယ်တန်း ရစ်ပတ် ကြသည်က မထူးဆန်းလှတော့။

ထို့ကြောင့်အင်္ဂလန်ပြည်တွင် သင်တန်းပြီးဆုံးလို့မြန်မာပြည်သို့ပြန်ကြရာတွင် လေယာဉ်ပျံကြီးများပေါ်တွင်၎င်း၊ သင်္ဘောကြီးများပေါ်တွင်၎င်း၊ ခွဲရမှာ သဲမြည့်ခွာရယ်ဆိုသလို မျက်ရည်တစမ်းစမ်းဖြင့်လိုက်ပါသွားကြရရှာသည့်သူတွေသည် မနဲလှ၊ ဒုနှင့်ဒေး။

သို့ရာတွင် ထိုသူတို့က ပြဿနာမဟုတ်ကြ။ သူတို့၏ကိစ္စကို သူတို့ဖါသာ အပြတ်ရှင်းသွားကြသူတွေ ဖြစ်ကြသည်။

တကယ့်ပြဿနာမှာ အထက်တွင်ပြောခဲ့သည့် ပြန်သွားပြီးခါမှ နောက်ပိုင်း မအေးကြသည့်သူတွေ ဖြစ်ကြပါသည်။ သူတို့က သင်္ဘောကြီးများဖြင့် လေယာဉ်ပျံကြီးများဖြင့် အလျိုအလျိုပြန်သွားကြသည်။ စစ်သံမှူး ကြည့်ရှင်းလိမ့်မည်ဟူသော နားလည်မှုဖြင့် ထားခဲ့သည်က သူတို့၏ ရင်သွေးကလေးတွေပင် ဖြစ်ကြပါသည်။ ဘော်ပါသေးရဲ့၊ များများစားစားတော့မဟုတ်၊ ထိုသို့ မများသည်ကိုပင် ကျေးဇူးတင်ရပါသည်။

"မြန်မာစစ်သံမှူးပါလားရှင်"

"ဟုတ်ပါတယ်ခင်ဗျာ"

"ကျမတို့က............အဖွဲ့ကပါ...."

"အော်...ဟုတ်ကဲ့၊ ကျွန်တော်ဘယ်လိုများ၊ ကူညီနိုင်ပါမည်လဲခင်ဗျာ"

"တခြားမဟုတ်ပါဘူး၊ ရှင်တို့မြန်မာကျောင်းသားမစ္စတာ....ရဲ့ ခလေး ကျမတို့ဆီရောက်နေပါတယ်၊ မိခင်ကလဲ မကျွေးမွေးနိုင်တော့လို့...."



www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရား၏ စစ်သံမှူးခါမြာ ငိုင်ငိုင်ကြီးသာ ဖြစ်ခါသွားရှ ပါတော့သည်။

ထိုပြဿနာပေါင်းစုံတို့ကို ပညာတော်သင်ပေါင်း သုံးဆုနှင့် မြှောက်လိုက်ပါက ထိုတာဝန်၏ကြီးလေးမှုကို အကြမ်းဖျင်းအားဖြင့် ခန့်မှန်းသဘောပေါက် နားလည်နိုင်မည် ဖြစ်ပါသည်။

ကျောင်းသားတို့၏အရေးနှင့်ပတ်သက်သည့် တာဝန်တို့သည် ကြီးလေးလှပါသည်ဟုဆိုပါက စစ်ပစ္စည်း လက်နက်ခဲယမ်းမီးကျောက်တို့ ဝယ်ယူရရှိမှုသည် အဆပေါင်းများစွာပိုမိုကြီးလေးလှပါသည်။

တာဝန်ကြီးလေးသည်က ငွေပေါင်း ကုဋေကုဋာနှင့်ချီ၍ တန်ဖိုးရှိသောကြောင့်သာမဟုတ်၊ ထိုပစ္စည်းများ ရရှိရေးသည်၎င်း၊ ရပြန်တော့ အချိန်မှီရရှိရေးသည်၎င်း၊ အမျိုးမှန်ရရှိရေးသည်၎င်း၊ ထိုကိစ္စ အားလုံးတို့သည် အကြောင်းကြောင်းတို့အပေါ်တွင် တည်လျက် မလွယ်ကူသောကြောင့်ဖြစ်သည်။ရောင်းသူနှင့်ဝယ်သူ၊ သင့်တင်ပစ္စည်းရှိသည်၊ ကျွန်ုပ်တွင် ငွေရှိသည်၊ ရော့ပစ္စည်းများ၊ရော့နဂါး၊ ထိုသို့ဝယ်၍မရသောကြောင့်ဖြစ်သည်။

အထက်တနေ့ဆာတွင် ကျွန်တော်ဆိုခဲ့ပါသည်။ "ကျွန်တော်တို့၏ဝါဒနှင့် လုပ်ရပ်တို့သည် ထိုနိုင်ငံကြီးတခုအဖို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ၊ အကျိုးကျေးဇူး ဖြစ်ထွန်းမည်ဟုဆိုပါက ကျွန်တော်တို့လိုအပ်သော စစ်ပစ္စည်း လက်နက်ခဲယမ်းမီးကျောက်တို့ကို သူတို့ထံမှ ပိုက်ဆံပေးဝယ်ယူရန်မင်မလိုပါ။ လေယာဉ်ပျံတို့ကိုဖူပါမည်လား၊သူတို့သည်လိုလိုလားလားအလကားပေးကြပါလိမ့်မည်၊ သို့ရာတွင်သူတို့တိုတော့ဖြင့်ငြိုငြင်အောင် မလုပ်လိုက်ပါလေနှင့်"

ထိုနည်းအတိုင်းပင် တွေ့ရသည်။ အကြောင်းကြောင်းတို့ကြောင့် သူတို့ကိုယ်၌က လိုအားပါက ကျွန်တော်တို့လိုချင်သော ပစ္စည်းတို့ကို ရှောရှောရှုရှုပင် ရောင်းပါလိမ့်မည်။ မလိုသားချိန်နှင့် ကြုံကြိုက်ရပါမူ ဆင်ခြေအမျိုးမျိုးတို့ကိုပြ၍ မရောင်းကြ။ ထို့ပြင် သူတို့၏မူဘာခုကလည်း ရှိပြန်ပါသေးသည်။ ထိုမှာ သူတို့၏ မဟာမိတ်တို့ကို ဦးစားတစ်သဘောထားသည်၊ ထို့နောက် သူတို့၏မနေသဟာယနိုင်ငံ့ဘိုကို ဦးစားပေးသည်၊ ပြီးမှ ကျွန်တော်တို့ကဲ့သို့သော ကမ္ဘာ့အလည်တွင် ကြားနေဝါဒကို စွဲကိုင်ထားရှိပြီး ကမ္ဘာ့အခရေးအခင်းတို့၌ လွတ်လပ်စွာ ကျင့်သုံးပြုမူကြသည့် လွတ်လပ်စနိုင်ငံကလေးတို့ ဖြစ်ကြသည်။ ဒါကတော့ သူတို့ရဲ့ လွတ်လပ်ခွင့်၊ ကျွန်တော်တို့ကမည်သို့မှဝေဖန်ရန်အကြောင်းမရှိ၊ ဝေလည်းမဝေဖန်လိုပါ။

ကျွန်တော်တို့သည် ပစ္စည်းတခုအလိုရှိပါက ဗြိတိသျှစင်ရုံးနှင့် ဌာနကပ် ရေးရုံဘိုသို့ အလိုရှိကြောင်း၊ ဝယ်ယူလိုကြောင်း အကြောင်းကြားရသည်။ သို့ရာတွင် ထိုမျှဖြင့်ကိစ္စကမပြီးပါ။ သက်ဆိုင်ရာ အရာရှိဘဦးနှစ်ဦးတို့ကို နေ့လည်စာဖိတ်ခေါ်ရသည်။ ထိုနေ့လည်စာစားပွဲဘွင်မှ အလာပ သလ္လာပတို့ကို ပြောရင်းဆိုရင်း ကိုယ်လိုရာတို့ကို နားသွင်းရသည်။

အများအားဖြင့် ထိုသူတို့ကို တရုတ်စားသောက်ဆိုင်တို့သို့ ခေါ်သွားရတတ်ပါသည်။ တရုတ်အစားအစာသည် သူတို့အဖို့ ထူးခြားတွေ့ဆုံသည့်ဖြစ်သည်။ ထိုတရုတ်ဆိုင်မျိုးတွေကလည်း လန်ဒန်မြို့၏ ဝက်(စ်)အင်းဟုခေါ်သော မြို့လည်ဘွင် အများအပြားရှိသည်။ ကျွန်တော်တို့အဖို့ ပိုမိုအဆင်ပြေသည်က ထို ဟိုတယ်တို့တွင် မြန်မာစားပွဲထိုးများ ရှိနေကြခြင်းပင်ဖြစ်သည်။ ရှေးနှစ်ပေါင်းများစွာက သင်္ဘောသားများအဖြစ် မြန်မာပြည်မှ လိုက်ပါလာကြသူတွေ၊ အခြားအကြောင်းကြောင်းဖြင့် ထိုတိုင်းပြည်

www.burmeseclassic.com



သို့ ရောက်ရှိ နေထိုင်ကြသူတွေ၊ အင်္ဂလိပ် အမျိုးသမီးတို့နှင့် မင်္ဂလာဆောင်ပါပြီး အခြေကျနေကြသူတွေဖြစ်ကြသည်။

ကြိုတင် မှာကြားထားချက်အရ ထိုမြန်မာစားပွဲထိုးတို့က အင်္ဂလိပ်အကြိုက် တရုတ်စာတို့ကို ပြင်ဆင်ထားသည်။ အရက် စသည့် အဖျော်ယမကာတို့ကိုလည်းအရံသင့်ရှိစေရသည်။စားရင်း သောက်ရင်းမှ ကိုယ်လိုရာကိစ္စသို့စကားဆွယ်ရပါသည်။

"ဪ...၊ဒါထက်၊ ကျွန်တော်ခင်ဗျားတို့ဆီကို ပို့ထားတဲ့ စာရပြီထင်ပါရဲ့နော်...."

ထိုပုဂ္ဂိုလ်ကြီးသည် ခေတ္တမျှစဉ်းစားသလိုလုပ်နေပါလိမ့်မည် ပြီးမှ–

"ဪ...၊ ဟုတ်ပါရဲ့၊ အဲဒီကိစ္စ ကျွန်တော်လဲ ထာနယ်ကို ပြောမလို့ပါဘဲ၊ ရပါလိမ့်မယ်၊ အခက်အခဲမရှိပါဘူး ထင်ပါရဲ့"

ဒါကတော့ အင်္ဂလိပ်တို့သည် စကားကို အကုန်မပြောသော ချိုး၍ပြောတတ်သော လူမျိုးများပီပီ၊ အခက်အခဲမရှိပါဘူး ထင်ပါရဲ့ဟုသုံးနှုန်းလိုက်ခြင်းဖြစ်သည်။ ဒီလောက်ဆိုရင်ဘဲရဘို့ သေချာသွားပါပြီ။

"အဲဒါ ဗျာ၊ တဆိတ်မြန်မြန်လေး...."

"အင်း၊ ကျွန်တော်ဖြစ်အောင် ကြိုးစားပါ့မယ်"

သို့ဖြင့် တဖက်ကိုတော့ဖြင့် ပိုင်လိုက်ပါပြီ၊ ကျန်တဖက်ကို ချဉ်းကပ်ရပြန်ပါသည်။

တခါတရံ၌မူ ပစ္စည်းရမည်ဘူးသော စကားပြန်ကိုရသည်၊ သို့ ရာတွင် ပစ္စည်းထုတ်ပေးသည့်ဌာနတွင် ထိုပစ္စည်းကအဆင်သင့် မရှိကြ။ ရှိသော်လည်း အခြားနိုင်ငံတခုသို့ ပေးပို့ရန်ဖြစ်နေပါ က ထိုသို့တခြားနိုင်ငံအတွက် သတ်မှတ်ထားသည်ဘိုကို ကျွန် တော်တို့သို့လွှဲပြောင်းဦးစားပေးရန် ထိုသက်ဆိုင်ရာတို့ကို တိုက်





တွန်းရပြန်ပါသည်။ ထို့ကြောင့်ခက်ခဲသော စစ်လက်နက်ပစ္စည်း တို့နှင့် ပတ်သက်လာလျှင် ချော့မော့စွာရရှိရေးအတွက် နေ့လည် စာ ထမင်းစားပွဲ အနည်းဆုံးနှစ်ပွဲ၊ တခါတရံသုံးပွဲ၊ လေးပွဲတို့ကို ဖြတ်သန်းကြရသည်ဖြစ်သည်။

တကြိမ်ကတော့ ပြဿနာကတမျိုး။ အသေးစိတ်တို့ကိုတော့ မပြောပြတော့ပါ။ ထိုပြဿနာပြေလည်ရန် အတွက် မြန်မာ သံ အမတ်ကြီးကို ချဉ်းကပ်တင်ပြ အကူအညီတောင်းခဲ့ရသည်အထိ ဖြစ်ခဲ့ရသည်။ ထိုစဉ်ကမြန်မာသံအမတ်ကြီးမှာ ဦးကာစီ (ယခု အငြိမ်းစား)ဖြစ်သည်။

"ဖြစ်တာကတော့ အဲဒီလိုပါဘဲအန်ကယ်"ကျွန်တော်က သူ့ ကိုရှင်းလင်းပြောပြသည်။

"ဒီတော့...."

"ကျွန်တော့်သဘောက သံအမတ်ကြီးအနေနဲ့ သူတို့ရဲ့ ကာ ကွယ်ရေးဝန်ကြီးနဲ့ ကုန်သွယ်ရေးဝန်ကြီးတို့ကို နေ့လည်စာ ဖိတ် ပြီး အဲဒီမှာကျွန်တော်တို့ဘက်က အခြေအနေကိုရှင်းပြဘို့...."

သံအမတ်ကြီးကသဘောပေါက်နားလည်လိုက်ပါသည်။ ထို့ ကြောင့် ကာကွယ်ရေးဝန်ကြီးကို ထိုင်ရာမထပင် တွေ့ခွင့်တောင်း သည်။ ရလျှင် ကိုယ်တိုင်သွားရောက်တွေ့ဆုံပြီး–

"မိုင်လော့(ဒ်)....၊ ကျွန်တော့်ကိုဂုဏ်ပြုသောအားဖြင့်အား လပ်တဲ့နေ့တနေ့၊ နေ့လည်စာ ရက်ချိန်းပေးပါရန် ခင်ဗျား...."

အကျပ်ကိုင်တောင်းဆိုသည်။ နေ့ရက်ကိုလည်းတခါတည်း သတ် မှတ်ပေးလိုက်နိုင်ရန် အင်ဂေ့(ချ)မင့်ပဲ(ဒ်)နေ့စဉ်မှတ်တမ်း စာ အုပ်ကိုကာကွယ်ရေးဝန်ကြီး၏ရှေ့သို့ထိုးပေးသည်။(မိုင်လော့(ဒ်) ဟုသုံးစွဲရခြင်းမှာ ထိုဂုဏ်ကြီးသည် လော့(ဒ်)ဘွဲ့ရ.... လော့(ဒ်)



www.burmeseclassic.com

www.burmeseclassic.com



အယ်လိပ်ဇင်းဒါး၊ ဗိုလ်ချုပ်ကြီးဟောင်း အယ်လိပ်ဇင်းဒါးဖြစ်သောကြောင့်ဖြစ်ပါသည်)

လော့(ဒ်)အယ်လိပ်ဇင်းဒါးမှာ သံအမတ်ကြီး တဦးကထိုသို့ ကိုယ်တိုင်ကိုယ်ကျလာရောက် ဖိတ်ခေါ်နေသည်မို့ မငြင်းသာတော့၊ နေ့ရက်ကိုသတ်မှတ်ပေးလိုက်ရသည်။

တဖန်၊ သံအမတ်ကြီးသည် ထိုစာအုပ်ကလေးဖြင့် ကုန်သွယ်ရေးဝန်ကြီး မစ္စတာသောနီကရော့(ဖ)ထံသို့သွားပြန်သည်၊ ဖိတ်ခဲ့ပြန်သည်။

ချိန်းဆိုထားသောနေ့က သံအမတ်ကြီး၏အိမ်တွင် အင်္ဂလိပ်တို့၏ အမျိုးသား အစားအစာဟုပင် ဆိုရမည်ဖြစ်သော ရိုး(စ)ဘိ(ဖ်)(အမဲသားပြုတ်ကြော်)နှင့်ယောက်ရှားပူဒင်းတို့ဖြင့် ကျွေးမွေးဧည့်ခံသည်။ ထိုစဉ်က သံအမတ်ကြီးကတော် အိမ်တွင် မရှိသောကြောင့် ကျွန်တော်နှင့် ကျွန်တော်၏ဇနီး နှပ်ဟိုက အိမ်ရှင်အဖြစ်ပြုစုဧည့်ခံကြရပါသည်။

ထိုနေ့သည်စားပွဲတွင် စားရင်းသောက်ရင်း ကျွန်တော်တို့၏ပြဿနာကို တင်ပြကြသည်။ အဲဒီလို ဆွေးနွေး လိုက်ကြတော့လဲ ဝန်ကြီးများသဘောပေါက်လက်ခံသွားကြပါသည်။ ထိုပြဿနာသည် ပြေလည်ခဲ့ရပါသည်။

ထိုသို့ထိုထိုကြီးကျယ်ပုဂ္ဂိုလ်ကြီးတို့အားနေ့လည်စာ၊ညစာတို့ဖြင့် တည်ခင်းဧည့်ခံပြီး ကိုယ်လိုရာကို ပြောကြဆိုကြတင်ပြကြရသည် က လုပ်ထိုးသည့် မဟုတ်ပါ၊ ထိုသဘော မသက်ရောက်ပါ၊ ထို ပုဂ္ဂိုလ်ကြီးတို့အား လုပ်ထိုး၍လည်း ရမည်မဟုတ်ပါ။ မိတ်ဆွေချင်းအလုပ်စားပွဲတွင် တဖက်နှင့်တဖက်အချီအချပြောဆိုဈေးဆစ် နေကြရခြင်းထက် ပိုမိုစိုပြေရင်းနှီးသော မတ်ဝန်းကျင်ဖြစ်သည့် ထမင်းစားပွဲတို့တွင် စားရင်းသောက်ရင်း၊ ရီရင်းမောရင်း ပြောရ





ဆိုရသည်က ပိုမိုရှင်းနှီး အဆင်ပြေသည့် ဖြစ်သောကြောင့်သာ ဖြစ်သည်။

စစ်သုံ့မှူးတဦး၏ ကျွန်တာဝန်တို့ကတော့ ကျဘန်း ပြောနိုင် ဆိုနိုင်ဘို့နှင့် ရိဘတ်ဖြိုးတာတ်ဖို့သာလိုသည်ဖြစ်သည်။

ဧည့်ခံပွဲတို့က ညတိုင်းလိုလိုရှိသည်။ နိုင်ငံခြား သံရုံးပေါင်း တရာကျော်ကျော် ရှိသည်ဖြစ်သဖြင့် ထိုနိုင်ငံတို့၏ လွတ်လပ်ရေးနေ့များ၊ အမျိုးသားနေ့များ၊ တပ်မတော်နေ့များ စသည်တို့က ယခုနေ့ကျသံရုံး၊မနက်ဖြန် ထိုသံရုံး။ နေ့စဉ်ရက်ဆက်လိုလိုဖြစ်သည်၊ အချို့ကညစာစားပွဲ၊ အချို့က ကောက်တေးပါတီ (အဖျော်ယမကာပွဲ)။ အများအားဖြင့်ကတော့ ကောက်တေးပါတီ။

ရုံးမှညနေ ငါးနာရီတွင်ဆင်းသည်။ အိမ်သို့ အပြေးပြန်ပြီး ရေမိုးချိုး၊ အဝတ်အစားလဲ၊ပြီးတော့ ဇနီးသည်နှင့်အတူ(အများအားဖြင့် ဇနီးမောင်နှံစုံဖိတ်တတ်ကြသည်)ဧည့်ခံပွဲပြုရာ ဟိုတယ်ကြီးတခုခု၊ သို့မဟုတ် သက်ဆိုင်ရာသံရုံးသို့ပြေးကြရသည်။

ထိုအခါများ၌ အိတ်ထဲတွင် ပိုက်ဆံ အကြွေစေ့တို့ကိုထဲ့၍ သွားရပါသည်။ နှစ်သျှီလင်ခြောက်ပဲနီ (တကျပ်ခွဲခန့် တန်ဖိုးရှိသည်)အစေ့ကလေးများ။အဆောက်အဦး၏ရှေ့တွင် မော်တော်ကားရပ်လိုက်သည်နှင့် လာရောက်တံခါးဖွင့်ပေးသူ၏ လက်တွင်းသို့တစေ့။ လှေခါးမှတက်သွားပြီး တံခါးမကြီးကို ဖွင့်ပေးသူအား နောက်တစေ့။ ထိုအခါပေါက်မှ စောင့်ကာ သက်ဆိုင်ရာအခန်းသို့ပို့ပေးသူအားနောက်ထပ်တစေ့။ဧည့်ခန်းမကြီးအပေါက်ဝသို့ရောက်တော့ အဲဒီမှာ ခန့်ခန့်ညားညားကြီး ဝတ်ဆင်ထားသူ ပုဂ္ဂိုလ်ကြီးတဦးကစောင့်ကြိုနေပါလိမ့်မည်။သူသည်ကြွရောက်လာကြသော ဧည့်သည်တို့၏ အမည်များကို ကြေညာရသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ဇနီးမောင်နှံက သူ့ရှေ့တွင် ရပ်လိုက်ကြသည်။ သူ့ကို ကျွန်တော့်နံမည် ကဒ်ပြားကလေး ပေးလိုက်ရသည်။ သူ့အသံသည် လောက်စပီးကာမလို၊ အင်မတန်မှ အသံသြဇာနှင့်ပြည့်ဝသူ ဖြစ်ပါသည်။ တဝေါဝေါဖြင့် တွတ်ထိုး နေကြသည့် အသံဗလံတို့အပေါ်တွင် လွှမ်းမိုးကာ ကျေညာလိုက်ပါလိမ့်မည်။

"မြန်မာစစ်သံမှူး....ကာနယ်နှင့် မဒမ်တင်မောင်...."

ဒူဝေ ဝေ....။ ကျွန်တော့် စိတ်ကူးထဲတွင် အဲဒီလိုမောင်းသံကြီးကိုပင် တဆက်ထည်းကြားလိုက်ရသယောင်ယောင်။

သူ့အသံကြောင့်အခန်းတွင်းရှိ အချို့တို့ကလှည့်၍ ကြည့်ကြပါမည်။ အမျိုးသားတို့က ပြုံးပြကြပါမည်။ အမျိုးသမီးတို့ကတော့ ဇနီးသည်၏ မြန်မာအဝတ်အစားတို့ကို တအံ့တသြ ရှုကြပါလိမ့်မည်။အချိတ်ထမိ၏ အဆင်အသွေးကို မျက်စေ့ကျကြပါမည်၊မန္တလေးပိုးဖြင့်ချုပ်လုပ်ထားသော အင်္ကျီ၏ပုံစံသည် သူတို့အဖို့ဆန်းသစ်နေပါမည်။ နှ၏ကျောက်နီလက်ဝတ်တန်ဆာတို့ကိုသွားရည်ကျနေကြပါလိမ့်မည်။

ထို မိတ်ဆက် ကျေညာပေးသော ပုဂ္ဂိုလ်ကြီးကို လွန်လျှင် အိမ်ရှင် ဇနီးမောင်နှံတို့ကို လက်ဆွဲနှုတ်ဆက်ရသည်။ လျောက်ပတ်သော စကားတခွန်းစ နှစ်ခွန်းစတို့ကို ဆိုရသည်။ ပြီးတော့ အခန်းတွင်းသို့ရောက်နှင့်နေကြပြီးသော ကိုယ်နှင့် အလွှမ်းသင့်ရာ အဖွဲ့တွင် ဝိုင်းလိုက်ပြီး အနားသို့ရောက်ရှိလာသည့် အဖျော်ရည်တခွက်ကို ယူလိုက်ခါ ထိုဝိုင်း၏ စကားလက်စကို ကောက်ပြီး အထိုက်အလိုက်ပြောရသည်။ တခါတရံတို့၌မူ ထိုဧည့်ခံပွဲတို့တွင် ကိုယ်တွေ့လိုသောပုဂ္ဂိုလ်ကိုရှာပြီး အခန်း၏တချောင်ချောင်တွင် ကိုယ်ဆွေးနွေးလိုသော အလုပ်ကိစ္စတို့ကို ဆွေးနွေးရဘတ်ပါသေးသည်။





သို့ဖြင့် အဖျော်ရည် နှစ်ခွက်ခန့်အကြာ တနာရီခန့်မျှနေပြီးလျှင် ပြန်နိုင်ပါပြီ။ ထားထဲသို့ပြန်ရောက်ခါမှပင် ထိုဘနာရီလုံးလုံး အဆက်မပြတ်ဆိုသလို ပြုံးကာနယ်ထာ ထားခဲ့ရသောမျက်နှာမှ အကြောတို့ကို လျှော့ချလိုက်ရပါတော့သည်၊ ညောင်းညာနေသော ပါးပြင်တို့ကို မသိမသာကလေး နှိပ်၍ပေးနေမိရပါတော့သည်။

စစ်သံမှူး၊ အများတကာ၏အမြင်မှာဖြင့် ဝတ်ကောင်းစားလှတို့ကိုဝတ်၊ ထမင်းစားပွဲတွေကိုတက်၊ ကောက်တေးပါတီဘ်သို့သွား၊ ရီလိုက် မောလိုက် ပြောလိုက်ဆိုလိုက်၊ သောက်လိုက်စားလိုက်။ အင်မတန်မှ စည်းစိမ်ရှိလှပါလိမ့်မည်။

ထိုစစ်သံမှူးခမြာ မည်မျှ စိတ်မောလူမော ရှိရသည်ကိုဘောမည်သူကမှမသိကြ။

* * *

## တနေ့တာ

ထိုသို့ မျှားမြောင်လှသည့် အလုပ်တာဝန်တို့ကို ထမ်းဆောင်ရာ၌ အစစ ချောမောပြေပြစ်စေရန်အတွက် လုံလောက်သော ရုံးအဖွဲ့သားတို့ရှိကြသည်။

လက်ထောက်များအဖြစ်၊ ဗိုလ်မှူးအောင်ဒင် (လေ) (ယခုအငြိမ်းစား၊ ကုန်သွယ်ရေး)နှင့်ဗိုလ်ကြီးမောင်အောင် (ကြည်း) (ယခုအငြိမ်းစား၊ စက်မှုလက်မှု)။ ရုံးအုပ်အဖြစ် အရာခံဗိုလ်ကိုခင်ညွန့်(ယခု အငြိမ်းစား၊ ယခုဂိုစလပ်သဘောကိုယ်စားလှယ်)။ ထို့နောက် တပ်ကြပ်ကြီးစာရေးများ ဖြစ်ကြသည့် ကိုအုံးခင် (ယခု ကွယ်လွန်)၊ ကိုရန်ပြေ (မြန်မာပြည်သို့ပြန်လာပြီး အရာရှိ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၊ ကျဆုံး)၊ ကိုဝမ်စိန် (ယခု ဗိုလ်ကြီး၊ အငြိမ်းစားမိတ္ထီလာ ချည်စက်)အစရှိသူတို့ဖြစ်ကြသည်။ သူတို့အပြင် အင်္ဂလိပ်လူမျိုး စာရေးတို့ကိုလည်း ငှားရမ်းထားရပါသေးသည်။

နံနက် ကိုးနာရီတွင် ရုံးတက်သည်။ ရောက်လျှင် နေ့စဉ် သတင်းစာခြောက်စောင်ခန့်တို့ကိုဖတ်ရသည်။ အချို့က ကွန်ဆာ ဗေးတစ်ပါတီကို ထောက်ခံသည်။ အချို့က လေဘာပါတီကို ထောက်ခံသည်၊ အချို့က ကွန်မြူနစ်၊ အချို့ကတော့ နိုင်ငံရေး အရောင်အဆင်းရှိသော်လည်း သူတို့အမြင်ဖြင့် သူတို့၏သဘော ထားကို လွတ်လပ်စွာတင်ပြသည်။ သူတို့အားလုံးကိုဖတ်နိုင်ပါမှ ကျွန်တော်ပြောခဲ့သော ကောက်ဘေးပါတီ ကျဘန်းစကားဝိုင်း တို့တွင် ဝင်ရောက်ဆွေးနွေးပြောဆိုနိုင်မည်ဖြစ်ပါသည်။

ထို့နောက် ဧည့်သည်တို့နှင့်တွေ့ဆုံရသည်။ အများအားဖြင့် တို့ကတော့ပညာတော်သင်ကျောင်းသားများဖြစ်ကြသည်၊ သူတို့ ၏ ပြဿနာတို့ကို ဖြေရှင်းရသည်။

ကျွန်တော်၏စက္ကရီတေရီဖြစ်သူ မာရီသည် ကျွန်တော်ရုံးခန်း တွင် ထိုင်မိသည်နှင့် တံခါးကို အသာအယာခေါက်ပြီး ဝင်လာ သည်၊ သူ့လက်တွင်းမှာတော့ နေ့စဉ်မှတ်တမ်းစာအုပ်နှင့်ခဲတံ။

"ကာနယ်....၊ ဒီနေ့....နာရီမှာ....နဲ့တွေ့ဘို့ချိန်းထားပါတယ်၊ ....နာရီမှာတော့....ကို သွားရပါမယ်၊ ဖရင့်ကိုလဲ ပြောထားပြီး ပါပြီ...." စသည်....စသည်၊

ဖရင့်ဆိုသူသည် ကျွန်တော်၏ကားမောင်းသမား ဖြစ်သည်။ အနုပ်ခြောက်ပေနီးပါးပိန်ပိန်ရှည်ရှည်နှုတ်ခမ်းမွေးနှင့်။ သူသည် မာရီထံမှ ကျွန်တော် မည်သည့်ဌာနသို့ မည်သည့် အချိန်တွင် အရောက်သွားရမည်ဟု သိရလျှင် လမ်းတွင် မော်တော်ယာဉ် အနည်းအများတို့ကိုခန့်မှန်းပြီး ရုံးမှ မည်သည့်အချိန်တွင် ထွက်ရ





မည်ကို တိကျစွာ တွက်ချက်သည်။ အကြောင်းကတော့ ဗိုလ်ပ် တွင် တစ်စုံတစ်ဦးနှင့် တနေရာရာတွင် ချိန်းဆိုထားပါက ထိုနေရာ သို့ ထိုချိန်းဆိုသည့် အချိန်ထက် စောလျှင် နှစ်မိနစ် သုံးမိနစ်၊ နောက်ကျလို့တော့ လုံးဝမဖြစ်။ အချိန်ကိုလွန်စွာမှ တိကျသေး စားကြရသည်။

ထို့နောက် တွေ့စရာချိန်းဆိုထားသူတို့ကို လက်ခံ တွေ့ဆုံရ သည်။ လူပေါင်းစုံ။ အများ အားဖြင့် ကတော့ စစ်သုံးပစ္စည်း ထုတ်လုပ်သော ကုမ္ပဏီတို့၏ ကိုယ်စားလှယ်များ ဖြစ်ကြသည်။ တခါတရံ၌မူ လူထူးလူဆန်း များကိုလည်း တွေ့ရတတ်ပါသေး သည်။ ထိုသူတို့သည် လက်နက်စက်ရုံကြီးများကို ရောင်းလိုကြသူ တွေ၊ စစ်သင်္ဘောကြီးတွေကို ရောင်းလိုကြသူတွေ၊ လေယာဉ်ပျံ ကြီးတွေကို ရောင်းလိုကြသူတွေဖြစ်ကြသည်။ ထိုစက်ရုံ သင်္ဘော နှင့် လေယာဉ်ပျံတို့က မည်သည့်အရပ်တွင်ရှိသည်၊ မည်သို့ရောင်း ချမည်ကိုမူ တိတိကျကျ မပြောပြနိုင်ကြ။ တိတိကျကျ မေးလျှင် လည်း ဝေ့လည်ကြောင်ပတ်။ ထိုကဲ့သို့သောလူမျိုးတို့ကို များစွာ မှသတိထားရသည်ဖြစ်ပါသည်။ သူတို့သည် လန်ဒန်မြို့၏ချောင်ကျ သောလမ်းကြားကလေးတခုရှိ အခန်းကလေးတခန်းတွင် ဆိုင်း ဘုတ်သေးသေးကလေးကို ချိတ်ဆွဲထားပါလိမ့်မည်။ ထို့နောက် ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံငယ်တခုက မည်သည့်ပစ္စည်းအလို ရှိသည်ဟု ကြားရပါက စကားကမ်းလှမ်း ကြပါလိမ့်မည်။ ထိုသို့ သော စကားကမ်းလှမ်းသည်၊ ထိုပစ္စည်းကတော့ သူတို့ထံတွင် မရှိ သေး၊ ပေးသွင်းရန် ကန်ထရိုက်ရရှိပါမှ ဒုတိယ ကမ္ဘာစစ်ကြီး၏ စစ်တလင်းဖြစ်ခဲ့သော ပြင်သစ် အီတလီ ဂျာမဏီစသည့် နိုင်ငံတို့ တွင် လိုက်လံ ရှာဖွေရမည့်ဖြစ်သည်။ အင်မတန် ကြောက်စရာ ကောင်းသူတွေ။



www.burmeseclassic.com

www.burmeseclassic.com



နေ့လည်စာစားချိန် နှင့်ပြန်တချက်ထိုး အချိန်သည် ကျွန်တော်တို့ရှိုးတွင် လူအစည်ကားဆုံး ဖြစ်ပါသည်။

လန်ဒန်မြို့ရှိ မြန်မာသံရုံးသည် နေရာအခက်အခဲကြောင့်တစုတရုံးတည်းမနေနိုင်ကြ၊ သံအမတ်ကြီး၏ရုံးကို ချားလ်စထရိ(တ်)တွင်ထားရှိပြီး စစ်သံမှူး၏ရုံးနှင့် ငွေစာရင်း ဌာန တို့ကို ဆာဒိုဂင်စကွဲယားတွင် ခွဲပြီး ဖွင့်လှစ်ထားရသည်။

ကျွန်တော်တို့ရုံး၏ အောက်ထပ်တွင် မြန်မာ ထမင်းဆိုင်ကလေးတဆိုင် ဖွင့်လှစ်ထားသည်။ အမဲသားဟင်း သို့မဟုတ်ငါးသေတ္တာဟင်းနှင့် ထမင်းတပွဲလျှင် နှစ်သျှိလင် ခြောက်ပဲနီဖြင့်ရောင်းသည်။ ထို့ကြောင့် ဤရုံးသည် နေ့လည်စာ လာရောက်စားကြသည့် မြန်မာများ၊ လစာကြေးငွေ လာထုတ်သူများ၊ တပ်မတော်သားများတို့နှင့် အမြဲတစေစည်စည်ကားကားရှိသည်။

ကျွန်တော်ရောက်စက ငွေစာရင်းအရာရှိမှာ မစ္စတာဘို(စ)ဖြစ်ပါသည်။ သူပြန်သွားပြီး ဦးစန်းမောင်(ယခုဥက္ကဋ္ဌ၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့) ရောက်လာသည်။ ဦးစန်းမောင်နှင့်ကျွန်တော်တို့သည် နေ့လည်စာ စားပြီးကြလျှင် ရုံးအနီး လမ်းကြားကလေးတခုတွင်ရှိ ကော်ဖီဆိုင်သို့သွားပြီး ကော်ဖီသောက်ကြသည်။ တခါတရံမလှမ်းမကမ်းရှိ ဟဲရော့(စ) ကုန်ပဒေသာတိုက်ကြီးသို့သွား၍ ခင်းကျင်းပြသထားသော ပစ္စည်းများတို့ကိုမျက်စေ့ စားပွဲထိုင်ကြသည်။

ဟဲရော့(စ) ကုန်ပဒေသာတိုက်သည် လန်ဒန်တွင် အကြီးဆုံးဟုဆိုသည်။ သူတို့၏ဝင့်ကြွားချက်တခု...လူသားတို့အတွက် မွေးကင်းစခလေးအရွယ်မှ သေသည်အထိ မည်သည့်ပစ္စည်းတို့ကို လိုသည်ဖြစ်ပါစေ ရနိုင်သည်ဟုပင် ဖြစ်သည်။ ထိုစကားနှင့် အညီ





ခလေးပုခက်များ၊ အသုံးအဆောင်များမှ အစ အသုဘခေါင်းများပါ မကျန် ထားရှိသည်။ ဤတိုက်ကြီး အဘွင်းတွင်ငွေလဲလှယ်လိုပါသလား ရပါမည်။ သားငါးဝယ်လိုပါသလားရပါမည်။ အိမ်ထောင် ပရိဘောဂ အလိုရှိပါသလား၊ ကုတင်တွေ ကုလားထိုင်တွေဘီရိုတွေ တထပ်လုံးအပြည့်၊ အဝတ်အစားအထည်အလိပ်ဆေးဝါးစာအုပ်စာတမ်းဆောက်လုပ်ရေးပစ္စည်း၊ ဘာမဆိုမှ... ဘာကိုမဆို ထိုတိုက်ကြီး တနေရာထဲ၌ ရနိုင်ပါသည်။

ထိုကဲ့သို့သော ကုန်ပဒေသာ တိုက်တွေသည် လန်ဒန်မြို့တွင် အများအပြားရှိကြသည်။သို့ရာတွင် ဟဲရော့(စ)ကဲ့သို့ ကြီးကျယ်ခန်းနားသောအခြားဆိုင်ကြီးတဆိုင်သာရှိပါသည်။သူကာသဲဖရစ်ဂျက်(စ)အမည်ရှိ ကုန်ပဒေသာတိုက်ကြီးဖြစ်သည်။ ဟဲရော့(စ)နှင့် စာပါက သူကစျေးနှုန်းနဲ့သက်သာသည်။ ဦးစန်းမောင်နှင့်ကျွန်တော်တို့သည် ထိုဟဲရော့(စ)တိုက်ကြီးအထဲတွင် ဟိုအထပ်မှသည်အထပ်၊ သည်ဌာနမှ ဟိုဌာန၊ ဆင်းလိုက်၊ တက်လိုက်၊ ဝင်လိုက်၊ထွက်လိုက်ဖြင့် အိတ်တွင်း၌ပါရှိလာသည့် မုံ့ဖိုး ပိုက်ဆံကလေးတို့ကို ကျစ်ကျစ်ပါအောင်ကိုင်ရင်း မြင်မြင်သမျှလိုချင်စရာတို့ကိုသွားရည်တမြားမြားကျတတ်ကြရပါသည်။

ညနေပိုင်းတိုတွင်မူ စာပွဲတွင် ထိုင်ကာ လက်မှတ်ထိုးရသည်က မပြီးနိုင်မစီးနိုင်တော့၊ အများ အားဖြင့်က ပစ္စည်းဝယ်ယူရေးအတွက်ငွေပေးခဲ့လွှာချား ဖြစ်ကြသည်။ တနေ့စာစုပေါင်းလိုက်ခင်ဖြင့် ပေါင်ပေါင်းထောင်ဂဏန်း သောင်းဂဏန်း၊သိန်းဂဏန်း၊ထို့ကြောင့် တခါတလေထိုသို့လက်မှတ်ရေးထိုးနေရစဉ်တွင် တယောက်ထည်းအလိုလိုနေရင်း သွေးနားထင်ရောက်ရ



www.burmeseclassic.com

www.burmeseclassic.com



ရတတ်ပါသည်။ အမယ်....၊ ငါ့သက်မှတ်က တန်ဖိုးမနဲလှပါကလား။

ညခုနှငါးနာရီထိုးလို့ ရုံးဆင်းတော့ ထုံးစံအတိုင်းအိမ်သို့ အပြေးပြန်၊ အဝတ်အစားလဲ၊ သွားရပြန်ပါပြီ....၊ ကောက်တေးပါတီ။

* * *

## နေရေးခက်ခက်

ကျွန်တော်ပဌမဆုံးရရှိသော အိမ်ခန်းသည် ပတ်ဘနီဟုခေါ်သော ရပ်ကွက်တွင်ဖြစ်သည်။

သုံးထပ်တိုက်၏ အောက်ဆုံးထပ်၊အိပ်ခန်းနှစ်ခန်း၊ထမင်းစားခန်း၊ဧည့်ခန်း၊မီးဖိုချောင်၊ အိမ်လခမှာတသလျှင် ပေါင်ငါးဆယ်ခန့် (မြန်မာငွေဖြင့် ခွန်နှစ်ရာ့ငါးဆယ်ခန့်)။ အလယ်ထပ်တွင် ကျွန်တော်၏ လက်ထောက် ဖြစ်သော ဗိုလ်မှူး အောင်ဒင်တို့ မိသားစုနေကြသည်။ သူ့အပေါ်ထပ်တွင် အိရက်သံရုံးမှ စစ်သံမှူး။

ခြံနှင့်ဝင်းနှင့် သီးခြားတိုက်တတိုက်ဖြစ်သဖြင့် နေလို့ကောင်းသည်။ နောက်ဖေးဘက်တွင် ပေလေးဆယ် ပတ်လည် ခန့်ရှိ ကိုယ်ပိုင် ပန်းခြံရှိသည်၊ သို့ရာတွင် ထိုပန်းခြံကို နေထိုင်ကြသူ သုံးဦးတို့ ကိုယ့်အပိုင်းနှင့်ကိုယ်ခွဲပြီး ပိုင်ဆိုင်ကြသည်။ အဲသည်မှာ ကိုယ်ကြိုက်နှစ်သက်ရာ ပန်းပင်ကလေးများ တပင်စနှစ်ပင်စ စိုက်ကြပျိုးကြရသည်။

လန်ဒန်မြို့တွင် အိမ်ငှားရသည်မှာ ခက်လှပါသည်။ သင့်တင့်သော အိမ်ခန်းတွေ့ အိမ်တွေ့ရှိ ...ာတ် ...ကြသည်၊ သို့ရာတွင်





အများစုက ကျွန်တော်ရရှိသည့် အိမ်လခဖြင့် လက်လှမ်းမမှီ၊ ဈေးကြီးသဖြင့်မငှားနိုင်၊ အချို့က ဈေးတော်သည်၊ သင့်တော်သည်၊ သို့ရာတွင် ခလေးနှင့် ခွေးတို့ကို လက်မခံဟုဆိုသည်။ကျွန်တော်၏သား ဗညားကလည်း ငါးနှစ်သား အရွယ် ဖြစ်သဖြင့် ထိုအရွယ်ကို အိမ်ရှင်တို့က အလွန်ကြောက်ကြပါသည်။ နံရံတို့ကို ခဲတံဖြင့်ခြစ်မည်၊ ပြတင်းခေါက် တို့ကို ဘောလုံးဖြင့်ပေါက်မည်။ပရိဘောဂများ ကျိုးပဲ့ကြမည်။ ထို့ကြောင့် ခလေးပါပါက မငှားလိုကြ။ ခလေးနှင့် ခွေးကို မကြောက်သော အိမ်ရှင်တို့ကလည်း အသားဖြူတို့ကိုမှငှားလိုကြသည်။အသားမဲဆိုပါက စကားပင်လာ၍ မစပ်ပနိုင်။

မြန်မာ၊ယိုးဒယား၊အင်ဒိုနီးရှားစသော အသားဝါတို့အပေါ်၌မူ အိမ်ရှင်အများစုတို့က ကြည်ဖြူပါသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် ထိုအိမ်ခန်းကို အလွယ်တကူရရှိခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ထိုအိမ်ခန်းသည် ဆောင်းတွင်းအခါတို့၌ အင်မတန်မှ အေးလှပါသည်။ ဧည့်ခန်းတွင်မပြတ် မီးဖိုထားရသည်၊ ထိုသို့ မီးဖိုထားသည့်အထဲမှပင် ဆွယ်တာအကျီဘို့ကို ထပ်၍ဝတ်ကြရပါသေးသည်။ ထို့ကြောင့် တဆောင်းအကုန်မှာတော့ ထိုအိမ်မှ ပြောင်းရန်စီစဉ်ရသည်။

အိမ်ပြောင်းမည်ဆိုသည်နှင့် အမှုတခုကို မမြော်လင့်ဘဲ ရင်ဆိုင်လိုက်ရပါသည်။ အဲဒါက.... လျော်ကြေး၊ အိမ်ရှင်ဟောင်းက သူ့အိမ်တွင် ကျွန်တော်တို့နေထိုင်ခဲ့ကြသည့်အတွင်းက ပျက်စီးခဲ့သည်တို့ကို ပြန်လည်ပြုပြင်ရန် ငွေကြေး တောင်းဆိုခြင်းဖြစ်သည်။ ပျက်စီးစာရင်းကမူ ကျွန်တော်၏သား ဗညား၏ လက်ချက်ကြောင့် စွန်းထင်းနေသောနံရံများ၊ သူ၏သက်ဖဝါးအငိုများ၊ စာပွဲတို့ အပေါ်မှ ခြစ်ရာများ၊ စသည်တို့ ဖြစ်ကြသည်။

www.burmeseclassic.com



တောင်းသည့်လျှော်ကြေးကပေါင်တရာ ငါးဆယ်၊ ကျွန်တော်ဇော်လခ တလစာ။

ထို့ကြောင့်ထိုကိစ္စကို ဗြိတိသျှဇစ်ရုံးမှဆက်ဆံရေးအရာရှိနှင့် တိုင်ပင်ခဲ့ရပါသည်။ သူက“မပေးနဲ့၊ တပြားမှမပေးနဲ့၊ ဒါ ခင်ဗျားတို့ကို နိုင်ငံခြားသံအရာရှိဆိုပြီး သက်သက်ငွေညှစ်ထာ”တဲ့။ ထို့ကြောင့် တရားစွဲချင်စွဲ၊ ရင်ဆိုင်ပါမည်၊ တပြားမှမပေးနိုင်ဟု ခပ်တင်းတင်းပင်ပြောပြီး ထိုအိမ်ပေါ်မှဆင်းခဲ့ကြသည်။ တပြားမှလည်းမပေးခဲ့ရ။

အခန်းသစ်ကို ဟော်လန်ပတ် ရပ်ကွက်တွင်ရရှိခဲ့သည်။ ပို၍ကောင်းသည်၊ ပို၍သစ်သည်။ အရေးအကြီးဆုံးဖြစ်သည့် စင်ထရယ်ဟီတင်းဟုခေါ်သော အပူငွေ့ပေးသည့် ရေနွေးပိုက်လုံးများ အခန်းစေ့တပ်ဆင်ထားသည်။ ထို့ကြောင့် ပြင်ပတွင် နှင်းခဲတွေတဖွေးဖွေးကျနေပါစေ၊ အိမ်တွင်း၌မူ ထွေးထွေးနွေးနွေးရှိသည်၊ စိတ်ကျယ်ဖြင့်ပင်နေနိုင်ပါသည်။

နောက်ဆုံး ပြောင်းရွှေ့ခဲ့သည့် အိမ်ခန်းကတော့ မာ(လ်)ဘယ်ရီဝေါ့(က)ဟု ခေါ်သောရုံးနှင့်နီးနီး ချယ်(လ်)စီရပ်ကွက်တွင် ဖြစ်သည်။

ဇနီးသည် မီးဖွားရန်အတွက် မြန်မာပြည်သို့ ပြန်သွားတော့ ထိုဟော်လန်ပတ်အိမ်သည် ကျွန်တော်တယောက်ထဲအဖို့ကြီးလွန်းနေပါသည်။ ထို့ကြောင့် ထပ်မံပြောင်းခဲ့ရခြင်းဖြစ်သည်။

တကယ်တော့ ကျွန်တော်သည် အိမ်ကြီးကြီးကို လိုသည်ဖြစ်ပါသည်၊ စနေ တနင်္ဂနွေ နေ့တို့နှင့် ကျောင်းပိတ်ရက်တို့တွင် ကျွန်တော်၏ တပ်မတော်ရောင်းရင်းတို့သည် ညစ္စအိပ် ညဥ့်နေလာရောက် တည်းခိုတတ်ကြသည်။ ထိုရက်အားတို့တွင် မြန်မာအိမ်၌ မြန်မာထမင်း မြန်မာဟင်းတို့ကိုစားပြီး လွတ်လွတ်လပ်





လပ် နေထိုင်အနားယူလိုကြသည်။ ထို့ကြောင့် ထိုကဲ့သို့သော နေ့ရက်တို့တွင် လန်ဒန်မြို့ရှိ အားလုံးသော မြန်မာအိမ်တို့တွင် ကျောင်းသားများနှင့်အပြည့်။

ထိုအခါများ၌ တယောက်တလက် ချက်ကြပြုတ်ကြ၊စားကြသောက်ကြ။ တအိမ်လုံးဆီပြန်ဟင်းနံ့ဖြင့်တသင်းသင်းရှိနေတတ်သည်။

ထိုအထဲတွင် ကပ်သီးကပ်သပ် ငါးခေါင်းချဥ်ရည်ကိုမှ စားချင်သူတလည်း ပေါ်လာတတ်ပါသည်။ ထိုအခါများတွင် ငါးရောင်းသည့် ဆိုင်သို့သွားပြီး ကြောင်စာအတွက် စုပုံရောင်းချသော ငါးခေါင်းတို့ကို ရသမျှကျုံး၍ ဝယ်ရသည်။

သူတို့တိုင်းပြည်တွင် ငါးခေါင်းကိုမစားတတ်ကြ။ ကြောင်စာအဖြစ်သာ ဈေးပေါပေါနှင့်ရောင်းကြသည်။ထို့ကြောင့်သွားရောက်ဝယ်ယူသည့်အခါတိုင်း ငါးသည်က တအံ့သြသြဖြစ်နေရတတ်ပါသည်၊

“ဒါတွေအားလုံးယူမှာလား၊ များလှချည့်လား”

“ဟုတ်ကဲ့၊ ကျွန်တော်တို့အိမ်မှာက ကြောင်တွေအများကြီးမွေးထားပါတယ်” အဲဒီလိုဘဲ ခပ်တည်တည်ဖြေရသည်။

ထိုခါဘရုံ ရှားရှားပါးပါး ဝက်ခေါင်း တလုံးလုံးကိုများရလိုက်သည့်အခါတို့မှာဖြင့် ကျွန်တော်တို့ဘတွေအဖို့ပွဲတော်ကြီးဖြစ်ရပါသည်။ ပြုတ်သူကပြုတ်၊ ခုတ်သူကခုတ်၊ သုပ်သူကသုတ်ဖြင့် တအိမ်လုံး တယောက်မကျန် လုပ်အားပေးကြရသည်။ သို့ရာတွင် ဘာတခုမှမလုပ်တတ်သူတို့ကလည်း ရှိကြပါသေးသည်။ ထိုသူတို့ကတော့ အများတကာစားပြီးကြသို့ဝမ်းဘိုက်တင်းတင်းဖြင့် ထမင်းလုံးစီခနဲ့ကြစဥ်တွင် စုပုံနေသောပန်းကန်တို့ကိုတကန်းကန်း ဆေးကြောကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ထင်ပါသည်။ မြန်မာပြည်တွင် ရှိနေကြစဉ်က ကိုယ့်အိမ်ကိုယ့်ရာတို့တွင် ထမင်းမွဲရှေရောက်နေထိုင်စားသောက်ခဲ့ကြကုန်သော ကျောင်းသားများ၊ အရာရှိကြီးဖယ်များတို့သည် နိုင်ငံခြားတွင် နှစ်ရှည်လများ နေထိုင်ပြီးသည့် နောက်တွင်မူ ထမင်းချက် တတ်လာပါလိမ့်မည်။ ဟင်းချက်တတ်လာပါလိမ့်မည်။ အနဲဆုံးတော့ဖြင့် ပန်းကန် ဆေးတတ်လာကြပါလိမ့်မည်။

❋ ❋ ❋

## သူ့အကြိုက်၊ ကိုယ့်အကြိုက်

အစားအသောက်နှင့်ပတ်သက်လာလျှင် မြန်မာ့ပါးစပ်သည့် တိုင်းတပါးရပ်ခြားတို့တွင် အင်မတန်မှ အခက်အခဲနှင့်ကြုံရတတ်ပါသည်။

ကျွန်တော်တို့နှင့်ရင်းနှီးခဲ့သည်က ချဉ်ချဉ်ငံငံစပ်စပ်။ ပြီးတော့ ကျွန်တော်တို့သည် ပန်းကန်ကြီးကြီးတချပ်တွင် ထမင်းတို့ကိုသိပ်ထည့်ကာ ဟင်းတို့ကို ထိုအပေါ်တွင်စုပုံပြီးလက်ငါးချောင်းတို့ဖြင့် နှံ့နှံ့စပ်စပ် နယ်ဖတ်ပြီးကာမှ အားပါးတရ လွေးချင်ကြသူတွေဖြစ်ကြသည်။ ကျန်းမာရေးနှင့် မညီညွတ်ဖူးလို့ဆိုချင်ဆို၊ ခေတ်နောက်ကျသည်လို့ပြောချင်ပြော၊ အများအားဖြင့်ကတော့ အဲသည်လိုဘဲ လွေးလိုက်ရမှ ကျေနပ်ကြသူတွေဖြစ်ကြပါသည်။

သူတို့ဆီမှာတော့ ဟင်းဆိုလျှင် အခေါင်းအပြုတ်နှင့်အကြော် အနောက်နိုင်ငံတို့တွင် နံမည်ကြီးလှသည့် ပြင်သစ် အီတာလျံ စားဖိုမှူးတို့ကိုယ်တိုင်ဝင်၍ ချက်ပြုတ်ကြသည် ဖြစ်ပါစေ၊ မည်သည့်ဝိုင်အရက်တို့ကိုထဲ့၍ အသုံးပြုကြသည်ဖြစ်ပါစေ၊ပေါ် ထွက်လာသည့် ဟင်းလျာကမွှေးပါလိမ့်မည်၊ ကြိုင်ပါလိမ့်မည်။ အမြင်





အားဖြင့်လည်း အင်မတန်မှလှပပါလိမ့်မည်၊ ဥပမာ၊ အမဲသားပြုတ်ကြော်အတုံးကြီးတတုံးကို ဘဲဥပုံ ပန်းကန်ကြီးအလည်တွင် တည်ပြီး သူ့ပတ်လည်တွင် ကြက်ဥပြုတ် အခြမ်းကလေးများ၊ ခရမ်းချဉ်သီးအစိတ်ကလေးများနှင့် ဆလတ်ရွက်များတို့ကို ပတ်ချာရံထားပါလိမ့်မည်။ ကြက်ဥက အဝါနှင့်အဖြူ၊ ခရမ်းချဉ်သီးတို့က အနီ၊ ဆလတ်ရွက်ကအစိမ်း။ စားစချင့်ဖွယ်ဟုဆိုရမည်ထက် အလှကြည့်နေဘို့သာတောင်းလှပါသည်။ အရသာကကော။ အရသာကတော့ အပေါင်း၏အရသာ၊ အပြုတ်၏အရသာ၊ အကြော်၏ အရသာ၊ ၎င်းတို့ကိုဆားနှင့်တို့ကာစားရသည်၊ ငရုတ်ကောင်းနှင့် ဖြူးကာစားရသည်၊ ဆော့(စ်)ဟုခေါ်သော ခပ်ပျစ်ပျစ် အရည်တို့ဖြင့်ဆမ်းကာ စားရပါသည်။

ကျွန်တော့်အနေနှင့် ထိုသို့သော အနောက်နိုင်ငံအစားအစာတွဲကို မကြိုက်ဖူးလားဟုမေးလာလျှင် ကြိုက်ပါသည်လို့ပင် ရိုးသားစွာ ဖြေဆိုရပါမည်။ သို့ရာတွင် တနပ်ကောင်း နှစ်နပ်ကောင်းသာ ကြိုက်နိုင်ပါလိမ့်မည်။ ထို့ထက်ပိုလာချင်တော့ဖြင့် အနည်းငယ်ငြီးငွေ့လာပါလိမ့်မည်။ ပြီးတော့ သူတို့ကို စားရပုံစားရနည်းကိုလည်း အားမရ၊ ဟိတ်ကြီးဟန်ကြီးတွေ လုပ်ရလွန်းသည်လို့ ထင်သည်။ ငွေခရင်း ငွေခေါ်းတို့ဖြင့် အတုံးသေးသေးကလေးတွေ အဖြစ် လှီးပြီးတော့ သိမ်သိမ် မွေ့မွေ့ကလေး ပါးစပ်တွင်းသို့ သွတ်သွင်းရသည်၊ ကညာစစ်လှပါသည်။

ဗိလပ်တွင် စစ်သံမှူးအဖြစ် အမှုထမ်းနေစဉ်အတွင်း ထိုသို့သော ထမင်းစားပွဲမျိုးတို့နှင့် မကြာခဏ ဆုံခဲ့ရသည်။

တကြိမ်ကတော့ ဗိုလ်ချုပ်ကြီးနေဝင်း လန်ဒန်မြို့တွင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေချိန်ကဖြစ်ပါသည်။ အဲသည့်တုန်းကတော့ ကျွန်တော်ကလဲ ငလပ်သို့ရောက်ခါစ၊ ဗီသပ်ပါးမဝသေးသောကာလ။

ဗိုလ်ချုပ်ကြီးသည် အမေရိကန်အစိုးရ၏ ဖိတ်မန္တကပြုချက်အရ အမေရိကန်ပြည်သို့အသွား လန်ဒန်မြို့တွင် ဗြိတိသျှအစိုးရ၏ ဧည့်သည်တော်အဖြစ် လန်ဒန်မြို့၏ ထိပ်တန်း အကျဆုံးသော "ကလာရစ်ဂျက် (စ)" ဟိုတယ်ကြီး၌ ခေတ္တ တည်းခိုနေပါသည်။

ထိုညက ဗြိတိသျှနိုင်ငံခြားရေးရုံးမှ အရာရှိတဦးက ဗိုလ်ချုပ်ကြီးအား ညစာဖြင့် သီးသန့် ဧည့်ခံပြုစုမည် ဖြစ်သည်။ ဗိုလ်ချုပ်ကြီးနှင့် ထိုအိမ်ရှင်နှစ်ဦးထည်း ရင်းနှီးသောထမင်းစားပွဲကလေးသာဖြစ်ပါသည်။

ကျွန်တော်သည် ထိုဟိုတယ်သို့သွားရန်ပြင်ဆင်နေသည်။ ခန့်ညားလှသည့် "ကလာရစ်ဂျက်(စ)" ဟိုတယ်ကြီးသို့ သွားရမည်ဖြစ်သဖြင့် သင့်တင့်လျောက်ပတ်စွာ ဝတ်ဆင်ရပါမည်။ ထို့ကြောင့် မြန်မာငွေဖြင့် ငါးရာခန့် တန်ဖိုးရှိသည့် မီးသွေးရောင် ဝတ်စုံ၊ အမဲပေါ်တွင် အဖြူစက်ကလေးများ ဖေါက်ထားသည့် လည်စည်း၊ ပြီးတော့ မာတောင့်သော "စတစ်" ကော်လာနှင့် ရှပ်အင်္ကျီကို ကုတင်ပေါ်တွင် ဖြန့်ခင်းလိုက်သည်။ သို့ရာတွင် ထိုအဝတ်အစားကောလာကို ကြည့်ပြီး စိတ်ထဲတွင် သံသယ ဖြစ်နေမိရသည်။ တခါမှ မဝတ်ဖူးသောကြောင့် ဖြစ်သည်။

ကျွန်တော် ဗိလပ်သို့ရောက်ပြီး နောက်တနေ့မှာပင် ထိုစဉ်က လက်ထောက်စစ်သံမှူးဖြစ်သည့် ဗိုလ်မှူးတွန်းရွှေ (ယခု အငြိမ်းစား)က ကျွန်တော် တည်းခိုနေသော ဟိုတယ်သို့ လာသည်။ ကျွန်တော်၏မြန်မာပြည်မှချုပ်လာခဲ့သောဝတ်စုံကိုမနှစ်မြို့စွာဖြင့် တချက်ကြည့်လိုက်ပြီး...





"ဗိုလ်မှူး.... ဗိုလ်မှူးပဌမဆုံးလုပ်ရမှာကတော့ ဝတ်စုံ အသစ် တစုံဝယ်ဘို့ဘဲ...."

"ဗျာ........" ကျွန်တော်က ဝတ်ဆင်ထားသော ဝတ်စုံကို ငုံ့ကြည့်လိုက်မိရသည်။ "ဒီဝတ်စုံက ဘာဖြစ်လို့လဲဗျ၊ အကောင်းသားဘဲ၊ အဲ........၊ အရောင်ကတော့ နဲနဲဖျော့တယ်ပေါ့၊ ဒါပေမဲ့ ရန်ကုန်က အကောင်းဆုံး ကုလားဆိုင်က ချုပ်လာတာ...."

သူကမရီ မပြုံး။ ကျွန်တော့်ကို သနားစရာ ကောင်းလိုက်တာဟူသော အကြည့်ဖြင့်ကြည့်ပြီး ခေါင်းကိုသာ ဖြေးညှင်းစွာဖြင့် ခါနေပါသည်။ အဲဒီလိုဆိုပြန်တော့ စိတ်ထဲတွင် စမတ်ကျလှပြီလို့ထင်ခဲ့သော ထိုဝတ်စုံအပေါ်တွင် သံသယစိတ်တွေဝင်လာမိရပါသည်။

သူကပြောနေပြန်ပါသည်။

"ဟဲရော့(စ)ကို သွားမယ်...."

"ခင်ဗျာ...."

"အဲဒီမှာ စွတ်တစုံဝယ်ရမယ်"

"အော်...."

"ပြီးတော့....နက်တိုင်...."

"အင်း...."

"ပြီးတော့ရှပ်တထည်"

သို့ဖြင့် ဟဲရော့(စ)ကုန်ပဒေသာဆိုင်ကြီး၏ဝတ်စုံများရောင်းသော ဌာနသို့ ရောက်သွားကြသည်။

ဗိုလ်မှူးထွန်းရွှေက ရောင်းသူကို တရွတ်ရွတ်ပြောလိုက်သည်။ ထိုသူက ကျွန်တော့်ကိုကြည့်ပြီး တရွတ်ရွတ်ပြန်၍ ပြောသည်၊ ဘာတွေမှန်းမသိ။ ထို့နောက်သူတို့နှစ်ဦး တရွတ်ရွတ် ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ချင်းရိုက်ကြသည်။ ကျွန်တော် မှာတော့ မျက်စေ့ သူငယ်ဖြင့် မလုံမလဲဖြစ်နေရပါသည်။ မနေနိုင်တော့လို့....

"ဟဲ....ဟဲ....၊ ဘယ်လိုဖြစ်နေကြတာလဲဗျ၊ ကျွန်တော့်လဲ...."

အဲဒီတော့မှ ဗိုလ်မှူးထွန်းရွှေက သက်ပြင်းတချက်နှင့် အတူ ရှင်းလင်းပြောပြသည်။

"ဒီလိုဖြစ်နေတယ် ဗိုလ်မှူးရဲ၊ ဗိုလ်မှူးက အနုပ် ငါးပေ လေး လက်မလောက်ဆိုတော့ အဲဒီအရွယ် ဝတ်စုံ ဒီမှာ မရှိဘူးတဲ့၊ ဘူ ိင်း(စ)ဒပတ်မင့် သူငယ်ကလေးများအတွက် သီးသန့်ရောင်း တဲ့ ဌာနမှာသွားရှာပါတဲ့"

"ဟာ...."

စစ်သံမှူးကြီး တယောက် လုံးလုပ်နေပြီး သူငယ်ကလေးတွေ ဌာနသွားရမယ်ဆိုတော့ မဟာရှက်စရာ။ ထို့ကြောင့်တိုင်းပြည် ချင်းစစ်ကြေညာချင်ကြေညာရပါစေ ထိုရောင်းသူအား အပြင်း ထန်ဆုံး ကန့်ကွက်ရပါသည်။နောက်ဆုံးမှာ အနီးကပ်ဆုံးအရွယ် အစားရှိသည့် ဝတ်စုံတစုံကိုရွေးပြီး ဟိုကနဲ့နဲဖြတ်၊ ဒီကနဲ့နဲပြင် ခိုင်းစေရသည်။

မာတောင့်သော "စတစ်" အင်္ကျီကော်လာကိုတော့ အဲဒီတုန်း က တဲ့ကမလိုချင်ကြောင်း ငြင်းဆန်ခဲ့ပေမဲ့ ဗိုလ်မှူးထွန်းရွှေနှင့် ရောင်းသူတို့က စစ်သံမှူးဆိုတာ ဒါမျိုးကိုဝတ်ဆင်မှ ခန့်ညား သည်၊ ပွဲလည်တင့်သည်လို့ အဘင်းအကျပ်ပြောကြလို့ သဘော တူလက်ခံခဲ့ရပါသည်။

ယခုကလားရစ်ဂျက်(စ်)ဟိုတည်ကြီးသို့ သွားရမည်ဆိုတော့မှ ဒုက္ခလှလှကြီးတွေ့နေရပါပြီ။

ရှပ်အင်္ကျီကို ဦးစွာဝတ်သည်။ ထိုအင်္ကျီ၏ကော်လာမှာမြန်မာ ရှပ်အင်္ကျီကဲ့သို့ ကော်လာအတိုနှင့် ဖြစ်သည်၊ သူ့အပေါ်တွင်





ကော်လာအထူအမာကြီးကို ထပ်ဆင့်ချိတ်သည်၊ အဲသည် အ ထိကတော့ဖြင့် ဟန်ကြလှပါပြီ။

ထို့နောက် ထိုကော်လာတောင့်တောင့်ကြီးအကြားသို့ လည် စည်းကို ထိုးသွင်း ချည်နှောင်လိုက်ခါမှ အခက်တကာ့ အခက်၊ မဟာအခက်။

လည်စည်းသည် တဖက်မှ ဝင်သွားလျှင် နောက်တဖက်မှ ထွက်သွားသည်။ ထိုတဖက်ကို မိမိရရသွင်းလိုက်ပြန်တော့ ကျန် တဖက်ကလွတ်သွားပြန်သည်။ ကြာလာတော့ ထိုမျှ ချမ်းအေး သည့် ရာသီဥတုမှာပင် ချွေးတဒီးဒီး ကျလာရသည်။ စတစ် ကော်လာကြီးသည်လည်း ပျော့လို့ခွေလို့ ရှိလာနေပါပြီ။ အချိန် ကလဲမရှိတော့၊ ဗိုလ်ချုပ်ကြီးဘာများ လိုတာ ရှိနေမှာပါလိမ့်၊ အလိုရှိလျှင် အနီးအနားဌ အသင့်ရှိနေစေဘို့ ဟိုဘည်သို့ စော စီးစွာရောက်နေရပါမည်။ ထို့ကြောင့် နောက်ဆုံးတွင် လက် လျှော့လိုက်ရပြီး ဝတ်ဆင်နေကျကော်လာအပျော့နှင့် ရှပ်အင်္ကျီ ကို ကောက်ယူဝတ်လိုက်ရပါသည်။ ထို "စတစ်" ကော်လာကြီး နှင့်ရှပ်အင်္ကျီတို့သည် ကျွန်တော် အဝတ်ဘီဒိုတွင် ယနေ့ထိ်နေ ပါသေးသည်။ ထိုညက တကြိမ်ဝတ်စမ်းကြည့်ပြီး မရကတဲက နောက်ထပ်တကြိမ်အခါမှ သူ့ကိုလှည့်မကြည့်မိတော့။

ကလားရစ်ဂျက်(စ) ဟိုတည်ကြီးသို့ ရောက်သွားတော့ ဗိုလ် ချုပ်ကြီးသည် သူ့အနီးတွင်း၌ အဝတ်လဲနေသည်။ သူ့နုတ်ခမ်း သည် ဆီမန်း မန်းသလို တိုးတိုးကလေးဖြင့်တစုံတခုကိုရွတ်ဆိုနေ သည်၊ သဲကွဲစွာဖြင့်တော့မကြားရ။

သူ့ပြဿနာကလည်း ရှပ်အင်္ကျီပြဿနာ။ သူတပ်ဆင်နေကျ ကြယ်သီးမပါလာသဖြင့်အခက်အခဲနှင့် ချင်ဆိုင်နေရပါသည်။

ရှပ်အင်္ကျီတိုက်ပွဲပြီးလို့ ကျွန်တော်တို့အပေါ် ထပ်မှဆင်းလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြတော့ နိုင်ငံခြားရေးရုံးမှ အရာရှိကြီးက ညှော်ခန်းမ ကြီးမှ စောင့်ကြိုနေပါသည်။ ခေတ္တထိုင်ပြီး အဖျော် ယမကာ တို့ကို သောက်သုံးကြရင်း လေယာဉ်ခရီး အကြောင်း၊ ရာသီဥတု အကြောင်းစသည်တို့ကို အလာပသလ္လာပ ပြောကြရသည်။ ထို့နောက် ထမင်းစားခန်းထဲသို့ဝင်ခဲ့ကြသည်။ သီးသန့် စားပွဲငယ် တွင် ထိုင်လိုက်ကြသည်။ ကျွန်တော် ကတော့ မလှမ်းမကမ်းမှ ထိုင်ပြီးစောင့်နေပါသည်။

ထိုစားပွဲပေါ်တွင် ခင်းကျင်းထားသည့် ခေါက်ဆွဲ၊ ခရင်းခွ၊ ဇွန်းတွေ၊ ဖလ်ခွက်တွေကလဲ များလှပါဘိ။ ကျွန်တော်သာဆိုရင် ဖြင့် ဘယ်ဒင်းဘယ်ဟာကို ဘယ်လိုစပြီးကိုင်ရပါ့၊ ပြဿနာတက် စရာရှိသည်။ သို့ရာတွင် ဗိုလ်ချုပ်တို့ အဖို့မှာတော့ ပြဿနာမရှိ၊ စကားတပြောပြောဖြင့် စားစရာ တမျိုးပြီးတမျိုးတို့ကို တို့ခနမ်း ဆိတ်ခနမ်းစားနေကြသည်။ သို့ဖြင့် "မိန်းဒစ်(ရှ)ဟု ခေါ်သော အဓိကဟင်းလျာအမယ်၏အလှည့်သို့ ရောက်လာကြသည်။

သူ လာပါပြီ။ ငွေလှည်းကလေးကိုစီးလို့။

ဖယောင်းတိုင်နှစ်တိုင်ဖြင့် အပူငွေ့ပေးလျက်ရှိသော ငွေမီးဖို ခလေးခချောင်းဆောက်အပေါ်တွင် ငွေအဖုံးဖြင့်အုပ်ခဲ့ထားသော ငွေဒယ်အိုးကလေးတခု၊ သူ့အနားမှာတော့ အာလူး ခရမ်းချဉ် သီးကော်ဖီရွက်တို့ဖြင့်ပန်းချီကားချပ်တချပ်သဖွယ်လှပစွာဖန်တီး စီရီ ခင်းကျင်းထားသော ငွေလင်ပန်းကြီးတချပ်၊ အားလုံးတို့ကို ထိုငွေလှည်းကလေး တစီးဖြင့် တင်ဆောင်ပြီး စားပွဲထိုးတဦးက ညင်သာစွာ တွန်းယူလာသည်။

စားပွဲအနီးသို့ရောက်လာတော့ ထိုလှည်း၏အပေါ်၌ အတူပါ လာသော စားတော်ကဲကြီးကသူ၏ဘယ်ဘက်လက်ပေါ်သို့ လက် သုတ်ပုဝါဖြူဖြူကြီးကို လွှားတင်လိုက်သည်။ ပြီးတော့ ညာလက်





ဖြင့် ငွေအဖုံးလက်ကိုင်ကို အသာအယာ ကိုင်လိုက်သည်။ ဗိုလ် ချုပ်ကြီးကိုကြည့်သည်။ သူ့မျက်နှာက ချိုမြသော မပြုံးတပြုံး၊ မျက်လှည့်ဆရာတဦး၏ အပြုံး၊ သူ့အမူအရာက မျက်လှည့်ဆရာ တဦး၏အမူအရာ။

ထိုဟန်မူရာကိုကြည့်ပြီး ကျွန်ဘော်မှာ မျက်စေ့တို့ကိုဒယ်အိုး အဖုံးမှမခွာနိုင်တော့။ ဖွင့်လိုက်လျှင်....ယုန်ကလေးတကောင်များ ခုန်ထွက်လာလေမည်လား၊ ခိုကလေးတွေများ ပျံထွက်လာကြ လေမည်လား၊ အသက်ကိုပင်ရှုရဲမရှူဝံ့။

ဟော၊ ဖွင့်လိုက်ပါပြီ။

ငွေဒယ်အိုးထဲတွင် အခရေညွှ နီရောင်သန်းရုံ ပြုတ်ကြော် ထားသော ကြက်ကလေးတကောင်သည် ဝစ်လစ်စလစ်ဖြင့် ခြေ အစုံဘို့ကို မိုးသို့ထောင်ပြီး မရှက်မကြောက် ပက်လက်ကလေးရှိ နေသည်။

ဗိုလ်ချုပ်ကြီးကထိုကြက်ကလေးကို တချက်ကြည့်လိုက်သည်။ ပြီးတော့တဘက်သို့လှည့်သွားသည်။ ကျွန်တော့် စိတ်ထဲမှာတော့ ဖြစ်မှဖြစ်ရလေဟယ်....၊ ကြက်ကလေးတကောင် စားရဘို့များ။ ကျွန်တော်တို့ ငယ်စဉ်ကဖြင့် ဇာတိဖြစ်သော ရွာကလေးတွင် ကြက်တကောင်မှဆယ်ပြား၊ သုံးပဲ။ သံဒယ်အိုးမဲမဲတွင် ဆီရွှဲရွှဲ ဖြင့် ကြော်ပြီးပေါင်တန်နှစ်ချောင်းကိုအားပါးတရလက်ဖြင့်ဆုပ် ကိုင်ပြီး ဂျွတ်ခနဲ ဂျွတ်ခနဲ ဆွဲကိုက်စားမလား၊ ဒါမှမဟုတ်လဲ ဗူးသီးနုနုနှင့် ငြုတ်သီးစပ်စပ် ကာလသားဟင်းချက်၊ ထမင်းပူပူ တွင် ဟင်းရည်ကျဲကျဲကို ရွှဲရွှဲဆမ်းပြီး တရှူးရှူးတရှဲရှဲဖြင့် စား လေား။ အခုတော့ ငွေအိုးကလေးနဲ့ထဲ့၊ ငွေလှည်းပေါ်တင်ပြီး တွန်းလာရသတဲ့။

ဤကဲ့သို့ စတိုင်ကျကျ စားရသည်ချင်း အတူတူဖြစ်....၊



www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်မြို့ အနုပညာ သည်များ အများစုတို့ နေထိုင်ရာ ချယ်(လ်)စီဟု ခေါ်သော ရပ်ကွက်တွင်ရှိ ရိုတာမှောင် မြေအောက်ထပ် အခန်းကလေးတို့တွင် ဖွင့်လှစ်ထားသည့် ပြင်သစ် အီတာလီ ထမင်းဆိုင်ကလေးတို့၌ စားပွဲခုံက နှစ်ယောက်ထိုင် သေးသေးကလေး၊ အဲဒီအပေါ်တွင် ကျောက်ဖယောင်းတိုင်ကြီးက နှစ်တိုင်၊ သောက်စရာ အပေါ်စားရှန်ပိန်အရက်ချိုတဗူလင်း၊ စားစရာ ချေခဲ့စိမ် ကမာကောင် တပန်းကန်စီ၊ ပြီးတော့ မျက်နှာချင်းဆိုင်မှာက....။ မျက်လုံးစိမ်းစိမ်းနှင့် ဖွံဖွံ့မကလေးတယောက်၊ အဲဒါက မှ ခရီးတေးတေးရှိပါလိမ့်အုံးမည်ဖြစ်ပါသည်။

အမှန်တော့ အင်္ဂလိပ်လူမျိုးတိုင်းထိုသို့စားနိုင်ကြသည်မဟုတ်ပါ။ အများစုသည် ထိုသို့ခန်းနားကြီးကျယ်လှသည့် ကလားရစ်ဂျက်(စ်) ဟိုတယ်ကြီးမျိုးကိုမဆိုထားပါနှင့် မြို့လည်ရှိ အသင့်အတင့် နံမည်ကြီးသော အလည်အလတ်တန်းစား စားသောက်ဆိုင်တို့သို့ပင် မကပ်နိုင်ကြပါ။ မိမိတို့အိမ်တွင်သာ မီးဖိုချောင် စားပွဲ၌ အသားနှင့်အသီးအနှံတို့ကို ရောနှောပြုတ်ကြိုထားသော ဟင်းတခွက်ကို ပေါင်မုန့်နှင့်တို့ကာ လွေးကာစားတတ်ကြသည် ဖြစ်သည်။ တနင်္ဂနွေနေ့နှင့် နေ့ကြီးရက်ကြီးတို့တွင်မှသာမှ ဝက်ကြက် အမဲစသည့် ပြုတ်ကြော်တခွက်၊ ဟင်းရွက်ဟင်းသီးတပန်းကန်၊ ပူတင်းစသောအချိုပွဲတို့ဖြင့် ဖွယ်ဖွယ်ရာရာ မိသားစု ခုံဝေးစားသောက်ကြသည်။ အဲဒီအခါများမှာတော့ ကျကျနနဝတ်စားပြီးမှ လှပစွာခင်းကျင်းထားသော စားပွဲတွင်ထိုင်သည်။

မည်သို့ပင်ဖြစ်စေ လူတမျိုးနှင့်တမျိုး မလေ့ထုံးစံချင်း မတူနိုင်ကြပါ။ အကြိုက်ချင်းမတူနိုင်ကြပါ။ ထို့ကြောင့်ကျွန်တော်တို့က ငါးပိကိုကြိုက်သလို သူတို့က အမဲသားပြုတ်ကို ကြိုက်ကြ





ပါက ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်လျှာနှင့်အညီ စားကြပါစေ၊ အရသာတွေ့ကြပါစေ။

ထိုညက ထိုထမင်းစားပွဲကလေးအပြီး ဧည့်သည်ပြန်သွားသည်နှင့် ဗိုလ်ချုပ်ကြီးနှင့် ကျွန်တော်တို့လူစုသည် ကိုတင်မှာကြားထားသော တရုတ်ထမင်းဆိုင်သို့ ဆိုင်မပိတ်ခင် အမှီပြေးခဲ့ကြပါသည်။

အဲဒီမှာ ထမင်းကြော်၊ ခေါက်ဆွဲကြော်၊ အစိမ်းကြော်၊ သယ့်နှစ်မျိုးဟင်းချိုစသည့် ဟင်းမျိုးစုံ။

အရသာတွေ့လိုက်ကြသည်မှ ခေါင်းပင် မဖော်နိုင်ကြတော့။

* * * *

## အနောက်တိုင်း-ဒန့်(စ)

စစ်သုံးမှုအဖြစ် လပိုင်းမှ နှစ်ပိုင်းသို့ ကူးပြောင်းလာခဲ့တော့ "ကလားရစ်ဂျက်(စ)" ဟိုတယ်ကြီးနှင့် သာမက "ဆဗွိုင်း" "ဒေါ်ချက်စတာ" အစရှိသည့် ဟိုတယ်ကြီးတို့နှင့်လည်း အတော်ပင် မျက်မှန်းတန်းမိလာပြီ ဖြစ်ပါသည်။ ထိုဟိုတယ်ကြီးတို့တွင် ပြုလုပ်သည့် "ကောက်တေးပါတီ" "ဒင်းနားပါတီ" စသည်တို့သို့ တက်ရောက်ရသည့် အခါအခေါက်တို့ကလည်း မရေမတွက်နိုင်တော့။

ထိုသို့သော ပွဲတို့သို့ တက်ရောက်ရသည်တွင် ကျွန်တော် အကြောက်ဆုံးသော ပွဲကတော့ စစ်သုံးမှုများ အဖွဲ့အစည်းမှ မကြာခဏ ပြုလုပ်တတ်သည့် "ဒင်းနားအင် ဒန့်(စ)" ဟုခေါ်သော ညစာစားပွဲနှင့် ပူးတွဲပြုလုပ်သည့်ကပွဲများဖြစ်ကြပါသည်။

ထိုကဲ့သို့သောပွဲတို့သည် ညခုနှစ်နာရီ ရှိမှနေ့မှစပါင်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဖျော်ယမကာများသုံးဆောင်ကြပြီး ရှစ်နာရီထိုးခန့်တွင် စားတော်ကဲကြီးက အသံသြဇာပြည့်စုံစွာဖြင့် အခန်းဝမှနေ၍ ကြေညာလိုက်ပါလိမ့်မည်။

"ဂုဏ်သရေရှိ အမျိုးသမီးများနှင့် လူကြီးမင်းများခင်ဗျား၊ ညစာစားပွဲ သုံးဆောင်ရန် အရုံသင့်ရှိနေပါပြီခင်ဗျား...."

ထိုအခါမှ ထမင်းစား ခန်းမကြီးသို့ ဝင်ခဲ့ကြ၍ ကိုယ့်နေရာ အသီးသီးတို့တွင်ထိုင်ကြရသည်။ ထို့နောက် တပျော်တပါးကြီး စားကြသောက်ကြ။

ထိုမျှအထိကတော့အဆင်ပြေလှသည်။ စားလို့သောက်လို့ပြီးကြလို့ ကပွဲခန်းမကြီးသို့ကူးပြောင်းလာခဲ့ကြတော့မှ ကျွန်တော်ကဲ့သို့သော မကတတ်သူတွေအဖို့ မဟာအခက်နှင့် ရင်ဆိုင်ကြရပါတော့သည်။

တီးဝိုင်းကတေးသွားတပုဒ်ကို စတင်လိုက်သည်နှင့် ဖိုမအတွဲတွေ အတွဲတွေ....၊ခန်းမအလည်သို့သွားရောက်ကြပြီး ငြိမ့်ငြောင်းစွာဖြင့် ရင်ချင်းအပ်ကကြသည်။ထိုအခါများ၌ ကျွန်တော်သည် ထွက်ခွာခဲ့ရန်ကလည်း ရှိုင်းရာကျမည်ဖြစ်သဖြင့် ကပွဲပြီးစီးသည်အထိ ချောင်ကောင်းကောင်း တခုကိုရှာပြီး လိမ္မော်ရည်ကိုသာ တခွက်ပြီးတခွက်သောက်နေရတတ်ပါသည်။

သို့ရာတွင် တခါတရံ၌မူ ရှောင်၍မရ။ အမျိုးသမီး တဦးဦးက မြင်တွေ့သွားလျှင် လာ၍ အတင်းအဓမ္မဆွဲခေါ်သွားတတ်ပါသည်။

"အို၊ ကာနယ်....၊ဘယ့်နှယ်ထိုင်နေရတာလဲ....လာပါ၊အကြရအောင်...."

"ကျွန်တော် မကတတ်လို့ပါခင်ဗျာ"

"အို၊ မဟုတ်ထာ၊ ကျမ သင်ပေးမှာပေါ့...."





သို့ဖြင့် မြန်မာစစ်သံမှူးကြီးခမျာ သူခေါ်ရာသို့ ယက်ကန်ယက်ကန်ဖြင့် ပါသွားရပါတော့သည်။

တေးသံမဆုံးမခြင်း သူဖေးယူတွဲခေါ်ရာသို့ ဟိုမှသည်၊ သည်မှတို၊ လမ်းလျှောက်ခါလိုက်ရသည်။ ထိုသို့ တချီဘမောင်းဆင်နွှဲပြီးသည့်နောက်မှာတော့ ထိုအမျိုးသမီးသည် ကျွန်တော့်အားနောက်ထပ် ကရန်မခေါ်တော့ပါ။ ယဉ်ကျေးသူပီပီ မဲ့ပြုံးကလေးဖြင့်"ကျေးဇူးတင်ပါတယ်"ပြောပြီး ကနေခဲ့ကြစဉ်က သူ့ခြေထောက်ကို ကျွန်တော်နင်းလိုက်မိသည့် ဒဏ်ရာ ဒဏ်ချက်တို့ဖြင့် ကျွန်တော့်အပါးမှ ထော့ကျိုးထော့ကျိုးနှင့် ခပ်သုတ်သုတ်ကလေးထွက်ခွာသွားတတ်ပါသည်။

ထို့ကြောင့် ဆုံးဖြတ်လိုက်သည်။ ကိုယ့်တိုင်းပြည်၏မျက်နှာမငယ်စိမ့်သောငှါ....ကျွန်တော်သည် အနောက်တိုင်းဒန့်(စ)အကကို သင်ပါတော့မည်။

သို့ရာတွင် သွေးကမနီလှသဖြင့် တော်တော်နှင့် မသင်ဖြစ်ခဲ့။

တညမှာတော့ မြန်မာပြည်မှ ဤတိုင်းပြည်သို့ ကြာမြင့်စွာကရောက်ရှိနေပြီး လန်ဒန်မြို့ကြီးကို ခါးစောင်းတင်ထားသူ သူငယ်ချင်းတဦးကလာ၍ခေါ်သည်။

"လာဗျာ၊ ဂျိုးပစ်သွားရအောင်"

ဂျိုးပင်၊ လန်ဒန်မြို့ကြီးမှာ ညကြီးအချိန်မတော်ဘယ်မှာများသွားပြီး ဂျိုးငှက်ကလေးတွေကို ပစ်မလို့ပါလိမ့်၊ သူ့ကိုနားမသည်သလိုဖြင့်သာ မော့ကြည့်နေမိရပါသည်။

"ဘာ....၊ ဘယ်လိုဗျ...."

"ဂျိုးပစ်လေ....၊ ဂျိုးသွားပစ်ရအောင်"

ကျွန်တော် နားမလည်သေးမှန်းသိလို့ သူက ရှင်းပြတော့မှ ကျွန်တော့်မှာ သဘောပေါက်ပြီး တဟားဟားရယ်မောလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဂျိုးပင့်တဲ့၊ ကြိုက်သကွာ။ ပျင်းပျင်းနှင့်မို့ သူနှင့်အတူ သူပြောသည့်အတိုင်း ဂျိုးပစ်ရန် လိုက်ပါသွားခဲ့ပါသည်။

သွားကြသည့်နေရာက "မက်စင်း(မ)"ဟု ခေါ်သောကပွဲရုံကြီးဖြစ်သည်။ ကပွဲရုံကြီးမှ လူပေါင်း ထောင်နှင့်ချီ၍ ဆံ့သည့်ကပွဲရုံကြီး။ ကပွဲနေရာတွင် ဆိုင်းချက်နှင့် ညီညီကနေကြသည့်စုံတွဲတို့ကလည်း တတွဲနှင့်တတွဲ မလှည့်သာမလှုပ်သာ ပြွတ်ကျပ်လျက် တရွရွသာလှုပ်ရှားနေကြသည့် လူ့အပြင်ကြီးတခု ဖြစ်နေသည်။ သရက်စေ့တစေ့တွင် အုံခဲနေကြသည့် ယင်မဲတွေလို။

ကျွန်တော့်သူငယ်ချင်းသည် စီးကရက်ကို နှုတ်ခမ်း၏ ညာဘက်စွန်းတွင် တေ့တေ့ကလေးတေ့ကာထားသည်၊ ပြီးတော့ မျက်လုံးတို့ကို ညို့ဓါတ်အများဆုံးဖြင့်မေးကာဘေးဘီတို့ကို ဝေ့ကာ ငိုက်ခါတချက်ကြည့်လိုက်သည်။ မိန်းမပျိုတို့သည် အများအားဖြင့် သူ့အတွဲနှင့်သူ။ သို့ရာတွင် အတွဲမပါသော လုံမတို့ကလည်းရှိကြပါသေးသည်။ ဂျိုးမကလေးတွေ၊ ဂျိုးမြူမကလေးတွေ၊ လည်တိုင်ကလေးတွေတမော့မော့၊ကိုယ်ဟန်ကလေးတွေကတကြော့ကြော့။

ဟော....တွေ့ပါပြီ။ ထိုသို့သော အသာလိကော ပိုင်ရှင်မှ တကောင်။ ထိုမိန်းမပျိုသည် ရုပ်ရည်သင့်သည်။ တင့်သောကိုယ်ဟန်လည်းရှိသည်။

သူငယ်ချင်းသည် ကျွန်တော့်ကိုပင် နှုတ်မဆက်ခဲ့၊ ထိုအမျိုးသမီးထံသို့ ဂျိန်းဘွန်း၏ခြေလှမ်းမျိုးဖြင့် တလှမ်းချင်းလှမ်းလာသွားသည်။ အနီးသို့ရောက်တော့ နှုတ်ခမ်းတို့ကို လှုပ်ရုံမျှ မပွင့်တပွင့်ဖြင့် တစုံတခုကိုပြောသည်။

ကျွန်တော့် သူငယ်ချင်းကတော့ ဂျိုးပစ်နေပါပြီ။

ပဥ္စမတော့ ထိုအမျိုးသမီးတ ခပ်တည်တည်။ ထို့နောက်





တခြေးခြေးမြူးကာရယ်ကာဖြစ်လာသည်။ မကြာခင် သူတို့နှစ်ဦးရင်ချင်းအပ် ပါးချင်းကပ်ခါ သာယာငြိမ့်ငြောင်းသောဂီတတွင် ယစ်မူးလျက်ကနေကြပါပြီ။ ဂျိုးတကောင်တော့ဖြင့်ရလိုက်ပါပြီ။

ကျွန်တော့်မှာသာ ဒန့်(စ)မလုပ်တတ်သောကြောင့် မျက်နှာငယ်ရလေခြင်း။

ထို့ကြောင့် ထိုအခြေအနေကို အမြန်ဆုံးပြုပြင်ရန် ထပ်ဆင့်ဆုံးဖြတ်လိုက်ပြီး အကသင်တန်းတခုကိုရှာသည်။ တွေ့ပါသည်။ အောက်စဖို့ လမ်းမကြီးပေါ်တွင်ရှိ မြေအောက် ကပွဲခန်းမကြီး။ တဦးတည်းသီးသန့် သင်ပေးပါမည်၊ တနာရီလျှင် ဆယ်သျှီလင်၊ သို့ရာတွင် အကသင်ပေးမည့်ဆရာက အမျိုးသမီး။ အမျိုးသမီးမှ လှပနုပျိုသော အသက်နှစ်ဆယ့်ငါးနှစ်အရွယ် အမျိုးသမီး။

မတတ်နိုင်ပါ။ အမျိုးသမီး ဆရာဆိုလဲ အမျိုးသမီးဆရာဘဲပေါ့၊ သင်တော့ဖြင့်သင်ရပါမည်၊ ကတတ်ဖို့ကသာ အဓိက။ ထို့ကြောင့် တပတ်လျှင်တကြိမ် နေ့လည်အားလပ်ချိန်တို့တွင် သွားရောက် သင်ကြားခဲ့ပါသည်။

ပဥ္စမဆုံးသင်ခန်းစာအဖြစ် ကိုယ့်အတွဲအား မည်သို့မည်ပုံကိုင်တွယ်ရမည်ဆိုသည်ကိုပြသည်။

"ခြေကို ဒီလိုထား၊ ဘယ်လက်ကို ဒီလိုကိုင်၊ ညာလက်က ဒီမှာ...."

အမျိုးသမီးက ကျွန်တော့်ညာလက်ကိုဆွဲယူလိုက်ပြီး သူ့ခါးအထက်နားဆီတွင် အုပ်ခါထားလိုက်သည်။ ဆရာက ထားပေးသည်ဖြစ်သဖြင့် ကျွန်တော့်မှာ ကိုယ့်လက်ကို မရွေ့ဝံ့၊ မလှုပ်ဝံ့၊ အသက်ပင် ရှဲရှဲမရှူဝံ့။

ထို့နောက် ဓါတ်စက်ကိုဖွင့်သည်။ဒါက "ဝေါ့(လ်စ်)" သူက



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြီသည်။ ခြေလှမ်းက ဟောဒီလို....ဟောဒီလို....၊ စီးချက်က ဝမ်း-တူး-သရီး....ဝမ်း-တူး-သရီး....။

ထို "ဝေါ့(လ်စ်)တွင်ပင် တလခန့်ကြာသည်။ ပြီးတော့.... "ဖေါက်(စ)ထရော့"။ သူကတော့ ဝမ်း-တူး-သရီး-ဖိုး....၊ ဝမ်း-တူး-သရီး-ဖိုး....။

ဒါကအနှေး၊ ဟောဒီလိုကအမြန်။

အမယ်....၊ နဲနဲပါပါး ကတတ်လာတော့လဲ ဝေဟင်မှာ လေယာဉ်စီးရသလို ရင်တွင် တငြိမ့်ငြိမ့်။

သို့ရာတွင် "ရမ်းဘား" အကသို့ရောက်တော့ ကိုယ့်လိပ်ပြာကိုယ်မယုံသလိုဖြစ်လာမိရပါသည်။ တယ်လဲတုန်ရလှုပ်ရတဲ့ အကမျိုးပါကလား။ ဒူးတို့ကိုညွတ်လိုက်၊ ခါးကလေးကိုနွဲ့လိုက်၊ တင်ပါးဆုံတို့ကိုခါလိုက်။

ဆရာမကလေး ကပြတော့ဖြင့် ကြည့်လို့တယ်ကောင်း၊ သို့ရာတွင်အခန်း၏တဘက်တွင်ထောင်ထားသောကိုယ်လုံးပေါ်မှန်ကြီးအတွင်းမှ ကျွန်တော့်ကိုယ်ကို ကျွန်တော် မြင်လိုက်ရတော့မှ အတော်ကလေးအမြင်တပ်သွားမိရပါသည်။

တဖြေးဖြေးဖြင့်ကရင်းကရင်း ကိုယ့်ကိုယ်ကိုကိုယ်ပင်မကြည့်ညိုတော့။

ထို့နောက်တော့ အကသင်တန်းသို့ မသွားတော့။

ဒန့်(စ)လဲမလုပ်တော့။

* * *

နန်းတက်ပွဲ

ကပွဲပါသည့် ညစာစားပွဲတို့တွင် မကတတ်သဖြင့် စိတ်ညစ်ရသည်နှင့်အမျှ စစ်သမ္မုး တယောက်အနေဖြင့် တက်ရောက်ခဲ့ရသည့် အခြားပွဲလမ်းသဘင်တို့ကတော့ ကြည်နူးစရာဝိတ်ဝင်စားစရာ ကောင်းကြသည်။

တနှစ်တခါ တက်ရောက်ရသော "ဆင်းဟာတ်(စ)"စစ်တက္ကသိုလ် ဗိုလ်လောင်းကျောင်းဆင်းပွဲ၊ "ဖန်ဘာရာ"လေယာဉ်ပျံပြပွဲ၊ ဘုရင်မကြီး မွေးနေ့စစ်ရေးပြ အခမ်းအနား၊ သံရုံး အဖွဲ့သားတို့အား ဘုရင်မကြီးက လက်ခံတွေ့ဆုံပွဲ စသည်တို့ဖြစ်ကြသည်။

ကျွန်တော်တို့အဖို့ အထူး ကံကောင်းသည်က ယခုလက်ရှိ အယ်လစ်ဇဘက် ဘုရင်မကြီး၏ နန်းတက်ပွဲကို မှီလိုက်ခြင်းပင် ဖြစ်ပါသည်။

၁၉၅၃ခုနှစ်၊ ဇွန်လ ၂ ရက်နေ့။

ဒုတိယ အယ်လစ်ဇဘက် ဘုရင်မကြီး၏ နန်းတက်ပွဲ။

ခမ်းနားကြီးကျယ်လှပါပေသည်။ "ဝက်(စ)မင်စတာအယ်ဘေး"ဘုရားရှိခိုးကျောင်းကြီးတွင် ဘုရင်မကြီးဘိသိက်ခံယူသည့် အခမ်းအနားသို့မူ သံအမတ်ကြီးများသာ တက်ရောက်ခွင့်ရကြသည်။ ကျွန်တော်တို့စစ်သမ္မုးတို့ကမူ "ဘတ်ကင်ဟမ်"နန်းတော်၏ တံခါးမကြီးအနီးတွင် အထူးဆောက်လုပ်ထားသော မဏ္ဍပ်တို့မှ ဘုရင်မကြီးအထွက်နှင့် အဝင်တို့ကို ကြည့်မြင်ကြရသည်။ ထိုနေ့က နံနက်လင်းသည်နှင့် လမ်းတို့ကိုပိတ်ထားမည်ဖြစ်သဖြင့် ကျွန်တော်တို့ မိသားစုသည် မလင်းမှီကပင် စောစီးစွာ သွားရောက်နေရာ ယူကြရသည်။ တနေ့လုံး နေကြရမည် ဖြစ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လည်း စားစရာသောက်စရာများတို့ကို သယ်ယူသွားကြရသည်။ အခြားသူတို့လည်း ထိုနည်းအတူ ဖြစ်ကြသည်။ ထို့ကြောင့် ကျွန်တော်တို့၏ မဏ္ဍပ်ဘခုလုံးသည် ပျော်ပွဲစား ထွက်နေကြသည့်နှင့်ပင် တူလှပါသည်။

မိုးမှန်ကလေးတွေက တနေ့လုံးလိုလို တဖွားဖွားကျနေကြသည်။သို့ရာတွင် အင်္ဂလိပ် လူမျိုး တမျိုးလုံး၏ အဖို့ကတော့ နေ့ထူး နေ့မြတ်ကြီး ဖြစ်သဖြင့် မိုးကိုလည်း ဂရုမစိုက်နိုင်ကြ ချမ်းအေးသည်ကိုလည်းမမှုနိုင်၊ အများအားဖြင့်ကမူ ယမန်နေ့ညနေကပင် လာရောက်နေရာ ဦးထားကြသူများ ဖြစ်ကြသည်။ "ဝက်(စ)မင်စတာအယ်ဘေးနှင့် ဘတ်ကင်ဟမ်" နန်းတော်ကြီး အကြား မုခ်ဦးများအလံတိုင်များဖြင့် ဆင်ယင်ထားသည့် လမ်းမကြီးတလျှောက် ဘေးတဖက်တချက်တို့တွင် ကျိတ်ကျိတ်ခဲနေကြသည်။ ထိုလူအုပ်ကြီးတို့၏ ရှေ့မှာတော့ ပုခုံးချင်း ယှဉ်မျှ စီတန်းနေရာ ယူထားကြသော ကိုယ်ရံတော် တပ်သားတို့က ကျောက်ရုပ်များပမာ မလှုပ်မရှက်၊သူတို့၏ အနက်ရောင်ဝက်ဝံသားမွေးဦးထုပ် မြင့်မြင့်ကြီးများ၊ သူတို့၏ အနီရောင်ရဲရဲကုတ်အင်္ကျီများ၊သူတို့၏ နက်ပြာရောင်ဘောင်းဘီများတို့ကမိုးရေဖျန်းထားသည့်ကတ္တရာစေးလမ်းမကြီးအပေါ်တွင်ရောင်စုံတဖိတ်ဖိတ်။

ကိုးနာရီခန့်တွင်စတင်၍ မောင့်ဘက်တင်မင်းသမီးအပါအဝင် ရင်းချာသော ဆွေတော်မျိုးတော်များ၊ နိုင်ငံခြား မင်းမျိုးမင်းနွယ်များ၊ နိုင်ငံတကာ၏ အစိုးရကိုယ်စားလှယ်တော်များ၊ ဗြိတိသျှ လက်အောက်ခံပြည်နယ် စော်ဘွားများတို့သည် ကိုယ်စီကိုယ်ငှ မြင်းက ရထားများဖြင့် ဘတ်ကင်ဟမ်နန်းတော်မှ ဝက်(စ) မင်စတာအယ်ဘေးသို့ ထွက်ခွာသွားကြသည်။

မကြာမီ ဘုရင်မကြီးနှင့်ကြင်ရာတော် ဖိလစ်မင်းသားကြီးတို့





ထိုက်ပါလာသည့် မြင်းရှစ်ကောင်က ရထားလုံးသည် ရွှေရောင်တဝင်းဝင်းဖြင့် နန်းတော်တွင်းမှ ထွက်လာသည်။ လူအုပ်ကြီး၏ တစ်အောင်ကောင်းခြီးသြဘာပေးလိုက်ကြသည့် အသံတို့က မရပ်မနား တခဲနက်ရှိလှပါသည်။

မြင်းတွေက အသေးတူ၊ အမွေးတူ အဖြူရောင်၊ ရထားက အမိုးအလည်တဲ့တဲ့တွင် သရဖူ၊ ကျန်အစိတ်အပိုင်းအားလုံးတို့က နှပ်ကြွပန်းနွယ်ပန်းခက်များ၊ ထစီးလုံးရွှေရောင်တညီးညီး။ ထိုရထား၏နောက်တွင် မြင်းစီးကိုယ်ရံတော်တပ်။ မြက်ခင်းတခုလုံးသည် ညိုမှိုင်းလျက်ရှိသည့် ကောင်းကင်ပြင်နှင့် ဖီလာဆန့်ကျင်သည့် ရွှေရောင် ငွေရောင် မြရောင် ပတ္တမြားရောင်၊အားလုံးသည် တဖိတ်ဖိတ် တလက်လက် တဝင်းဝင်း တလျှပ်လျှပ်။

ထိုနေ့ကတော့ ကမ္ဘာ့အလည်တွင် အင်္ဂလန်ပြည်၏နေ့။
ဒုတိယအယ်လစ်ဇဘက်ဘုရင်မကြီး၏နေ့။

*   *   *

## ရှေ့တော်သွင်းအခန်းအနား

ရှေးခေတ်ကမူ အင်္ဂလိပ်လူမျိုး မင်းစိုးရာဇာ သူဌေးသူကြွယ်စသူတို့၏ သမီးကညာများ အရွယ်ရောက်လာပါက ကြီးကျယ်ခန်းနားလှသည့် ကပွဲကြီးများဖြင့် ပွဲထုတ်သည့်အလေ့အထ ရှိခဲ့သည်။

တနည်းဆိုရလျှင် ကျွန်တော်ကျွန်မတို့၏သမီး မနှင်းဆီသည် အပျိုကညာဖြစ်ပါပြီ၊ မင်္ဂလာပြုနိုင်သောအရွယ်သို့ရောက်ရှိပါပြီ၊ ထူဂုဏ်တန် သားရှင်များ အောင်သွယ်တော်ကြီးများတို့ လာ

www.burmeseclassic.com



ရောက်ကြည့်ရှုကြပါကုန်၊ လာရောက် အကဲဖြတ်ကြပါကုန်ဟု ကြေညာခြင်းဖြစ်သည်။

ပြည့်ရှင်ဘုရင်မင်းမြတ် သို့မဟုတ် ဘုရင်မကြီးတို့အလည်း ထိုသမီးကညာတို့အတွက် ပွဲကြီးလမ်းကြီးဘခု ခင်းကျင်းပြီး လက်ခံတွေ့ဆုံ ရှုစားအသိအမှတ်ပြုတော်မူသည့် အလေ့အထရှိခဲ့ပါသည်။

အလားတူ ရှင်ဘုရင် သို့မဟုတ် ဘုရင်မကြီးကပုဂ္ဂိုလ်အချို့တို့ကို လက်ခံတွေ့ဆုံ အသိအမှတ်ပြုသော အခန်းအနားတခုကိုလည်း ယနေ့တိုင်ပြုလုပ်ဆဲဖြစ်သည်။ ထိုပွဲမှာ သံရုံးအသီးသီးတို့မှ အရာရှိနှင့် ဇနီးများတို့ကို ပြည့်ရှင်ဘုရင်–ဘုရင်မကြီးတို့အား အင်္ဂလိပ်ဘာသာဖြင့် "ပရိဆင့်" ရွှေတော်သွင်းသည့်ပွဲလမ်းအခန်းအနားပင် ဖြစ်ပါသည်။ ထိုပွဲကို ဘနှစ်လျှင်တကြိမ်ပြုလုပ်သည်။

ကျွန်တော် ဗိလပ်သို့ရောက်ရှိပြီး တနှစ်ခန့်အကြာတွင် ထိုပွဲသို့ တက်ရောက်ရန်၊ တနည်းသော် ရွှေတော်သို့ဝင်ရောက်ရန်အလှည့်ကျလာပါသည်။

ထိုညက ကျွန်တော်တို့ ဇနီးမောင်နှံသည် သံအမတ်ကြီး၏ မော်တော်ကားဖြင့် ဘတ်ကင်ဟမ်နန်းတော်ကြီးအတွင်းသို့ ဝင်ကြရသည်။ မော်တော်ကား ဆိုက်လိုက်သည်နှင့် ရှေးခေတ်အဝတ်အစားတို့ကို ဝတ်ဆင်ထားကြသော မင်းလုလင်တို့က အခန်းကြီး အခန်းငယ် အခန်းအသွယ်သွယ်တို့မှ အဆင်သင့်စောင့်ကြိုနေကြသည်။ ထိုအခန်းတို့ကလည်း လုပစွာထွန်းညှိထားသည့် ဖလ်ပဒေသာ ပန်းဆိုင်းမီးလုံးကြီးတို့ဖြင့် ထိန်ထိန်ညီးနေကြသည်။

ကျွန်တော်တို့သည် ခန်းလုံးပြည့်ခင်းထားသည့် နင်းရက်စရာမရှိသော မွေးပွကော်ဇောကြီးတို့အပေါ်တွင်တအိအိဖြင့်လျှောက်လျှက် ကျယ်ပြန့်လှသည့်လှေခါးကြီးတို့မှအထက်ထပ်သို့ တက်ကြရသည်။တခန်းထက် တခန်း ပန်းထိုးရက်လုပ် ရုပ်လုံးဖော်ထားသော ပိုးသားနံရံကပ်ပန်းချီလိုက်ကာကြီးများ၊ ကြီးမားလှသည့် ပန်းချီကားချပ်ကြီးများ၊ ပန်းပုရုပ်များတို့ဖြင့် ပို၍ပို၍လှပဆန်းကျယ်ခမ်းနားလာသည်ဟုပင် ထင်မှတ်ရပါသည်။

ဘုရင်မကြီးနှင့် တွေ့ဆုံရမည့် ခန်းမဆောင်ကြီးသို့ ရောက်တော့ ဘွဲ့တံဆိပ်တို့ကို အပြည့်အစုံ တပ်ဆင်ထားသည့် မှူးကြီးမတ်ကြီးများ၊စိန်သရဖူတို့ကို တလျှမ်းလျှမ်းတလျှပ်လျှပ်ဆောင်းထားကြသည့်အပျိုတော်ကြီးများဟိုက အပြုံးတကာ့အပြုံးတို့ဖြင့် ခရီးဦးကြိုပြုကြပြန်သည်။

အချို့သော သံရုံးအဖွဲ့တို့ရောက်ရှိနေကြပါပြီ၊ ထို့ကြောင့် ကျွန်တော်တို့သည်သတ်မှတ်ပေးထားသော နေရာတွင်ဝင်ရောက်နေရာယူလိုက်ကြရသည်။ ထိုအခန်းကြီးထဲ၌ ၊ ကုလားထိုင်တို့ကို ချမထား၊ သံရုံးအဖွဲ့လိုက် အရာရှိစုံတွဲတွေသည် ရှေ့နောက်စီ၍ ရပ်ကြရသည်။

တခန်းလုံးကတော့ ပြိုးပြိုးပြက်ပြက် တဖိတ်ဖိတ် တလက်လက်။

တခဏကြာတော့ ဘုရင်မကြီးသည် ဆွေတော် မျိုးတော် အပျိုတော်တို့ခြံရံလျှက် ကြွရောက်လာသည်။အဖြူရောင်ဖဲဂါဝန်ရှည်ကြီးကို ဝတ်ဆင်လျှက် သင့်တင့်ရုံမျှ လက်ဝတ် ရတနာတို့ကိုသာ ဆင်မြန်းထားသည်။ သူ့ခေါင်းပေါ်မှာတော့ စိန်တို့ဖြင့် စီခြယ်ထားသည့် သရဖူငယ်တခုကို ရွှန်းရွှန်းမျှ တင်ထားသည်။

သူသည် အင်မတန်မှ ကျက်သရေ ရှိလှပါသည်။ ရင့်ကျက်သော သူ့မျက်နှာကချိုမြသော အပြုံးကို ဆောင်ထားသည်။

ထိပ်ဆုံးတွင်ရှိနေသည့် သံရုံးအဖွဲ့မှစတင်ကာ တဖွဲ့တွဲစီတို့

www.burmeseclassic.com



၏ ရှေ့တွင်ရပ်နားပြီး လေးလေးစားစားဖြင့် ရင်းနှီးစွာ နှုတ်ဆက်ပါသည်။ ထိုလူမျိုးစုံသံရုံးအဖွဲ့ဝင် အမျိုးသမီးတို့၏ ဝတ်စားဆင်ယင်မှုတို့ကို စိတ်ပါဝင်စားစွာဖြင့် ရှုစားသည်။ သိလိုသည်တို့ကို ယဉ်ကျေးသိမ်မွေ့စွာဖြင့် မေးမြန်းသည်။

သို့ဖြင့် ကျွန်တော်တို့သံရုံးအဖွဲ့၏ ရှေ့သို့ ရောက်လာပါပြီ။

ထိုအခါ သံအမတ်ကြီးက....

"ယော်....မက်ဂျစ်စတီး.... (ဘုရင်မကြီးခင်ဗျား)၊ ကျွန်ုပ်၏ စစ်သံမှူးဖြစ်သည့် ဒု ဗိုလ်မှူးကြီး တင်မောင်နှင့် ဇနီးတို့အား ရှေ့တော်သို့တင်သွင်းခွင့်ပြုရန်ခင်ဗျား...."

ကျွန်တော်နှင့် နှတ်ဦးက ဦးညွှတ်ပြီးရိုသေသမှု ပြုလိုက်ကြပါသည်။ အင်္ဂလိပ် လူမျိုးသာဖြစ်ပါက အမျိုးသမီး ဖြစ်သူသည် ဘယ်ဘက်ဒူးကိုမြေနှင့် ဆိသုန်းပါးညွှတ်ကွေး၍ အရိုအသေပြုရပါလိမ့်မည်။

ဘုရင်မကြီး၏ မျက်လုံးဘို့က တချိန်လုံးနူးထံဘွင်သာရှိနေကြသည်။

ဗိုလပ်ရောက်တာ ဘယ်ရောက်ကြာပါပြီ ပဲ၊ ဒီမှာအမှုထမ်းရတာ ပျော်ပိုက်ပါရဲ့လား၊ အစားအသောက်တွေကိုရောအလေ့အကျင့် ရရှိပါပြီလား၊ မြန်မာ အမျိုးသမီးတွေဟာ ဒီလိုဘဲ အမြဲဝတ်ဆင်တတ်ကြပါသလား....။ မေးရင်းမြန်းရင်းမှ အနီးရှိ အပျိုတော်ကြီးတဦးသို့လှည့်ကာ....

"အင်မတန်မှ သိမ်မွေ့နူးနယ်တဲ့ အမျိုးသမီးဘဲနော်...."

"ဟုတ်ပါရဲ့....၊ အဝတ်အစားတွေကလဲ လှပတောက်ပြောင်လိုက်တာ၊ အံ့သြစရာပါဘဲ"

ဘုရင်မကြီးရှေ့သို့ ဆက်လက်လျှောက်သွားတော့ ကြင်ယာတော်ဖိလစ် မင်းသားကြီးသည် လက်တို့ကို နောက်သို့ ပစ်ခါ





ရောက်ရှိလာသည်။ သူကတော့ မချိုမချဉ် မျက်နှာပေးဖြင့် ပြုံးနေသည်။ သူသည် အင်မတန်ပွင့်လင်းသည်ဟု နံမည်ကြီးသူ ဖြစ်ပါသည်။ အဖွဲ့တိုင်း၌ ရီစရာ အရွှန်းကလေးတို့ကိုဖေါက်ပြီး ခပ်ရွှင်ရွှင်ပင်နှုတ်ဆက်သည်။

သူပြီးတော့ မယ်တော်ဘုရင်မကြီး၊ ချစ်စရာ အဘွားကြီး။ သူနှင့်အတူ ညီမတော် မာဂရက်မင်းသမီး။

ထိုမျက်လုံး။ မာဂရက်မင်းသမီး၏ ထိုချက်လုံးဘို့ကိုနီးကပ်စွာ မြင်ဖူးကြသူတို့အဖို့ မေ့နိုင်ကောင်းစရာမဟုတ်။ ကျွန်တော်တို့ မြန်မာများကသမင်မျက်သိုး၊ ရွှေမျက်လုံး။ အခြားဘာသာစကားနှင့်လည်း အသီးအသီး တင်စားဖွဲ့ဆိုကြမည်ဖြစ်သော်လည်း ယိုမျက်လုံးတို့၏အလှကိုမူ မည်သည့်ပန်းချီဆရာ မည်သည့် ကဗျာဆရာကမှ မှီအောင်ရေးစွမ်းသီကုံးနိုင်ကြမည်မဟုတ်ပါ။ အသက်ပါလွန်းလှပါသည်။ ရှန်းလဲ့လွန်းလှပါသည်။ ထိုမျက်လုံးတို့က ရီနေကြသည်။ တချိန်ထဲ၌ပင်မြွေမြွေကလေးရှိနေသည်။အကြည့်ဆာ စူးရှသည်နှင့်အမျှ ညှို့သက်သည်။

ထိုအခမ်းအနားပြီးတော့ တဖက်တွင်ရှိ အခန်းကြီး တနေသို့ ထူးပြောင်းကြပြီး အဖျော်ရည်နှင့်မုံ့တို့ကို စားသုံးကြရသည်။

ကျွန်တော်သည် စားသောက်ခန်းထက်နံရံတို့တွင်ဆွဲချိတ်ထားသော ပန်းချီကားကြီးများ နံရံကပ် ပန်းထိုး ပန်းချီကား လိုက်ကာကြီးများနှင့် ပန်းပုရုပ်များတို့ကိုသာ စိတ်ဝင်စားနေသည် ဖြစ်ပါသည်။ နားလည်၍တော့မဟုတ်၊ သို့ရာတွင် တွေ့မြင်နေရသ၍ ပန်းချီပန်းပုတို့၏ လက်ရာပြောင်မြောက်မှုတို့ကိုတော့ စိတ်မြင့်ခံစားသိရှိနေရသည်။

ထို့ကြောင့် နံရံတလျှောက်တွင်တဖြေးဖြေးခြင်းလျှောက်ခါ တအံ့သြသြငေးမောကြည့်ရှုလာပါသည်။ အခန်းကြီး၏ ချောင်



www.burmeseclassic.com

www.burmeseclassic.com



ကျကျ တနေရာသို့ရောက်လာသည်၊ အဲဒီမှာ စားပွဲငယ်တခုတွင် အဖိုးကြီး တယောက်သည် သူ၏ဝဖိုင့်သော ကိုယ်ခန္ဓာကြီးကို ကိုင်းကိုင်းကြီးပုံကာ လက်ဂိုင်တုတ်ကို လက်နှစ်ဖက်တို့ဖြင့် ဆုပ်ကိုင်အားပြုပြီး ငူငူကြီးဖြင့်ထိုင်နေသည်။

သူ့ပါးပြင်ဖောင်းဖောင်းကြီးတို့သည် သူ၏ ပုတိုသော နှာခေါင်းကို အလယ်ဗဟိုပြုလျက် ဝိုင်းပြည့်သော မျက်နှာကြီး၏ တဖက်တချက်တို့တွင်လျော့ရဲစွာဖြင့်အိကျနေကြသည်။ သူ့ပါးစပ်မှာတော့ မဲနက်သောဆေးပြင်းလိပ်ကြီးတလိပ်။

သူသည် ကျွန်တော့်အား သူ၏ လေးလံလှသောမျက်ခွံတို့ကို ပင့်ကာ နွမ်းနယ်လှပြီဖြစ်သော်လည်း စူးရှလျက်ပင်ရှိနေသေးသည့် မျက်လုံးတို့ဖြင့် စိုက်ခါကြည့်နေသည်။

ပေါ်ထွက်လာသည့် သူ့အသံက သံလုံး ကျောက်ခဲတို့ကို တဖြေးဖြေးခြင်း ဖိကြိတ်လိုက်ရာမှ ပေါ်ထွက်လာသည်ကဲ့သို့ လေးလေးကြီးနှင့်မာကျောကွဲအက်သည်။ သားရဲကောင်ကြီးတကောင်၏ အော်ဟောက်သံကဲ့သို့ မြည်ဟိန်းသည်။

"ဘယ်ဘိုင်းပြည်ကလဲ"

"မြန်မာပြည်ကပါ"

သူ့နှုတ်ခမ်းတို့က တတွတ်တွတ် ထပ်ခါထပ်ခါ ရွတ်ဆိုနေသည်။

"ဘားမား....ဘားမား....ဘားမား...."

သူသည် ဝင်စဘင် ချာချီပင်ဖြစ်ပါသည်၊

နောက်ထပ်တော့ဘာမှမပြောတော့၊ မေးလည်းမမေးတော့။ ကျွန်တော့်ကိုလည်း မေ့လျော့သွားဟန်ရှိသည်။

ထို့ကြောင့် သူ့အား သူ၏အတိတ်တွင်ထားခဲ့ပြီး သူ့အပါးမှ ထွက်ခွာခဲ့ပါသည်။





ညော်ခံပွဲကြီးပြီးလို့ ပြန်ခဲ့ကြတော့ လှပ ဆန်းကျယ်လှသည့် အခန်းကြီးတို့ကိုဖြတ်ကြရပြန်သည်။ ခန်းနားလှသည့် လှေခါးကြီးမှ ဆင်းခဲ့ကြရပြန်သည်။

စိတ်အာရုံထဲမှာတော့ ကျွန်တော်သည်ကျွန်တော်တို့ မှီလိုက်သည့် ဟိုတခေတ်က ရတနာပုံနေပြည်တော်ကြီး၏ ရွှေနန်းတော်ကြီးထဲမှာ အဆောင်အထပ်ထပ်တို့ကို ဖြတ်သန်းသွားလာနေမိပါသည်။ ရွှေတိုင်တော်ကြီးကို စိုက်ထူထွန်းညှိထားသည့်ဖယ်ပဒိုင်းများ၊ ဖလ်ပဒေသာများ၊ ၎င်းတို့မှထွက်ပေါ်လာသော အလင်းရောင်ဖျော့ဖျော့တွင် ရောင်ပြန်တဖျတ်ဖျတ် လွှတ်ခတ်နေသည့် ရွှေပိန်းချ ကျွန်းလုံးတိုင်ကြီးများ၊ အပြောက်အမွန်း အတွန့်အတက်များ၊ ခြူးပန်းခြူးနွယ်နှင့် ရုပ်လုံးကြွပန်းပုတို့ဖြင့် အနုစိတ် မွန်းထုထားသောတံခါးရွက်ကြီးများ၊ ကဲလားများ။

ပြင်ပတွင် လန်ဒန်မြို့၏ညဥ့်လောက စိမ့်မြမြကလေးအေးနေပါသည်။

ဒုတိယအယ်လစ်ဇဘက် ဘုရင်မကြီး၏ ကိုယ်ရံတော်တပ်သား၏ ခြေသံက လေးလေးနှင့်မှန်မှန်။

ဖိနပ်သံ....၊ တဂေါက်....ဂေါက်....။

* * *

## ဘုရင်ခံဟောင်းတဦး

"ဖန်ဘာရာ အဲယားရှီး" ဟု ခေါ်သော လေယာဥ်ပြပွဲသည် ဘုရင်မကြီးတက်ရောက်သည့် ပွဲလမ်းသဘင်ကိုတွင် ကျေးလက်တောရွာကလေးတရွာ၏ ပြင်ပကွင်းပြင်တွင်ပြုလုပ်သော ပွဲအခုဖြစ်သဖြင့် စိတ်ကြည်နူးစရာ သာတော့်သာယာပွဲဖြစ်သည်။ ပြပွဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်လိုက် စားလိုက် သောက်လိုက်ဖြင့် တနည်းအားဖြင့် ပျော်ပွဲစားထွက်နေကြရသကဲ့သို့ လွတ်လပ်ကြသည်။

လေယာဉ်မျိုးစုံတို့ကို စီတန်းပြသထားသည်။ အရပ်ဖက်လေယာဉ်ကြီးငယ်များတွင် ခရီးသည်တင်လေယာဉ်များ၊ကုန်ပစ္စည်းတင် လေယာဉ်များ။ ပြီးတော့ စစ်လေယာဉ်များ။ ရည်ရွယ်ချက်ကတော့ အင်္ဂလန်ပြည်မှထုတ်လုပ်သည့် လေယာဉ်များကို ကမ္ဘာ့ဈေးကွက်သို့ ကြော်ငြာလိုက်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ထိုပွဲသို့ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊နိုင်ငံတကာမှ အဝယ်တော်များ၊ အစိုးရ ကိုယ်စားလှယ်တော်များ၊ လူစုံကိုဖိတ်ကြားသည်။ လူစုံကိုလည်းတွေ့ရသည်။

စီတန်းထားသော လေယာဉ်တို့ကို လှည့်လည်ကြည့်ရှုပြီးနောက် ယာယီ ဆောက်လုပ်ထားသော ရွက်ဖျင်တဲကြီးတို့သို့ ပြန်သာကြသည်။ သံအမတ်ကြီးများ၊ နိုင်ငံပေါင်းစုံ ကိုယ်စားလှယ်တော်များနှင့် စစ်သံမှူးတို့က ဘုရင်မကြီး၏တဲတွင် နေရာချကြသည်။ ကျန်ဧည့်သည်တို့ကိုမူဝဲယာရှိတဲများတို့၌နေရာချထားပေးသည်။

ထို့နောက် လေယာဉ်များတို့ကို တမျိုးပြီးတမျိုး မောင်းနှင်ပျံသန်းပြကြသည်။

ဟောဒီလေယာဉ်က မည်သည့်ကုမ္ပဏီက တီထွင်ပြုလုပ်ပါသည်။ မည်သို့သော သတ္တိထူးများရှိသည်။ စသည် စသည်တို့ကို သက်ဆိုင်ရာတို့က ရှင်းလင်းပြောပြကြသည်။

ထို့နောက် တိုက်လေယာဉ်၊ ဗုံးကြဲလေယာဉ်စသည့် စစ်လေယာဉ်တို့၏ စွမ်းပကားတို့ကိုပြသည်။ တစီးချင်းဂျမ်းထိုးမှောက်ခံပျံသန်းပြသည်။ အစုလိုက် တောင်ပံချင်း ထိလုမတတ် ပူးကပ်ပျံ





သန်းပြကြသည်။ အသဲဘထိတ်ထိတ် ရင်တဖိုဖိုဖြင့် ကြည့်ကြရသည်။

ထိုလေယာဉ်တို့သည် အများအားဖြင့်ကတော့ သူသူငါငါ သိခဲ့ကြားခဲ့ မြင်ခဲ့ကြဘူးသော လေယာဉ်တို့သာဖြစ်ကြပါသည်။ ယနေ့ကဲ့သို့ နီးကပ်စွာ မကြည့်ခဲ့ကြရသော်လည်း ကမ္ဘာကသိပြီးသော လေယာဉ်များဖြစ်ကြသည်၊ နောက်ဆုံးပေါ်တို့ကမူ ထိပ်တန်းလျှို့ဝှက် အဆင့်၌ပင် ရှိနေကြပါလိမ့်အုံးမည်။ ဤဖန်ဘာဆာပွဲသို့ ရောက်ကြအုံးမည်မဟုတ်ကြသေးပါ။

မည်သို့ပင်ဖြစ်စေ မြင်ရ တွေ့ရသ၍ လေယာဉ်တို့ကတော့ သွားရည်ကျစရာတွေချည်း ဖြစ်ရသည်။

ထိုလေယာဉ်ကြီးတွေကိုလဲ လိုချင်လှပါသည်။ ဒါမျိုးကြီးတွေဖြင့် ရန်ကုန်, ကျိုင်းတုံ, လားရှိုး, မြစ်ကြီးနား, ကလေးမြို့, စစ်တွေ ပတ်ခါလည်ပြီး ပြည်တွင်းထွက်ကုန်ပစ္စည်းတို့ကို ဖလှယ်လိုက်ရရင်ဖြင့်....

ဒီလေယာဉ်တွေကိုလဲ ရလိုလှပါသည်။ သူတို့နှင့် ပြည်တွင်းခရီးသည်တွေကို သယ်ယူပို့ဆောင်ပေးလိုက်ရရင်ဖြင့်....

အဲဒီစစ်လေယာဉ်ပျံတွေကိုလဲ လက်မလွှတ်ချင်။ဗမာ့လေတပ်မတော်မှ လေသူရဲတို့အတွက် ဝယ်ပေးလိုက်ချင်သည်မှ....

နေ့လည်တနာရီထိုးခန့်တွင် ပြပွဲကိုခေတ္တရပ်နားပြီး နေ့လည်စာကို စားသုံးကြရသည်။

ကျွန်တော်သည် စားသောက်လို့ပြီးတော့ တဲကြီးအတွင်းမှ ထွက်လာပြီး လမ်းလျှောက်ရင်း စိတ်ကူးဖြင့် ရောင်းလိုက် ဝယ်လိုက်လုပ်နေမိရပါသည်။

စပါးနှင့် ပဲ ပြောင်း သီးနှံတွေကို တန်ပေါင်းသိန်းဂဏန်း သန်းဂဏန်းချီပြီး နိုင်ငံခြားတို့သို့ ရောင်းနေသည်။ ကျွန်းသစ်မှ



www.burmeseclassic.com

www.burmeseclassic.com



အစ ထင်းရှူးနှင့် ချိုပ်တို့အဆုံး သစ်တောထွက်ပစ္စည်းတို့ကို ပင်လယ်ကူးသင်္ဘောကြီးတွေဖြင့် ပြည်ပသို့တင်ပို့နေသည်။ ဓါတ်သတ္တုတို့ကိုလည်း မြန်မာပြည်အနှံ့အပြားတွင်ရှိ သတ္တုတွင်းတို့မှ ရန်ကုန်ဆိပ်ကမ်းသို့ မီးရထားတွဲကြီးတွေ၊ လော်ရီကားကြီးတွေဖြင့် သယ်ယူလာနေသည်။

ကဲ့ယူသကဲ့သို့ရရှိလိုက်မည့်ပေါင်တွေ၊ ဒေါ်လာတွေ၊ ရူဘယ်တွေ၊ ယင်တွေ။ ထားစရာပင်နေရာမရှိတော့။

ထိုငွေတို့ဖြင့် ဝယ်လိုက်ပြန်ပါပြီ၊ ဟော ဒီဖန်ဘာရာကွင်းထဲမှ လေယာဉ်တွေအားလုံး။

အတွေးယဉ်ယဉ်ဖြင့် မြေကြီးနှင့် ခြေဖဝါးတို့ လွတ်နေကြစဉ်တွင် နှုတ်ဆက်သံ တသံကို ကြားလိုက်ရလို့ ကြည့်လိုက်သည်။

စူးရှသော မျက်လုံးများ၊ တင်းမာသောမျက်နှာထား၊ နှုတ်ခမ်းမွေးတိုနန့်နန့်နှင့် အသက် ငါးဆယ်ကျော်ကျော် ခြောက်ဆယ်နီးပါးခန့် အင်္ဂလိပ်ကြီးတဦး၊ ကျွန်တော့်ရှေ့တွင်မားမားကြီးရပ်နေပါသည်။

"ကျွန်တော် မကြားလိုက်လို့ပါခင်ဗျာ...." ကျွန်တော်က သူ့ကို တောင်းပန်လိုက်ရပါသည်။

"အို၊ ကိစ္စမရှိပါဘူး၊ ကျုပ်ကိုခွင့်ပြုပါ၊ ခင်ဗျား ဘားမားကပါလားလို့ပါ"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်မြန်မာစစ်သံမှူးကာနယ်တင်မောင်ပါ"

အဲဒီတော့ သူ့မျက်နှာက နူးညံ့ပျော့ပျောင်းလို့လာသည်။ သူ့လက်ကိုကမ်းပေးလို့ ကျွန်တော်ကဆွဲကိုင် လှုပ်ယမ်းလိုက်ရပါသည်။ သူက....





"တွေ့ရတာ အင်မတန်မှ ဝမ်းသာလှပါတယ်"

တကယ်လည်း ဝမ်းသာနေပုံရသည်၊ သို့ရာတွင် သူ့ကိုယ်သူဖေါ်ထုတ် မိတ်ဆက်ပုံကတော့ တမျိုး ထူးခြားလှသည်။ ကျွန်တော့်ကို အတန်ကြာကြာစေ့စေ့ကြည့်နေသည်။ သူ့မျက်လုံးတို့က တစုံတခုကိုမေးနေကြပါသည်။ သူမေးနေသည်ကို ကျွန်တော် အဓိပ္ပါယ်မပေါက်မှန်းသိတော့မှ....

"ဒေါ်မန်စမစ်ဆိုတာ ခင်ဗျားကြားဘူးပါသလား"။

အို၊ ဟုတ်ထားပေါ့၊ ဒေါ်မန်စမစ်....၊ ဆာဒေါ်မန်စမစ်....။ ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်ပွားမီ မြန်မာပြည်တွင် နောက်ဆုံးဘုရင်ခံအဖြစ်အုပ်ချုပ်သွားသူ၊ စစ်ကြီးပြီးတော့တခါ ပဌမဆုံးဘုရင်ခံအဖြစ် နံမည်ကြီး ဆင်းမလား စီမံကိန်းကြီးကိုကိုင်ပြီး မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာခဲ့သူ။

အဲဒါကြောင့် ဒီမျက်နှာကို မြင်ဘူးပါတယ်လို့ တချိန်လုံးထင်နေခဲ့တာ။ သို့ပေမဲ့ မမျှော်လင့်သောသူကို မမျှော်လင့်သောနေရာတွင် လာရောက်တွေ့ဆုံနေရလို့ ကျွန်တော့်မှာတော်တော်နှင့် သူ့အမေးကို အဖြေမပေးနိုင်။ တအံ့ဩဩသာ ဖြစ်နေမိရပါသည်။ ပြီးမှ....

"အော်....ဟုတ်ကဲ့၊ ကျွန်တော်ကြားဘူးပါတယ်"

"ဟုတ်တယ်၊ ကျုပ်ဟာ အဲဒီဒေါ်မန်စမစ်ပါဘဲ"

"တွေ့ရတာ ဝမ်းသာပါတယ် ဆာဒေါ်မန်စမစ်ခင်ဗျား"

အဲဒီတော့ သူက ရင်းနှီးစွာဖြင့် ကျွန်တော့် လက်မောင်းကို ဆွဲကိုင်ပြီး လေယာဉ်ကွင်းဆီသို့ ခေါ်ဆောင်သွားသည်။

"အဲဟို လေယာဉ်ပျံကြီးတွေလား"

လေယာဉ်ပျံအကြီးကြီး တစီးကိုပြသည်။

"ဟုတ်ကဲ့...."



www.burmeseclassic.com

www.burmeseclassic.com



နဲ့တဲ့လေယာဉ်ပျံကြီးမဟုတ်ပါ။

"အဲဒါ ကျုပ်ဘို့ ကုမ္ပဏီကလုပ်ထာ"

"အော်...."

"ကာနယ်တို့ ဘားမားနဲ့ အင်မတန်သင့်တော်တာပေါ့"

"ဟုတ်ကဲ့....၊ ဒါပေမဲ့ နဲနဲများကြီး...."

"အို၊ ကြီးမှ ပစ္စည်းများများသယ်နိုင်မယ်မဟုတ်လား၊"

ထို့နောက်တော့ ထိုလေယာဉ်ပျံကြီးသည် မည်မျှ ကောင်းကြောင်း၊ မည်သို့သော သတ္တိထူးတွေ ရှိကြောင်း ခြိမ့်မြမ်းခန်းဖွင့်ပါတော့သည်။ ပြီးတော့ သူ့ကဒ်ပြားကလေးကို ထုတ်ပေးသည်။

"အဲဒါ စိတ်ဝင်စားရင် ကျုပ်သိပါရစေ"

"ကောင်းပါပြီ"

"အော်၊ ဒါထက်၊ ကျုပ်နေတာက........မှာပါ၊ တောရွာကလေးတရွာပေါ့။ အားတဲ့အခါလာလည်ပါ...."ပြောရင်းမှသူ့မျက်နှာက ဝမ်းနဲ့သလိုလို ဖြစ်သွားပြန်ပါသည်။ "အေးလေ....ဖိတ်သာဖိတ်ရတယ်၊ ခင်ဗျားလာမှာမဟုတ်ပါဘူး"

"အို၊ ကျွန်တော်ကြိုးစားပါ့မယ်"

"အင်း၊ လာနိုင်ရင်ပေါ့။ ဒါပေမဲ့ ကျုပ်တို့မှာက အရင်တုန်းကလို အစေခံတွေ ဘာတွေနဲ့တော့ မနေနိုင်တော့ပါဘူး၊ ကာနယ်လဲ နားလည်ပါလိမ့်မယ်၊ ကျုပ်အဖွားကြီးက ထမင်းချက်၊ ကျုပ်ကပန်းကန်ဆေး...."

"ဟုတ်ကဲ့၊ ကျွန်တော်ကြိုးစားလာခဲ့ပါ့မယ်"

ကျွန်တော် လက်ကို တင်းစွာ ဆုပ်ကိုင် လိုက်ပြန်ပါသည်။ ထို့နောက် လှည့်ကာ ဖြေးဖြေးလေး [illegible] တွက်ခွာသွားသည်။

သူ့ကို ကျွန်တော်သည် [illegible] နေ၍ ကြာကြာမြင်မြင်





ကြည့်နေလိုက်မိသည်။ သူ့ပုခုံးတို့သည် အနည်းငယ် ကျနေသယောင်ယောင်။ ကျွန်တော်ငယ်စဉ်က မြန်မာသတင်းစာတို့တွင် တွေ့မြင်ခဲ့ရဖူးသော ဘုရင်ခံ ဆာဒေါမန်စမစ်နှင့်တော့ မတူလှတော့။ ဟိုဒေါမန်စမစ်က တောင့်တောင့်တင်းတင်း ဝင့်ဝင့်ကြွားကြွား။ သူသည် ခေါင်းငိုက်စိုက်ဖြင့်လေးလျှေး လျှောက်သွားသည်။ သူ ဘာတွေများ သတိရ စဉ်းစားနေမှာပါလိမ့်၊ ကျွန်တော် တွေးနေမိရပါသည်။

အချင့်အရင်ကဖြင့် မြန်မာပြည်ဘုရင်ခံအဖြစ် နေခဲ့ရတဲ့ အိမ်ကြီးက ရန်ကုန်မြို့ဘွင် ကျယ်ဝန်းလှတဲ့ ပန်းခြံကြီးထဲမှာ အခန်းပေါင်း မြောက်များစွာရှိတဲ့ အကောင်းဆုံးအိမ်ကြီး၊ အိမ်တော်ကြီး။ မရေမတွက်နိုင်သော လက်ထောက်တွေ၊ ကိုယ်ရံတော်တွေ၊ အစေခံတွေနှင့်။

အခုတော့၊ တောရွာက လေးတရွာမှာအဖိုးကြီးအဖွားကြီးနှစ်ယောက်ထဲ။ တယောက်က ထမင်းချက်၊ တယောက်က ပန်းကန်ဆေး....တဲ့။

ဟိုဘုန်းကဘုရင်ခံ ဆာဒေါမန်စမစ်ကို ကျွန်တော် လူကိုယ်တိုင်လဲမမြင်ဘူးခဲ့ပါ၊ သိကျွမ်းဘို့တော့ဝေးစွ၊ ထိုစဉ်ကတော့သူသည် ဗြိတိသျှအစိုးရ၏ ဘုရင်ခံတဦး၊ မလွတ်သပ်သေးသော မြန်မာပြည်ကိုဗြိတိသျှအစိုးရ၏ ကိုယ်စားလှယ်အဖြစ် အုပ်ချုပ်ခဲ့စဉ်က သူကောင်းခဲ့တာတွေရှိခဲ့သလို ဆိုးခဲ့တာတွေလဲ ရှိခဲ့ပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ယခုတော့ သူသည် မြန်မာပြည်မှကျွန်တော်နှင့် တွေ့ဆုံလိုက်ရလို့ မြန်မာပြည်ကို ပြန်လည်သတိရသွားဟန်တူရှာပါသည်၊ လွမ်းဆွတ်သည်ဟူပင် ဖြစ်မိရှာလေသလား မပြောတတ်။

သူကာဝမ်းနည်းပန်းနည်းဖြင့် "အေးလေ၊ ဖိတ်သာဖိတ်ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခင်များလာမှာလဲ မဟုတ်ပါဘူး''လို့ ပြောခဲ့သည့် အတိုင်းပင် ကျွန်တော်သည် သူ့အိမ်သို့မရောက်ခဲ့ပါ၊ မသွားလိုသည်သွားလို သည့်ကြောင့်မဟုတ်၊ လမ်းမကြုံခဲ့ပါ။ ထို့နောက်လဲ သူနှင့်မတွေ့ ရတော့ပါ။

* * *

စစ်တက္ကသိုလ်၊ ကျောင်းဆင်းပွဲ

ဆင်းဟတ်(စ)စစ်တက္ကသိုလ် ဗိုလ်လောင်းကျောင်းဆင်းပွဲသို့ မှူ ဘုရင်မကြီး ကိုယ်တိုင်မကြွရောက်ပါ။

သူ၏ကိုယ်စား ကြင်ယာတော် ဖိလစ်မင်းသားကြီး၊ မော ဘက်တင်မြို့စားကြီးနှင့် အခြားထင်ရှား ကျော်စောသော ဗိုလ် ချုပ်ကြီးတို့သာ အလှည့်သင့်ရာ တက်ရောက် အလေးပြုခံကြ သည်။

ထိုကျောင်းဆင်းပွဲကို တနှစ်တခါကျင်းပသည်။ကျင်းပတိုင်း လည်း မြန်မာဗိုလ်လောင်း နှစ်ယောက်၊သုံးယောက်တို့ကျောင်း ဆင်းကြသည်ဖြစ်သဖြင့် စစ်သံမှူးဖြစ်သော ကျွန်တော်သည်နှင့် စဉ်တက်ရောက်ပြီး သူတို့အား ချီးမြှင့်အားပေးရသည်။

ဆင်းဟတ်(စ) စစ်တက္ကသိုလ်တည်ရှိရာ အောဘ်(လ်)ဒါရှော (တ်)စစ်မြို့ကလေးသည် ကျွန်တော်တို့ရဲ့ မင်္ဂလာဒုံနှင့် နှိုင်းယှဉ် လို့ရသည်။ လန်ဒန်မြို့နှင့်မနီးမဝေး၊ တမြို့လုံးလိုလို စစ်ကျောင်း များ၊ တပ်စခန်းများ၊ စစ်ဌာနချုပ် များတို့ ဖြင့်သာ ပြည့်နှက် လျှက်ရှိသည်။

ထိုသို့သော မြို့ကလေးများကို အင်္ဂလန်ပြည် အခြားအရပ် ၌လည်း တွေ့ရသည်ဖြစ်သည်။ စစ်ယူနီဖောင်းနှင့် စစ်သားတို့





ကြည့်လို မြင်လိုသည် ဆိုပါက ထိုစစ်မြို့ကလေးတို့သို့ သွားရပါ မည်။ အရပ်သားတို့အများစု နေထိုင်ရာမြို့ပြကျေးရွာတို့တွင် စစ် သားနှင့်၊စစ်ယူနီဖောင်းတို့ကို မြင်တွေ့ကြရမည် မဟုတ်ပါ။

ဥပမာ လန်ဒန်မြို့။ လန်ဒန်မြို့ကဲ့သို့သော လူဦးရေသန်းပေါင်း များစွာရှိသည့် မြို့တော်ကြီးတွင်ပင် ယူနီဖောင်းဝတ်စင်သား စစ် ဗိုလ်တို့ကိုတွေ့ရဘို့ခဲယဉ်းပါလိမ့်မည်၊ မရှိရှိပါလား။ ရှိပါသည်၊ ရှိသည်မှ အများကြီး၊ သို့ရာတွင် ဘက်ကင်ဟမ် နန်းတော်ကြီး၏ တံခါးပေါက်ဝတွင် စောင့်နေသော စစ်သား၊ပြီးတော့ မြင်းတပ် ဂိတ်ဝတွင် ကင်းတာဝန်ကျနေသော မြင်းစီးအစောင့်တပ်သား တို့ကိုသာ စစ်ဝတ်စုံနှင့်တွေ့မြင်ကြရမည် ဖြစ်သည်၊ ကျွန်ကိုယ်ရံ တော်တပ်သားတို့သည် သူတို့၏တပ်ဝင်းအတွင်း၌သာ စစ်ဝတ်စုံ ဖြင့်ရှိကြပါလိမ့်မည်၊ ပြင်ပသို့မူ အရပ်ဝတ် အနေပ်စားဖြင့်သာ ထွက်ကြသည်။

ထိုကိုယ်ရံတော်တပ်တို့အပြင် လန်ဒန်မြို့လည်ခေါင်တွင်စစ်ရုံး နှင့် ကာကွယ်ရေး ဝန်ကြီးရုံးတို့ရှိကြသည်။ ဆာ-ထောင်မကသော စစ်ဗိုလ်စစ်သားတို့သည် ထိုရုံးကြီးများတွင် အမှုထမ်းကြသည်။ သို့ရာတွင် သူတို့သည် အားလုံးအရပ်ဝတ်အရပ်စားကိုသာ ဝတ် ဆင်ကြသည်။ဆိုဗိုလ်ကြီးတွေ၊ ဗိုလ်မှူးကြီးတွေ၊ ဗိုလ်ချုပ်တွေ သည် သူလိုကိုယ်လိုပင် အရပ်သားများနှင့် ရောနှောကာ မြေ အောက်ရထားများ ဘတ်(စ)ကားများဖြင့် ရုံးဆင်း ရုံးတက်ပြု ကြသည်။ တခုတော့ စဉ်းစားစရာရှိပါသည်။ သူတို့သည် ထိုသို့ အများဆုံး မြေအောက်ရထား ဘတ်(စ)ကားတို့ဖြင့် သွားလာ ကြသဖြင့် ထိုသို့ အရပ်ဝတ်အရပ်စားတို့ကို ဝတ်ဆင်ကြပါသ လား၊ သို့မဟုတ် ထိုသို့ အရပ်ဝတ် အရပ်စားတို့ကို ဝတ်ဆင်ကြ သဖြင့် အများသုံးမြေအောက် ရထားဘတ်(စ)ကားတို့ဖြင့်သွား

www.burmeseclassic.com



လာကြပါသလား၊ အဲဒါကိုတော့ မလျှောက်တော့တ်၊ တခုဘဲသူတို့တွင်ထူးခြားသည်ကသူတို့၏ ထူးခြားသော ဝတ်စားဆင်ယင်မှု။

ထိုထူးခြားသောဝတ်စားဆင်ယင်မှုကပင် သူတို့၏သင်္ကေတ။ ထိုသို့ အရပ်ဝတ် အရပ်စား တို့ကို ဝတ်ဆင် ထားကြစေကာမူ ကြည့်တတ်လျှင် ထိုသူသည် စစ်ဗိုလ်တဦး ဖြစ်သည် ဆိုသည်ကို ချက်ခြင်းသိနိုင်ပါသည်။ သူ၏ ဝတ်စုံသည် အနည်းငယ်ကျဉ်းကျပ်သယောင်ယောင်ရှိပါလိမ့်မည်၊ သူသည်ဦးခေါင်းထက်တွင် "ဘိုလာ"ဟု ခေါ်သောအနက်ရောင် ဦးထုပ် လုံးလုံး အနားသေးသေးကို ဆောင်းထားပါမည်။ ပြီးတော့ ဘယ်ဘက်လက်တွင်လက်ဆွဲသားရေအိတ်၊ ညာဘက်လက်တွင်သေသပ်ကျစ်လစ်စွာလိပ်နှောင်ထားသောဖဲထီးအနက်တချောင်း၊ ကိုယ်ရံတော်တပ်မှုအရာရှိတို့ကမူ ပို၍ထူးခြားသည်။ သူတို့သည်ဆံပင်ရှည်ရှည်ထားတတ်ကြပါသည်။

ယခုကဲ့သို့ ဆင်းဟတ်(စ)ကျောင်းဆင်းပွဲတို့၌မူစစ်ယူနီဖောင်းမှ စစ်ယူနီဖောင်း။ ဘယ်သူ့ကိုဘဲကြည့်လိုက် ကြည့်လိုက် ဆင်မတန်မှုခန့်ငြားထည်ဝါသော စစ်ယူနီဖောင်းများနှင့်ဖြစ်ကြသည်။ ပြီးတော့ချိတ်ဆွဲထားလိုက်သည့် တံဆိပ်တို့ကလည်း ဘယ်ဘက်ရင်အုပ်ပေါ်တွင်အပြည့်။ အချို့ကမူ ပခုံးထက်တွင်စလွယ်တွေနှင့် ခါးတွင်လည်းဓားတွေနှင့်။

ကျွန်တော်တို့ကဲ့သို့သောစစ်သံမှူးများဗိုလ်လောင်းမိဘများတို့သည် အမိုးအကာ မထားရှိသော ကွင်းစပ်မြက်ခင်းပေါ်တွင် ကုလားထိုင်တို့ဖြင့် ထိုင်၍ ကြည့်ကြရသည်။ ကျွန်တော်တို့၏ရှေ့တွင် စင်မြင့်ကလေးတခုရှိသည်။ သူ့ရှေ့မှာက ကျယ်ပြန့်သောစစ်ရေးပြကွင်းကြီး။ ထိုကွင်းကြီး၏ တဖက်တွင် စစ်တက္ကသိုလ်၏ ခန်းမဆောင်အဆောက်အဦးကြီး။





မကြာမီ ဘင်ခရာသံဘိုနှင့်အတူ နက်ပြာရောင် စစ်ဝတ်စုံတို့ကို ဝတ်ဆင်ထားကြသော ဗိုလ်လောင်းတို့သည် သွက်လက်ဖြတ်လတ်စွာဖြင့် ညီညီဖြဖြ စက်ရုပ်ကလေးတွေလို ချီတက်လာကြသည်။ ခန်းမဆောင်အဆောက်အဦးကြီး၏ ရှေ့တွင်ကျွန်တော်တို့ဘက်သို့ မျက်နှာမူပြီးအတန်းလိုက်နေရာယူကြသည်။ ကျောင်းတွင် ကျန်ရစ်မည့်ဗိုလ်လောင်းတို့က နောက်ဆုံးတန်း၊ သူတို့၏ ရှေ့တွင်ထိုနေ့၌ ကျောင်းဆင်းကြမည့် ဗိုလ်လောင်းများ၊ ထိုဗိုလ်လောင်းတို့အားလုံး၏ ရှေ့မှာတော့ စစ်တက္ကသိုလ်၏လေ့ကျင့်ရေးတပ်ရေး ဗိုလ်မှူးသည် နံနက်ခင်း၏ နေခြည်ဖြဖြတွင် ဓားလွတ်ဖွေးဖွေးကို ဆွဲကိုင်ကာမြင်းကြီးတကောင်ကိုစီးပြီး ခန့်ခန့်ကြီးရပ်နေပါသည်။

အားလုံးအသင့်ဖြစ်ပါပြီ။ ထိုအခါအလေးပြုခံယူမည့် ပုဂ္ဂိုလ်ကြီးက ကျွန်တော်တို့၏ ရှေ့တွင်ရှိ စင်မြင့်ထက်သို့ တက်လာသည်။

အလေး........ပြု။

ဘင်ခရာအဖွဲ့၏ အလေးပြုတေးသွားဖြင့် ဗိုလ်လောင်းတို့က သေနတ်တို့ကို တပြိုင်တည်းမြှောက်၍ အလေးပြုကြသည်။ ထို့နောက် ဗိုလ်လောင်းများ၏ ချီတက်အလေးပြုခြင်း။ ပြီးတော့ အလေးပြုခံပုဂ္ဂိုလ်ကြီး၏ မိန့်ခွန်း၊

သို့ရာတွင် အခမ်းအနားက ထိုမျှဖြင့်မပြီးသေးပါ။ ကျန်ရှိသည့် နောက်ဆုံးအစီအစဉ်သည် အဓိပ္ပါယ်အရှိဆုံး၊ အသားအပါဆုံး၊ မြင်တွေ့လိုက်ရသူတို့အဖို့ရော ကျောင်းဆင်းကြရမည့် ဗိုလ်လောင်းတို့အဖို့ပါ အသဲတွင် နစ်ခါ စွဲငြိ ကျန်ရစ်စေမည့် အတွေ့အကြုံတရပ်၊ မြင်ကွင်းတကွက်ဖြစ်သည်။

ကျွန်တော်တို့မျက်နှာမူလျက်ရှိသည့် ခန်းမဆောင်အဆောက်



www.burmeseclassic.com

www.burmeseclassic.com



အဦးကြီးသည် ကြီးမားလှသည်နှင့်အမျှ ခန့်ညားထယ်ဝါလှသည်။ အလည်တဲ့တဲ့ရှိပိတ်ထားသည့်တံခါးပေါက်ကြီးသို့ သွားရာ ဖြူဖွေးသောကျောက်သားသေ့ခါးထစ်တို့ကလည်း ကျယ်ပြန့်လှပါသည်။

ကျောင်းတွင်ကျန်ရစ်ခဲ့ကြမည့် ဝါနု ဗိုလ်လောင်း တို့သည် အမိန့်သံနှင့်အတူ နှစ်စုခွဲကာ ထိုလှေခါးကြီး၏တဖက်တချက်တို့တွင် တန်းစီလိုက်ကြသည်။

အားလုံး....ငြိမ်။

ထိုအခါမှ ဘင်ခရာအဖွဲ့က ကမ္ဘာအရပ်ရပ်တို့၌ မိတ်ဆွေတို့အချင်းချင်း ခွဲခွါရခါနီးတွင် သီဆိုနှုတ်ဆက်လေ့ရှိကြသည့် နိုင်ငံတကာက မွေးစားခဲ့ပြီးဖြစ်သော ကမ္ဘာ့သီ....။ "အောလင်ဇိုင်း" တေးသီချင်းကြီးကို ဝမ်းပမ်းတနဲ ဖြေးညှင်းစွာ တီးမှုတ်လိုက်ကြသည်။

"ရှတ်....အိုး(လ်)....အကွာ့ိန့်တင့်(စ)....ဘီ- ဖေါဂေါ့(တ်) အင်....နဲဗါးဘရော့(တ်) တူ မိုင်း........"

မိတ်ဟောင်းဆွေဟောင်းတဦးကို မေ့သင့်ကောင်းပါရဲ့လား၊ သတိမရဘဲနေသင့်ပါသလား....။

ထိုအခိုက် တံခါးကြီးက အလိုလိုပွင့်လာသည်။ ကျောင်းဆင်းကြမည့် ဗိုလ်လောင်းတို့သည် ခြောက်ယောက်တွဲချင်ဘောင်တန်းပြီး တလှမ်းချင်းဖြင့် ထိုလှေခါးကြီးမှ တဆစ်ချင်း တက်ခါ တံခါးပေါက်ကြီးအတွင်းသို့ ဖြေးလေးစွာ ဝင်သွားကြသည်။

အလေး....ပြု။

ကျန်ရစ်မည့်ဗိုလ်လောင်းတို့က ကျောင်းဆင်း ဗိုလ်လောင်းတို့ကို သေနတ်မြှောက် အလေးပြုလိုက်ကြသည်။





ပြင်ပတွင် နောက်ဆုံး ကျန်ရစ်သူကတော့ မြင်းကြီးကို စီးထားသည့် လေ့ကျင့်ရေးတပ်ရေးဗိုလ်မှူး။

သူသည် အလေးပြုဓံပုဂ္ဂိုလ်ကြီးအား ဓါးလွတ်ဖြင့် ဦးခိုက်အလေးပြုသည်။ ထို့နောက် မြင်းဇက်ကြိုးကို ဆွဲကာလှည့်ပြီး မြင်းကြီးကိုစီးလျက်ပင် ထိုကျောင်းလှေခါးထစ်တို့ကို တထစ်ချင်း....တထစ်ချင်း....၊ ခွာသံတဂေါက်ဂေါက်ဖြင့် တက်သွားပါသည်။

တံခါးပေါက်ကြီးအတွင်းသို့ ဝင်သွားသည်။ ထိုတံခါးရွက်ကြီးတို့က ဖြေးလေးစွာဖြင့် အလိုလိုပိတ်သွားကြသည်။

ကျွန်တော်သည် ပြည့်မောက်လျက်ရှိသောရင်တွင်းမှ ပင့်သက်ကြီးကို တဖြေးဖြေးချင်းမှုတ်ခါထုတ်လျက် ရှိနေရပါသည်။

ပရိသတ်အတွင်းမှ ဗိုလ်လောင်းများ၏ ဖခင်တို့က မျက်ရည်တဝဲဝဲ၊ မိခင်အမျိုးသမီးကြီးများကမူ တရှုံ့ရှုံ့။

ဝမ်းသာကြည်နူးလွန်းလို့ ခံစားရမှုအပြည့်ဖြင့် ကျရပါတဲ့....မျက်ရည်။

* * * *

## နှစ်သစ်ကူးပွဲ

"အောလင်ဇိုင်း" သီချင်းနှင့်ပတ်သက်လို့ဆိုသီချင်းကို စုဝေးသီဆိုကြရတဲ့ အခြားပွဲလမ်းတခုမှ အတွေ့အကြုံဆန်း တခုကိုလည်း ရရှိခဲ့ဘူးပါသည်။

ထိုပွဲကတော့ လန်ဒန်မြို့ "တြ ဖယ်(လ်) ဂါး စကွဲယား" လမ်းဆုံတွင် နှစ်စဉ်ပြုလုပ်ဆင်နွဲသည့် နှစ်သစ်ကူးပွဲပင်ဖြစ်သည်။

တြဖယ်(လ်)ဂါး စကွဲယားသည် လန်ဒန်မြို့တွင် ယခင် အခိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးတွေထားရှိခဲ့စဉ်က ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံ အဝိုင်း၊ မြေနီကုန်းလမ်းဆုံ အဝိုင်းတို့ကဲ့သို့ လန်ဒန်မြို့၏ ပိုက်ကာဒလီ(လ်)နှင့် သည်မောဘာ(လ်) လမ်းမကြီးများဆုံရာ လမ်းဆုံကြီး ဖြစ်သည်။

လန်ဒန်မြို့တွင် ထိုကဲ့သို့သောလူစည်ကားရာ လမ်းဆုံကြီးများ အချို့ရှိကြသည်။ ဥပမာ – ပစ်ကယ် ဒယ်လီ ဆပ်ကပ် (စ)။ ထို ပစ်ကယ်ဒယ်လီ ဆပ်ကပ်(စ) လမ်းဆုံအဝိုင်း၏ အလည်တွင် ကျောက်တိုင်တတိုင် ရှိသည်။ ထိုကျောက်တိုင်ထိပ်တွင် "အဲရော့(စ)"ဟု အမည်တွင်သော မြှားနတ်မောင် အရုပ်ကလေးက လေးနှင့်မြှားတို့ကို စွဲကိုင်ပြီး အတောင်ပံကလေး နှစ်ဖက် တို့ကို တမမ ပျံကြတော့မည့်ပုံဟန်ဖြင့်ရှိနေသည်။

ထြဖယ်(လ်)ဂါး စကွဲယား အလည်တွင်ရှိ ကျောက်တိုင်ကမူ ပိုလို့ကြီးသည်။ ထိုကျောက်တိုင်ထိပ်ပေါ်တွင် တည်တည်မားမား ကြီး ရပ်နေသူကတော့ အင်္ဂလန်ပြည်၏ ရေတပ် ဗိုလ်ချုပ်ကြီး လော့(ဒ်) နယ်(လ်)ဆင်။ သူ၏ရုပ်ထု။

ထို ဗိုလ်ချုပ်ကြီး နယ်(လ်)ဆင်ကို အကြောင်းပြုပြီး သူ၏ နောက်ဆုံးအောင်ပွဲဖြစ်သည့်ထြဖယ်(လ်)ဂါးရေကြောင်းတိုက်ပွဲ၊ ထိုရေကြောင်းတိုက်ပွဲကို ဂုဏ်ပြုသောအားဖြင့် ဤလမ်းဆုံအဝိုင်း ကြီးကို ထြဖယ်(လ်)ဂါ စကွဲယား ဟု မှည့်ခေါ်ထားခြင်း ဖြစ် သည်။

သာမန်အချိန်တို့တွင် လေးဘက်လေးဒေါင့်တွင်ရှိနေကြသော ခြင်္သေ့ရုပ်ကြီးများ၊ ရေပန်းများ၊ အနီးတဝိုက်တွင် အစာရှာဖွေ စားသောက်နေကြသည့် ရှုပေါင်း များစွာသော ငှက်များ ပြီးတော့ ထိုင်စရာ ပတ်လည်အုတ်ခုံကြီးကလည်း ရှိနေသည်မို့ လန်ဒန်မြို့သူမြို့သားများနှင့် ခရီးသွား နိုင်ငံခြားသား ဧည့်သည်





တို့ အပန်းဖြေရာ၊ ခိုစာကျွေးရာ၊ ဓါတ်ပုံရိုက်ရာ၊ ပြီးတော့ နိုင်ငံရေး ဆန္ဒပြပွဲကြီးငယ်များအတွက် လူစုဝေးရာ လန်ဒန်မြို့၏ အကျော်ကျားဆုံးသော နေရာတနေရာဖြစ်ပါသည်။

ထို့ကြောင့် ထြဖယ်(လ်)ဂါ အဝိုင်းကြီးသည် အမြဲတစေ စည်ကားသည်။ လူမျိုးစုံတို့ကို တွေ့ရသည်။ စိတ်ဝင်စားဘွယ် နေရာတခုဖြစ်သည်။

သို့ရာတွင် နှစ်သစ်ကူးသည့်ညတို့တွင်မူ ထိုကွက်လပ်ကြီးတခု လုံးသည် ထောင်သောင်းမကသော၊ ပျော်စရာရှိလျှင် အလွန် အကြူး ပျော်တတ်ကြသည့် လန်ဒန်သူလန်ဒန်သားတို့ဖြင့်ပြွတ်ခဲ နေတတ်ပါသည်။ လူအုပ်ကြီးသည် က,ကြ၊ ခုန်ကြ၊ တဦးကို တဦး ဖက်ယမ်းနှုတ်ဆက်သည်။ ပြီးတော့ နမ်းကြ ရှုံ့ကြ။

ထိုပွဲသို့ နှစ်သစ်ကူးတညတွင် ကျွန်တော် သည် အဖေါ် ကောင်းသောကြောင့် ရောက်ရှိသွားမိသည်။

ထိုချက်မတိုင်မီ ရင်းနှီးသောမြန်မာမိတ်ဆွေနှစ်ဦးတို့နှင့် ဆုံမိ ကြစဉ် ထိုအကြောင်း သည်အကြောင်း ပြောကြ ဆိုကြရင်း နှစ်သစ်ကူးညနှင့် ထြဖယ်(လ်)ဂါ စကွဲယား အကြောင်း တို့သို့ ရောက်သွားကြသည်။

"ဗိုလ်မှူးရောရောက်ဖူးသလား"တယောက်အမေးသည်။

"ထြဖယ်(လ်)ဂါ စကွဲယားလား"

"ထြဖယ်(လ်)ဂါ စကွဲယားတော့ ရောက်ဖူးမှာပေါ့၊ နှစ်သစ် ကူးညကို ပြောတာ"

"ဟင့်အင်း"

"ကျွန်တော်တို့လဲ မရောက်ဖူးဘူး"

"ဒါဖြင့်သွားကြမလား၊ အတွေ့အကြုံအထူးအဆန်းကလေး တွေ တွေ့ရကြုံရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကန့်ကွက်မဲမရှိ အများသဘောတူသွားကြရန်အတည်ပြုလိုက်ကြသည်။

၁၉၅၄ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၁ ရက်နေ့ည။

ကျွန်တော်နှင့် မိတ်ဆွေနှစ်ဦးတို့သည် မြေအောက်ရထားဖြင့် ပစ်ကယ်ဒယ်လီဆပ်ကပ်(စ)သို့လာခဲ့ကြသည်။အချိန်က ကိုးနာရီခွဲခန့်။ နှစ်သစ်ကူးဘို့ နောက်ထပ် နှစ်နာရီခွဲခန့်လိုပါသေးသည်။ သို့ရာတွင် ကျွန်တော်တို့လိုက်ပါလာသော ရထားတစီးလုံးသည် တဦးကိုတဦး လှမ်းအော်နှုတ်ဆက်ကြ၊ ရီကြမောကြ၊နောက်ကြပြောင်ကြဖြင့် ဆူဆူညံနေသည်။ ကျွန်တော့်မှာ သာမန်အခါတို့တွင် သတင်းစာကိုယ်စီ၊ ကုန်ကြီးတွေတခွဲသားနှင့်လိုက်ပါလာတတ်ကြသည့် ထိုအင်္ဂလိပ်လူမျိုးတို့ကိုကြည့်ပြီး အံ့ဩနေမိရပါသည်။ ထိုကုန်ကြီးတို့ကို ဘယ်ဆီဘယ်အရပ်မှာများ စွန့်ပစ်ခဲ့ကြပါလိမ့်။ ယခုတော့ဖြင့် လွတ်လွတ်ကျွတ်ကျွတ်ကြီး ပျော်နေကြသည်။

ပစ်ကယ်ဒယ်လီဘူတာမှ မြေပေါ်သို့ ဓာတ်လှေခါးဖြင့်တက်ခဲ့ကြသည်။ သည်မှာလည်း အမှုးသမားတွေ၊ မမူးတမူးသမားတွေ၊ ငတွဲတွေ၊ ဆဖွဲလိုက် အစုလိုက်တွေ၊ ဘကိုယ်တော်တွေ။ အော်ကြ ဟစ်ကြ၊ ဆူကြ ညံကြ။

မြေပေါ်သို့ရောက်သည်နှင့် မြင်ကွင်းမှာ ကြောက်ခမန်းလိလိဖြစ်ရပါသည်။ လူတွေ....လူတွေ....။ ဝါဆိုလပြည့်အစရှိသောနေ့တို့တွင် ရွှေတိဂုံစေတီတော်မြတ်၏ ကုန်းတော်ပေါ်တွင် တွေ့မြင်ကြရသော ပရိသတ်ကြီးကဲ့သို့၊ သို့မဟုတ် ပရိသတ်ကြီးထက်အဆပေါင်းများစွာ ပိုမိုများပြားသော လူအုပ်ကြီးသည် ပတ်လည်မှ နီယွန်မီးရောင်စုံတို့ဖြင့် နေ့ခင်းတမျှ ထိန်ထိန်သာနေသည့်





ထိုကွက်လပ်ကြီးတခုလုံးတွင် တရုန်းရုန်း၊ အသံဗလံတွေကလည်း တဝေါဝေါဖြင့် နားကွဲလုမတတ်။

ထွေးနွေးသော မြေအောက်မှထွက်လာခဲ့ကြသည်မို့ ပြင်ပ၏အအေးဓာတ်သည် စိမ့်ကျဉ်လျက်ရှိနေသည်။ သို့ရာတွင် တိုးဝှေ့နေရသဖြင့် ချမ်းအေးသည်ကိုပင်ချမ်းအေးသည်ဟု အသိအမှတ်မပြုနိုင်ကြ။ နောက်ဆုံးမှာတော့ လူစော် နံလွန်းသောကြောင့် လမ်းမကြီးပေါ်မှထွက်ခါ ပလက်ဖောင်းအတွင်းဘက်ဆိုင်ခန်းတို့အနီးမှကပ်ပြီး လျှောက်လာခဲ့ကြသည်။

ထိုဆိုင်ခန်းတို့၏ တံခါးပေါက်ဝအမှောင်ထဲတွင် ဖိုမတို့သည် ဒွိယံ ဒွိယံ ဖက်ယမ်းနမ်းရှုံ့နေကြသည်။ လမ်းကြားကလေးတခုမှာတော့ အမူးသမားတဦးသည် တိတ်တိတ်ကလေးကျိတ်ခါ တဝေါဝေါဖြင့် အန်နေပါသည်။ အမူးသမားတစုတို့က တဦးလည်ပင်းကိုတဦးဖက်ခါ ပလက်ဖေါင်းလည်၌ ရင်ဘောင်တန်းလျှောက်လာနေကြသည်။ ရဲသားကြီးတဦးက သူတို့ကိုကြည့်ပြီးပြုံးနေပါသည်။ မိုးပျံဘူဘောင်းရောင်းသူတို့ကတော့ ဖူနီပြာဝါ ဘော်လုံးတို့ကို လက်မလည်နိုင်အောင် ရောင်းနေကြရသည်။

ကျွန်တော်တို့သည် ထိုလူအုပ်ကြီးအကြားမှ တိုးရင်းဝှေ့ရင်းဖြင့် စိုဟိုရပ်ကွက်၏ "ရုပ်ဘယ်နီ" လမ်းကြားကိုဝင်မိခဲ့ကြသည်။

ထိုလမ်းသည် မှောင်သည်။ မီးနီမီးပြာဆိုင်းဘုတ်ကလေးတို့က မှိတ်တုတ်မှိတ်တုတ်၊ သူတို့သည် "နိုက်ကလပ်"များ ဖြစ်ကြသည်။ တရားဥပဒေဘောင်၏ နခမ်းတွင် တဲတဲကလေးမျှသာရှိနေကြသည့် ထို"နိုက်ကလပ်"ဟုခေါ်သော ကပွဲခန်းတို့ဘွင် လူဝင်လူထွက်သည် များလှပါသည်။ ထိုအခန်းကလေးတို့သည် မှုန်ရီသော အလင်းရောင်တွင် စီးကရက်မီးခိုးလုံးတို့ဖြင့်ဝိုးတဝါးမျှသာရှိနေကြပါလိမ့်မည်။ အတွဲတတွဲနှစ်တွဲတို့သည် တီးဝိုင်းမှ ညံစွာ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာနေသော "ရော့(က်)အင်ချိုး(လ်)" တေးသွားဖြင့် ထိုးထိုးထွန့်ထွန့်ကနေကြပါလိမ့်မည်။ ပတ်လည်ရှိ စားပွဲခုံတို့တွင်မူ မျက်နှာချေ ပေါင်ဒါနှင့်နှုတ်ခမ်းဆိုးဆေးတို့ကို ထူပိန်းစွာခြယ်သထားသော ဟိုတည်မယ်တို့သည် ဧည့်သည်တို့အား အဆမတန်ရေရောထားသော အပေါစားအရက်တို့ကို မြူဆွယ်ရောင်းရင်း၊ ကူညီသူသောက်ရင်း အေးမေးမြတိုက်နေကြပါလိမ့်မည်။ ထိုကလပ်တို့၏အနီးတဝိုက်တွင်မူ ပြည့်တန်ဆာမတို့သည် လမ်းသွားလမ်းလာတို့ကို ကိုယ်အမူအရာတို့ဖြင့် ဖိတ်ခေါ်နေကြပါသည်။

ထိုရပ်ကွက်သည် လန်ဒန်မြို့တွင် အဆိုးဆုံး ရပ်ကွက်တကွက်ဖြစ်သည်။ လုမည်၊ ယက်မည်၊ ရိုက်မည်၊ နှက်မည်။ လိုအပ်ပါက လူသတ်ပါမည်။ ပြီးတော့ မကောင်းမှုဟူသမျှ ဘာကိုလိုချင်ပါသလဲ၊ ထိုရပ်ကွက်တွင် ရနိုင်ပါသည်။

ကျွန်တော်တို့သည် ခပ်သုတ်သုတ်ကလေး လာခဲ့ကြသည်။ ကြွပယ်(လ်)ဂါးစကဲယားသို့ ရောက်တော့ လူအုပ်ကြီးကဘိုးလို့မပေါက်တော့။

အချိန်ကတော့ စောပါသေးသည်၊ ယခုမှ ဆယ်တနာရီခန့်။ သို့ရာတွင် နောက်သို့ လှည့်ကြည့်လိုက်တော့ မည်သို့မှ ပြန်လည်ထွက်လို့မရနိုင်တော့ ထပ်မံရောက်ရှိလာကြသူတို့ဖြင့် လမ်းပိတ်လျက်ရှိနေပါပြီ။

"ကဲ၊ ဘယ်လိုသုပ်ကြမလဲ"

"ရောက်လာမှတော့ ထွက်လို့မရတဲ့ အတူတူနေပေါ့"

တကယ်တော့ စောင့်ကြရသည့်အချိန်က ကျွန်တော်တို့တွေးထင်ခဲ့ကြသကဲ့သို့ ပျင်းစရာကြီး မဟုတ်ပါ။ လူထုကြီးသည် သီချင်းတွေကို တပုဒ်ပြီးတပုဒ် သံပြိုင်သီဆိုနေကြပါသည်။ ကျွန်တော်တို့လည်း အများနှင့်အတူ မိုးခါးရေသောက်လိုက်ကြသည်။





တတ်သလောက် မှတ်သလောက်လိုက်၍ဆိုကြသည်။ အဲဒီတော့ ပတ်လည်မှ မျက်နှာဖြူတွေက ကျွန်တော်တို့အပေါ်တွင်ရင်းနှီးမှုတွေပြလာကြပါသည်။ အနားမှလူတွေက နှုတ်ဆက်ကြသည်။ ကျွန်တော်တို့၏ ရှေ့တွင်ရှိနေကြသော သူနာပြုဝတ်စုံနှင့်ချစ်စရာနပ်(စ)မကလေးတွေက လှည့်ကြည့်ပြီး ပြုံးပြကြသည်။

သို့ဖြင့် ဆယ့်တနာရီနှင့် ငါးဆယ့်ငါးမိနစ်။

တကျင်းလုံးသည် တစုံတဦးက အချက်ပေးလိုက်သည့်နှယ် တစတစဖြင့် တိတ်ဆိတ်လာသည်။

ထို့နောက်....

နှစ်သစ်ကူးပြီပေါ့....။ နှစ်သင်ကူးပြီ။

တယောက်ကတရာဆိုသလို တဆင့်စကားတဆင့်နားပြောသံတွေကို တသောသော ကြားလိုက်ကြရသည်။

အဲဒီတော့၊ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ။ ဖိုမခွဲခြားမှုသည်းမရှိတော့။ နီးရာလူ၏ လက်ကို ဆွဲကိုင် လိုက်ကြသည်။ ပြီးတော့ လှိုက်လှိုက် လှဲလှဲကြီး သံပြိုင်သီဆို လိုက်ကြသည့် သီချင်းသံကြီးက ပတ်ဝန်းကျင်တခုလုံးကို တုန်ဟီး သွားစေပါသည်။

"ရှုတ်....အိုး(လ်)....အကွ ိန်တင့်(စ)....ဘီ... ဖော်ဂေါ့(တ်)အင် ....နဲ့ဗား ဘရော့(တ်)တူမိုင်း...."

မိတ်ဟောင်း ဆွေဟောင်း တဦးကို မေ့သင့်ကောင်းပါရဲ့လား....၊ သတိမရဘဲနေသင့်ပါသလား....တဲ့။

နှစ်ဟောင်းကို လွမ်းတသသ နှုတ်ဆက်နေကြပါသည်။

လူအုပ်ကြီးသည် ကိုယ်တို့ကို ညီညီညာညာဖြင့် ယိမ်းထိုးသီဆိုနေကြသည်မှ ပျိုးခင်းပြင်ကြီးတွင် လေရူးကလေး တပွေ့ဘယ်ထိုးတိုက်ခတ်လိုက်သကဲ့သို့ ဘယ်သို့ဖိ ုက်ညာသို့အိလိုက်။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆုံးသည်နှင့် "ဟက်ပီးနယူးယီးယား....ဟက်ပီးနယူး ယီးယား...." မေတ္တာပို့သံတွေ နှုတ်ဆက်သံတွေနှင့်အတူ လူအုပ်ကြီးသည် ပျားအုံကြီးကိုတုတ်နှင့် ထိုးလိုက်သကဲ့သို့ လှုပ်လှုပ်ရှ ဖြစ်သွားကြသည်။ ပုရိသယောကျ်ားတို့သည် နီးရာ လက်လှမ်းမှီရာ ဂုတ္တိယ မိန်းမတို့ကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ တ ယောက်ပြီးတယောက် ဆွဲယူပွေ့ဖက်ပြီး အားပါးတရ စိတ်ရှိ လက်ရှိ နမ်းလိုက်ကြသည်။ ဖရား-ဖရား....၊ ကြောက်စရာပ ကလား။

ထိုအနမ်းမိုးသည် တော်တော်နှင့်မစဲနိုင်တော့။ ကျွန်တော် တို့ မြန်မာသုံးဦးသာလျှင် သူတို့အကြား၌ မျက်စေ့သူငယ်ဖြ ငုတ်စိစိကလေးတွေဖြစ်နေကြရပါသည်။ မဝံ့မရဲလို့မို့၊ တဦးကို တဦးရှက်ကြလို့၊ ပြီးတော့ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိ သောအခါ တယောက်ယောက်က သတင်းဖေါက်ပြီး ပြန်ပြောမှာ ကို ကြောက်လို့၊ ဘာဆို....ဘာတခုမှမလုပ်လိုက် မကိုင်လိုက်ကြ ရ။ နှုတ်ကလုံ ကျိုးမောနေခဲ့ကြရပါသည်။

တဖြေးဖြေးချင်း လူအုပ်ကြီး ကွဲလာတော့မှ တယောက် မျက်နှာ တယောက်မှုံးစိစိဖြင့် ကြည့်လိုက်ကြပြီး ထိုနေရာမှ ထွက်ခွာလာခဲ့ကြသည်။ လမ်းမကြီးပေါ်သို့ရောက်တော့ အသံ တွေက ထွက်လာကြသည်။

"သူများ သားသမီးတွေများ ကြီးပွား နေလိုက်ကြတာ" တဦးက မချင့်မရဲပြောနေသည်။

"နို့၊ ခင်ဗျားကော ဘာလို့သူတို့လိုဝင်မလုပ်သလဲ၊ ခင်ဗျား နားက ကောင်မလေးက နိုပ်ကနိုပ်နဲ့...."

"ဟီး....ဟီး၊ အေးဗျာ....၊ တသက်တခါ ကြုံတောင့်ကြုံ စွန့်စားလိုက်မလားလို့ဟာ....၊ အခုတော့ တဖူနာသွားတာပေါ့





တဟားဟားဖြင့် ရယ်မောလိုက်ကြရင်း အနည်းငယ်လူရှင်း စပြုလာနေပြီဖြစ်သည့် လမ်းမကြီးပေါ်သို့ တက်လိုက်ကြသည်။

ထိုစဉ်တွင် ပစ်ကယ်ဒယ်လီဆပ်ကပ် (စ) အနီးသို့ အရောက် တဖက်မှ အသက်ငါးဆယ်ကျော် ခြောက်ဆယ်ခန့်ရှိ အဖွားကြီး နှစ်ယောက်တို့သည် ခပ်ထွေထွေဖြင့် ဒယီးဒယိုင်သိုင်းကွက် နင်း ပြီး လာနေကြပါသည်။

ကျွန်တော်နှင့် တယောက်ဘိုက ဘေးသို့ ဖယ်ပေးလိုက်ကြ သည်။ ထိုအခါ ခုတင်က မကျေမချမ်း ဖြစ်ခနသူသည် ထိုအဖွား ကြီးဝိုနှင့် လမ်းပေါ်တွင် ထိပ်တိုက် တိုးလိုက်ရသည်၊

"ဟဲပီးနူးယား...." သူတို့က မပီမသဖြင့် နှုတ်ဆက်ကြသည်။

"စိမ်းတူယူ" မိတ်ဆွေက ပြန်ပြီးနှုတ်ဆက်သည်။

အဲဒါကပင် သူ့အမှား၊ နှုတ်ဆက်လို့ပြီးကြသည်နှင့် ထိုအ ဖွားကြီးနှစ်ယောက်တို့က ကျွန်တော်တို့၏ မိတ်ဆွေအား နှစ်ဖက် မှ ညှပ်ပြီး အားပါးတရ ပိုင်တူဖက်လိုက်ကြသည်။

"ဟဲ့....ဟဲ့....အို၊ ဘယ့်နှယ်လုပ်ကြတာတုန်း....၊ ဟေ့လူ တွေ....ကျုပ်ကိုကယ်ကြပါအုံး...."

သို့ပေမဲ့ ကျွန်တော်တို့မှာ သူ့ကိုအချိန်မှီမကယ်နိုင်ကြတော့၊ သူ့အနားသို့ မကပ်ဝန့်ကြတော့။

အဖွားကြီး နှစ်ယောက်သည် သူ့ကို တယောက်ဘလှည့်စီ ပွတ်ခနဲပြွတ်ခနဲ နမ်းလိုက်ကြမှ ထမင်းချည်ခွက် ခွေးလျက်သည့် နှယ် ခေါင်းတို့ကိုပင် မဖော်ကြတော့။

ကျွန်တော်တို့ နှစ်ယောက်မှာဖြင့် လမ်းဘေး ပလက်ဖောင်း ပေါ်တွင်ထိုင်ပြီး အူနှိပ်ပြီ ဘာဘားဟားရယ်လိုက်ကြရပါသည်။

အော်....၊ကြီးပွားချင်တဲ့ သူများတော့ ကြံဖန်ပြီးဖြစ်ရတော့ တဲပေါ့။

www.burmeseclassic.com

## ဟိုက်ပတ်ပန်းခြံ

ဂြဖယ်(လ်)ဂါစကွဲယား၊ ပစ်ကယ်ဒယ်လီဆပ်ကပ်(စ)တို့အကြောင်းတို့ကို ပြောတော့၊ ဟိုက်(ဒ)ပတ် (က) အကြောင်းက ပါလာရပါလိမ့်မည်။

လန်ဒန်မြို့တွင် ညွှဲသည်များ အနေဖြင့် လည်ပတ်ကြည့်ရှုစရာနေရာတွေသည် အများအပြားရှိသည်။ ဘတ်ကင်ဟမ် နန်းတော်၊လန်ဒန်ရဲတိုက်ကြီး၊ လန်ဒန်တံတား၊ ဝက် (စ) မင်စတာဘုရားရှိခိုးကျောင်း၊ ပါလီမန်၊စသည်....စသည်။ပြီးတော့ ပြတိုက်များ။ ဤနေရာတွေသည် အချိန်ယူပြီး တကူးတကန့်သွားရောက်ကြည့်ရှုရမည့်မှတ်သား လေ့လာရမည့် ဗဟုသုတ ရှာမှီးရမည့်နေရာများဖြစ်ကြသည်။

သို့ရာတွင် ဂြဖယ်(လ်)ဂါသမ်းဆုံ၊ ပစ်ကယ်ဒယ်လီလမ်းဆုံနှင့် ဟိုက်(ဒ)ပတ်(က)စသည်တို့ကတော့ အထူးတလည် သွားရောက်ကြည့်ရှုရန်မလို၊ တကယ်တော့ ပညာပေးအနေဖြင့် မည်သို့မျှ အကျိုးပြုသည်မဟုတ်။ လန်ဒန်မြို့သို့ ရောက်လာသူတဦးသည် တနေရာမှတနေရာသို့ ကိစ္စတခုခုဖြင့် သွားလာစဉ် ထိုနေရာတို့ကို မုချမသွေဖြတ်သန်း သွားကြရမည် ဖြစ်ပါသည်။ ထို့ကြောင့် "အော်၊ ပစ်ကယ်ဒယ်လီဆပ်ကပ်(စ)ဆိုတာ ဒါဘဲကိုး၊ကျူပ်က ဆင်တွေ မြင်းတွေပါတဲ့ ဆပ်ကပ်ပွဲလို့ အောက်မေ့ နေတာဟဲ...ဟဲ...."သို့မဟုတ် "အင်း၊ဟိုက်(ဒ)ပတ်(က)ဆိုတာ ပန်းခြံကြီးဘဲ" စသည်ဖြင့် အသိအမှတ်ပြုလိုက်ရုံဖြင့် ပြီးစီးနိုင်သည် ဖြစ်သည်။

ဒါဖြင့် ဤနေရာတွေသည် အဘယ့်ကြောင့် ထိုမျှနံမည်ကြီးနေရပါသလဲ။





အခြားနေရာတွေ။ဥပမာ....၊ ဘတ်ကင်ဟမ်နန်းတော်။ နန်းတော်အဆောက်အဦးကြီးကိုမြင်ရမည်။ လှပဆန်းကျယ်စွာဝတ်ဆင်ထားပြီး ကျောက်ရုပ်တရုပ်ပမာ မျက်တောင်မှ ခတ်ပါလေ ရဲ့လားလို့ထင်မှတ်ရလောက်အောင် မလှုပ်မရှက် တောင့်တောင့်ကြီး ရပ်နေသည့် ကိုယ်ရံတော်တပ်မှ ကင်းစောင့်တပ်သားကိုတွေ့ရမည်ဖြစ်သည်၊ အချိန်ကိုက်၍သွားမည်ဆိုပါက ထိုကင်းဘပ်တို့လဲလှည်သည့် အင်မတန်ကြည့်လို့ကောင်းသော စစ်ရေးပြ အခမ်းအနားတခုကို တွေ့ရမြင်ရပါမည်။

သို့ရာတွင် ဂြဖယ်(လ်)ဂါစကွဲယား၊ ဟိုက် (ဒ) ပတ်(က) စသည့်နေရာတို့ကတော့ သည်လိုမဟုတ်ကြ၊ ကြည့်စရာ ထူးထူးဆန်းဆန်းမရှိ။

ကျွန်တော် ဗိုလပ်သို့ ရောက်သည့် ညမှာပင် ထမင်းဆိုင်သို့ အသွား....

"ဟောဒါဘဲခင်ဗျ၊ ပင်ကယ်ဒယ်လီဆပ်ကပ်(စ) ဆိုတာ" လိုက်ပို့ပေးသော သူကပြလို့ ကားအတွင်းမှကြည့်ခဲ့ရသည်။မြင်ခဲ့ရပါသည်။ ထို့နောက်တော့ သူ့ကိုဖြတ်သန်းသွားရသည့်အကြိမ်ပေါင်းက မရေမတွက်နိုင်တော့။ နေ့အခါတွေတွင် လူစည်ကားသည်ကလွဲလို့ မည်သို့မျှထူးထူးခြားခြားမရှိသ၊တခုတော့ရှိသည်။ မြို့သည်ဖြစ်သဖြင့် ကုန်တိုက်ကြီးများ၊ စားသောက် ဆိုင်များ၊ ကလပ်များ၊ရုပ်ရှင်ရုံများ၊ စသည်တို့နှင့် နီးသည်ဖြစ်သဖြင့် မိတ်ဆွေများ၊ သမီးရည်းစားများ၊အစရှိသူတို့သည် တဦးနှင့်တဦးတွေ့ဆုံရန် ချိန်းဆိုပါက ဤပစ်ကယ်ဒယ်လီဆပ်ကပ်(စ)၏ဒေါင့်တဒေါင့်၊သို့မဟုတ်ဆိုင်တဆိုင်၏ ရှေ့တို့၌ တွေ့ဆုံကြရန် ချိန်းဆိုတတ်ကြသည်။ ဤနေရာတွင် ချိန်းဆိုပါက လူချင်းမလွဲနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်သည် ထိုပစ်ကယ်ဒယ်လီ အဝိုင်းကြီးကို တကျူးတကန့်သွားရောက်မလေ့လာမိ။ သို့ရာတွင် ညဘက်တို့၌ ဖြတ်သန်းသွားရသော အခါတို့တွင်မူ ပတ်လည် အဆောက်အဦးတို့မှ ရောင်စုံနီယွန် မီးချောင်းတို့ဖြင့် တွန်းညို ထားသော ကြော်ငြာတို့ကြောင့် ထိန်ထိန်သာနေသော သူ၏အလှကို အမြဲတစေ ငေးမောကြည့်ရှုမိရပါသည်။

ကြဖယ်(လ်)ဂါစကွဲယားသို့မူ ဗိုလပ်သို့ရောက်ခါစ တနင်္ဂနွေတနေ့တွင် မိသားစုသွားရောက်ကြပြီး ခို့ငှက်ကလေးတို့ကို အစာကျွေးကြသည်။အမှတ်တရဓာတ်ပုံများရိုက်ခဲ့ကြသည်။ကျွန်တော်တို့ကဲ့သို့ ခိုစာခကျွေးနေကြသူတွေ၊ ဓာတ်ပုံ ရိုက်နေ ကြသူတွေ၊ ရေပန်းတို့အနီးတဝိုက်တွင် အေးအေးလူလူထိုင်ပြီး နေပူစာလှုံနေကြသူတွေကလည်း မနဲလှ။

ဟိုက်(ဒ)ပတ်(က)ကိုမူ အထူးတလည်သွားခဲ့ရပါသည်။ ထိုသို့ အထူးတလည်သွားခဲ့ရသည်မှ အကြိမ်ကြိမ်၊ အကြောင်းတွေကလည်း အမျိုးမျိုး။

သူ့ကိုလည်း ကျွန်တော်သည် အလုပ်ကိစ္စနှင့် မြို့တွင်း၌သွားရင်းလာရင်း မကြာခဏ ဖြတ်သန်းရသည်။ ပတ်(က) ဟူသော စကားအရ ပန်းခြံကြီးဖြစ်သဖြင့် စိမ်းစိမ်းစိုစိုဖြင့် သာယာလှပါသည်။

အထူးတလည်သွားရသည်က သူ၏နံမည်ကြီးလှသော ဟောပြောပွဲတို့ကြောင့်ဖြစ်သည်။ အစိုးရကဘေးမဲ့ပေးထားသော ထိုတရားပွဲတို့ကို လေ့လာနားထောင်ရန် ဖြစ်သည်။

ဟိုက်(ဒ)ပတ်(က)ကော်နာဟု ခေါ်သည့် ပန်းခြံထောင့်တွင် ညနေဘက်သို့ရောက်လျှင် ဖိုးဟောချင် တရားဟောဆရာတို့သည် ထင်းရှူးသေတ္တာကလေးများ၊ ခေါက်လှေခါးကလေး များတို့ကို





သမ်းယူလာပြီး တနေရာတွင်ခင်းကြသည်။ ပြီးတော့နားထောင်မည့်သူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ထိုစင်မြင့် ကလေး များအပေါ်မှာရပ်ပြီး လက်သီးလက်မောင်းများတန်းကာ ဟောပါလေပြီ။

"ကမ္ဘာကြီးပျက်စီးလုနီးပြီ၊ ဘုရားသခင်ထံမှာခိုလှုံကြပါ....." ကျမ်းစာအုပ်ကို လက်တွင်ကိုင်ပြီး ဘာသာရေးဟောနေကြသော သူတော်စင်တွေ။

"ခင်ဗျားတို့ အင်္ဂလိပ်လူမျိုးတွေဟာ သူခိုးတွေ၊ ဓါးမြတွေ၊ ကျုပ်တို့ဆီက စိန်တွေရွှေတွေခိုးသွားကြတယ်။ ကျုပ်တို့ရဲ့ တိုင်းပြည်ကိုလုယူတယ်၊ ကောင်းကောင်းသတိထားနေကြပါ။ မကြာသောတနေ့မှာ ခင်ဗျားတို့ဟာ ကျုပ်တို့ကို ဒါတွေအားလုံး အတိုးနဲ့ ပြန်ပေးပေးအပ်ရမယ်။ ခင်ဗျားတို့ကို တသက် မခေကျဘူး...." ဒေါတွေမောတွေနှင့် အင်္ဂလိပ်တို့၏ မျက်နှာကို တဲ့တဲ့ ကြည့်ပြီး ဆဲရေးနေသူ အာဖရိကတိုက်မှအမျိုးသားများ။

"အင်္ဂလိပ်လူမျိုး၊ ဟဲဟဲ....ဟဲဟဲ....။ ဈေးဘဲရောင်းတတ်တဲ့လူမျိုး၊ အလကားလူမျိုး။ ပင်လယ်ဓါးမြမျိုးဆက်တွေ၊ အရင်တုန်းကတော့ လက်အောက်ခံတိုင်းပြည်တွေရဲ့ဂုတ်သွေးကိုစုတ်ပြီး ကြီးပွားနေခဲ့ကြတာ။ အခုတော့ဘယ်လိုလဲ၊ ဒီနိုင်ငံတွေကို လက်လွှတ်လိုက်ရတော့ ခင်ဗျားတို့မှာ ဘာကျန်သေးသလဲ၊ မွဲတေနေပြီမဟုတ်လား...."မဲ့ကာရွဲ့ကာဖြင့် ရက်ရက်စက်စက်ပြောနေသူ အကြိမ်က ဗြိတိသျှလက်အောက်ခံလူမျိုးများ။

"ကျုပ်ဟာ မျက်နှာဖြူပါဘဲ၊ ဒါပေမဲ့အင်္ဂလိပ် လူမျိုးတော့ မဟုတ်ပါဘူး၊ အိုင်းရစ်(ရှ)လူမျိုးပါ။ အိုင်းရစ်(ရှ)နဲ့ အင်္ဂလိပ် မတူပါဘူး....။ သူတို့ဟာ သူတို့ဖါသာ အထင်ကြီး ဘဝင်မြင့်နေကြတဲ့လူမျိုးပါ။ တကယ်ကျတော့ ဖွတ်ကြားဘဲ၊ ကဲ....ဒေး



www.burmeseclassic.com

www.burmeseclassic.com



ပါရစေ၊ ခင်ဗျားတို့အင်္ဂလိပ်တွေကို။ ခင်ဗျားတို့ရဲ့ဆရာဝန်ဘွဲ့ကို အမေရိကက အသိအမှတ်ပြုရဲ့လား။ ထွီ....ဝေးလိုက်တာ၊ ကျုပ်တို့ အိုင်ယာလန်.... ဒတ်ဗလင်က ဆရာဝန်ဘွဲ့ကို အမေရိကက အသိအမှတ်ပြုတယ်၊ နားသည်လား....” မထိတထိ ကလေးဖြင့် အင်္ဂလိပ်တို့ကို သာသာနှင့် နာနာကလေး နှက်နေသော အိုင်းရစ်(ရှ)မျိုးချစ်များ။

တခါတရံ ထိုသို့ဟောပြောနေသူ၏ရှေ့တွင်နားထောင်မည့်သူ တယောက်တလေမှမရှိ။ သို့ရာတွင် သူသည်စိတ်မပျက်၊ ထောင်သောင်းမကသော ပရိသတ်ကြီးကို ဟောပြောနေရသကဲ့သို့ စိတ်ပါလက်ပါ အချက်အလက် စုံလင်စွာဖြင့် မမောနိုင် မပန်းနိုင် တယောက်ထဲကျဲနေတတ်ပါသည်။

တချို့ဟောပြောသူတို့၏ရှေ့၌မူ ပရိသတ်က တခါတရံ နှစ်ယောက်သုံးယောက်၊ တခါတရံ၌မူ သုံးဆယ် လေးဆယ်ခန့် ဟောပြောသူနှင့် နားထောင်နေကြသူတို့သည် စင်ပေါ်နှင့် စင်အောက် ငြင်းကြခုံကြ၊ တဦးကိုတဦး ဟားလိုက်ကြ၊ အရွှီးလုပ်လိုက်ကြ။

“ဟေ့လူ သောက်ရူး၊ ခေတ်တော့ အဓိပ္ပါယ် မရှိတာတွေ ပြောမနေနဲ့” အောက်က လူက အော်ပြောသည်။

အပေါ်လူက အပြုံးမပျက်။

“အဲဒါပေါ့ခင်ဗျာ၊ ကျုပ်အိမ်မှာ မွေးထားတဲ့ ခွေးကမှ လူစကားနားလည်သေးတယ်ခင်ဗျ၊ ဒါပေမဲ့ လူလို အခေါ်ခံထားတဲ့ အချို့ သတ္တဝါတွေကတော့ သနားစရာပါဘဲ၊ တကယ့်ကို သနားစရာပါဘဲ၊ ကျွတ်....ကျွတ်....ကျွတ်....ကျွတ်....” စုတ်ပင်သပ်လိုက်ပါသေးသည်။

တခုအံ့သြစရာ ခြီးမွမ်းစရာ ကောင်းသည်က ရန်ဖြစ်သည်ဟူ





မည့်သည့်အခါကမှမကြားရ။ စိတ်ဆိုးမာန်ဆိုး ရှိကောင်းရှိကြပါလိမ့်မည်။ သို့ရာတွင် လက်ကမပါ။

တခါတရံဟောပြောသူတို့သည်ဟောရင်းပြောရင်းမှ လွန်လွန်ကျူးကျူးပြောမှားဆိုမှားတွေ ဖြစ်တတ်ကြသည်၊ အင်္ဂလိပ်ဘုရင်မကြီးကိုပင်မချန် ပုတ်ခတ် ပြောဆိုမိကြသူတွေရှိကြသည်။ သို့ရာတွင် မည်သူကမှ မနာကြ။ ခွင့်လွှတ်ကြသည်။

မနီးမဝေးရှိ အရပ်ခြောက်ပေကျော်ရှိ လန်ဒန် ရဲကြီးသည် ခါးကိုထောက်ခါ ရပ်နေပါသည်။ ထိုဆဲရေး စကားတို့ကို လုံးစေ့ပါဌ်စေ့ ပီပီသသကြီး ကြားနေရသည်။ သို့ရာတွင် သူသည် အရေးယူဘို့ဝေးစွ၊ ပြုံး၍ပင်နေသည်။

စင်မြင့်ပေါ်ကလူသည် သူ၏လွတ်လပ်စွာ ပြောဟောခွင့်ကို အပြည့်အဝအသုံးချနေသည် မဟုတ်ပါလား။

ထိုတရားပွဲတို့၏နောက်နား မလှမ်းမကမ်းမှာတော့ ဖိုမစုံတွဲတွေသည် ထိုတရားပွဲတို့ကို စိတ်ဝင်စားကြ။ တရားပွဲတို့ကိုသာ မဟုတ်၊ ဘယ်အရာကိုမှ စိတ်မဝင်စားကြ။ ကျယ်ပြန့်သော မြက်ခင်းပြင်ကြီးပေါ်တွင် ဖက်ယမ်းလူးလိမ့်ကာ ချစ်ဗျူဟာ ခင်းနေကြပါလိမ့်မည်။ သူတို့သည်လည်း လွတ်လပ်စွာ ချစ်ပိုင်ခွင့်ကို အပြည့်အဝရယူနေကြခြင်းပင် ဖြစ်ပါလိမ့်မည်။

ကျွန်တော်သည် စနေနေ့တို့တွင် အခြားကိစ္စကြီးငယ်တို့ မရှိပါက အပျင်းပြေသဘော ထိုတရားပွဲတို့သို့ရံဖန်ရံခါ သွားရောက်နားထောင်တတ်ပါသည်။ အများအားဖြင့်ကတော့ ဆဲခရုပွဲ၊ နိုင်ငံရေးတရားပွဲတို့သာဖြစ်ကြသော်လည်း တခါတရံတို့၌မူ မှတ်လောက်သားလောက်သော စကားများ၊ အကြောင်း အရာများတို့ကို ကြားနာရတတ်သည်။

ထိုဝန်းခြံကြီးသို့ အခြားအကြောင်းတို့ကြောင့်ရောက်ရသည့်



www.burmeseclassic.com

www.burmeseclassic.com

ကတော့ မြန်မာပြည်မှရောက်ရှိလာသော ရင်းနှီးသည့် သူငယ်ချင်းမိတ်ဆွေများ၏ တောင်းပန်ချက်ကြောင့် လိုက်ပို့ရခြင်းဖြစ်သည်။ ထိုအခါ တွိုင်မှ ညဘက်တို့ခ်သွားရသည်က များပါသည်။

ထိုသူငယ်ချင်းတို့သည်သူတို့အား မြန်မာပြည်တုန်းကဘယ်သူတွေကများဘိုးတိုးကလေးကျိတ်ခါ ဖောက်သည်ချလိုက်သည်မသိ လေယာဉ်ပေါ်မှဆင်းလို့သန်ဒန်မြို့တွင်းသို့ရောက်သည်ဆိုလျှင်ပင် ရေငတ်သလိုမေးတတ်ကြသည်။

"ဒီမယ်....ကိုယ့်လူ၊ ဟိုက်(ဒ)ပတ်(က)ဆိုတာ ဘယ်မှာလဲဗျ....၊ လိုက်ပို့စမ်းပါ၊ ကြည့်စမ်းချင်အောင်၊ဗဟုသုတအဖြစ်ပေါ့"

ထို့ကြောင့် သူ့ကို ဆိုဟိုရပ်ကွက်ရှိ တရုတ်ထမင်းဆိုင်သို့ခေါ်သွားပြီး ညစာကျွေးသည်။ ပြီးတော့ ဟိုက်(ဒ)ပတ်(က)သို့ လမ်းလျှောက်ခါခေါ်ခဲ့ရသည်။

မေဖဲ့ယားရပ်ကွက်သို့ရောက်လျှင်ပင် တွေ့ပါပြီ။

အမျိုးသမီးသည် အဖိုးတန် သားမွေးကုတ်အင်္ကျီကိုဝတ်ဆင်ထားသည်။ သူ့ဆံပင်သည် ငွေရောင်ဆိုးထားသဖြင့် မမှောင့်တမှောင်တွင် တဖွေးဖွေး တလက်လက်။ သူ၏လက်တဖက်တွင် လက်ပွေ့အိတ်၊ကျန်တဖက်မှာကသံကြိုးတချောင်း၊ ထိုသံကြိုး၏ တဖက်စွန်းတွင် ပူဒယ်(လ်)အမျိုးအစား ချစ်စရာ မွေးစုတ်ဖွားခွေးကလေးတကောင်။ထိုအမျိုးသမီးသည်ဥပဒေဘောင်အတွင်းတွင် ခွေးကလေးကိုအညောင်းအညာပြေ လမ်းလျှောက်ပေးနေသည်ဖြစ်ပါသည်။

သူ့အနားမှ ပွတ်ခါလာခဲ့သည်။ ပြင်သစ်ရေမွှေးနံ့ကတသင်းသင်း။

ကျွန်တော့်သူငယ်ချင်းမှာတော့ထိုအမျိုးသမီးကိုသာ စောင်းငမ်း စောင်းငမ်းဖြင့် သမင်လည်ပြန်ကြည့်နေရရှာပါပြီ။





"အဲဒါ မကောင်းတဲ့မိန်းမပေါ့" ကျွန်တော်က ပြောပြတော့သူက မယုံသလိုလိုပင် ကျွန်တော့်ကိုပြန်ကာကြည့်သည်။

"ဟုတ်ရဲ့လားဗျ"

ထို့နောက်တော့ ထိုကဲ့သို့သောမိန်းမမျိုးတွေတယောက်ပြီးတယောက်၊ နောက်တယောက်ပြီး နောက်တယောက်။

"ဒါတွေက အထက်တန်းစားတွေပေါ့ဗျာ" သူ့ကိုရှင်းပြရသည်။

ဟိုက်(ဒ)ပတ်(က)သို့ရောက်လျှင် အပေါစား ညဉ့်ငှက်မကလေးတို့သည် မှောင်ရိပ်အတွင်းမှ အလျှိုအလျှို ထွက်လာကြသည်။ ပြုံးပြုံးစာလေးတွေဖြင့်....

"ဟယ်....လို...." နှုတ်ဆက်သူကတမျိုး။

"ဟိုင်း...." ရင်းနှီး သမှုပြုသူကတဖုံ။

မြူကြသည်၊ ဆွယ်ကြသည်။

အချို့ကတော့ ခေတ်တိုင်ရင်းတိုတွင်ရပ်ပြီး အငှားယာဉ်တက္ကစီတို့ကို စောင့်နေသလိုလို၊ မီးရောင်ဖြင့် အလှပြပြင်နေသလိုလို၊ ထိုတိုင်တို့မှ သီးပွင့်နေကြသည့် သူယောင်မယ်ကလေးတွေနှင့်ပင် တူလှပါသည်။

"ဒါကြောင့် ဟိုက်(ဒ)ပတ်(က)....၊ ဟိုက်(ဒ)ပတ်(က)နဲ့ နံမည်ကြီးတာကိုး" သူငယ်ချင်းက သက်ပြင်းတချက်နှင့်အတူ မှတ်ချက်ချလိုက်ပါသည်။

လမ်းလျှောက်ခါ ကြည့်လာကြရသဖြင့် ခြေထောက်တွေကတောင့်လာကြပါပြီ၊ မျက်လုံးတွေလဲ ညောင်းလာကြပါပြီ။ အဲသည်တော့ သူတည်းခိုရာဟိုတယ်သို့ ပြန်ခဲ့ကြသည်။

တလမ်းလုံးမှာတော့ သူသည် နောက်သို့ လှည့်ကြည့် လှည့်ကြည့်....ဖြင့်။


www.burmeseclassic.com

www.burmeseclassic.com

## ပဲရစ်

တကယ်တော့ လန်ဒန်မြို့သည် ညဥ့်ဦးပိုင်းအထိသာ လူတွေ ဟာရုန်းရုန်းဖြင့် သွားကြလာကြ စည်ကားသည့်မြို့တမြို့ဖြစ်သည်။

ဆိုပါတော့။ ဆိုဟိုချပ်ကွက်၊ မေဖဲယား၊ ဟိုက်(ဒ)ပတ်(က) အစရှိသောနေရာတို့တွင်ကျက်စားကြကုန်သောညဥ့်ငှက်မကလေးများသည် သန်းခေါင်ကျော်လျှင် လမ်းပေါ်တွင် မရှိသလောက်ဖြစ်သွားသည်။လန်ဒန်မြို့၏ လမ်းဒေါင့်တိုင်းမှာလိုလို ရှိကြသော အရက်ဆိုင်တို့သည် ညဆယ်နာရီထိုးလျှင်ပိတ်ကြပါပြီ။ ထိုအချိန်ကျလျှင်ရုပ်ရှင်ရုံတို့သည်လည်း သိမ်းကြပြီဖြစ်သဖြင့် စားသောက်ဆိုင်အချို့နှင့် အထက်တန်းစား ကပွဲရုံ နိုက်ကလပ်တို့သာကျန်ရှိသည်။ထိုနေရာတို့သည်လည်းငွေကြေးတတ်နိုင်သူတို့သာ ဝင်ထွက်နိုင်ကြသည်ဖြစ်သောကြောင့်လန်ဒန်မြို့၏သန်းခေါင်သည်ချောက်ချားဘွယ် ကောင်းလောက်အောင် လမ်းများပေါ်တွင် လူသူကင်းမဲ့သည်။

ပဲရစ်ကတော့ ထိုသို့မဟုတ်။

ကျွန်တော်သည် အင်္ဂလန်ပြည်အတွက်သာ စစ်သံမှူးမဟုတ်၊ ပြင်သစ်ပြည်အတွက်ပါ စစ်သံမှူးအဖြစ် ပူးတွဲ တာဝန် ယူထားသည်ဖြစ်သဖြင့် ပဲရစ်မြို့သို့ မကြာခဏသွားရသည်။

ထိုစဉ်က ပဲရစ်မြို့ရှိ မြန်မာ သံအမတ်ကြီးမှာ ဦးဇော်ဝင်း (ယခု ဦးဇော်မြင့်သိန်း) ဖြစ်သည်။ သဘောကောင်းသော သံအမတ်ကြီးနှင့် ဖော်ရွေသော သံအမတ်ကြီးကတော် ဒေါ်ဝင်းဒီတို့၏အိမ်သည် ထိုခေတ်က ပဲရစ်သို့ ရောက်ခဲ့ကြသော မြန်မာအားလုံးတို့၏ စားအိမ်သောက်အိမ်ဖြစ်ခဲ့သည်။

လန်ဒန်မှ ပဲရစ်သို့ပဌမဆုံးအကြိမ်ရောက်ရှိလာသူအဖို့ မြို့ကြီး





နှစ်မြို့တို့၏ထူးခြားမှုကို သိသိသာသာကြီး ခံစားသိလိုက်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ထိုထူးခြားမှုသည် မည်သည့်အခြင်းအရာဖြစ်သည်ကိုမူ ထိုသူသည် တော်တော်နှင့် စဉ်းစား၍ ရမည်မဟုတ်ပါ။

"တခုခုတော့ထူးခြားတယ်၊ ဘာရယ်တော့မပြောတတ်ဘူး"

မေးလျှင် အဲဒီလိုသာဖြေပါလိမ့်မည်။ ထို့နောက် ထိုဘာခုခုကို ခရမကစဉ်းစားပါလိမ့်မည်၊ စဉ်းစားလို့ရပါပြီ၊ ၎င်းပေါင်ကိုခပ်စပ်စပ်ကလေးပုတ်လိုက်ပြီး....

"အောင်မယ်လေးဗျာ၊ စဉ်းစားလိုက်ရတာ၊ သိပြီ... သိပြီ"

ဟုတ်ပါသည်၊ ထိုမြို့ကြီးနှစ်မြို့၏ သိသာ ထင်ရှားလှသည့် ကွာခြားမှုက မော်တော်ကား ဟွန်းသံပင်ဖြစ်ပါသည်။

ဗိလပ်တွင် မော်တော်ကားဟွန်းသံကိုမကြားကြ။ အင်္ဂလိပ်လူမျိုးတို့သည် မော်တော်ကားတို့ကို ကိုယ့်လမ်းနှင့်ကိုယ် စည်းကမ်းရှိရှိမောင်းနှင်ကြသည်။ ထို့ကြောင့် ဟွန်းတီးနှိပ်ရသို့၊ သူတို့အဖို့ ဟွန်းတီးခြင်းသည် ဆဲရေးလိုက်ခြင်းပင်ဖြစ်သည်။အခြားမော်တော်ယာဉ်တစီးစီးက စည်းကမ်းဖောက်လာသည်ဆိုပါက၊ တွီ....တချက်သာနှိပ်လိုက်ပါလိမ့်မည်။

ပဲရစ်မှာတော့သည်လိုမဟုတ်၊ ကားတွေသည် အထူးသဖြင့် တက္ကစီကားတို့သည် တနေရာမှတနေရာသို့ အမြန်ဆုံး ရောက်ရှိရန်အစွမ်းကုန် ကြိုးစားကြသည်။ တစီးနှင့်တစီး ကျဉ်းမြောင်းသော လမ်းတို့တွင် အပြေးပြိုင်ကြသည်၊ ရှေ့မှကားကို ကျော်သည်၊ ဘေးမှ ကားကို ဖြတ်သည်၊ နောက်မှ ကားကို ပိတ်ဆို့သည်။ တချိန်လုံးမှာတော့ လက်တဖက်က ဟွန်းအပေါ်မှ မခွါ၊ တတီးထဲတီးကြသည်။ စီကနဲ ညံကနဲ တီးကြသည်။ ထို့ကြောင့် ပဲရစ်မြို့သည် ဟွန်းသံတို့ဖြင့် ဆူဆူညံနေသည်။



www.burmeseclassic.com

www.burmeseclassic.com

အမှန်တော့ မြို့တော်နှစ်ခု၏ကွာခြားမှုသည် ထိုမျှသာမဟုတ်သေးပါ။ လူတွေဝတ်ပုံစားပုံလည်း ကွာခြားသည်။ ပြင်သစ်လူမျိုးတို့က ပို၍တောက်ပြောင်စွာ ဝတ်ဆင်ကြသည်။ အစား အသောက်တွင်လည်း ကွာခြားသည်၊ အင်္ဂလိပ်တို့၏ အစားအစာသည်ရိုးသည်။ ပြင်သစ် အစားအစာကဲ့သို့ ဖွယ်ဖွယ်ရာရာမရှိ၊ အရသာမစုံ။ ပြောဆိုနေထိုင်မှုတွင်လည်း ကွာခြားသည်။ အင်္ဂလိပ်တို့က ဣန္ဒြေကြီးကြသလောက်၊ စကားပြောလျှင် အေးဆေးတည်ငြိမ်ကြသလောက် ပြင်သစ်တို့က ပိုမိုရင်းနှီးစွာဆက်ဆံတတ်ကြသည်လို့ဆင်သည်။ စကားပြောလျှင်လည်း လက်ဟန်ခြေဟန်နှင့် ပိုမိုကျယ်လောင်စွာ ပြောတတ်ကြသည်။

နောက်တခုကွာခြားပါသေးသည်။ ပြင်သစ်မကလေးတို့သည် အင်္ဂလိပ်မကလေးတို့ထက် ပို၍လှကြသည်။

ဒါကတော့ ကျွန်တော့် စိတ်ထင်။

ပြင်သစ်မကလေးတို့သည် အများအားဖြင့် အရပ်အမောင်းသေးသွယ်ကြသည်၊ အသားအရေသည် အင်္ဂလိပ်မကလေးတို့ထက် ပိုမိုညက်ညောသည်၊ ဒါလဲ ကျွန်တော့် စိတ်ထင်။

ထို့ကြောင့် နအတွက် ကုတ်အင်္ကျီအစရှိသော အဝတ်အစားတို့ကို ဝယ်ယူလိုပါက အင်္ဂလန်တွင် သူ၏အရွယ်အစား ရှားလှသည်။ ရရှိပါကလည်း ပုံပန်းကမကျ။ ပဲချစ်မှာတော့ ပုံဆန်းတို့သည် အရွယ်စုံရှိသည်။ သေးသွယ်သော မြန်မာအမျိုးသမီးများအတွက်ဆိုပါက "ပက်တစ်" အငယ်စားဟု ပြောလိုက်လျှင်ပင် တိုင်းပြီးချုပ်ထားသည်နှင့်မခြား အနေတော်ကိုရရှိနိုင်သည်။

အထူးခြားဆုံးကတော့....ပဲချစ်၏ ည။

လန်ဒန်မြို့အိပ်ရာဝင်ချိန်မှာမှ ပဲချစ်သည်နိုးကြလာသည်။ကပွဲရုံ့ဘို့သ ည် ပို၍စည်ကားလာကြပါသည်။ လူတွေသည် ပို၍ရှင်မြူး





လာကြသည်။ တီးဝိုင်းတို့သည် ပို၍ဆူညံလာကြသည်။ ကခြေသည်မကလေးတို့သည် ဝတ်လှာတို့ကို ပို၍ချွတ်ခွာလာကြသည်။

လန်ဒန်မြို့၏ ဝင်း(ဒ)မီး(လ်) ဇာတ်ရုံတွင် ဝစ်လစ်စလစ်မိန်းမပျိုတို့ကိုတွေ့မြင်ကြရပါမည်။ သို့ရာတွင် သူတို့သည်အင်္ဂလိပ်တို့၏ ဥပဒေအရဇာတ်ခုံပေါ်တွင် မလှုပ်မရှက်သာနေကြရသည်။ ကျောက်ရုပ်သဏ္ဌာန်နေကြရသည်။ မျက်ခုံးတဖက်ကို လှုပ်လိုက်သည်နှင့်အဖမ်းခံကြရပါမည်။

ပဲချစ်၌မူ ထိုကပွဲမျိုးနှင့် ပတ်သက်၍ ဥပဒေသည် ပိုမိုပျော့ပျောင်းသည်လို့ထင်သည်။ ထို့ကြောင့်သူတို့ဆီက ဒါကတွေ့သည် ပို၍ပွင့်လင်းသည်၊ အတွေးအခေါ်ပါသည်။ အသက်ဝင်သည်။ အချို့ကမူညစ်ညမ်းသည့်ဘက်သို့ပင် တိမ်းသည်လို့ဆိုနိုင်ပါသည်။

ပဲရစ်၏ဖေါလီဗဂျဲကပွဲသည် ပြင်သစ်တို့အဖို့ အတော်ကလေးသိမ်မွေ့သောပွဲ ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ကျွန်တော်သည် ဇနီးသည်အား ကြည့်ရှုသည်ရှိအောင် ခေါ်၍သွားသည်။

ရုံးတွင်းသို့ဝင်လိုက်သည်နှင့် ကြက်ပေါင်စေးနှင့် ပြုလုပ်ထားသော ဝစ်လစ်စလစ် အရုပ်ကလေးတို့ကို လာ၍ရောင်းသည်။

ကပြသည့် အချို့သော အခန်းတို့ကလည်း မြန်မာ့မျက်စေ့အဖို့ အနည်းငယ်တော့ဖြင့် ကြမ်းသယောင်ယောင်ရှိသည်။သို့ရာတွင် အဆိုးကြီးတော့ဖြင့်မဟုတ်။ မည်သို့ပင်ဖြစ်စေ တကိုယ်လုံးတွင် အဝတ်အစားဆို၍ စုစုပေါင်း ပိတ်စ တထွာ တည်းမျှသာ ဝတ်ဆင်ထားကြသည့် ကခြေသည်မကလေးတို့၏ ပန်းနုရောင်အသားလှလှတို့ကို မိမွေးတိုင်းဖမွေးတိုင်းအဖြစ် ဖေါဖေါသီသီ တဝကြီးမြင်ခဲ့ကြည့်ခဲ့ကြရသည်ဖြစ်သည်။

မြေအောက်အခန်းကလေးတို့မှ ကပွဲတို့ကမူ တကယ်ပဲကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြပါသည်။ အတလည်းကြမ်းသည်၊ အဝတ်အစား သို့မဟုတ် မဝတ်မစားသည်ကလည်း ကြမ်းလှသည်။

သို့ရာတွင် ပဲရစ်တွင် ထိုကပွဲတို့သာ ကြည့်စရာ ရှုစရာရှိသည် မဟုတ်ပါ။ ပြင်သစ်ပြည်သည် တချိန်က ကမ္ဘာ့ယဉ်ကျေးမှု၏ မိခင်တိုင်းပြည်ကြီး တခု ဖြစ်ခဲ့သည်နှင့်အညီ ပြတိုက်ကြီးတွေ နန်းတော်ကြီးတွေ၊ ပန်းခြံကြီးတွေ၊ ဘုရားရှိခိုး ကျောင်းကြီးတွေသည် ရင်သပ်ရှုမောဘွယ်ရာ မကြည့်မဖြစ်၊ မရောက်လျှင် မပြည့်စုံ၊ ကြည့်ကိုကြည့်ရမည့်၊ ရောက်ကိုရောက်ရမည့်နေရာများ ဖြစ်ကြသည်။

ဥပမာ-ဗာဆိုင်းနန်းတော်။

ကျွန်တော်သည် ထိုဗာဆိုင်း နန်းတော်ကြီး၏ အခန်းများ၊ ပန်းခြံဥယျာဉ်များတို့တွင် နာရီပေါင်းများစွာလှည့်လည်ကြည့်ရှုခဲ့သည်။ ဤမျှကြည့်ရှုခဲ့သည်ပင် မပြည့်စုံ၊ အားမရ ဖြစ်မိပါသည်။

ပြီးတော့ နပိုလီယံ၏ သင်းချိုင်း။

တောင်ပုစာကလေး တခုအပေါ်တွင် ရှိုးရိုးကလေး တည်ဆောက်ထားသည်။ ထည်ထည်ဝါဝါကြီး မဟုတ်၊ သို့ရာတွင် ခန့်ညား တည်ငြိမ်မှုကတော့ အပြည့်အဝရှိသည်။ထိုအဆောက်အဦးအတွင်းသို့ဝင်လိုက်သည်နှင့်ပင်အလည်ဗဟိုရှိကျောက်သားဂူအတွင်း၌ လှဲလျောင်းလျက်ရှိနေသော ပုဂ္ဂိုလ်ကြီး၏ ကြီးမားလှသည့်အရှိန်အဝါကို စိတ်တွင်းမှ ထိသိခံစားလိုက်ရပါသည်။

ထိုသို့သော ကြည့်ရှုလေ့လာစရာနေရာတို့သို့ တတ်နိုင်သ၍ နှံ့စပ်အောင် မနဲကြိုးစားသွားခဲ့ရသည်၊ သို့ရာတွင် အချိန်က လုံလောက်စွာ မရရှိခဲ့။

ကျွန်တော်ပဲရစ်သို့ သွားရသည့် အကြောင်းရင်းက ပြင်သစ်အစိုးရ၏ ဖိတ်ခေါ်ချက်အရ သူတို့၏ နောက်ဆုံးပေါ် စစ်သုံးပစ္စည်းနှင့် လက်နက်ကိရိယာများ သံချပ်ယာဉ်များတို့ကို လေ့လာကြည့်ရှုအကဲခပ်ရန်ဖြစ်သည်။

စုံစုံလင်လင် မြင်တွေ့ခဲ့ရသည်။ သို့ရာတွင် ပြင်သစ်တို့၏လက်နက်တို့တွင် နံမည်အကြီးဆုံး၊ လူကြိုက်အများဆုံး ဖြစ်သည်က "အေ-အမ်-အိစ်" တင့်ကားများဖြစ်ကြပါသည်။ ကျန်လက်နက်များဖြစ်ကြသည့် ရိုင်ဖယ်၊ စစ်သေနတ်၊ အစရှိသည်တို့ကမူ အခြားအခြားသော တိုင်းပြည်တို့မှ ရိုင်ဖယ်၊ စက်သေနတ်တို့နှင့် များစွာမကွာခြားလှ။

ကျွန်တော့်အနေဖြင့် ထိုတင့်ကားကို များစွာနှစ်ခြိုက်ခဲ့ရပါသည်။ အသေးစိတ်ဖော်ပြရန်မဟုတ်သော်လည်း ပြောနိုင်သည်က ထိုတင့်ကားသည် အလေးချိန် ဆယ့်လေးတန်မျှသာရှိသည်။ မြန်မာပြည်၏ တံတားတို့နှင့်ကိုက်ညီသည်။ တပ်ဆင်ထားသော လက်နက်တို့သည်လည်း ယာဉ်နှင့်မမျှအောင် အင်အားကောင်းလှသည့် ၇၅ မမ အမြောက်တို့ ဖြစ်ကြသည်။ ထူးခြားသည်က သံချိန်းကြိုးတို့မှ တာယာဘီး၊ တာယာဘီးတို့မှ သံချိန်းကြိုး။ ပြောင်းလိုက်ရုံဖြင့် တင့်ကားမှသံချပ်ကာကား၊ သံချပ်ကာကားမှ တင့်ကားအဖြစ်သို့ တခဏချင်း ဖန်တီးနိုင်ခြင်းပင် ဖြစ်သည်။ ထိုအချက်သည် အသုံးဝင်လှသည်၊ အရေးပါလှပါသည်။

ထို့ကြောင့် ထိုယာဉ်တို့ကို တင့်ကားအဖြစ် တိုက်စစ်တွင် စုပြုံသုံးလိုပါသလား၊ သံချပ်ကာ ကားအဖြစ် ကင်းထောက်ရာတွင် အသုံးပြုလိုပါသလား၊ "မိုဘိုင်(လ်)အာတယ်လီရီ" လျှင်မြန်စွာပြောင်းရွှေ့ပစ်ခတ်နိုင်စွမ်းရှိသော အမြောက်များ အဖြစ်သုံးပါမည်လား၊ သို့မဟုတ် တင့်ကားပစ် အမြောက်များအဖြစ် ခံစစ်တို့၌ အသုံးပြုပါမည်လား၊ ခွန်ခဲထွေသုံးနိုင်သော လက်

www.burmeseclassic.com



နက်ကောင်းတခုဖြစ်သည်လို့ထင်သည်။ ပြီးတော့ ကျွန်တော်၏ စိတ်ထဲတွင် သတိရနေမိရသည်က တင့်ကားတို့ဟူသည် ခြေလျင်တပ်တို့အတွက် စိတ်ဓါတ် မြင့်မားစေသော လက်နက်တခုဖြစ်သည်ဟူသော အချက်ပင်ဖြစ်ပါသည်။ သို့ရာတွင် ထိုတင့်ကားရောင်းဈေးကတော့ မသက်သာလှ။

"အေ-အမ်-အိစ်" တင့်ကားတို့နှင့် ပတ်သက်၍ ဤအယူအဆတို့သည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်နီးပါးက မြင်တွေ့ခဲ့ရသည့် လက်နက်တခုအပေါ်တွင် ချမှတ်ခဲ့သည်အယူအဆများသာဖြစ်သည်ကိုမူ ဝန်ခံလိုပါသည်။ ယနေ့ ထိုလက်နက်သည် လွန်ခဲ့သော အနှစ်နှစ်ဆယ်ကထက် ပိုမိုတိုးတက်ကောင်းမွန်နေမည်မှာ မလွဲဖြစ်သည်။ ထို့ကြောင့်လည်း ကမ္ဘာ့ အရပ်ရပ်တို့၊ ဥပမာအားဖြင့် စကော့ပူစစ်တပ်၊ ယနေ့ စကော့ပူ စစ်တပ်ကို ထို "အေ-အမ်-အိစ်" တင့်ကားတို့ဖြင့် တပ်ဆင်ထားသည်။

တဖက်တွင်လည်း စဉ်းစားရမည်က ထိုတင့်ကားတို့သည် စကော့ပူစစ်တပ်၏အသုံး၊ စကော့ပူ၏အခြေအနေနှင့် ကိုက်ညီသော်လည်း ၁၉၇၄ ခုနှစ် ဗမာ့တပ်မတော်နှင့် ကိုက်ညီချင်မှ ကိုက်ညီမည်ဖြစ်သည်။ ထို့ထက်ပိုမိုသင့်တော်သော တင့်ကားများအခြားဌာ ရှိကောင်းရှိနေမည်ဟူသောအချက်ပင်ဖြစ်သည်။

စစ်လက်နက်ပစ္စည်းတို့၏ တိုးတက်မှုဟူသည် မည်သည့်အခါမှာမှ ရပ်တံ့နေသည်မရှိ၊ အမြဲတစေ တိုးတက် ပြောင်းလဲလျက်ရှိသောအခြေအနေနှင့် ယှဉ်ပြိုင်လျက် နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲလျက် ရှိနေသည်ဖြစ်ပါသည်။

* * *



နိုင်တော့၊ ခိုးရပါတော့မည်။ အို....ဘာဖြစ်သလဲ၊ ကိုယ့်ပစ္စည်းကိုယ်ပြန်ယူတာဘဲဟာ။ သည်သို့ဘဲ စိတ်ကိုဖြေလိုက်ပြီး ကပျာကရာ ထိုမြေပုံကိုရှာသည်၊ လက်တွေ့တုန်နေသည်မို့ တော်တော်နှင့်မတွေ့၊ စွန့်စားခန်းတခုလိုမို့လည်း ဇောချွေးတွေပြန်လာနေရသည်။ ဒေါ်ရသီကတော့ လေဖော်တုန်းပင်။

တွေ့ပါပြီ။ အသေအချာပင် မကြည့်နိုင်၊ ခြေပုံနှင့်တူသည်၊ မြေပုံဖြစ်ပါက အခြားမရှိနိုင်၊ ရတနာသုံ့ ရွှေမှိုတောင်ကြီး၏မြေပုံသာ ဖြစ်ရပါမည်။

စတင်ဆွဲထုတ်လိုက်သည်နှင့်....

"အို၊ ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ ..."

စာကြည့်တိုက်မှူးသည် ဒေါ်ရသီအား လက်ခံစကားပြောနေရပေမဲ့ သူ့မျက်လုံးတဖက်က ကျွန်တော့်ထံတွင် ရှိနေဟန်တူသည်။ ကျွန်တော့်အနီးသို့ ပြုံးဆိုရောက်လာသည်၊ ကျွန်တော့်လက်တွင်းမှစာအုပ်ကို ဒေါသတကြီးဖြင့် ဆွဲယူသွားပါတော့သည်။

သို့ဖြင့် မြေပုံစာရွက်ကိုမရခဲ့၊ နောက်လဲမရတော့၊ ထိုစာအုပ်ကို တောင်းသူတိုင်း မရှိဘူးဟူသောအဖြေကိုသာ ရရှိခဲ့ကြသည်။

အဲဒီက စိတ်ပျက်လက်ပျက်ဖြင့်ပြန်လာခဲ့ကြတော့ ဒေါ်ရသီသည်တလမ်းလုံး တဖျစ်တောက်တောက်။

"ဒါတွေအားလုံး မင်းတို့ ပြန်တောင်းရမယ်၊ အားလုံး....၊ အားလုံး...."

သူ့ရဲ့တောရွာကအိမ်ကလေးကိုတော့တခေါက်သာရောက်ဖူးပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်း ဆေးကုသခံရန် ဆက်ရှိနေစဉ်က လာရောက်လည်ပတ်ကြရန် ဖိတ်ခေါ်သဖြင့် သွားခဲ့ကြသည်။

ချစ်မြိုင်ဝ၁၈

www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်သည် မူလဟန်မပျက် ပြုပြင်မွမ်းမံထားသော ရှေး
ဟောင်းထဲကြီးတခုသာ ဖြစ်သည်။ သို့ရာတွင် နေစချင့်ဘွယ်
ကောင်းလှပါသည်။ အဲဒီမှာ သူပြသဖြင့် ရှားရှားပါးပါးပန်းချီ
ကားတချပ်ကို ကြည့်ခဲ့ရသည်။ ညွှန်း၏ အချက်အခြာအက
ဆုံး နံရံဘွင် ချိတ်ဆွဲထားသည့် ပန်းချီကား။

"တင်မောင်၊ ဒီပန်းချီကို လာကြည့်စမ်း"

"ဟုတ်ကဲ့၊ ဒါလား"

"အေး၊ ဘာများအဲဒီပုံထဲမှာထူးထူးခြားခြားတွေ့ရသလဲ"

ထိုပန်းချီကားမှာ ကျွန်တော် မှတ်မိသ၍တော့ ကောင်
ကြောင်းပန်းချီမျိုးဘဲဖြစ်သည်။ အကောင်းကြီးတော့မဟုတ်လှ
သို့ရာတွင် ရှေးနှစ်ပေါင်းများစွာက ရေးဆွဲခဲ့သည့် ရှေးဟောင်း
ကားချပ်တချပ်။

သေသေချာချာကြည့်သည်၊စစ်စစ်ပေါက်ပေါက်ကြည့်သည်
ဘာတခုမှထူးထူးခြားခြားမတွေ့ရ။ ရှုခင်းတခုသာ ဖြစ်ပါသည်
ချောင်းကလေးတခုကို ကျောပေး တည်ဆောက်ထားသော
အင်္ဂလိပ်ကျေးရွာကလေးတရွာ၊ရှေးအဝတ်အစားနှင့်ယောကျ်ား
တွေ၊ မိန်းမတွေ၊ ကလေးတွေ၊ နွားတွေ၊ ခွေးတွေကို ဟိုမှာ
သည်မှာ ဟန်ပန်အမျိုးမျိုးဖြင့် တွေ့မြင်ရသည်။

"ဘာတွေ့လဲ ထူးထူးဆန်းဆန်း"

"ဟင့်အင်း...."

အဲသည်တော့မှ သူကပြသည်။ ပုံထဲတွင် ချောင်းကလေးကို
ကျောပေးထားသော အိမ်တအိမ်၏နောက်ဖေးနံရံတွင် အချင်း
တပေခွဲခန့်ရှိ ဝိုင်းသောအပေါက်တပေါက်ရှိသည်။ ထိုအပေါက်မှ
ကျားသော မှ လော ခွဲခြားလို့မရနိုင်သည့်သူတယောက်၏တင်ပါး





ဆို ဖွေးဖွေးကြီးနှစ်ဘက်တို့သည် ပြူးပြူးကြီးဖြင့် အပြင်သို့
ထိုးထွက်နေသည်။

"ဟဲ....ဟဲ....၊ အဲဒါ ဗိုလ်များအင်္ဂလိပ်တွေရဲ့ ယဉ်ကျေးမှုပေါ့
ကွဲ့၊ ရှေးတုန်းကတော့ ရှေးတုန်းကပေါ့။ အီအီး ပါနေတာ
လေ...." တဲ့။

ဒေါ်ရှသီနှင့်တွေ့ရတိုင်း အဲသည်လို အထူးအဆန်း ကလေး
တွေ မြင်ရတွေ့ရသည်။ သူ့ရဲ့ ထူးခြားသော အတွေးအခေါ်
အယူအဆတို့ကိုလည်းကြားရသည်။ တခါတရံ မှာတော့ သူဘဲ
မှားသလား၊ ကျွန်တော်ဘဲမှားသလား မပြောတတ်၊ သူ့ရဲ့ ထို
အတွေးအခေါ်အယူအဆဘိုက ကျွန်တော်လိုက်၍မမှီခဲ့။ သူ့ရဲ့
သဘောထားတို့ကိုပြောပြသည့်အခါတို့တွင် ဒေါ်ရှသီသည် ဘယ်
သောအခါမှာမှ စကားလုံးတို့ကို ပန်းကုံးကလေးကုံးကဲ့သို့ လှပ
စွာ သီကုံးထားခြင်းမရှိ။ အထူးသဖြင့် သူ မကျေနပ်သည့်
ကိစ္စရပ်တို့ဖြစ်ပါမူ ပိုသာလေးဖြင့်ပစ်သည့်ပမာ ဘွင်းဘွင်း နှင့်
ရှင်းရှင်းကြီးပြောတတ်ပါသည်။

သူ့တွင် ကျွန်တော်တို့နှင့် ပတ်သက်လို့ မကျေနပ်သည့်
အချက်တချက်ရှိနေသည်လို့ထင်သည်။ သူသည် လန်ဒန်မြို့သို့
လေ့လာခြင်းခံရသော မြန်မာသံအမတ် အများစုကို နိုင်ငံခြား
အမြင်အရ ကြိုက်ဟန် မတူပါ။ သူ၏ ထင်မြင်ချက် ကိုလည်း
အဲသည်လိုဘဲ ဒဲ့ဒိုးကြီးပြောခဲ့ပါသည်။

"တင်မောင်ရယ်၊ မင်းတို့ဘိုင်းပြည်ကတော့ သံအမတ်ရွေးတဲ့
နေရာမှာ ထိပ်တန်းကပါဘဲကွယ်" တဲ့။

တခါကတော့ တခစ်ချစ်ရယ်ရင်း တအံ့တသြ ပြောခဲ့ပါသေး
သည်။

"တင်မောင်၊ မင်းသိသလား၊ဗြိတိသျှမီးရထားဌာနရဲ့သမိုင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘယ်သူ့အတွက်မှ တမိနစ် မစောင့်ခဲ့ဖူးဘူး၊ ဒါပေမဲ့.... ဟဲ့....ဟဲ့....မြန်မာသံအမတ်ကြီးတယောက်အတွက် သုံးမိနစ်တိတိ စောင့်ခဲ့ရတယ်၊ သုံးမိနစ်....၊ မင်းနားလည်သလား၊ သုံးမိနစ်၊ အံ့ရော....၊ ငါဖြင့် ယုံတောင်မယုံနိုင်သလိုပါဘဲ....”

ဘယ်လိုဘဲဖြစ်ဖြစ် ဒေါ်ရသီသည် ကျွန်တော်တို့ မြန်မာ ပြည် အပေါ်တွင် သံယောဇဉ် အတော်ကလေး ထားသည်လို့ ထင်ပါသည်။

မြန်မာပြည်သို့ ဒေါ်ရသီ၏ နောက်ဆုံး အခေါက်သည် ၁၉၆၇ ခုနှစ်က ဖြစ်သည်။

အဲဒီတုန်းက သူရောက်ရှိနေသည်ကို သတင်းစာတွင်ဖတ်လိုက်ရသည်။ လူကိုယ်တိုင်တော့ မတွေ့လိုက်ရ။ အခွင့်မသာခဲ့။

ယခုတော့ အမကြီးဒေါ်ရသီသည် မရှိရှာတော့ပါ။ သူ့ခင်ပွန်း ကင်စလေမာတင် တယောက်သည်လည်း မရှိတော့ပါ။ နှစ်ဦးစလုံးကွယ်လွန်ခဲ့ကြပါပြီ။

သို့ရာတွင် ဒေါ်ရသီရေးခဲ့သော (The making of Burma) စာအုပ်ကိုတော့ မြန်မာပြည်ရှိ စာကြည့်တိုက်ကြီး အချို့တို့တွင် ရှာဖွေပါက တွေ့ရှိဖတ်ရှုနိုင်ကြအုံးမည်ဖြစ်ပါသည်။

* * *

## စာပေနှင့်ကျွန်တော်

ဗိလပ်တွင်နေထိုင်ရသဖြင့် အနှတ္တအကြုံ ဗဟုသုတအားဖြင့် ရရှိခဲ့သည့် များပြားလှသော အမြတ်အစွန်းတို့မှ တခုကို ဖော်ပြပါဟုဆိုပါလျှင် စာကောင်းပေသန့်တို့နှင့် အကျွမ်းတဝင် ဖြစ်ခဲ့ရခြင်းပင်ဖြစ်သည်ဟု ဖြေဆိုရပါမည်။





ယခင်ကမူ စာတို့ကိုဖတ်သည်၊ အချိန်ရသရွေ့ ဖတ်သည်။ သို့ရာတွင် ဤစာသည် စာကောင်း၊ ဤစာသည် စာညံ့ စသည် အားဖြင့်မခွဲခြားတတ်။ ခွဲခြားရမှန်းမသိခဲ့။ ပေါ့ပေါ့ပါးပါးဖတ်လိုကောင်းလျှင် ဆုံးအောင်ဖတ်ဖြစ်သည်။ လေးလံသည့် စာပေ ဖြစ်ပါက စာမျက်နှာ လေးငါးမျက်နှာ ဖြင့်ပင် မျက်လုံး တို့က စင်းလာကြပါပြီ။

ယခုမူ စာပေသမား စာကျပိုးတို့ဖြစ်ကြသည့် ဒေါ်ရသီနှင့် ဦးတက်ထွန်းတို့၏အကူအညီဖြင့် လေးလံသည့်စာပေပင် ဖြစ်လင့်ကစား ဖတ်လိုစိတ်က ဖြစ်လာရသည်။ အသိပညာရှာမှီးလိုစိတ်က ရှိလာသည်။ ဦးတက်ထွန်းဆိုသူသည် ကြာမြင့်စွာကပင် ဗိလပ်သို့ ရောက်ရှိနေပြီ။ ယနေ့တိုင် နေထိုင်လျက်ရှိသူ၊ သန်ဒန်မြို့ရှိ စာကြည့်တိုက်များ ပြတိုက်များတို့တွင်သာ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကျက်စားနေသူ မြန်မာသုတေသီဘဦးဖြစ်ပါသည်။

သူတို့နှင့်ဆွေးနွေးပြောဆိုရာမှ ကျွန်တော်သည် တစတစဖြင့် ထိုအကြောင်းကို ပိုမိုသိလိုလာသည်။ သည်အကြောင်းကို ပိုမို လေ့လာလိုလာသည်။ ထိုအခါ ပြတိုက်တို့သို့သွားသည်။ တော့တင်ဟမ်ကုတ် လမ်းရှိ ကမ္ဘာကျော် စာအုပ်ဆိုင်ကြီး ဖြစ်သော “ဖွိုင်း(လ်)(စ)”နှင့်အခြားစာအုပ်ဆိုင်တို့တွင်မွှေနှောက်သည်။

ကြာလာတော့ အားသည် ဆိုလျှင် ကျွန်တော်သည် ထို တော့တင်ဟမ်ကုတ် လမ်းတဝိုက်တွင်သာ ရှိနေတတ် ပါသည်။ ဆိုင်တဆိုင်ကိုဝင်သည်။ စာအုပ်တအုပ်ကိုတယုတယဖြင့် လှန်ကာ လှောကာ စာမြည်းသည်။ စိတ်ကြိုက်တွေ့လျှင် ဝယ်လိုက်သည်။ ပြီးတော့ ထိုစာအုပ်နှင့် ဆက်စပ်နိုင်းယှဉ် ဖတ်ရှုရမည့် အခြားစာအုပ်တို့ကို ထပ်ခါ ဖွေရှာရပြန်ပါသည်။ သို့ဖြင့် စာအုပ်ရှာဖွေရေး သိသရုကြီးက မဆုံးနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com

အဲသည်လို စာအုပ် အရှာကောင်းလို့ တနေ့မှာတော့ အင်မတန်မှ တုန်လှုပ်ချောက်ချားဘွယ်ရာ အတွေ့အကြုံတရပ်နှင့် ရင်ဆိုင်ခဲ့ရပါသည်။

ထိုနေ့ကနေ့လည်စာစားချိန်တွင် ကျွန်တော်သည်အညောင်းပြေ အညာပြေသဘောဖြင့် ရုံးမှထွက်လာခဲ့သည်။ ခါတိုင်းထိုင်နေကျ ရုံးအနီးတွင်ရှိ လမ်းကြားကလေး ထဲမှ ကော်ဖီဆိုင်တွင် ထိုင်သည်။ ကော်ဖီတခွက်ကိုသောက်သည်။ သောက်လို့ ပြီးတော့ အချိန်ကအနည်းငယ်ပိုနေသေးသည်ဖြစ်သဖြင့်မြေအောက်ရထားကိုစီးပြီး တော့တင်ဟမ်ကုတ်လမ်းဆုံသို့သွားခဲ့သည်။

အဲဒီမှာ ဖွိုင်း(လ်)(စ)။ ထိုစာအုပ်ဆိုင်တွင် စာအုပ်တွေကို တအုပ်ပြီးတအုပ် မြည်းစမ်းနေမိပါသည်။ သို့ဖြင့် အချိန်တွေက တတိတိဖြင့် ကုန်ဆုံးခဲ့သည်ကိုပင် ဂရုမထားလိုက်မိ။ သတိရလို့ လက်မှနာရီကိုကြည့်လိုက်တော့မှ....

အလို၊ သုံးနာရီတောင်ထိုးပါပကောလား။ ရုံးကိုပြန်အုံးမှ။ လက်မှတ်ထိုးစရာတွေက တပုံကြီး။ မြေအောက်ရထား ဖြင့်ပင် ပြန်ခဲ့သည်။

ရုံးတွင်းသို့ဝင်လိုက်သည်ဆိုလျှင်ပင် တရုံးလုံး ယောက်ယက်ခတ်နေကြသည်ကို သတိပြုမိလိုက်ရသည်။

"အမယ်လေး၊ ကာနယ်ရယ်...."

ကျွန်တော်၏စက္ကူရီတေရီဖြစ်သူ မာရီသည် မျက်လုံးကြီးမျှားဝိုင်းဝိုင်းလည်လျှက် ကျွန်တော့်ကိုကြည့်ပြီး သက်ပြင်းကြီး တချက်ကို လေးလေးကြီးချလိုက်ရှာသည်။

ကျွန်တော်ကတော့ အပြုံးမပျက်။

"ဘာတွေများဖြစ်နေကြသလဲ မာရီရဲ့"

"ဘာဖြစ်ရမှာလဲ ကာနယ်၊ ဒီနေ့ဘာနေ့လဲ သိရဲ့လား"





"သောကြာနေ့လေ....၊ ဘာဖြစ်သလဲ"

သူသည်သူ့ရင်ကို လက်တဖက်ဖြင့်ဖိလျှက်....

"ကာနယ် ဘယ်သွားနေသလဲ"

သူ့လေသံကြောင့် နဲနဲစိတ်တိုချင်သလိုလို ဖြစ်လာမိရသည်။

"ဘယ်သွားရမှာလဲ၊ စာအုပ်ဆိုင်ပေါ့"

"တကယ်မမှတ်မိဘူးလားဟင်"

"ဘာကိုမှတ်မိရမှာလဲ"

သူက ဒုတိယအကြိမ် သက်ပြင်းကြီး တချက်ကို မှုတ်ထုတ်လိုက်ပြန်သည်။ ပြီးမှ....

"ဒီနေ့လေ....၊ ကာနယ်ဒီနေ့ တနာရီခွဲတိတိမှာ လော့(ဒ်)မောင့်ဘက်တင်နဲ့ သွားတွေ့ဘို့ရှိတယ်ဆိုတာ နဲနဲကလေးမှ သတိမရဘူးလားဟင်"

အဲဒီတော့ကျွန်တော့်မှာ ပါးစပ်အဟောင်းသားနှင့်ဖြစ်သွားရပါတော့သည်။ မြတ်စွာဘုရားကယ်တော်မူပါ၊

ကျွန်တော်သည် ဗြိတိသျှရေတပ်ဦးစီးချုပ်၊ ရေတပ်ဗိုလ်ချုပ်ကြီး လော့(ဒ်)မောင့်ဘက်တင်နှင့် တွေ့ဆုံဘို့ရှိသည် ဆိုသည်ကို လုံးဝမေ့လျော့နေမိခဲ့ပါပြီ။ တွေ့ရမည်က တနာရီခွဲတိတိ၊ယခု သုံးနာရီခွဲ။

တကယ်တော့ ထိုကိစ္စကိုသတိမရမဟုတ်ပါ။ သတိရပါသည်၊ အိမ်ကထွက်လာခါစက သတိရသည်။ ရုံးသို့ရောက်တော့ မာရီက သတိပေးလို့ သတိရသည်။ နေ့လည်စာစားတုန်းကဘဲ ရနေပါသေးသည်။ သို့ပေမဲ့ စာအုပ်ဆိုင်သို့ သွားလိုစိတ် ပေါ်လာပြီး ဆာတဲ့က ထိုကိစ္စကိုသတိမရတော့။ ဖွိုင်း(လ်)(စ) သို့ရောက်လို့ စာအုပ်တွေနှင့် တွေ့လိုက်တော့ လုံးဝမေ့လျော့သွားမိခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ၊ ဘယ့်နှယ်သုပ်ရပါ့မလဲမာရီရယ်"

အဲဒီတော့မှအနားသို့ရောက်ရှိလာသော ကိုခင်ညွန့်က....

"ကျွန်တော်တို့လဲ ရှာလိုက်ထာ အန့်ဘဲ၊ တနာရီခွဲတော့ မထတ်နိုင်တော့ဘူး၊ရေတပ်ဦးစီးချုပ်ရဲ့ရုံးကိုဖုံးဆက်ပြီးဒီနေ့တော့ ဗိုလ်မှူးနေမကောင်းလို့မလာနိုင်တဲ့အကြောင်း တောင်းပန်လိုက်ရတာပေါ့"....တဲ့။

"သူတို့က... သူတို့က....လက်ခံရဲ့လား"

ဗြိတိသျှရေတပ်ဦးစီးချုပ်ချိန်းဆိုထားသည်ကိုသွားရန် ပျက်ကွက်မိသည့်အပြစ်က တော်တော်တန်တန် အပြစ်မဟုတ်၊ မဟာအပြစ်၊မဟာ့မဟာအပြစ်။

"လက်ခံပါတယ်၊တနင်္လာနေ့....နေ့လည်တနာရီခွဲထပ်ချိန်းပါတယ်၊ ဆက်ပြီးနေမကောင်းနေသေးရင်လဲ ပြောပါတဲ့"

အဲဒီတော့မှ ရင်ထဲမှအလုံးကြီးက ကျလို့သွားရသည်။ ကျွန်တော်၏ရုံးအဖွဲ့သားတွေကိုလဲ ကျေးဇူးတင်လိုက်သည်မှ....။

ထပ်မံချိန်းဆိုသည့် နေ့ကျတော့ မာရီရော ကိုခင်ညွန့်ရော ကားမောင်းရဲဘော်ဖရင့်ကပါ တယောက်ပြီးတယောက် ကျွန်တော်၏ရုံးခန်းသို့ အခေါက်ခေါက်အခါခါပင် ဝင်လာကြပြီး....

ဗိုလ်မှူး၊တနာရီခွဲ ..."

"အေးပါ၊သတိရပါတယ်"

ဘော်ကြာတယောက်၊

"ကာနယ်၊လော့(ဒ်)မောင့်ဘက်တင်နဲ့တွေ့ဘို့...."

"ရက်(စ)....ရက်(စ)"

တော်ကြာ နောက်တယောက်။

"အိုကေ....အိုကေ...."

သို့ဖြင့် နေ့လည်တနာရီနှင့်နှစ်ဆယ်ငါးမိနစ်တိတိတွင် ရေတပ်





ဦးစီးချုပ်၏ ရုံးပေါက်ဝသို့ကားဆိုက်လိုက်ပါသည်။ အရာရှိတဦးက စောင့်ကြိုနေသည်။သူကလက်မှနာရီကိုကြည့်လိုက်သည်။

"အသင့်ဖြစ်ပါပြီထင်ပါရဲ့"

ပြောပြီး စင်္ကြန်ပေါင်းမြောက်များစွာတို့ကို ဖြတ်ပြီး ခေါ်သွားသည်။ လှေခါးတွေကို တက်ရသည်။ ပြီးတော့ဧည့်ခန်းကြီးတခုသို့ ရောက်သည်။ ထိုနေရာတွင် ခေတ္တ ထိုင်စောင့်ရသည်။ တခဏကြာတော့ ရေတပ်အရာရှိ တယောက်က အခန်းတွင်းမှ ထွက်လာသည်။

"ကာနယ်တင်မောင်...."မေးသလိုဖြင့် မျက်ခုံးနှစ်ဖက်တို့ကို ပင့်လိုက်သည်။

"ဟုတ်ပါတယ်"

ထိုမျက်ခုံးတို့က ပြန်ကျသွားကြသည်။

"ဗိုလ်ချုပ်ကြီး အဆင်သင့်ရှိပါပြီ၊ အထဲကိုကြွပါ"

တံခါးကြီးကို ဖွင့်လိုက်သည်နှင့် ကျယ်ဝန်းလှသည့် အခန်းကြီး၊ အနည်းငယ်တော့မှောင်သလိုလို ရှိသည်။ ထိုအခန်းကြီး၏ ပြတင်းပေါက်အနီးတွင် စားပွဲကြီးတခု၊ထိုစားပွဲ၏နောက်တွင် ကျွန်တော်တို့ကောင်းစွာ သိရှိမှတ်မိသော ရေတပ်ဗိုလ်ချုပ်ကြီး လော့(ဒ်)မောင့်ဘက်တင်၊ ကျွန်တော့်စိတ်တွင်းမှ တိုးတိုးကလေးကျိတ်ခါခေါ်ဆိုလိုက်မိသည်က၊ မောင်ဘတင့်။

သူကစားပွဲမှထလာ လက်ကိုကမ်းပေးသည်၊ ကျွန်တော်က အလေးပြုလိုက်ပြီး သူ့လက်ကို လှမ်းယူဆွဲကိုင် လိုက်ပါသည်။ ထိုင်ကြပြီးသည့်နောက်....

"ဗိုလ်ချုပ်ကြီး နေဝင်း နေကောင်းရဲ့လား" သူကအရေးတယူမေးသည်။

"ဟုတ်ကဲ့ ကောင်းပါတယ်ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဟိုကိစ္စ သည်ကိစ္စတွေ ပြောကြဆိုကြ၊ ဆယ်မိနစ်ခန့်။

ပြီးတော့တွေ့ဆုံခြင်း ပြီးဆုံးသည့် အနေဖြင့် သူကထိုင်ရာမှ ဖြေးလေးစွာ ထလိုက်သည်။ ကျွန်တော်က လဲ လိုက်၍ ထရသည်။ အဲဒီတော့သူက....

"အော်၊ ဒါထက်ကာနယ် ဟိုနေ့ကနေမကောင်းလို့ဆို၊ အခုတော့ကောင်းသွားပါပီနော်...."

ကျွန်တော်သည် သူ့မျက်နှာကို အကဲခပ်ရင်း စေ့စေ့ကြည့်လိုက်ပါသည်။ သရော်များနေလေသလား။ အမှန်တော့ဟိုနေ့က ကျွန်တော်သည် အကယ်ပင်နေမကောင်း ဖြစ်နေသည် ဆိုပါက စောစောကြိုတင် အကြောင်းကြားမည် ဖြစ်သည်။ ယခုတော့ ချိန်းဆိုထားသည့်အချိန်နှင့် မိနစ်ပိုင်းမျှသာ အလိုတွင်မှ နေမကောင်းပါဟု အကြောင်းပြခြင်းသည်ပင်-မသက်ဘဲစရာ။ ထို့ကြောင့်ကိုယ့်လိပ်ပြာကိုယ် မလုံသလို ဖြစ်နေမိရပါသည်။ သူသိများသိနေသလား၊ လိမ်ပြောခဲ့မှန်းကို သူသိနေပါပြီလား။ မျက်နှာကို ဘယ်မှာဝှက်ထားရမှန်းမသိတော့။

"ဟုတ်....ဟုတ်ကဲ့၊ အခုတော့ နေကောင်းသွားပါပီ၊ နဲနဲအားအေးမိသလို...."

သူကပြုံးနေသည်။

ကျွန်တော့်မှာတော့ လျှာကိုတစ်သစ် လုပ်လိုက်၊ နှုတ်ခမ်းကိုကိုက်လိုက်၊ လက်ဘိုကိုနောက်သို့ပစ်လိုက်၊ ရှေ့တွင်တွဲလိုက်ဖြင့် ဘာကိုဆက်ပြီးပြောရမည်မသိဖြစ်နေရသည်။ ထို့ကြောင့်အကယ်၍များ သူ၏စိတ်ထွင် ဟိုနေ့က ကျွန်တော် ပျက်ကွက်ခဲ့ သဖြင့် မကျေနပ်များဖြစ်နေသေးပါက ပြေရာပြေကြောင်း ဖြစ်ပါစေ





တော့ဟူသော သံဘောဖြင့် ပြောမိပြောရာတို့ကို နှုတ်မှထွက်သွားမိပါတော့သည်။

"ဗိုလ်ချုပ်ကြီးကော၊ ဘယ်တော့များ မြန်မာပြည်သွားရောက်သည်ပတ်ပါအုံးမည်လဲခင်ဗျ၊ ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ ကျွန်တော်တို့အားလုံးက ဗိုလ်ချုပ်ကြီးကိုအမြဲဘဲကြိုဆိုနေကြမှာပါဘဲခင်ဗျ"

ကိုယ့်အပြစ်နှင့်ကိုယ်မို့ မျက်နှာလုပ်ရင်းလုပ်ချင်းမှ လောကွတ်တွေကပိုလို့ ပိုလို့သွားမိရသည်။

ကျွန်တော့်စကားကြောင့် သူကအားတက်သရော ဖြစ်သာဟန်တူသည်။

"အင်း၊ မြန်မာပြည်ကို သွားတော့သွားချင်သားကွဲ့၊ ကောင်းပီလေ၊ ကျုပ်စဉ်းစားပါအုံးမယ်"

ထို့နောက်အလေးပြုပြီး လှည့်ကာထွက်ခဲ့သည်။ စကြံန်တွေကိုလျှောက်ခဲ့သည်။ လှေခါးဘိုမှဆင်းခဲ့သည်။ တံခါးပေါက်ဝတွင် တံခါးပေါက်စောင့် စစ်ပြန်ရဲဘော်ကြီးတဦးက အလေးပြုသည်။ သူ့ကိုပြန်ပြီး အလေးပြုခဲ့သည်။

ကားပေါ်ရောက်တော့ ဟင်းတချက်ကို လေးလေးကြီးဖြင့် ချလိုက်ပါသည်။ ပြီးပြန်ပါပြီ ဝတ္တရားတခု။

အဲဒီတော့မှ....မြတ်စွာဘုရား....။

ကျွန်တော်သည် သံတမန်ရေးရာအရ အင်မတန်မှ ကြီးလေးသော ပြစ်မှုတရပ်ကို ကျူးလွန်မိခဲ့ပါပြီကော။

ကျွန်တော်သည် ဗြိတိသျှရေတပ်၏ စစ်ဦးစီးချုပ်ကို မြန်မာပြည်သို့ အလည်အပတ်လာရန် ဖိတ်ခေါ်မိခဲ့ပါပြီကော။

မော်တော်ကားသည် လန်ဒန်မြို့၏ အမြဲတစေ ကျပ်တည်းသော လမ်းတို့မှ ဖြေးလေးစွာ သွားနေသည်၊ ဘယ်ကိုရောက်လို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရောက်မှန်းပင်မသိ၊ ရုံးသို့ ပြန်ရောက်လာတော့ ကျွန်တော့် ရုံးခန်းသို့သာ အပြေးတက်ခဲ့ပါသည်၊ စိတ်တွင်းမှာတော့ ပူခဲ့မိ သောကိုစ္စအတွက် ဘယ်လိုလုပ်ရပါ့၊ ဘယ်လိုဖြေရပါ့။

မာရီက လက်ဖက်ရည်တခွက်နှင့် ဝင်လာသည်။

"ချောချောမောမောဘဲလား ကာနယ်"

"အင်း...."

"ဗိုလ်ချုပ်ကြီးက လူချောကြီးနော်"

"အင်း...."

သူကတံခါးကို အသာအယာပိတ်ခဲ့ပြီး ပြန်ထွက်သွားသည်။

ကျွန်တော့်မှာသာ ကျွန်တော့် စိတ်ဒုက္ခနှင့်ကျွန်တော်။ အ ကယ်လို့များ ဗိုလ်ချုပ်ကြီး မောင့်ဘက်တင်သည့် ကျွန်တော့် စကားကို နားယောင်ပြီး ဗိုလ်ချုပ်ကြီး နေဝင်းထံသို့ စာရေး သည် ဆိုကြပါစို့။

အဆွေတော်၊ အဆွေတော်၏စစ်သံမှူးမှတဆင့် အဆွေတော် ၏ ဖိတ်ကြားချက်အရ ကျွန်ုပ်သည် မြန်မာပြည်သို့ လာရောက် လည်ပတ်ရန် ဆုံးဖြတ်လိုက်ပါသည်....။

ကွဲပြီ တင်မောင်။ မင်းတော့ လှလှပပကြီးကွဲပြီ။

ထိုနောက်တော့နက်ပေါင်းအတော်ကြာကြာ ထိုအကြောင်း ကို တွေးမိတိုင်း တယောက်ထဲကျိတ်ခါ အိပ်မပျော် စားမဝင် ဖြစ်ခဲ့ရပါသည့် နေ့တွေ....ညတွေ....၊ ညတွေ....နေ့တွေ....။

* * *

ဗိုလ်လပ်တွင် နောက်ဆုံးနေ့ရက်များ

သို့ဖြင့် နေ့တွေသည်....လ။ လတွေသည်....နှစ်။ ၁၉၅၅ ခုနှစ် တွင်းသို့ ဝင်ရောက်လာခဲ့ပါပြီ။

ထိုအခါ ဇနီးသည်အား မီးဖွားရန်ကိစ္စအတွက် မြန်မာပြည် သို့ ပြန်ပို့ရန်စီစဉ်ရပါသည်။ အမှန်တော့ ဖြစ်နိုင်ပါက လန်ဒန် တွင်ပင် မွေးဖွားစေသင့်လှသည်။ သို့ရာတွင် ကျွန်တော်သည် လပ်သို့ ရောက်နေသည်မှာ သုံးနှစ်နီးပါးရှိခဲ့ပြီ ဖြစ်ပါသည်။ အချိန်မရွေးပြန်ခေါ်ပါတော့မည်။ မြန်မာပြည်သို့ ပြန်ရပ တော့ သည်။ ထိုသို့ပြန်ခေါ်သည့်အမိန့်သည် နု၏ ကိုယ်ဝန်ရင့်ချိန်မှာမှ ရောက်ရှိလာပါက နုကလဲ ခရီးမသွားနိုင်တော့၊ မပြန်လို့လဲမဖြစ်၊ အခါတော့မှ ဒုက္ခ။

ထို့ကြောင့် ကျွန်တော်လည်း အနေးနှင့်အမြန် ပြန်ရမည့် အတူတူ၊ ပြီးတော့ ရန်ကုန်ရှိမိဘတွေကလဲ ပြန်လွှတ်စေချင်ကြ သဖြင့် နုအား မြန်မာပြည်သို့ကြိုတင်ပို့ရန် ဆုံးဖြတ်လိုက်ရသည်။

နုပြန်သွားပြီးနောက် နေခဲ့ကြသည့် ဟော်လန်ပတ်မှ အိမ်ခန်း မှ ကျွန်တော် တယောက်ထဲအတွက် ကြီးမားလွန်းလှသော ကြောင့် ရုံးနှင့်နီးနီး ချယ်(လ်)စီးရပ်ကွက် မာ(လ်)ဘဲရီဂေါ့(ဘ) လမ်းရှိ အိမ်ခန်းငယ်တခုသို့ ပြောင်းခဲ့ပါသည်။

ထိုအိမ်ခန်းကလေးသည် ကျွန်တော်တယောက်ထဲအဖို့ အနေ တော်ပင်ဖြစ်သော်လည်း စနေ တနင်္ဂနွေနေ့တို့တွင် လန်ဒန်သို့ ဆင်းလာကြသည့်သူငယ်ချင်းတို့နှင့်မှုမဆံ့ မပြီရှိနေတတ်ပါသည်၊ ယနေ့ အငြိမ်းစား၊ အလုပ်လက်မဲ့၊ တရာ့ကိုး တရာ့တဆယ်၊ သီးထမ်းလမ်းလျှောက် လမ်းပေါ်သို့ရောက်နေကြသူတွေမှအစ ယနေ့ တိုင်းပြည်၏ ခေါင်းဆောင်ကြီးများအဖြစ်သို့ ရောက်ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ကြသူတွေအဆုံး....၊ တချိန်က ရဲဘော်တစု။ ထိုအိမ်ခန်းကလေးတွင် အိပ်ခန်းထဲ၌ နှစ်ယောက်၊ ဧည့်ခန်းဆိုဖာပေါ်တွင် ဦးရာလူ တယောက်၊ ကျန်လူတွေကတော့ ကြမ်းခပေါ်မှ ကော်ဇောပေါ်တွင် ဖြစ်သလိုမညည်းမညူတယောက်အပေါ်တယောက်ထပ်သုနီးပါး တိုးခွေ အိပ်ကြသည်။ စားကြတော့လဲ တပျော်တပါးကြီး ချက်ကြပြုတ်ကြ၊ စားကြသောက်ကြ။

နှစ်လည်ပိုင်းသို့ရောက်လာတော့ ထိုအချိန်တွင်ဗိုလ်ချုပ်ကြီးနေဝင်းသည် ဆေးကုသခံရန်အတွက် လန်ဒန်သို့ရောက်ရှိလာခဲ့ပါသည်။

ဗိုလ်ချုပ်ကြီးသည် ဟိုတည်တို့တွင်ဘည်းခိုလိုမည်မဟုတ်သည်ကို သိသဖြင့် သင့်တင့်ရာအိမ်တလုံးကိုမရရှိမီအတွင်း ခေတ္တနေထိုင်ရန်အတွက်ကျွန်တော့်အိမ်ခန်းကိုပြင်ဆင်ထားလိုက်ပါသည်။ ရောက်ရှိသာကြတော့ ဗိုလ်ချုပ်ကြီးအား အိပ်ခန်းကိုပေးပြီး ဗိုလ်ချုပ်ကြီးနှင့်အတူပါလာသော ဒုဗိုလ်မှူးကြီးကျော်မြင့်(ယခုအငြိမ်းစား)နှင့် ကျွန်တော်တို့က ဧည့်ခန်းတွင်အိပ်ကြသည်။

ဗိုလ်ချုပ်ကြီးသည် ရောက်စဦးမှုဆေးရုံသို့လည်းမတက်ရသေးသဖြင့် အားနေသောကြောင့် အနည်းငယ် ပျင်းနေဟန်တူပါသည်။ တခါကရံ ရုံးသို့လိုက်လာသည်။ သတင်းစာတို့ကိုဖတ်သည်။ တခါတရံမှာတော့ ရာသီဥတုသာယာသော ညနေခင်းတို့တွင် အနီးအနားတဝိုက်တို့တွင် လမ်းလျှောက်ကြသည်။ လမ်းလျှောက်ရင်းမှ သဘျစ်သီး ချောကလက် စသည်တို့ကိုဝယ်၍စားကြသည်။ မြန်မာပြည်၌မူ ရာထူးနှင့် တာဝန်တို့အကြားတွင် အနေရကျပ်ရှာပါလိမ့်မည်၊ ယခုမူ လွန်စွာမှ လွတ်လပ်သည်ဖြစ်သဖြင့် ရှင်မြူးချမ်းမြေ့နေသည်လို့ ကျွန်တော်ထင်သည်။

အစားအသောက်နှင့် ပတ်သက်၍လည်း အထူးတလည်စီစဉ်





ရန်မလိုကြ၊ နံနက်စာကို ကြက်ဥကြော် ဝက်အူချောင်းတို့နှင့်ပြီးလိုက်ကြသည်။ ဗိုလပ်တွင် ချက်ရပြုတ်ရသည်က လွယ်လှပါသည်။ လျှပ်စစ်မီးဓာတ်အား သို့မဟုတ်မီးဓာတ်ငွေ့ကိုအသုံးပြုသောမီးဖိုများဖြင့်ချက်ပြုတ်ကြရသည်။ အိမ်ကိုလှည်းကျင်းရန်နှင့် ပန်းကန်တို့ကို ဆေးကြောရန်အတွက်ကိုလည်း မပူရ။ နေ့စဉ် တခန့်လျှင် တနာရီလာ၍ အလုပ်လုပ်သော အင်္ဂလိပ်အဖွားကြီး တယောက်ကို ငှားထားသည်။ နေ့လည်စာကိုမူ ဗိုလ်ချုပ်ကြီးသည် ကျွန်တော်တို့နည်းတူ ရုံးအောက်ထပ်ရှိထမင်းဆိုင်မှ နှစ်သျှိလင်ခြောက်ပဲနီတန် ထမင်းတပွဲဟင်းတခွက်နှင့်ပင် ကိစ္စပြီးလိုက်တတ်ပါသည်။ ညစာရိုတော့ ရုံးမှတပ်ကြပ်ကြီးတို့ကလာဒရာက်ချက်ပေးကြသည်။ တခါတရံ တရုတ်ဆိုင် ကုလားဆိုင်တို့သို့ သွားရောက်စားကြသည်။

တနေ့တော့ မည်သို့စိတ်ကူးပေါက်လာသည်မသိ။

"မနက်ဖြန် ပဲထမင်းချက်မယ်ဟေ့" ဟု ဆိုသည်၊

ထို့ကြောင့် ကုလားပဲ ထောပတ် စသည်တို့ကို ဝယ်ယူပေးရသည်။ထိုညနေကတော့ ဗိုလ်ချုပ်ကြီးသည်မီးဖိုချောင်ကျဉ်းကျဉ်းကလေးထဲတွင် တကုပ်ကုပ်ဖြင့် ကိုယ်တိုင် ချက်ပြုတ်နေပါသည်။ ပြီးစီးတော့ ဗိုလ်မှူးကျော်မြင့်နှင့် ကျွန်တော်တို့က ခူးခပ်ပြီး စားပွဲဝိုင်းတွင်ထိုင်လိုက်ကြသည်။

ပဲဟင်းမှာ အဆီကလေးတဝေ့ဝေ့ဖြင့် တကယ်ဘဲစားစချင့်ဘွယ်ကောင်းလှပါသည်၊ အနံ့ကလည်း မွှေးမွှေးကြိုင်လို့။

အားလုံး တယောက်တလုပ်စီ ပါးစပ်အတွင်းသို့ သုပ်သွင်းလိုက်ကြပြီး တယောက်ကိုတယောက် အကဲခပ်သလိုဖြင့် ကြည့်လိုက်ကြသည်။

ဗိုလ်ချုပ်ကြီးကမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းရဲ့လားဟေ့"

ကျွန်တော်က တဖြေးဖြေးခြင်းဝါးနေသည်။ တကယ်တော့ မကောင်းပါ။ နဲနဲကလေးမှမကောင်းပါ။ ဒါပေမဲ့ မပြောရက်သဖြင့်....

"ကောင်းပါတယ်" ဖြေလိုက်ပါသည်။

"ဘယ်ကောင်းရမလဲ၊ နပ်မှမနပ်ဖဲဟာ" သူက ရီပြီးပြောသည်။ "မနက်ဖန်ထပ်ချက်အုံးမယ်ကွာ၊ မကျေနပ်ဖူး"

ထို့ကြောင့် နောက်တနေ့ညနေစာတွင်လည်း ပဲထမင်းကိုပင် စိတ်မကျေပွဲလွှးလိုက်ကြရပြန်ပါသည်။

ဒီတခါလဲ မနပ်သေးပါ။

"ထပ်ချက်အုံးမယ်ကွာ"

ဗိုလ်မှူးကျော်မြင့်ရော ကျွန်တော်ပါ မျက်စေ့မျက်နှာပျက်သွားကြရပါသည်။ တယောက်ကိုတယောက် မဲ့ပြုံးကလေးတွေဖြင့် လှမ်းကြည့်လိုက်မိကြသည်။ ဒုက္ခတော့ လှလှကြီးတွေ့ကြရပြီပေါ့။ ယခုပင် မနပ်သည့်ပဲထမင်းကို နှစ်နပ်တိတိစားခဲ့ကြရပါပြီ။ စားခဲ့ကြရလို့လဲဝမ်းဗိုက်တွေသည် ဖောင်းပွနေကြပါသည်။ ပျက်စပင်ပြုလာနေပါပြီ။ နောက်ထပ်တနပ်သာဆက်လက်စားရပါက ဗိုလ်ချုပ်ကြီးနှင့်အတူ တပါတည်း ဆေးရုံသို့ လိုက်ခါတက်ဖို့သာ ရှိပါတော့သည်။ စိတ်ဓါတ်အကျကြီးကျမိကြရသည်။

ဗိုလ်ချုပ်ကြီးသည် ကျွန်တော်တို့ မျက်စေ့မျက်နှာ ပျက်နေကြသည်ကိုမြင်တွေ့လိုက်ရလို့လားမပြောတတ် နောက်ထပ်တော့ မချက်တော့။ ကျွန်တော်တို့ကလည်း ပဲထမင်းအကြောင်း ဆိုလို့ စကားပင်စပ်လို့မပြောဝံ့ကြတော့။ အသံကြားရုံဖြင့် ဝမ်းဗိုက်တွေက ဘဂွိဂွိ မြည်လာနေကြပါသည်။

မကြာမီဗိုလ်ချုပ်ကြီးတတော် ရောက်ရှိလာသည်ဗိုလ်ချုပ်ကြီး





လည်း အခန်းရပြီဖြစ်လို့ ဆေးရုံသို့တက်သည်။ မကြာပါ။ နှစ်ပတ်ခန့်မျှသာဖြစ်သည်။ ဆေးရုံမှဆင်းတော့ အိမ်တလုံးငှားလို့ရပါပြီ။

ထို့နောက် ရက်များမကြာမီ ကျွန်တော် မြန်မာပြည်သို့ပြန်လည်ပြောင်းရွှေ့ရန် အမိန့်စာရောက်ရှိလာသည်။

၁၉၅၅ ခုနှစ်၊ ဩဂုတ်လ။

ထိုနေ့နံနက်က ဗိုလ်ချုပ်ကြီးနှင့်အတူ ဗိုလ်ချုပ်ကြီး၏ အိမ်တွင် နံနက်စာစားသည်။ ညွှန်ကြားချက် တို့ကိုသည်း နာယူခဲ့ရန်ဖြစ်သည်၊ ထို့နောက် ရုံးသို့လာခဲ့သည်။ ရုံးသူရုံးသားတို့အား နောက်ဆုံးအနေဖြင့် နှုတ်ဆက်သည်။

သူတို့အားလုံး စိတ်မကောင်းကြလို့ ကျွန်တော် ထင်သည်။ သုံးနှစ်ခန့်အတူတကွ လုပ်ကိုင်ခဲ့ကြသည်မို့ အင်မတန်မှ ရင်းနှီးမှုရှိခဲ့ကြသည်။ပုဂ္ဂိုလ်အရလည်း များစွာမှ ခင်မင်မှု ရှိခဲ့ကြသည်။ ကျွန်တော်၏စက္ကရိတေရီ မာရီ၊စာရေးမကြီးမစ္စက်အယ်(လ်)ဝုဒ်၊ စာရေးကြီးမစ္စတာဘဲနက်၊ စာရေးမကလေးတွေ ဖြစ်ကြသော ဖိတ်(သ)သဒ်နှင့်အိုင်ရင်း။

"သွားပေတော့ကာနယ်"

သူတို့တဦးစီကိုလက်ဆွဲနှုတ်ဆက်စဉ် ပြုံးရွှင်စွာဖြင့် နှုတ်ဆက်လိုက်ကြပါသည်။ သို့ရာတွင် ထိုအပြုံးတို့၏ နောက်ကွယ်တွင် သူတို့၏မျက်လုံးတို့က မျက်ရည်စကလေးတို့ဖြင့် တရစ်ဝဲဝဲ။

မြန်မာရုံးသားများနှင့်ကတော့ တချိန်ချိန်တွင် မြန်မာပြည်၌ ပြန်လည် ဆုံစည်းကြအုံးမည်ဖြစ်သည်။

ကျွန်တော်သည် ကျွန်တော်၏ ရုံးခန်း အတွင်းသို့ ပြန်ဝင်ခဲ့သည်။ နောက်ဆုံးအနေဖြင့် ပတ်လည်ကို စေ့စေ့စပ်စပ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြတင်းပေါက်မှမြင်ပသို မျှော်သည်။ အိမ်ခေါင်မိုးများ စက်ရုံခေါင်းတိုင်များတို့ အပေါ်မှ ဖြတ်ကျော် မြင်နေ ရသော ဩဂုတ်လ၏ကောင်းကင်ပြာသည် စင်ကြည်နေသည်။

ထိုအခိုက် တံခါးဖွင့်သံကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်သည်။ ကျွန်တော်၏ ကားမောင်းရဲဘော်ဖရင့်။ ကျွန်တော်နှင့် သုံးနှစ်ပတ်လုံး သွားအတူလာအတူ ရှိခဲ့သော ရဲဘော်ဖရင့်။ သူသည် ကြိုးစား၍ပြုံးနေသည်။ ထို့နောက်စကားအစကို ရှာ၍ မတွေ့သကဲ့သို့ ဖြစ်နေရရှာသည်။

"ဘာလဲဖရင့်၊ သွားဘို့အချိန်စေ့ပြီလား"

"ဟုတ်ကဲ့၊ အချိန်စေ့ပါပြီ။ ဒါပေမဲ့....မသွားခင် ဒီအခန်းထဲမှာဘဲ....ခွင့်ပြုမယ်ဆိုရင်....၊ ကျွန်တော်....ကျွန်တော်....၊ ကာနယ်ရဲ့လက်ကိုဆွဲပြီး နှုတ်ဆက်သိုက်ပါရစေ၊ ခွင့်ပြုပါ"

ကျွန်တော်သည် စာပွဲကိုကွေ့ပတ်ပြီး သူ့ထံသို့ လျှောက်လာခဲ့သည်။ သူ့အား ကျွန်တော်၏လက်ကို ပေးလိုက်ပါသည်။ သူသည် ထိုလက်ကိုဆုပ်ကိုင်လိုက်သည်။ တင်းကျပ်စွာဆုပ်ကိုင်လိုက်သည်။ မသိမသာကလေး တချက်နှစ်ချက်မျှ လှုပ်ယမ်းလိုက်သည်။ သူ့နှုတ်ခမ်းတို့ကတော့ တဆတ်ဆတ်တုန်လျက်။

"ကိစ္စမရှိပါဘူးဖရင့်၊ ဒီလိုဘဲပေါ့။ တနေ့မဟုတ်တနေ့တော့ ခွဲခွာကြရမှာပေါ့၊ နောက်လာမဲ့စစ်သံမှူးနဲ့လဲ ငါနဲ့ဆက်ဆံသလိုဘဲ ခင်ခင်မင်မင်ဆက်ဆံပါလို့၊ ကဲ၊ ဒို့သွားကြစို့လား"

လေဆိပ်သို့ ဆင်းခဲ့ပါသည်။

* * *



"ကာနယ်တင်မောင်...." လေဆိပ်တွင် လက်မှတ်ပေးသော ကောင်တာ၌ရှိလေယာဉ်မယ် ကလေးက ပြုံးရွှင်စွာဖြင့် ကျွန်တော့်ကိုကြည့်ပြီး မေးနေသည်။

"ဟုတ်ပါတယ်"

"ကာနယ်ဘို့မဲဆိတ်(ချ)တွေရောက်နေပါတယ်၊ ခုနကဘဲဖုံးနဲ့ပြောလို့ ကူးရေးထားပါတယ်" သူက ကျွန်တော့်အား စာရွက်သုံးရွက်ကို လှမ်းပေးသည်။

"ပျော်ရွှင်ချမ်းမြေ့သောခရီး ဖြစ်ပါစေ"

နောက်တစောင်က....

"ပြန်လည်တွေ့ဆုံသည့် တိုင်အောင်"

နောက်တစောင်က....

"အမြဲသတိရနေပါမည်"

လေဆိပ်သို့လိုက်လံမပို့နိုင်ကြသည့် မိတ်ဆွေတွေရဲ့နှုတ်ဆက်လွှာတွေ။ ကျွန်တော်သည် ထိုနှုတ်ဆက်လွှာတို့ကို ဘောင်းဘီအိတ်ထဲသို့ထိုးထဲ့ပြီး လှည့်ထွက်လိုက်လျှင်ပင်....

"လေယာဉ်ခရီးစဉ်အမှတ်....၊ ရောမ....ဘေးရွတ်.... ကရာချိ....ရန်ကုန်.... ဘန်ကောက်.... ဟောင်ကောင်....၊ ခရီးသည်များရှင်၊ နံပတ်....ဒွက်ပေါက်မှ လေယာဉ်ဆီသို့ကြွကြပါရန်...." ခေါ်သံသာသာကလေးကို ကြားလိုက်ရပါသည်။

"ကဲ၊ သွားမယ်ဗျို့၊ အားလုံးဘဲ...." လိုက်ပို့ကြသည့်ဗိုလ်မှူးအောင်ဒင်၊ ဗိုလ်ကြီးအောင်နှင့် ရုံးသားတို့အား နှုတ်ဆက်ပြီး လေယာဉ်ဆီသို့ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံတွင်ထိုင်မိလျှင်ခါးပတ်ကိုပတ်သည်။ လေယာဉ်ပြတင်းပေါက်မှ မြင်ပသို့ ငေးစိုက်ကြည့်နေမိရပါသည်။

လန်ဒန်မြို့။ သုံးနှစ်ကြာနေခဲ့ရတဲ့ လန်ဒန်မြို့။

ပြတင်းပေါက်မှန်မှကျွန်တော်၏အရိပ်ကပြုံးသယောင်ယောင်ဖြင့် ကျွန်တော့်ကိုပြန်ကြည့်နေပါသည်။ လေယာဉ်၏စက်နိုးလာသံကို ကြားလိုက်သည်။ ရွေ့လျားစ ပြုလာသည်။ ထို့နောက် အရှိန်ပြင်းစွာဖြင့် ပြေးလျက်ရှိနေသည်။ ထိုမှပျံတက်လိုက်သည်။ မြို့တနဲ့အတွေ့ကို သိလိုက်ပါသည်။

ဗိုလပ်သည် ကျန်ရစ်ခဲ့ပါပြီ။ ဘဝ၏ဘကွေ့ သည်လည်း ထိုဗိုလပ်နှင့်အတူ ကျန်ရစ်ခဲ့ပါပြီ။

ကျွန်တော်သည် ထိုင်ခုံနောက်မှီကို အနည်းငယ် လှဲလိုက်ပြီး မှီလိုက်ခါ မျက်လုံးတို့ကိုမှိတ်ခါ ထားလိုက်သည်။

ခေတ္တမျှအိပ်ပျော်သွားသည်လို့ ထင်လိုက်ရသည်။ မျက်လုံးတို့ကိုဖွင့်ကြည့်သည်။ မှောင်မဲနေပြီဖြစ်သည်။ လေယာဉ်သည်လည်း ရောမလေဆိပ်သို့ ဆင်းသက်နေပါပြီ။

ထိုလေဆိပ်တွင်ရှိ အမှတ်တရပစ္စည်း ကလေးများ ရောင်းချသော ဆိုင်ကလေးတို့ဆီသို့ လျှောက်လာခဲ့သည်။ သားအတွက် ကစားစရာအဖြစ် သစ်သားဖြင့်ပြုလုပ်ထားသည့် "ဂွန်ဒိုလာ" ဟုခေါ်သော လှေပုံသဏ္ဍာန်စီးကရက်ဗူးတဗူးကို ဝယ်ခဲ့သည်။ အမှတ်တရလည်းဖြစ်လှလည်းလှ၊ ပြီးတော့စီးကရက်ယူရန်ထိုလှေကလေး၏ပေါင်မိုးကိုဖွင့်လိုက်လျှင် တေးသွားတခုသည် သာသာ ညွှင်းပျောင်းစွာဖြင့် ပေါ်ထွက်လာသည်။ ကမ္ဘာကျော်အီတာလီယံသီချင်း "စန်တာလူစီယား"၊ ကျွန်တော်ကြိုက် နှစ်သက်သော သီချင်းဖြစ်သည်။

ထို့နောက် ဆက်ခါထွက်ခဲ့ကြပြန်သည်။ ဘေးရွတ်။ ပြီးတော့ ကရာချီ။ အဲဒီမှာလဲ ရောမမှာကဲ့သို့ ပစ္စည်းဆိုင်သို့သာရောက်သွားပြန်သည်။ ကြေးဖြင့်ပြုလုပ်ထားသော ဖိနပ်သဏ္ဍာန် ဆေးလိပ်ပြာခွက်ကလေးတစုံကို မျက်စေ့ကျသဖြင့် ဝယ်ခဲ့ပြန်သည်။

လေယာဉ်ကြီးသည် ညဉ့်မှောင် မှောင်တွင် မဲနက်သော ကောင်းကင်ပြင်ကြီး၌ ဆက်ခါ ပျံသန်းခဲ့သည်။ အိန္ဒိယတိုက်ကြီးကိုဖြတ်ကျော်သည်။ ထို့နောက်အရုဏ်ဦးနှင့်အတူ ပင်လယ်ပြင်တခုအပေါ်သို့ ရောက်လာသည်။ ဘင်္ဂလားပင်လယ်ကွေ့ပင်ဖြစ်ပါသည်။

နေလုံးကြီးသည် အရှေ့ဘက် မိုးကုပ်စက်ဝိုင်းဆီမှ ရောင်ဝေတလျှမ်းလျှမ်းဖြင့် တရွေ့ရွေ့တက်ခါလာနေသည်။ ရေပြင်ပေါ်ရှိ လှိုင်းကြက်တက်ကလေးတို့က နေရောင်ခြည်တွင် တဦးနှင့်တဦးငွေမှန်ကလေးတွေဖြင့် မြူးတူးစွာ ပက်ဖျန်းကစားနေကြသည်။ သူတို့ကိုကြည့်၍ မဝသေးလှိုင်းတဖွေးဖွေးနှင့် သဲငွေကမ်းခြေကို တွေ့လိုက်ရပါပြီ။

ဗမာ့ကမ်းခြေ။

ထိုမှတဆင့် စိမ်းတပြာ၊ ဝါထကွက်ဖြင့် ပျိုနုသောနံနက်ခင်းတွင် လှချင်တိုင်းလှနေပါသည့် ဗမာ့မြေပေါ်တွင် ပျံသန်းလျက်ရှိနေပါသည်။

ရိုးမစိမ်းစိမ်းကြီးကို ကျော်ဖြတ်လို့ ပြီးသည်နှင့် လေယာဉ်ကြီးသည် တဖြေးဖြေးခြင်းနိမ့်ကာ နိမ့်ကာ ဆင်းသက်နေသည်။ တခဏကြာတော့ ဖူးတွေ့လိုက်ရပါပြီ။

ရွှေဝါရောင်တဝင်းဝင်းဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီး။

* * *

www.burmeseclassic.com

ဂျိန်းဖေါ်တို့ပြည်

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ၏ ငြိမ်ဝပ်ပိပြားရေးအခြေအနေသည်ကျွန်တော် ထွက်ခွာသွားစဉ် ၁၉၅၂ခုနှစ်နှင့်ကျွန်တော်ပြန်လည်ရောက်ရှိလာသည့် ၁၉၅၅ခုနှစ်တို့က မတူကြတော့။ များစွာပင် တိုးတက်ကောင်းမွန်လျက်ရှိနေပါပြီ။

မြို့ကြီးပြကြီးဟူသမျှတို့ကို တပ်မတော်က ပြန်လည်ရရှိထားပြီးဖြစ်သည်။ ကျေးရွာအခေတ် များမျှဵးတို့သည်ပင် အစိုးရလက်ထဲတွင်ရှိနေကြသည်။ ရန်ကုန်၊မန္တလေး၊ရန်ကုန်၊မော်လမြိုင်၊ မန္တလေး၊ မြစ်ကြီးနား၊ မန္တလေး၊ လားရှိုး၊ မီးရထားလမ်းအားလုံးတို့သည် ရန်သူ၏ နှောင့်ယှက်ခြင်းမှ ကင်းရှင်းနေသည် ကားလမ်းခရီးနှင့် ရေလမ်းခရီးတို့သည်လည်း ထိုနည်းအတူပင်။

သူပုန်တို့သည် အရေအတွက်အားဖြင့် မနဲလှသေးသည် မှန်သော်လည်း တောတောင်တို့ အတွင်း၌သာ မင်းမူနိုင်ကြတော့သည်ဖြစ်သည်။ ကေအမ်ဘီခေါ် တရုတ်ဖြူတို့သည်လည်း ပြောပလောက်အောင်မရှိကြတော့၊ အချို့က ၁၉၅၃ခုနှစ် အတွင်းကပင် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်အရ ယိုးဒယားနိုင်ငံမှတဆင့် ဖော်မိုဆာကျွန်းသို့ ပြန်သွားကြပါပြီ၊ ဒေါင်းမာသူတို့သာ ကျိုင်းတုံဒေသတွင် ခေါင်သီသော အရပ်တို့၌ ကျန်ရစ်ခဲ့ကြသည်။ သူတို့သည်လည်း စစ်ရေးထက် စီးပွားရေးဖြစ်သည့် ဘိန်းသုပ်ခြင်းကိုသာ ဦးစားပေးနေကြသည်။

ချစ်ငြိမ် ၂၀-၁-၆၆

www.burmeseclassic.com

www.burmeseclassic.com

ထိုသုံးနှစ်ကြာကာလအတွင်း ထိုအခြေအနေသို့ရောက်ရှိလာစေရန် တပ်မတော်သည် မည်သို့သော စွန့်စားမှုများ၊ အနစ်နာခံမှုများ၊ မည်မျှသောအသက်သွေးချွေးတို့ကို တိုင်းပြည်အတွက်ပေးလှူခဲ့ရသည်ဆိုသည်ကိုမူ မည်သူမှ ခန့်မှန်းတွက်ဆ၍ ရနိုင်ကြခြင်းမဟုတ်ပါ။

တဘက်တွင် ထိုသို့တိုင်းပြည်၏ ရန်သူခလုတ်တို့ကိုရှင်းလင်းရင်းမှ တဘက်တွင် တပ်မတော်ကြီးကို တိုးချဲ့တည်ဆောက်နိုင်ခဲ့သည့် အောင်မြင်မှုတို့ကလည်း အံ့သြစရာပင်။

၁၉၅၂ ခုနှစ်က မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ဟူ၍ တိုင်းစစ်ဌာနချုပ် နှစ်ခုဖြင့်သာ တပ်ရင်းတို့ကို တိုက်ရိုက်အုပ်ချုပ်ခဲ့သည်၊ ယခု ၁၉၅၅ ခုနှစ်တွင်မူ ထိုတိုင်းကြီးနှစ်တိုင်းတို့၏ လက်အောက်တွင် တပ်မဟာဌာနချုပ်များရှိနေကြပါပြီ။ ထိုတပ်မဟာဌာနချုပ်တို့၏ လက်အောက်မှာတော့ တပ်ရင်းများ၊ ယခင်ကထက် အရေအတွက်အားဖြင့်ရင်း၊ အရည်အချင်းအားဖြင့်ရင်း၊ ပိုမိုတိုးတက်ထက်မြက်လျက်ရှိသော တပ်ရင်းများ။

မြန်မာပြည်သို့ပြန်ရောက်ပြီး ချက်ခြင်းပင် ကျွန်တော်သည် မြစ်ကြီးနားရှိ အမှတ်(၁)ကယားတပ်ရင်းသို့ တပ်ရင်းမှူးအဖြစ် သွားရောက်တာဝန်ထမ်းရသည်၊ တချိန်တည်း၌ မြစ်ကြီးနားတွင်ပင်ရှိ အမှတ်(၇) တပ်မဟာဌာနချုပ်ကိုလည်း ခေတ္တတပ်မဟာမှူးအဖြစ်ပူးတွဲကိုင်ရသည်။

ထိုသို့တာဝန်နှစ်ခုတို့ကို တချိန်တည်း ပူးတွဲ ထမ်းဆောင်ရသော်လည်း ထင်သလောက် မခက်ခဲလှ၊ ကယား တပ်ရင်း၏ဒုတပ်ရင်းမှူးမှာ ဗိုလ်မှူးတင်ထွန်း(ယခုဒုဗိုလ်မှူးကြီးဟောင်း ဆောက်လုပ်ရေး)ဖြစ်သည်။ သူသည် မေမြို့ဗိုလ်သင်တန်းကျောင်း





၌ ကျွန်တော်နှင့်အတူ အမှုထမ်းခဲ့ဘူးသူဖြစ်သဖြင့် ကျွန်တော်၏ကောင်းသော မကောင်းသော အချက် အလက်အားလုံးတို့ကို သိသူဖြစ်ပါသည်။ တပ်မဟာ ဌာနချုပ်တွင်လည်း တပ်ပေါင်းဗိုလ်မှူးကဗိုလ်မှူးအုံးမောင်၊ (ယခုဒုဗိုလ်မှူးကြီးဟောင်း၊ ရန်ကုန်တိုင်း တရားရေး)။ သူ့ကိုလည်းအမှတ်(၃)သေနတ်ကိုင်တပ်ရင်းတွင် အမှုထမ်းခဲ့စဉ်ကပင် သိကျွမ်းခဲ့သဖြင့် တဦးအကြောင်းကို တဦးနားလည်ပြီးဖြစ်ကြသည်။ ပြီးတော့လက်အောက်ခံတပ်ရင်းတရင်းဖြစ်သော ကသာမြို့တွင်ရှိ အမှတ်(၁၂) ခြေလျင်တပ်ရင်း၏ တပ်ရင်းမှူးက ဒုဗိုလ်မှူးကြီးသိန်းဟန် (ယခုကွယ်လွန်)။ သူနှင့် ကျွန်တော်တို့သည် ဂျပန်ခေတ် မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်း၊ ထို့နောက်ဂျပန်ပြည် စစ်တက္ကသိုလ်တို့တွင် အတူအိပ်အတူစားနေခဲ့ကြသူတွေဖြစ်ကြပါသည်။ ထို့ကြောင့် အစစ အဆင်ပြေရသည်။ အလုပ်ကိစ္စတခုတွင် မည်သို့ပင် ခည်းကမ်း ဥပဒေတို့၏ဘောင်အတွင်း၌ တာဝန်တို့ကို ကျေပွန်စွာ ထမ်းဆောင်ကြသည်ဆိုစေကာမူ ပူးတွဲ လုပ်ဆောင်ရသည့်သူ အချင်းချင်း ပုဂ္ဂိုလ်အရ မင်ကြသောအခါ၌ ပိုမိုလွယ်ကူ အောင်မြင်သည်လို့ ထင်သည်။

တခုဘဲ ပြဿနာရှိသည်။ အဲဒါက တကိုယ်ထဲက တချိန်ထဲတွင် တပ်ရင်းမှူးဖြစ်လိုက် တပ်မဟာမှူးဖြစ်လိုက်ဖြင့် အဆင့်မတူသော အထက်အောက်တာဝန်နှစ်ရပ်တို့ကို ထမ်းဆောင်နေရခြင်းပင်ဖြစ်သည်။ မနက်ဘက်တွင် တပ်ရင်းတွင် ရုံးထိုင်သည်။ ညနေဘက်တွင် တပ်မဟာတွင် ရုံးထိုင်သည်။ တပ်ရင်းမှူး အနေဖြင့် အစီရင်ခံစာရေးလိုက်၊ တပ်မဟာမှူး အနေဖြင့် ထိုအစီရင်ခံစာပေါ်တွင် မှတ်ချက်ချလိုက်။ တပ်မဟာမှူးအနေဖြင့် အမိန့်ပေး


www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ တပ်ရင်းမှူးအနေဖြင့် လိုက်နာလိုက်။ တခါတခါတော့ မျက်စေ့မျှားပင် လည်ရပါသည်။

တပ်မဟာ၏ လက်အောက်၌ မြစ်ကြီးနားတွင် အမှတ် (၁) ကယားတပ်ရင်းနှင့် စစ်ရဲတပ်ရင်းတရင်း၊ ဗန်းမော်တွင် စစ်ရဲတပ်ရင်းတရင်းနှင့် ကသာတွင်အမှတ်(၁၂) ခြေလျင်တပ်ရင်းတို့ရှိကြသည်။ နယ်မြေသည် အကြမ်းအားဖြင့် အေးချမ်းသည်။ ကသာခရိုင် ပင်လယ်ဘူး ဒေသတွင်သာ သူပုန်တို့အနည်းအကျဉ်း ရှိကြသည်။ သို့ရာတွင် အကျယ်အဝန်း အားဖြင့်ကတော့ များစွာမှ ကျယ်ဝန်းလှပါသည်။ ကချင်ပြည်နယ်တခုလုံးနှင့်ကသာခရိုင်တို့ ဖြစ်ကြသည်။ ထို့ကြောင့် အရှေ့နှင့်မြောက်အရပ်တို့တွင် တရုတ်ပြည်ကြီးနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသည်။ အနောက်ဘက်မှာတော့ အာသံပြည်နယ်။

ထို့ကြောင့် ရောက်ခါစကဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ပူတာအိုဒေသ၊ လောခေါင်း ဗိုးမောဒေသတို့မပါ ကျန်ဗန်းမော်နှင့် ကသာခရိုင်အတွင်းရှိ တပ်စခန်းတို့သို့ လှည့်လည်ရသည်နှင့်ပင် ဌာနချုပ်တွင် နေရသည်ဟု များစွာမရှိလှ။ ထိုသို့ တောထဲ တောင်ထဲတို့သို့ သွားလာနေရသည်ကိုလည်းများစွာမှ နှစ်ခြိုက်လှသည်ဖြစ်ပါသည်။ အမြဲတစေ တလှုပ်လှုပ်တရွရွရှိနေသော လူသူနှင့်ယာဉ်တို့ထူထဲသော လန်ဒန်မြို့တွင် သုံးနှစ်သုံးမိုး ခန့်နေခဲ့ရပြီးသည့်နောက် မျက်စေ့အေးနားအေး စိတ်အားဖြင့် အပန်းဖြေနေရသကဲ့သို့ ရှိနေရပါသည်။

မြစ်ကြီးနားတွင် ကျွန်တော်တို့ နေရသည့် အိမ်ကလေးက ပျဉ်ခင်း ပျဉ်ကာ သွတ်မိုး၊ အိမ်ရှေ့ဘက်တွင် ကျယ်ပြန့်သော ဝရံတာနှင့်။ ထိုဝရံတာမှ လှမ်းမျှော်ကြည့်လိုက်လျှင် လှိုင်းထွန့်ကလေးများ တဖွေးဖွေးမပြတ် သွင်သွင်စီးဆင်းနေသောရေဝတီ





မြစ်ကြီးကို မြင်တွေ့နိုင်ပေါသည်။ အိမ်နှင့် ထိုမြစ်ကြီးတို့အကြားငှက်ပျောတောတလေးတခုသာ ခြားသည်ဖြစ်သဖြင့်လည်း အေးမြသော မြစ်ပြင်လေ ညှင်းညှင်း ပြေပြေကလေးက ထိုငှက်ပျောပင်ရွက်ဖါးတို့အကြားမှ ဖြတ်သန်းပြီး အမြဲတစေ တိုက်ခတ်ပေးနေသည်။

ပြီးတော့ ကျွန်တော်တို့၏ အိမ်တန်းကလေးက သပ်ရပ်လှသည့် သီးသန့်ရွာကလေး တရွာလိုမို့ တအိမ်နှင့်တအိမ်ကူးလိုက်သန်းလိုက်ကြ၊ တအိမ်အိမ်တွင် စားစရာတခုခုကိုစီမံပြီး စုကာစားလိုက်ကြ၊ အားလပ်သည့်နေ့ရက်များမှာတော့ စုပေါင်းပြီး ထိုစဉ်က တည်ဆောက်ဆဲသကြားစက်ကြီးရှိရာ နမ်းမတီးသို့ရင်း၊ မေခနှင့်မေလီခမြစ်နှစ်သွယ်တို့ဆုံရာပေါင်းစည်းရာ မြစ်ဆုံသို့ရင်း၊ ပျော်ပွဲစားထွက်ကြ၊ တလမ်းလုံးမှာလဲ သီချင်းတွေကိုသီကြဆိုကြဖြင့် အင်မတန်မှ ပျော်စရာကောင်းလှပါသည်။ ကံ့ကောင်းချင်တော့ လာရောက်ဆုံစည်းမိကြရသူတွေကလဲ ချစ်စရာကောင်းလှပါသည့် ကယားရဲဘော်ကလေးတွေနှင့် အရာရှိလူတစု။

* * *

## မြန်လည်လေ့ကျင့်ရေး

မကြာမီမှာပင် ကျွန်တော်သည် မြစ်ကြီးနား၌ပင် ရှိသော တပ်မဟာ (၇)၏ တပ်မဟာမှူးအဖြစ် ခန့်အပ်ခြင်း ခံရသည်။ ထိုအခါ ကယားတပ်ရင်းကို ဗိုလ်မှူးတင်ထွန်းနှင့် လွှဲအပ်ထားခဲ့ပြီး တပ်မဟာရုံးသို့ အပြီးအပိုင်ပြောင်းရွှေ့ခဲ့ရသည်။ အဲသည်ကျတော့လဲ တပ်ရင်းမှူးဘဝကို လွမ်းသလိုလို။ အထူးသဖြင့် ရိုးသားလှသော စည်းကမ်းကောင်းလှသော တိုက်ရည်ခိုက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ဆက်မြက်သော ကာယားတစ်ရင်း၏ တပ်ရင်းမှူး ဘဝကို လွမ်းသလိုလိုဖြစ်မိရပါသည်။

ထို့ကြောင့် ထိုကာယားတစ်ရင်းက စစ်ဆင်ရေး ထွက်မည်ပြုတော့....

"စစ်ဆင်ရေးကို ကိုယ်လဲလိုက်မယ်" ကျွန်တော်ကကြေညာလိုက်သည်။

ဗိုလ်မှူးတင်ထွန်းနှင့် ဗိုလ်မှူးအုံးမောင်တို့က ကန့်ကွက်ကြသည်။

"ဟာ၊ ဗိုလ်မှူးကလဲ၊ တပ်မင်းကိုယ်တိုင် လိုက်လို့ ဘယ်ဖြစ်ပါ့မလဲ"

"ဘာဖြစ်လို့...."

"ဘာမှတော့ မဖြစ်ဖူးပေါ့၊ ဒါပေမဲ့ တပ်ခွဲကလေးနှစ်ခွဲထဲနဲ့ စစ်ဆင်ရေးလုပ်ထာ တပ်မဟာမှူးကိုယ်တိုင်လိုက်တယ်ဆိုတော့"

သူတို့ဆိုလိုသည်က တပ်ခွဲနှစ်ခွဲထဲဖြင့် စစ်ဆင်ရေးပြုလုပ်သည်မို့ တပ်မဟာမှူးလိုက်ဖို့ရန်မသင့်၊ အပင်ပန်းမခံစေလိုဟူသော စေတနာဖြင့် ပြောနေခြင်းဖြစ်ပါသည်။

ကျွန်တော့်ရည်ရွယ်ချက်ကတော့တမျိုး၊ အပြင်းပြေလိုက်ချင်သည်လည်းပါသည်၊ သေနတ်သံမကြားရသည်မှာကြာပြီဖြစ်သည့်ကြောင့်လည်းပါသည်၊ မေမြို့ ဗိုလ်သင်တန်းကျောင်းအုပ်အဖြစ်တနှစ်၊ ဗိုလ်ပတွင် စစ်သံမှူးအဖြစ်သုံးနှစ်၊ ပေါင်းလေးနှစ်။ ထိုလေးနှစ်တာအချိန်အတွင်း စစ်ဆင်ရေးနှင့် ကင်းကွာနေခဲ့ရသည်မို့ ဘဝကြမ်း၏အရသာကို ပြန်လည်ထိတွေ့လိုလှသည်။ ထို့ပြင်အသက်ကလည်း လေးနှစ်ပို၍ကြီးလာပြီဖြစ်သဖြင့် အရင်ကလိုအမောခံနိုင်ပါအုံးမလား၊ ကိုယ့်ကျောပိုးအိတ်ကိုကိုယ်ပိုး ကိုယ့်သေနတ်ကိုကိုယ်ထမ်း၊ ကျွဲခရိုးကြမ်းကို လှမ်းမှ လှမ်းနိုင်ပါအုံး





မလား၊ ရဲဘော်တွေရဲ့ ခြေလှမ်းကို အမှီလိုက်နိုင်ပါအုံးမလား၊ ကိုယ့်ကိုယ်ကိုကိုယ်စမ်းသပ် ကြည့်လိုလှပါသည်။

သို့ပေမဲ့ ဒါတွေကို မပြောပြတော့၊ ပြောပြပါက သူတို့က စောဒကတက်နေကြပါလိမ့်အုံးမည်။ အငြင်းအခုံပြုနေကြပါလိမ့်မည်။ ထို့ကြောင့်ပြတ်ပြတ်ပင် ပြောလိုက်ရပါသည်။

"လိုက်ကိုလိုက်ချလိမ့်မယ်ဗျို့"

အဲဒီတော့မှ သူတို့ကဆက်လက်မကန့်ကွက်ကြတော့။ တခုကိုတော့ သူတို့ကို နားလည် စေခဲ့ပါသည်။ ကျွန်တော်သည် စစ်ဆင်ရေးကို တိုက်ရိုက်ဦးစီးမည်မဟုတ်ပါ။ ဗိုလ်မှူးတင်ထွန်း၏ အစီအစဉ်ဖြင့်သာ အစစပြုလုပ်သွားမည်ဖြစ်သည်။ ထိုအစီအစဉ်တို့ကို ကျွန်တော်သည်ဝင်ရောက်စွက်ဖက်မည်မဟုတ်ပါ၊စွက်ဖက်ရန်လည်း လိုအပ်မည်မထင်ပါ။

ရန်သူသည် များများစားစား မရှိလှ၊ အနောက်ဘက်တွင် မူးမြစ်၊ မြောက်ဘက်တွင် ကောလင်း ပင်လယ်ဘူး ကားလမ်း၊ အရှေ့ဘက်တွင် မီးရထားလမ်း၊ ထိုဒေသကွက်ကွက်ကလေး အတွင်းရှိ ကျွန်းတောကြီးများအတွင်းတွင် လှည့်လည်လှုပ်ရှားနေကြသည့် သူပုန်များဖြစ်ကြသည်။ သူတို့သည်ထိုမှမီးရထားလမ်းကိုရှင်း၊ ကောလင်းပင်လယ်ဘူး ကားလမ်းကိုရှင်း၊ ခြိမ်းခြောက်လျက်ရှိနေကြသည်။ ထိုရန်သူကို ရှင်းလင်းရန်။

ဗဟိုအဆင့်အနေဖြင့် ကောလင်းသို့လာခဲ့ကြသည်။ထိုမှကားများဖြင့် ပင်လယ်ဘူးကားလမ်းအတိုင်း လိုက်ခဲ့ကြသည်။ လမ်းတဝက်ခန့်တွင် ကားတို့မှဆင်း၍ အနောက်စူးစူး မူးမြစ်ကမ်းဆီသို့ ဦးတည်၍ချီတက်ကြသည်။

မော်တော်ယာဉ်တို့ကို စွန့်ထားခဲ့ကြရပြီဖြစ်သဖြင့် ထိုအခါမှစပြီး ပေါင်ချိန်ငါးဆယ်ခန့်လေးသော ကျောပိုးအိတ်ကိုထမ်း



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကိုလွယ်ကာ၊စင်သိမ်းမှူးကြီးဘဝမှ လောလောလတ်လတ်စုတေစိတ်ကျခဲ့ရသူ တယောက် ကျွန်းတောကြီး အောက်တွင် ရဲဘော်တို့ကိုအမှီ လိုက်ရင်းအယ်ညာ လှမ်းနေရပါပြီ။

ခေတ္တမျှလျှောက်မိလျှင် သွေးပူလာသည်။ လျှောက်လို့ပင် ကောင်းသလိုလို။

"တပ်မင်း၊ ကျောပိုးအိတ် ကျွန်တော့်ပေး....." ရဲဘော်ကလေးတဦးက ကျွန်တော့်အား သနားညှာတာစွာဖြင့် လာ၍ တောင်းသည်။

"နေပေစေရဲဘော်၊ ကိုစ္စမရှိပါဘူး၊ကျေးဇူးတင်တယ်ကွယ်" မပေးလိုက်၊ငြင်းလိုက်ပါသည်။

နောက်တခဏ ကြာတော့ နောက်တယောက်က လာပြီး တောင်းပြန်သည်။ သူ့ကိုလဲ မပေးလိုက်ပါ။ အစကတဲက ကိုယ့်ကိုယ်ကို စမ်းကြည့်ချင်လို့ ထမ်းလာခဲ့တာဘဲဥစ္စာ။

သို့ရာတွင်မရ။ ငါးမိနစ်တခါ ဆယ်မိနစ်တခါဆိုသလို တယောက်ပြီးတယောက် ကျွန်တော် သယ်လာခဲ့သည့် ကျောပိုးအိတ်ကိုသာလာ၍ တောင်းနေကြပါသည်။ ဒါပေမဲ့ဘယ်သူ့ကိုမှ မပေးလိုက်ပါ။

သို့ဖြင့်ဆက်လက်၍ လာခဲ့ကြသည်။ တနာရီနီးပါးမျှ ရှိလာပါပြီ။အဲဒီကျတော့ ချွေးတွေလဲ အတော်ကလေး ရွှဲလာပါပြီ၊ သို့ပေမဲ့ ဗိုလ်မှူးတင်ထွန်းကတော့ စစ်ကြောင်းကိုနားခွင့်မပေးသေးပါ။သူနှင့် ဗိုလ်ကြီးထွန်းရင်လော (ယခု ဒု ဗိုလ်မှူးကြီးဟောင်း၊ဥက္ကဋ္ဌ၊ရှမ်းပြည်နယ်ပြည်သူ့ကောင်စီ)နှင့် ဗိုလ်ကြီးလဇန်တူး တို့သည် ရိုင်ဖယ်ကြီးတွေကို ကိုယ်စီ ထမ်းရွလို့ ခြေတားယား လက်ကားယား ကလန်ဓလားကြီးတွေဖြင့်စကား





တွေ တဖောင်ဖောင် ပြောရင်း မှန်မှန်ကြီးသာ လျှောက်လို့ ရှိနေကြသည်။

ရပ်နားခွင့်မပေးတော့ဘူးလား။ တနာရီလျှင် ငါးမိနစ် ကလေးမှ အနားမပေးတော့ဘူးလား။ သူတို့ကို မကျေမနပ်ဖြင့် လှမ်းကြည့်လိုက်မိရသည်။ သူတို့ကတော့ ဆက်ခါသာလျှောက်နေကြဆဲ။

ကျောပေါ်မှ ကျောပိုးအိတ်ကအနည်းငယ်တော့ဖြင့် လေးလံ၍ လေး၍လာနေပါပြီ။ ပခုံးတွေက ကျိန်းစပ်လို့ ရှိနေကြသည်။ အတန်ကြာတော့ ထိုကျောပိုးအိတ်ကို တစုံတဦးသည် ပါးလေး ခို၍များ စီးနင်းလိုက်ပါလာလေရော့သလားလို့ပင်ထင်မှတ်လာမိရပါသည်။

ရဲဘော်တွေကို မသိမသာ စောင်းငဲ့ကြည့်သည်။ ဘယ်သူကများ ကျွန်တော့်ကျောပိုးအိတ်ကို လာတောင်းကြမှာပါလိမ့်။ ဒီတခါတောင်းလာရင်ဖြင့် ပေးလိုက်ပါတော့မည်။ မပေးချင်ပေးချင် မကျေမနပ် ပေးလိုက်ရသည့် အမူအရာဖြင့် ပေးလိုက်ပါမည်။

သို့ပေမဲ့ ဘယ်သူကမှ နောက်ထပ်မတောင်းတော့ပါ။ ထိုအခိုက်အတွင်မှ ကံကောင်းထောက်မလို့ အနားရလိုက်ကြသည်။

"မောသလားတပ်မင်း" ဗိုလ်ကြီးထွန်းရင်လောက ပအိုဝ်သံဝဲတဲ့တဲ့ဖြင့်မေးသည်။

"မောပါဘူး" ပြောသာပြောလိုက်ရသည်၊ အသက်မှန်မှန်ရှူနိုင်ဘို့ကိုပင် မနဲကြီးကြိုးစားနေရသည်။

ဆက်လက်ထွက်ခဲ့ကြတော့ အိတ်တွင်း၌ပါလာသည့်မြေပုံစာရွက်ကို မကြာခဏ ထုတ်ခါကြည့်မိသည်။ ခရီးအကွာအဝေးကို မှန်းဆကြည့်သည်။ ဗီညစခန်းချရမည့် ရွာကလေး ကတော့



www.burmeseclassic.com

www.burmeseclassic.com

ရောက်ခဲ့လှပါဘိ၊ ကျောပိုးအိတ်သည်သာ လေးလံလာသည် မဟုတ်၊သိုင်းထားသည့် ကြိုးတို့ကလည်း ပို၍ပို၍ သေးမျှင်လာသလိုဖြစ်လာသည်။ပခုံးနှစ်ဖက်တို့အတွင်းတို့သို့ စူးဖေါက်နစ်မြုပ်တော့မည့်ကဲ့သို့ရှိလာနေသည်။ ကျောပိုးသေနတ်ကို ညာပခုံးတွင် ချိပ်လာရာမှ ဘယ်ပခုံးသို့ပြောင်းသည်။ နောက်တဖန်ဘယ်ပခုံးမှ ညာပခုံးသို့ပြန်၍ ပြောင်းသည်။ထို့နောက်တော့ ထမ်းပိုးကဲ့သို့ ဇက်ပိုးပေါ်တွင်ထမ်းလိုက်ရသည်။

သို့ဖြင့် လျှောက်ရင်းလျှောက်ရင်းမှ... ကိုယ့်ကိုယ်ကိုကိုယ်ဝန်ခံလိုက်ရပါပြီ။ကျွန်တော်သည်လေးနှစ်တာ၍ လေ့ကျင့်မှုမျိုးနှင့် ကင်းကွာခဲ့ရသဖြင့် ဤခန္ဓာကိုယ်သည် ပျော့ညံ့လျှက် ရှိနေပါပြီ။ ဒါမှမဟုတ်ရင်လဲ အသက်ကလေးကဘဲ နဲနဲထောက်လာလို့ပါလား။ အဲဒီအယူအဆကိုတော့ လက်မခံလိုလှ။

လျှောက်လာနေရင်းမှ ထိုထို့ဤဤ တွေးမိလို့ မခံချင်စိတ်ကလေးက ဝင်လာမိပြန်သည်။ ထို့ကြောင့် ရင်ကိုကော့လိုက်သည်။ ကိုယ်ကိုမတ်လိုက်သည်။ ခြေလှမ်းတို့ကို ကျဲလိုက်သည်။ သေနတ်ကိုပခုံးတွင်အကျအနထမ်းလိုက်ပါသည်။ ပျော့ညံ့သည်ကို ရဲဘော်တွေမြင်မှာ သွားရင်ဖြင့်ရှက်စရာ။

သို့ဖြင့်တရက်ပြီးတရက်၊ သုံးရက်ခန့်ကြာတော့ အရှိန်ရလို့လာပါပြီ။ကျွန်တော်သည် စစ်သားနှင့် တူလို့လာပါပြီ။

ဤစစ်ဆင်ရေးသို့ လိုက်ပါခဲ့ခြင်းမှ ကျွန်တော့်အဖို့ ရလိုက်သည့် အမြတ်က....မကြာမီ ရင်ဆိုင်ရတော့မည့် တောင်တန်းခရီးလမ်းများအတွက် လမ်းလျှောက်အလေ့အကျင့်နှင့် တောင်တက်အလေ့အကျင့်တို့ကို ပြန်လည်ရရှိလိုက်ခြင်းပင် ဖြစ်ပါသည်။

* * *

## တပ်မင်းတို့ဘုန်း

ဖီးမော ရွာကြီးသည် မြစ်ကြီးနားမြို့၏ အရှေ့မြောက်ဘက်၊ ၁၉၅၆ခုနှစ် နယ်နိမိတ်အရ၊ မြန်မာပြည်နှင့် တရုတ်ပြည်နယ်စပ်မျဉ်း၏ သည်ဘက်တွင်ကပ်၍ တည်ရှိသည်။ သွားလာမှုခက်ခဲသဖြင့် အစိုးရအရာရှိ ကြီးငယ်များ လွန်စွာအခေါက်အပေါက်နဲလှသည့်နေရာတခုဖြစ်သည်။

မြစ်ကြီးနားမှ ချီပွေဟုခေါ်သော ရွာကလေးသို့ နွေရာသီကားလမ်းရှိသဖြင့်ကားဖြင့်သွားလို့ရသည်။ ယခုမူလောခေါင်းအထိ ကားလမ်းပေါက်နေပြီဟု သိရသည်။မြစ်ကြီးနားနှင့် ချီပွေအကြားများစွာကွာဝေးလှသည်မဟုတ်သော်လည်းကျဉ်းမြောင်းဆိုးဝါး၍ အန္တရာယ်များလှသော လမ်းဖြစ်သောကြောင့် ဖြေးဖြေးသာမောင်းနှင်နိုင်သည်၊ ထို့ကြောင့်မကြာသင့်ဘဲကျက်နေ့ဝက်မျှသွားရသောခရီးတခုဖြစ်နေရသည်။ ချီပွေမှခရီးဆက်လျှင် လောခေါင်း၊ မြို့ကလေး၊ ထို့နောက်တော့ တတောင်တက် တတောင်ဆင်း၊တခါတရံနွာရီပေါင်းများစွာသွားပါသော်သည်း တဲစုကလေးတစုကို သော်မှ မတွေ့ရသည့်လွန်စွာမှ ခေါင်သီသည့်ဒေသ ဖြစ်သည်။

ကျွန်တော်သည် ၁၉၅၆ ခုနှစ် ဆောင်းအလွန် နွေအကူး ဖေဖေါ်ဝါရီလအတွင်း နယ်စပ်ဒေသကို ကြည့်ရှုရန်အတွက် ထိုဒေသကိုလေ့လာရန်အတွက် ဖီးမော သို့ ခရီးထွက်ခဲ့သည်။

သောင်းကျန်းသူ ဆူပူမှု ကင်းရှင်းသော အရပ် ဖြစ်သဖြင့် အစောင့်အရှောက်တို့များစွာမလို။ ထို့ကြောင့် ကျွန်တော့်အဖွဲ့ကလေးသည် သေးသေးကလေးဘဲဖြစ်သည်။ ဗိုလ်ကြီးတဦး၊ ထိုဒေသ၏ ဘာသာစကားအမျိုးမျိုးတို့ကိုတတ်ကျွမ်းသော စကား

www.burmeseclassic.com



ပြန်ရဲဘော်၊ ဆက်သွယ်ရေးအတွက် ဝိုင်ယာလက်စက် တလုံးနှင့် အချက်ပြဆက်သွယ်ရေးရဲဘော်နှစ်ဦး၊ အစောင့်အရှောက် အဖြစ် တပ်စိပ်တဝက်၊ ပြီးတော့ပစ္စည်းများသယ်ရန် လားဆယ်ကောင် ခန့်နှင့် လားကိုင် တာရှုတ်လော်ပန်များ၊ ဒါဘဲ ဖြစ်သည်။

ထိုအထဲတွင် အရေးအကြီးဆုံးဖြစ်သူက စကားပြန် ရဲဘော်။ ထိုသူသည် ဦးစွာမြန်မာစကားကို သေသေချာချာ တတ်ကျွမ်းရ ပါမည်။ ပြီးတော့ဒေသ ဘာသာစကားများ။ လောခေါင်းမှ ဖီး မောအထိသည် သုံးလေးရက် ခရီးမျှသာ ဖြစ်သော်လည်း ထို လမ်းတလျှောက်တွင်သုံးစွဲသည့် စကားအမျိုးပေါင်းက သုံးမျိုး ဖြစ်သည်။ ကချင်စကား၊မရူစကားနှင့်လရှီစကား။ ကျွန်တော့်မှာ ကံကောင်းသည်ဟုဆိုရပါမည်။ ကျွန်တော်၏ အကူရဲဘော်အဖြစ် ငင်း၊ စကားပြန်အဖြစ်ငင်းလိုက်ပါလာသူ ရဲဘော်မရန်နော သည် ထိုဘာသာစကားသုံးမျိုးစလုံးတို့ကို ကျင်လည်စွာ ပြောတတ် ဆို တတ်သူဖြစ်သည်။ သူကိုယ်၌ကလည်း ထိုဒေသခံ ဖြစ်ပါသည်။ မြန်မာစကားကိုတော့သာမန်မြန်မာတဦးထက် ပိုမိုလည်ပတ်စွာ ပြောတတ် ဆိုနိုင်သူဖြစ်သည်။

ရိက္ခာကိုမူ ဤဒေသသည် တောင်ပေါ်ဒေသ ဖြစ်သည့်အပြင် လူသူခေါင်းပါးလှသည် ဖြစ်သဖြင့် ကျွန်တော်တို့ အဖွဲ့အတွက် နှစ်ပတ်စာရိက္ခာကို ယူခဲ့ကြရသည်။ ထို့ပြင်လမ်းတလျှောက်လုံး ရှိ ကျေးရွာလူထုတို့သို့ဝေငှရန်နှင့် ကျေးရွာလူကြီးများအားပေး ရန်လက်ဆောင်ပစ္စည်း များတို့ကိုလည်း သယ်ကြရသည်။ ထို ပစ္စည်းတို့ကတော့ ဆား၊ပိတ်စ၊ရောင်စုံဖလ်ပုတီးများ၊ ဆေးဝါး၊ ဆေးတန်သောက်ဆေးနှင့်ဖွဲ့ထီးအစရှိသည့် သူတို့ လိုအပ်နှင့်ခြိုက် ကြသည့် ပစ္စည်းများဖြစ်ကြသည်။

စတင်ခရီးထွက်သည့်နေ့က နေ့လည်ဘက်တွင် မြစ်ကြီးနား



မှ တဘက်ထမ်းခပ်ချိရွာသို့ ဖေါင်ကူးတို့ဖြင့် ကားများကိုပါ သယ်ဆောင်ပြီးကူးခဲ့ကြသည်။ ထို့နောက် ချီးပွ....သို့။

ချီပွေသို့အသွား လမ်းတွင် ကံကောင်း ထောက်မ၍ မှသေ မပေျာက်ရှိခဲ့ကြရပါသည်။ မနေ့ညက မိုးအုန်းငယ် ရွာထား သည်ဖြစ်သဖြင့် ထိုမြေလမ်းကလေးသည် ရွှံ့နွံတို့ဖြင့်ဘွက်ပေါက် နေသည်။ ကားလမ်းဟုသာဆိုရသည် အမာခံမရှိသေးသော၊ မြေ ထိုးစက်ဖြင့်သာ ထိုးထားရသေးသော လမ်းကြောင်းအကြမ်းမျှ သာဖြစ်သည်။ ထို့ကြောင့်ခတ်ချိမှမြောက်ဘက်သို့ လာခဲ့ကြပြီး တောင်ခြေသို့ကပ်မိသည်ဆိုသည်နှင့် ကားတို့ကို စပယ်ရှယ်ဂီယာ ဖြင့် သတိကြီးစွာထားပြီးထိန်းကာမောင်းခဲ့ကြရသည်။ အမှောင် ထုရောက်ရှိလာသော အခါတွင်မူ ပို၍ ခက်ခဲလာခဲ့ပါပြီ။ ထိုသို့ သတိကြီးစွာဖြင့် မောင်းနှင်နေသည့်အကြားမှပင် တခါတရံတို့၌ ဂျစ်ကားကလေးသည် ထိန်းမနိုင် သိမ်းမရဖြစ်ခါဘေးတိုက်သွား သည့်အခါတို့နှင့် အသဲတထိတ်ထိတ် ကြုံရပါသေးသည်။

"ဖြစ်ပါ့မလား မောင်မြင့်ရေ...."

ကျွန်တော်သည် နဲနဲတော့ကြောက်လာမိသည်။ ထို့ကြောင့် ကားမောင်းရဲဘော် မောင်မြင့်ကိုမေးမိရသည်။ ကားတိုက်၊ကား မှောက်နှင့်ကလည်း သုံးလေးခါမျှကြုံခဲ့ရဘူးသဖြင့် သေ့းလန့်နေ မိသည်။

မောင်မြင့်ကိုယ်၌ကလည်း မောင်းသာနေရသည် မရဲတရဲ ရှိ နေသည်လို့ထင်သည်။ သို့ရာတွင် မည်သို့မျှ မတတ်နိုင်ကြတော့။ ရှေ့ကားနောက်ကားတွေနှင့်ကလည်း အတော်ကလေး အဆက် ပြတ်နေပါပြီ။ သူတို့ကတော့နေ့စဉ်သွားနေကြ အရပ်ကားများ ဖြစ်ကြသဖြင့် သူတို့အတွက် စိတ်ပူစရာမရှိ။

သို့ဖြင့် ဖြေးဖြေးချင်းမောင်းလာခဲ့ကြရာမှ အဆင်းတခုတွင်



www.burmeseclassic.com

www.burmeseclassic.com



အခွေကလေးတခုသို့အရောက် လမ်းပေါ်သို့ထိုးထွက်နေသော လမ်းဘေးကျောက်တုံးကြီးတတုံးကို အရှောင်လိုက်၊ ကားသည် ဘယ်ဘက်သို့ဆွဲသွားပြီး နက်စောက်သော ကမ်းပါးအောက်သို့ လိမ့်ကျသွားပါတော့သည်။ တပတ်....။ ထို့နောက် ငြိမ့်ကနဲဖြင့် တစောင်းကြီးချပ်သွားသည်။

အားလုံးတိတ်ဆိတ်နေသည်။ ဘာသံကိုမှမကြားရ၊ မှောင်လိုက်သည်ကလည်း ပိန်းလို့။

"ထွန်းလှ....၊မောင်မြင့်...."

"ခင်ဗျာ" သံပြိုင်ထူးကြသည်။

"ကိုယ့်ကိုယ်ကိုယ်စမ်းကြည့်ကြစမ်း၊ ခိုက်မိသလားလို့"

ပြောပြောဆိုဆိုဖြင့် ကျွန်တော့်ကိုယ်ကိုလည်းစမ်းကြည့်သည်။ နာသည့်နေရာမရှိ။

"ဘာမှမဖြစ်ဖူး ဗိုလ်မှူး"

အဲဒီတော့မှ ကားအတွင်းမှ ရုန်းကန် ထွက်ခဲ့ကြသည်။ ထို့နောက်ဝါးအကိုင်းဟိုကိုဆွဲပြီး လမ်းမပေါ်သို့ ခက်ခက်ခဲခဲဖြင့်တက်ခဲ့ကြသည်။ လမ်းပေါ်ရောက်တော့လည်း မှောင်ပိန်းနေသည်ဖြစ်သဖြင့် ဘာကိုမှမလုပ်တတ်၊ နောက်မှ လိုက်လာမည့်ကားတို့ကိုသာ စောင့်ကြရသည်။

ဆယ်မိနစ်ခန့်အကြာတွင် မီးရောင် တဝင်းဝင်းဖြင့် နောက်ကားများရောက်လာကြသည်။ ကျွန်တော်တို့၏အဖြစ်ကိုမြင်လိုက်ကြရတော့ ရဲဘော်တွေသည် ကားတွေပေါ်မှ ပြေးဆင်းလာကြပြီး တယောက်တပေါက် မေးကြမြန်းကြ၊ ပြောကြဆိုကြဖြင့် ဆူဆူညံသွားသည်။

ကျသွားသောဂျစ်ကားရှိရာသို့ လက်နှိပ်ဓါတ်မီးဖြင့်ထိုးကြည့်





လိုက်တော့မှ တွေ့မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ကျွန်တော့်မှာ အသဲထဲတွင် ယားကျိကျိဖြစ်ခါသွားမိရပါသည်။

ဂျစ်ကားသည် ကမ်းပါးအောက် ဆယ်ပေခန့်နေရာတွင် ထူထဲလှသော ဝါးရုံကြီးတရုံ၌ တစောင်းကြီး တင်နေပါသည်။ ဘုရား....ဘုရား....၊အဲဒီ ဝါးရုံကြီးသာမရှိခဲ့ရင်ဖြင့်....၊ အောက်ဆီသို့ငုံ့ကြည့်လိုက်တော့....ပေတရာထက် မနည်းသော ထိုချောက်ကြီး၏အခြေတွင် မေခမြစ်သည် ဓါတ်မီးရောင်၏ မှုန်ဝါးဝါး အလင်းရောင်အောက်တွင် တလက်လက်ဖြင့် တိတ်တိတ်ကလေး စီးဆင်းနေသည်။

ထို့နောက်တော့ ကားတွင်းမှပစ္စည်းတို့ကို ရသ၍ ဆင်းကာ ကောက်ယူကြသည်။ ပြီးတော့ နောက်ကားတစီးသို့ ပြောင်းစီးကြပြီး ခရီးဆက်ခဲ့ကြသည်။ ချောက်ထဲမှကားကိုတော့ နောက်တနေ့မှ လာရောက်ဆွဲယူဘို့ ထားခဲ့ရပါသည်။

ထို့ကြောင့် ထိုညက ချီဖွေသို့မရောက်ကြတော့။ လမ်းခုလတ်ရှိ တနိုင်းခ ညှော်ရိပ်သာတွင်ပင် နားလိုက်ကြရပါသည်။

တနိုင်းခ ညှော်ရိပ်သာသို့ရောက်တော့ ညရှစ်နာရီခန့် ရှိနေပါပြီ။ ထို့ကြောင့် ဗိုလ်ကြီးနှင့် ရဲဘော် တွေသည် ရောက်လျှင်ရောက်ခြင်း ညစာအတွက်ချက်ကြပြုတ်ကြပြီးကျွန်တော်ကတော့ ရိပ်သာ၏ညှော်ခန်းတွင် မီးလုံးရင်း ပျင်းခြောက်ခြောက်ဖြင့် ရှိနေရသည်။

ထို့ကြောင့် အများရှိရာ မီးဖိုဆီသို့ လျှောက်ခါလာခဲ့သည်။ မီးဖိုအဝိုက်တွင် ဗိုလ်ကြီးထွန်းမင်းနှင့် ရဲဘော်တွေသည် ကားသမားတို့နှင့် ဝိုင်းဖွဲ့ကာ ရေနွေးကြမ်းသောက်နေကြသည်။

"ကိုယ့်လဲတခွက်လောက်...."

ရဲဘော် မရမ်နေဘက မတ်ခွက်ဖြင့် လာ၍ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကရေနွေးကိုမှုတ်နေရင်းမှ အရပ်သားကားမောင်းသမားများအား လှမ်းပြီး....

"ဒီကရဲဘော်တွေက ဘယ်မှာအိပ်ကြမှာလဲ...." စပ်စုလိုက်မိသည်။

"ကျွန်တော်တို့ ဒီမီးဖိုနားမှာဘဲ စုအိပ်ကြမလို့ပါခင်ဗျ" တယောက်က ဖြေသည်၊

"ဟာ၊ မဟုတ်တာ၊ ဘိုတဲက အကျယ်ကြီးဘဲဟာ၊ အထဲမှာလာအိပ်ကြ"

"တော်ပါပြီခင်ဗျ"

ရော၊ အတင်းသာ ငြင်းနေကြပါပြီ။ ထို့ကြောင့် ထပ်လို့မပြောတော့။ ရေနွေးကိုသာတငုံ ငုံလိုက်သည်။ ငုံရင်းမှ သတိထားလိုက်မိသည်။ သူတို့၏စကားဝိုင်းသည် တိတ်ဆိတ်နေသည်။

ကျွန်တော် ရောက်လာသောကြောင့် ရဲဘော်တွေသည် အနေရ အထိုင်ရ ကျဉ်းကျပ်သွားကြပါပြီ။ သူတို့သည် သည်လိုဘဲဖြစ်ကြသည်။ ကျွန်တော်က မည်သို့ပင်လိုက်လျောစေကာမူ သူတို့ကတော့ ကျွန်တော့်အား တပ်မင်း တပ်မဟာမှူးဟူသော လေးစားမှုဖြင့် လက်တကမ်းမှသာ ဆက်ဆံတတ်ကြသည်။ စိတ်တွင်း၌ မကောင်းသလိုဖြစ်မိလိုက်ရသည်။

ထို့ကြောင့် အလိုက်သိစွာဘဲ ဘိုတဲအတွင်းသို့ ပြန်ခဲ့သည်။ မကြာမီ ထမင်းပူပူနှင့် ဝက်အူချောင်းကြော်၊ ငါးပိကြော်တို့ကို ယူလာပေးသဖြင့် ညှိခန်းတွင်ပင်ထိုင်ပြီးတယောက်ထဲပျင်းပျင်းရိရိဖြင့် စားနေရသည်။

လူကြီးဖြစ်ရခြင်းသည် မကောင်း။ ယခုလို တပ်မှူးကြီးတယောက်ဖြစ်နေရသည်မှာ ပို၍မကောင်း၊ အတော့်ကို ပျင်းစရာ ကောင်းသည့်ဘဝ။ လက်အောက်အရာရှိ အကြပ်ဘပ်သား





တို့သည် အကြီးအကဲဟူဟောအသိအမှတ်ဖြင့် ရိုသေသမှုကို ပြသသောအားဖြင့် မည်မျှပင် ကျွန်တော်က လိုက်လျောဖော်ရွေစေကာမူ သူတို့သည် ကျွန်တော့်အား ရင်းရင်းနှီးနှီးရောရောနှောနှော မဆက်ဆံတတ်ကြ။ ကျွန်တော်က ရီစရာမောစရာ ပြောလျှင်တောင်မှ သူတို့သည် ရဲရဲတင်းတင်း ဟက်ဟက်ပက်ပက် မရီကြ။ ခက်လှပါသည်။ သူတို့သည် လူကြီးကို ရှိသေလွန်းလှပါသည်။ ရဲဘော်ကလေးတွေကိုတော့သားပါတော့၊ ပါလာသောဗိုလ်ကြီး ထွန်းမင်းသည်ပင် ကျွန်တော့်အနားသို့မကပ်၊ ယခုပင် ထမင်းအတူစားရန်ခေါ်သည်၊ မရ။

စဉ်းစားလိုက်ပြန်တော့ ကျွန်တော်သည်လည်း သူတို့နှင့် တူးမခြားနားလှသည်ဆိုသည်ကို တွေးလိုက်မိရသည်။ ကျွန်တော်တို့ တပ်မတော်အတွင်းတွင် မည်သူသည် ကိုယ့်ထက်ဝါရင့်သည် ဆိုသည်ကို အစဉ်အလာအရ သိနားလည်ထားကြသည်။ ထိုအသိသည် ကိုယ်ပိုင်နံပတ်ကြီးသည်ငယ်သည်နှင့်မဆိုင်။ ဗိုလ်ချုပ်ကြီးနေဝင်းကိုတော့ မဆိုထားပါနှင့်တော့ ဗိုလ်ချုပ်ကြီး၏အောက် ဗိုလ်မှူးချုပ်တွေ၊ ဗိုလ်မှူးကြီးတွေ၊ မည်သူတွေသည် မည်သူ၏ အထက်ဆိုသည်ကို ကျွန်တော်တို့သိသည်။ ကျွန်တော့်ထက် မည်သူတွေသည် ပိုမိုဝါကြီးသည်ဆိုသည်ကို ကျွန်တော်သိသည်၊ ထိုသူတို့ကို ကျွန်တော် အစဉ်အမြဲလေးစားသည်၊ ရိုသေသမှုရှိသည်။

ထို့ကြောင့် ထိုအရာရှိနှင့် ရဲဘော်ကလေးတို့၏ သဘောကို နားလည်လိုက်ပါသည်။ နေတတ်သလိုနေကြပါစေတော့။

ထမင်းစားပြီးနောက် ကော်ဖီတခွက်ကို သောက်နေဆဲ၊ လူတယောက် ဝင်လာသည်။ သူက ကိုယ့်ကို အနည်းငယ်ယို့ကာ အလေးပြုသည်။

"ကျွန်တော် ဒီနယ်ကလမ်းဗိုလ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အော်၊ လာဗျာ၊ ထိုင်"

စကားပြောဖော်တယောက်ရလာသဖြင့် ဝမ်းသာအားရကြို ဆိုလိုက်မိရသည်။ သို့ပေမဲ့ သူကမထိုင်၊ လာပြန်ပါပြီ နောက်တယောက်....၊ ရှိသေလွန်းတတ်တဲ့သူတယောက်။

"ထိုင်ဗျာ"

ကျွန်တော်ကိုယ်တိုင်ထပြီး ကုလားထိုင်တလုံးကို ဆွဲယူပေးတော့မှ သူက မဝံ့မရဲ တင်ပါးချိတ်သည်ဆိုရုံမျှထိုင်လိုက်သည်။ ထို့နောက်တော့ နယ်စုမြေအကြောင်းကို မေးရမြန်းရသည်၊ဆွေးနွေးရသည်။ အတန်ကြာလို့ သူကပြန်မည်ဟုထလိုက်တော့မှသတိရလို့....

"ဘယ်မှာတည်းသလဲ"

"ဘိုတဲစောင့်အခန်းမှာပါ တပ်မင်း"

"ခါတိုင်းရော...."

"အဲဒီမှာပါဘဲခင်ဗျ"

ဒီမှာဘာလို့မတဲသလဲ၊ အကျယ်ကြီးဘဲဟာ"

"နေပါစေ တပ်မင်း"

"လာအိပ်ပါဗျ"

"ရပါတယ်ခင်ဗျ"

ရော....ခက်ချေပြီ။ ဘိုတဲတွင်လာအိပ်ဖို့ ဘယ်သူ့ကိုမှပြောလို့မရတော့။ တခဏကြာမှ သူက ကျွန်တော့်ကိုတချက်ကြည့်ပြီး မဝံ့မရဲပြုံးလိုက်ပါသည်။

"တပ်မင်း ဒီဘိုတဲ့အကြောင်း မသိသေးဘူးထင်တယ်" တဲ့။

"ဗျာ...."

ကျွန်တော့်မှာ သူ့ရဲ့ထူးဆန်းတဲ့မေးခွန်းကြောင့် ဗျာတလုံးနှင့်သာ သူ့ကိုမော့ကြည့်လိုက်မိရပါသည်။





"တပ်မင်း ဒီဘိုတဲအကြောင်း မသိသေးဘူးဆင်လို့ပါ"

သူက ထပ်ပြီးပြောသည်။ အဲဒီတော့လဲ ကျွန်တော့်မှာအထူးစိတ်ဝင်စားလာရသည်။တခုခုတော့တခုခုအကြောင်းရှိနေပါပြီ။

"ဘာဖြစ်လို့လဲဗျ၊ဆိုစမ်းပါအုံး"

ထိုအခါမှ သူက ပြောပြသည်။

"ဒီဘိုတဲက အင်မတန် သူရဲခြောက်တယ် တပ်မင်း၊ ဘာသူမှ မအိပ်ရဲဘူး"

ကျွန်တော့်မှာတော့ ယုံရအခက်၊ မယုံရအခက်၊ ငိုချီရီချီမရသော မျက်နှာ ဖြစ်သွားရပေါ့သည်။

"ဘယ်လိုလဲဗျ"

"ဒီမှာဘာသူမှမအိပ်ရဲဘူး၊ ဟို....အခန်းပေါ့...."

သူပြလို့ကြည့်လိုက်ပါသည်။ကျွန်တော့်အတွက်ပြင်ဆင်ထားသော၊ ကျွန်တော်အိပ်ရမည့် ခေါင်းရင်းဘက်ကအခန်း၊ အလိုလေးလေး၊

တဖန်ကျွန်တော်တို့၏ခေါင်းပေါ်တဲ့တဲ့ကိုပြပြန်ပါသည်။လက်နှိပ်ဓာတ်မီးဖြင့်ထိုးပြသည်။ ထုတ်ဘန်းကြီးတခု၊ ထိုသုတ်တန်း တနေရာတွင် ဓားဖြင့်အချက်ပေါင်းများစွာ ခုတ်ထစ်လားသည့် အရာများကို ထင်ထင်ရှားရှား မြင်တွေ့နေရသည်။

"အဲဒါဘာလဲဗျ"

သူကတလုံးချင်းပြောပြပါသည်။

"အဲဒါ၊ ကျွန်တော့် အရင်လမ်းဗိုလ် ကုလား ဇွဲကြီးချသေသွားတဲ့နေရာပေါ့၊ဘာကြာသေးလို့လဲ"

"ဒီ...ဒီနေရာမှာလား"

"ဟုတ်ကဲ့ ဒီနေရာတဲ့တဲ့မှာပါ"

သူထွက်သွားပြီးနောက် ကျွန်တော့်မှာ ကျောဘက်က ချမ်း



www.burmeseclassic.com

www.burmeseclassic.com



လာသလိုလို၊ကြက်သီးများ ဖြန်းလာသလိုလို၊ ရှေ့မလုံနောက်မလုံဖြစ်ခါ ကျွန်ုပ်ရစ်ခဲ့ရပါသည်။

အိပ်ပျော်နေတုန်း ခြေထောက်ကိုလာဆွဲတတ်တယ်၊ ကုတင်ပေါ်က တွန်းချတယ်....တဲ့။

မော့ကာကြည့်လိုက်မိပြန်သည်။ လမ်းဗိုလ်ကုလားကြီးသည် ကြိုးတန်းလန်းနှင့် တွဲလောင်းကြီးကျပြီး လျှာတစ်လစ်ဖြင့်သေနေသည်ကို မျက်စေ့ထဲတွင် မြင်နေရပါသည်။

တခဏကြာတော့ ရဲဘော်တွေဝင်လာကြသည်။ သူတို့သည် ဧည့်ခန်းမကြီးတွင် အိပ်ကြပါမည်။

"ဗိုလ်ကြီးထွန်းမင်း"

"ခင်ဗျာ"

"ခင်ဗျား ဘယ်မှာအိပ်မှာလဲ"

"ရဲဘော်တွေနဲ့ ဒီမှာဘဲအိပ်ပါမယ်....တပ်မင်း"

"ကျွန်တော့်အခန်းထဲမှာ ကုတင်တလုံးပိုသားဘဲ၊လာအိပ်ပါလားဗျ"

"နေပါစေခင်ဗျ၊ တပ်မင်းလွတ်လွတ်လပ်လပ်အိပ်ပါ"

သူ့ကိုခေါ်၍ဖြင့် ရမည်မဟုတ်တော့ပါ။ သူ့ရဲ့ အကြောင်းကို သူလဲကြားပြီးရောပေါ့။ ခေါ်မရရင်လဲ နေပါစေတော့၊ ခပ်တင်းတင်းပင်အခန်းတွင်းသို့ဝင်သာခဲ့သည်။ ကုတင်ပေါ်တွင်ထိုင်လိုက်သည်။ တွေးမိပြန်သည်။ လမ်းဗိုလ်ကုလားကြီးရဲ့အလောင်းကို ပြင်တုန်းက ဒီကုတင်မှာဘဲလား။အဝတ်တို့ကိုလဲသည်။အိပ်ရာသို့ ဝင်ခါနီးတော့ ပစ်စတိုသေနတ်ကို မောင်းတင်လိုက်ပြီး....

ဒီနယ်မှာ င ထပ်မင်း၊ငါအမိန့်၊ငါတော့ အူကြောင်ကြောင်မလုပ်နဲ့၊ နှစ်ခါပြန်သေသွားမယ်။

နှုတ်မှ တိုးတိုးကလေးကြိမ်းလိုက်ပါသည်။ပြီးတော့သေနတ်





ကို ခေါင်းအုံးအောက်သို့ ထိုးထဲ့ပြီးလှဲလိုက်သည်။ မျက်လုံးတို့ကိုမှိတ်ထားသည်။သို့ရာတွင် တော်တော်နှင့် အိပ်လို့မပျော်။ ပျော်ပြန်တော့လဲ လင်းကာမှတရေး၊ဘယ်သူရဲမှမလာ၊လာခင်လဲ ကျွန်တော်မသိလိုက်။

မနက်ကျတော့ ရဲဘော်ကလေးတွေ တယောက် တခါက် ပြောသံကိုကြားရသည်။ ညက ခြေသံတသံကို ကြားလိုက်ရပါသည် တဲ့။သူတို့ရှဲခြရင်းမှာလာပြီးရပ်သည်....တဲ့။

ကျွန်တော်ကတော့ ပြုံးကာသာနေလိုက်ပါသည်။ သူရဲသည် ကျွန်တော်ဆီကိုတော့မလာရဲလို့ဘဲဖြစ်လိမ့်မည်။

တပ်မင်းဆိုတဲ့ဘုန်းတန်ခိုးကနဲတာမှတ်လို့။

* * * *

## ထိပ်ပြင်စိုးစွင့်

နောက်တနေ့ နံနက်ဘက်တွင် ချီပွေသို့ ပြောင်းရွှေ့ခဲ့ကြသည်။

သာယာလှပါတဲ့ချီပွေ၊ ယခင်ရှေးခေတ်အခါများက ဆိုရင်ဖြင့် အင်္ဂလိပ်လူမျိုးတို့သာ လာရောက်ပြီး ငါးများအမဲလိုက်ဖြင့် အေးအေးလူလူအနားယူကြသည့် အင်မတန်မှလှသိနဲ့ခဲ့သော စခန်းတခု။

ဘိုတဲသည် ဟိုတည်ကလေး တခုသဖွယ်အိပ်ခန်းတွေအစီအရီဖြင့် ကျယ်ပြန့်သောဧည့်ခန်းကြီးနှင့် ထိုမှနေပြီး မျှော်ကြည့်လိုက်မည်ဆိုရင်ဖြင့် နှစ်ပေါင်းများစွာ အချင်းချင်း တိုက်စားထားခြင်းကြောင့်လုံးချောပြောင်စင်းနေသော ကျောက်တုံးကျောက်ဆောင်ကြီးတို့အကြား ရောင်စုံကျောက်စရစ်လှလှကလေးတို့ အ



www.burmeseclassic.com

www.burmeseclassic.com

ပေါ်တွင်ရှပ်ခါ အခေျာင်တဖျတ်ဖျတ် တိုက်ခတ်စီးဆင်းလာနေ တဲ့ မေခမြစ်။

တဘက်သို့လှည့်ကြည့်လိုက် ပြန်တော့မြင့်မားလှသည့်တောင် တန်းကြီးတခုက ထိုမြစ်ဝှမ်းတခုလုံးကို စိုးမိုးထားသည့် အလား အနီးတွင်ကပ်ခါ မားမားကြီးရပ်တည်လျက် ရှိနေသည်။

သူ့ကိုမြင်တွေ့လိုက်ရတိုင်းသူ၏ အလှကိုတငေးတမောကြည့် နေမိရမည်မှာ မလွဲဖြစ်သည်။

ဖေဖော်ဝါရီလဟု ဆိုသော်သည်း အေးအေးခေတ်ကတော့ အတော်ကလေး ရှိနေပါသေးသည်။ ထို့ကြောင့် ကျွန်တော်တို့ တတွေမှာ အနွေးထည်တို့ကို ဝတ်ထားကြရဆဲ။

ထိုနေ့တနေ့လုံးလားတို့အပေါ်သို့တင်မည့် ပစ္စည်းတို့ကို မျှတ သော အထုတ်အပိုးကလေးများအဖြစ် ပြန်လည်ပြုပြင် ထုတ်ပိုး ကြရသည်။

နောက်တနေ့ နံနက်တွင် နှင်းမှုန်တို့ အကြားမှ မှေးမှေးမှု ပေါ်ထွက်လာသော နေခြည်ရောင်ကိုမြင်တွေ့လိုက်ရသည်နှင့်ခြေ လျင်ခရီးကိုစတင်ခဲ့ကြသည်။

ချိုင့်ပေမှထွက်လျှင်ပင်လမ်းခွဲကလေးတခုကိုတွေ့ရသည်။တဘက် သည်လှည်းသွားနိုင်လောက်အောင် ကျယ်ဝန်းသော လားလမ်း၊ ကျန်တဘက်ကခြေလျင်လမ်း၊ အဲဒါက လောခေါင်းသို့ ဖြတ် လမ်း....။

လားတွေသည် ခေါင်းဆောင်လား၏ ချူသံတချင်ချင်၏ နောက်သို့ ပြေပြေကလေး တက်သွားသော တောင်နံရံလမ်း အတိုင်း လိုက်သွားကြသည်။ ကျွန်တော်သည် စဉ်းစားသသို ဖြင့် ထိုလမ်းဆုံတွင် ခေတ္တမျှရပ်နေမိရပါသည်။





“ဒါဖြတ်လမ်းတပ်မင်း၊ပိုနီးတယ် “ကျွန်တော်၏ရဲဘော် ထို နယ်သား မရမ်နော့က ပြောသည်။

သူ၏သွေးဆောင်မှုဖြင့် ဖြတ်လမ်းကိုလိုက်ခဲ့ပါသည်၊ခြေလှမ်း စလိုက်သည်နှင့်ပင် မတ်စောက်သော တောင်ကုန်းတခုကိုရင်ဆိုင် လိုက်ရသည်၊တလှမ်းချင်းတလှမ်းချင်းတက်ခဲ့သည်။ ဆယ်လှမ်း၊ ဆယ့်ငါးလှမ်း အလှမ်းနှစ်ဆယ်၊ ဒူးတွေက အနည်းငယ်ညောင်း သလိုလိုရှိလာကြသည်၊ထိုအခိုက်အင်မတန်မှသိတတ်သောရဲဘော် မရမ်နော့က ဝါးတောင်ဝှေးတချောင်းကိုလာ၍ ပေးသည်။သူ့ကို ကျေးဇူးတင်စွာဖြင့် ကြည့်လိုက်ရပါသည်။ အသံကတော့မထွက် နိုင်တော့။

ဆက်ခါတက်ခဲ့သည်၊ နောက်ထပ်ခြေလှမ်းဆယ်လှမ်းခန့်တွင် ရပ်လိုက်ရသည်။ သို့ပေမဲ့ကြာကြာမနားလိုက်၊တောင်ဝှေးကိုပို၍ အားပြုကာ တက်ခဲ့ပြန်သည်။ တောင်ထိပ်ကို မော့ကြည့်သည်။ နီးသယောင်ယောင်၊ သို့ပေမဲ့ တော်တော်နှင့် ရောက်နိုင်အုံးမည် မဟုတ်သည်ကို သိပါသည်။ ထို့ကြောင့် မရှက်နိုင်တော့။

“နားကြအုံးစို့ ကွာ” “ကျောက်တုံးတတုံးပေါ်တွင် ထိုင်ချ လိုက်ရင်း “တောင်ထိပ်ရောက်ခါနီးပလားကွဲ့”မရမ်နော့ကိုမေး သည်။

“နီးပီ တပ်မင်း၊ ခဏလေးဆိုရောက်မှာဘဲ”

အမောပြေသဖြင့် ဆက်ခါတက်ခဲ့သည်။သို့ပေမဲ့ မရမ်နော့ရဲ့ ခဏလေးဆိုသည်က တော်တော်နှင့်မရောက်လာပါ။

“ရောက်သေးဘူးလား....ကွ....မရမ်နော....ရ”

“နီးပါပီ တပ်မင်း၊ ရှေ့နားလေးတင်ဘဲ”

သူ့ကို ကြည့်ရတော့လဲ အသက်ရှူပင် နဲနဲကလေးမှ မမှား။ အင်မတန်မှကြည့်ရှုင်လန်းဆန်းနေသည်။ အားကျပြီး ဆက်ခါ



www.burmeseclassic.com

www.burmeseclassic.com



တက်ခဲ့ပြန်သည်။ တခါနားရသည်။ အဲသည်လိုဖြင့် သုံးလေးခါ နားပြီးမှတောင်ထိပ်သို့ရောက်ကြသည်။

အဆင်း။ အလွယ်ကလေးပေါ့။ သို့ပေမဲ့ဘကယ်တမ်းကျတော့ မသက်သာလှ။ အတက်ထက်ပင်ပိုလို့ဆိုးလေသလား။ အရှိန်ဖြင့် ဆင်းနေသော ကိုယ်ခန္ဓာကို ထိန်းချုပ်ထားရန်အတွက် အလှမ်းတိုင်းအလှမ်းတိုင်းတို့တွင် ရှေ့ခြေထောက်၏ အပေါ်၌ ကိုယ်၏ အလေးချိန် တခုလုံးကို စုပုံပြီး ဖမ်းထောက်လိုက်ရသောကြောင့် ကြာလာတော့ ဒူးတို့သည် တဆတ်ဆတ်တုန်လာကြသည်။ ခြေဖျားထိပ်ကလေးတို့သည် အထိမခံနိုင်လောက်အောင် နာကျင်လာကြသည်။

ဆင်းလို့ပြီးတော့ အတက်။ တက်ရပြန်ပါပြီ။ အဲဒီအတက်ပြီးတော့ အဆင်း။ အဆင်းပြီးအတက်၊ အတက်ပြီး အဆင်း။ မဆုံးနိုင်တော့။ မရမ်နော့ရဲ့ဖြတ်လမ်းကတော့ ကျကျနနကြီးနှိပ်စက်လို့နေပါပြီ။

သို့ဖြင့် တတောင်ပြီးတတောင် တက်လိုက်ဆင်းလိုက်၊ ဆင်းလိုက် တက်လိုက်ဖြင့် လာရင်းမှ နှစ်နာရီမျှ အကြာတွင်....

"ရောက်ပီ တပ်မင်း"

မရမ်နော့၏ အသံကို ကြားလိုက်ရသဖြင့် ခေါင်းကိုသင့်ပြီး လျှောက်လာနေရာမှ မော့ကြည့်လိုက်ပါသည်။ ဟုတ်ပါသည်၊ မလှမ်းမကမ်းတွင်ရွာကလေးတရွာ။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

အားသစ်လောင်းပြီး သွက်သွက်ကလေး လာခဲ့သည်။ ရွာအဝင်ဝတွင်ပင် အုတ်ခုံကလေးတခုံတွင်ထိုင်ချလိုက်သည်။ ဝတ်ဆင်ထားသော အနွေးထည်တို့၏ ကြယ်သီးတို့ကိုဖြုတ်ပြီး ကိုယ်တွင်း၌ ရွှဲရွှဲစိုနေသည့်ချွေးတို့ကိုသုတ်သည်။ မရမ်နော့ကိုပြုံးကာ ကြည့်လိုက်ပါသည်။ မင်းတို့ လျှောက်ထားလောက်တော့ ငါလဲ





လျှောက်နိုင်ပါတယ်ကွ" ကျွန်တော်၏မျက်လုံးတို့က သူ့ကိုပြောလိုက်ကြသည်။

အမောနည်းနည်းပြေလာသည်နှင့်....

"ကဲ၊ ဘိုတဲသွားရအောင်၊ ဘယ်မလဲဘိုတဲ" မေးလိုက်သည်။

"ဟို...အပေါ်မှာ တပ်မင်း"

သူပြသည့်အရပ်သို့ မော့ကြည့်လိုက်သည်။ မြင့်မားလှသော တောင်ကုန်းကလေးတခု၏ထိပ်ပေါ်တွင် အမိုးနီနီနှင့်အိမ်ကလေးတလုံး။

"အဲဒီ....အဲဒီ....ကို....တက်ရအုံးမှာလား....ဟင်"

"ဟုတ်တယ်လေ၊ ဘိုတဲက အဲဒါဘဲ"

စိတ်ရှိလက်ရှိသာလုပ်လိုက်ရရင်တော့ လူသတ်မှုဖြစ်ပါတော့မည်။ ရောက်ပြီဆိုလို့စိတ်တို့ကိုလျှော့ချလိုက်မိခဲ့ပါပြီ။ အခုတော့ တောင်ကုန်းတခုကို တက်ရအုံးမယ်တဲ့။

မတက်နိုင်ပါ။ အံတို့ ကြိတ်လိုက်ရသည်။ တောင်ဝှေးကို အားပြုပြီး တလှမ်းချင်းဆက်ခါလာခဲ့သည်။ မရမ်နော့ကိုတော့ ကြည့်ပင်မကြည့်တော့။ စဉ်းစားလိုက်မြန်တော့၊ သူ့အပြစ်မဟုတ်ပါ။ လောခေါင်ဆိုသည်က ဤရွာကလေးပင် ဖြစ်ပါသည်။ တောင်အောက်ရွာ။ ဘိုတဲက တောင်ပေါ်မှာရှိနေရသည်ကတော့ ဟိုတခေတ်က အင်္ဂလိပ်လမ်းအရေးပိုင်တွေရဲ့အပြစ်။ သူဘိုရွေးခဲ့တဲ့နေရာ။ သွားလေသူ မျက်နှာဖြူတို့ကို ခေတ္တသွားပို့လိုက်မိရသည်။

ဘယ်လိုလုပ်ပြီး ရောက်သွားသည်မသိ။ ဒီတခါတော့ လောခေါင်ဘိုတဲကိုတကယ်တဲရောက်ပါပြီ။ အဲဒီကျပြန်တော့လဲ....

လုပ်လိုက်ပါတဲ့ရှခင်း။ အင်း၊ ဒါကြောင့်လဲ ဒီနေရာကို ရွေးတာကိုး။ ပြတင်းပေါက်တိုင်း ပြတင်းပေါက်တိုင်းသည် ပန်းချီ

www.burmeseclassic.com



ကားချပ်ကြီးတွေဖြစ်နေကြပါသည်။ ပန်းချီကားမှ တကယ်အဲ သက်ဝင်လှုပ်ရှားနေတဲ့ပန်းချီကား။

အဘော်ကလေးချမ်းလာသည်မို့ ညော့်ခန်းမီးဖိုတွင် မီးတွေ ထဲ့ပြီးလှုံကြသည်၊ ရေနွေးတည်ပြီးသောက်ကြသည်။

လားတွေနှင့် ရဲဘော်တွေကတော့ ကျွန်တော်တို့ ရောက်ပြီး တနာရီသာသာလောက်မှာမှရောက်လာကြသည်။

ကျွန်တော်က ရင်ကိုခကာ့ကာ သူတို့အား ဘိုတဲအပေါက် ဝမှဆီးကြိုလိုက်သည်။

"ဟဲ...ဟဲ....၊ မောလာကြသလား"

"မမောပါဘူး တပ်မင်း"

"ဒီလိုမှပေါ့ကွ၊ ဒါလောက် တောင်ကလေးတွေများ အ ရေးစိုက်လို့....၊ ဟဲ....ဟဲ...."

လောခေါင်းတွင် တညအိပ်ပြီး နောက်တနေ့နံနက်စောစော ထမင်းကြော်တပန်းကန်စီ စားကြပြီး ခရီးဆက် ခဲ့ကြပြန်သည်။

မရမ်နေဘက ကျွန်တော့် ကိုကြည့်သည်။ ကျွန်တော်ကခေါင်း ခါပြလိုက်ပါသည်။ တော်ပါပြီ မရမ်နေဘရယ်၊ မင့်ဖြတ်လမ်းကို တော့ ကြောက်ပါပြီ။

တတောင်တက် တတောင်ဆင်း ဖြေးဖြေးနှင့်မှန်မှန်လာခဲ့ကြ သည်။ လမ်းကပြေသည်မို့ မမောလှ။

ဗိုလ်ကြီး ထွန်းခင်းကတော့ ခရီးထွက်စက မပြောရဲပြောရဲ အားနာပါးနာဖြင့် ပြောရှာပါသေးသည်။

"တပ်မင်း၊ ဟို....၊ ဟိုဟာ....ဟိုအကောင် စီးခဲ့ပါလား" တဲ့။

သူ့မျက်နှာကမလုံမလဲ၊ အောင့်ကာထားရသည့် မချိုမချဉ် မျက်နှာ။ သူပြောသည့် ဟိုဟာ....ဟိုအကောင်ဆိုသည်ကို ကျွန်





တော်သိပါသည်။ ကျွန်တော်တို့အတွင် လိုရမယ်ရစီးဘိုလား အပို နှစ်ကောင်ပါလာသည်။ အဲဒါကိုစီးဘို့ အခုသူက ပြောနေသည်။

မောလှို ရင်နှစ်ခြမ်း ပြန်းကနဲကွဲပြီးနေရတွင်ပင် လဲသေလို ကသေပါစေ၊ အဲဒီ ဟိုဟာ....ဟိုအကောင် ဆိုတာကိုတော့ဖြင့် နံမည်ပျက်ခံပြီး မစီးတော့မပါ။

လမ်းတွင် တရွာစနှစ်ရွာစတွေ့ရသည်။ ရွာဟုဆိုသော်လည်း တဲစုကလေးများသာဖြစ်ကြပါသည်။ ဒူကမ္ဘာ့ ဒူကမ္ဘာ၊ တပ်မင်း ကြီးလာမည်ဆိုသည်ကို ကြိုတင်သိရှိထားကြသည်မို့ ရွာရှိလူကုန် ရွာထိပ်မှထွက်၍ ကြိုဆိုနေရှာပါသည်။ တချို့ ရွာတွေကတော့ တရွာလုံးလူကုန် ခလေး လူကြီးစုလိုက်ပါမှ ဆယ့်ငါး၊ယောက်၊ အယောက်နှစ်ဆယ်။ ထိုကြိုဆိုလျက် ရှိသော လူတန်းကြီးကို ဘုစုခရုတို့ပါမကျန် တယောက်စီ တယောက်စီတို့၏ လက်တို့ကို လေးလေးစားစားဖြင့် ဆွဲပြီးနှုတ်ဆက်ရပါသည်။

"ကဂျာအိ...." ကျန်းမာတယ်နော်...."

ကျွန်တော်ဘတ်သည့် ကချင်စကားကလဲ ဒါဘဲ ဖြစ်သည်။ နောက်ရက်များမှာတော့သွားရင်းလာရင်းမှ မရမ်နေဘ၏သွန်သင် မှုဖြင့် ကနန်းဆန်ဒါအို၊ဘယ်သွားမလဲ၊ စသည်...စသည်။

ထို့နောက် ရွာလူကြီးတွေနှင့် နယ်မြေအခြေအနေ၊ စီးပွား ရေး အခြေအနေ၊ ကောက်ပဲသီးနှံ အခြေအနေ၊ ကျန်းမာရေး၊ ပညာရေး၊ အဲဒါတွေကို ဆွေးနွေးရသည်။ ထိုအခါများ၌ ကျွန်တော့်လက်စွဲ မရမ်နေဘက စကားပြန်သည်။ ကျွန်တော်သည် ရောက်သမျှရွာတို့တွင် နှုတ်ခွန်းဆက်စကားပြောရသည်။ ထိုအခါ များ၌ ကျွန်တော်ကမြန်မာလိုတပိုဒ်၊ မရမ်နေဘက ကချင်လို မရှု လို၊ လချီလို လိုအပ်ရာဘာသာဖြင့် တပိုဒ်စီ ပြန်ဆိုပြောရသည်။

ဆွေးနွေးမှုပြီးလျှင် ကျွန်တော်တို့က ပါလာသော လက်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ပစ္စည်းတို့ကို ရွာသူရွာသားတို့အား ပေးသည်။ သူတို့က လည်း ပျားရည် ကြက်ဥ စသည်တို့ကို အပြန်အလှန်သဘောပေး ကြသည်။ တကယ်တော့ သူတို့၏ ထိုလက်ဆောင်ပစ္စည်းတို့ကို မယူရက်ပါ။ သို့ရာတွင် မယူပါကလည်း သူတို့၏စေတနာကို စော်ကားရာရောက်မည်စိုးသဖြင့် လက်ခံခဲ့ရပါသည်။

တရွာကတော့ စေတနာထက်သန်စွာဖြင့် ဆိတ်တကောင်ကို ပေးလိုက်ကြသည်။

ကျွန်တော်တို့က လက်မခံပါရစေနဲ့လို့ပြောသည်။ သို့ရာတွင် မရ။ ထို့ကြောင့် ထိုဆိတ်ကလေးကို တလမ်းလုံး ရဲဘော်ဘဦးစိ အလှည့်ကျဆွဲလာခဲ့ကြရသည်။ ထိုတလမ်းလုံးတွင်လည်း ထိုဆိတ် ဓာလေးသည်...တပဲ့...ပဲ...ဖြင့် အော်မြည် လိုက်ပါလာသည်။ စိတ်မချမ်းသာစရာ၊ နားငြီးစရာ။ နောက်ဆုံး ဗီးမော့ရောက်လို့ သတ်စားလိုက်တော့မှဘဲ နားအေးပါးအေး ရှိသွားရပါတော့ သည်။

ထိုပထမနေ့က ထိုသို့သော လမ်းအနီးရွာကလေးတွေ တရွာ နှစ်ရွာတို့သို့ ဝင်ခဲ့ရသည်။ လက်ဆွဲနှုတ်ဆက်ရသည်၊ နှုတ်ခွန်းဆက် စကား ပြောရသည်၊ ဆွေးနွေးရသည်၊ လက်ဆောင်တွေပေးရ သည်၊ လက်ဆောင်တို့ကို လက်ခံရသည်။ ပြီးတော့ တတောင် တက် တတောင်ဆင်း,...၊ နောက်ခရီးတထောက်သို့ ရောက်သည် အထိ။

ထိုနေ့ နေ့လည် နာရီပြန်နှစ်ချက်တီးခန့်တွင် ထောကော အမည်ရှိသော ရွာကြီးသို့ရောက်ကြသည်။ အဲဒီကျတော့မှ နေ့လည် စာ ချက်ပြုတ်စားကြရသည်။ ဤရွာကြီးတွင် တညတာနားကြ မည် ဖြစ်သည်။

ရွာလူကြီးများတို့က ထုံးစံအတိုင်းကြိုဆိုနေကြပါသည်။ ခရီး





ရောက်မဆိုက်ပင် သူတို့ရွာ၏ မူလတန်းကျောင်းကို သွားရောက် ကြည့်ကြရသည်။ တောင်ထိပ်နေရာကျဉ်းကျဉ်းကလေးတွင် ခဲခဲ ယဉ်းယဉ်းဖြင့် မြေကိုညှိကာ ပြုပြင်ထားသော ဘော်လုံးကွင်းကို လည်း တွေ့ရသည်။ လူငယ်အချို့ ခြေစွမ်းပြနေကြသည်။ သို့ရာ တွင် ကစားနေကြသည်ထက် တချက်တချက် ကန်လိုက်တိုင်း တောင်အောက်သို့ကျသွားသော ဘော်လုံးကို ဆင်းကောက်နေ ကြရသည်နှင့်ပင် ကစားသည်ကို ကောင်းစွာမတွေ့ခဲ့ရ။

ထိုညက ညစာအပြီး ကျောင်းဆရာကြီးက ကျောင်းသား သူငယ်ကလေးတို့ခေါ်လာပြီး သီချင်းတို့ကို သီဆိုပြစေပါသည်။ ဓမ္မသီချင်းတို့ကို သီဆိုကြသည်။ ကျွန်တော် ငယ်ငယ်တုန်းက အော်ဘီအမ်ကျောင်းတွင်နေခဲ့ရစဉ်က သီဆိုခဲ့ရသောသီချင်းများ ဖြစ်ကြသဖြင့် အချို့တို့ကိုလိုက်ဆိုနိုင်ခဲ့သည်။ အဲဒါကိုပင် ခလေး တို့က သဘောကျလို့မဆုံးကြတော့။

နောက်ဆုံး သူတို့သီဆိုပြကြသည်က....၊ နိုင်ငံတော်သီချင်း၊ ကမ္ဘာမကြေ....။

ဤနိုင်ငံတော်သီချင်းကို ကျွန်တော်သည် အခါပေါင်းမရေ မတွက်နိုင်အောင် ကြားခဲ့ရပါသည်။ ကိုယ်တိုင် သီဆိုခဲ့ရသည့် အကြိမ်ပေါင်းသည်လည်း မရေမတွက်နိုင်တော့။ သို့ရာတွင် ဤ အကြိမ်၊ ဤထောကောသို့သော ဝေးလံခေါင်သီလှသည့် ဒေသ တွင် "ထိပ်ပြင်စိုးစွင့်မိုးမြင့်ဆီဆွယ်၊ တောင်ငယ်တောင်ကြီး၊ ရုံဆိုး မတ်ပတ်...." ဆိုသကဲ့သို့ ဤအရပ်၌၊ ဤ နိုင်ငံတော်သီချင်းကို ပြည်ထောင်စု၏ ရင်သွေးကလေးများဖြစ်ကြသည့် ဤခလေးတို့ သံပြိုင် သီဆိုလိုက်ကြသည်ကို ကြားလိုက်ရစဉ်ကတော့...၊ ကျွန် တော်၏ ရင်တွင်း၌ တသိမ့်သိမ့်ဖြင့်ခံစားလိုက်ရသည့် ကြည်နူးမှု သည် ဖော်ပြနိုင်စွမ်းမရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နုလှပါသည့်လို့ ပြောချင်လျှင်ပြောပါတော့၊ မျက်ရည်များပင် လည်မိခဲ့ရပါသည်။

*　　*　　*

## စကားပြန်

နောက်တနေ့နံနက်စောစောတွင်ထောကောရွာကြီးမှထွက်ခဲ့ကြသည်။ ဒီနေ့ "ဘလက်ရော့"ဟု ခေါ်သော စခန်းအထိ အရောက်သွားကြရမည်ဖြစ်သည်။

ခရီးတလျှောက်လုံးတွင် ရှုခင်းတို့သည် အလှတကာ့အလှဆုံးတွေချည်း ဖြစ်နေကြသည်။ ကျဉ်းမြောင်းလှသည့် လားလမ်းကလေးသည် တောင်ကမ်းပါးရံကို ပွတ်ခါကပ်ခါသွယ်ကာဝိုက်ခါ ပတ်ခါကွေ့ကာဖြင့် တက်၍တက်၍သွားသည်။ ပြီးလျှင် ဆင်း၍ဆင်း၍လာသည်။ ထိုလမ်းကလေး၏တဘက်သို့ ကြည့်လိုက်လျှင် နက်ရှိုင်းကျယ်ဝန်းသော မြစ်ဝှမ်းစိမ်းစိမ်း။ အဲသည်မြစ်ဝှမ်း၏ဟိုတဘက်မှာတော့ အထပ်ထပ် တောင်တန်းကြီးတွေ။ နှစ်ပေါင်းများစွာ တောင်ယာခုတ်ခြင်း ခံခဲ့ကြရသဖြင့် ကတုံးပြောင်ပြောင်နှင့် ရှိနေကြသော တောင်လုံးလုံး ပြန့်ပြန့်ကြီးတွေ။ ပြီးတော့ မြူမှုန်တဖွဲဖွဲ။

အရှင်နေ့ကလိုပင် တဲစုကလေးတွေကို တွေ့ကြရပြန်ပါသည်။ အရှင်နေ့ကလိုပင် ရွာထိပ်ရာဇမတ်ကာရံထားသောနေရာကလေးတွင် ရွာလုံးကျွတ်ကြို ဆိုနေကြသည်။

ကျွန်ုပ်တော်သည် အရှင်နေ့ကလိုပင် ရွာရှိလူကုန်တို့ကိုလက်ဆွဲနှုတ်ဆက်ရသည်။ ပြီးတော့ အရှင်နေ့ကပြောခဲ့သော နှုတ်ခွန်း





ဆက် စကားတို့ကိုဆိုရပြန်သည်။ အဲဒီတော့ ရဲဘော်မရုမ်နော့က ဘာသာပြန်ရန် အနားတွင်အသင့်။

"သွေးရင်းသားချင်းတို့ခင်ဗျား၊ ယခုလို တွေ့ဆုံရတဲ့အတွက် အင်မတန်မှဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်...."

ကျွန်တော်က တပိုဒ်ကို မြန်မာလိုပြောလိုက်သည်။ ပြီးတော့ မရုမ်နော့ကို လှမ်းကြည့်လိုက်ပါသည်။ ကဲ၊ မင်းအလှည့်ဟေ့၊

သူက ခေါင်းကိုတချက်ဆတ်ခနဲညိတ်လိုက်သည်။ ပြီးတော့ မရူဘာသာဖြင့် စတင်ပြောပါတော့သည်။ ကျွန်တော်က သူ့ကို စောင့်နေရသည်။ သို့ရာတွင် ဒီတခါတော့ အရှင်နေ့ကလိုမဟုတ်တော့ပါ။ သူသည် ပြောရင်းပြောရင်းမှ အားတက်သရောရှိလာသည်လို့ ထင်ရသည်။ မှတ်ပါသည်၊ တဖြေးဖြေးဖြင့် လက်သီးလက်မောင်းတွေကိုပင် တန်းလို့လာနေပါပြီ။ တကယ့်ပြောဟောနေကျ နိုင်ငံရေးသမားတယောက်၏ ဟန်ပန်အတိုင်းပင်။ မရုမ်နော့ကတော့ လက်ကုန်ကြဲနေပါပြီ။

သူ့ကိုအငေးသားကြည့်နေမိရာမှ သတိရလိုက်သည်။ သူသည်မရပ်တော့။ အမှန်တော့ ကျွန်တော်မြန်မာလိုပြောလိုက်သည်က ဝါကျသုံးလေးခုမျှသာရှိပါလိမ့်မည်။ တိုတိုကလေးပင်။ ယခု သူ ဘာသာပြန်နေသည်က မဆုံးနိုင်တော့။ မရူစကားဟာ ဒီလိုဘဲ ရှည်ရှည်ဝေးဝေး ပြောရပါသလား။ သံသယ ဖြစ်လာမိသည်။ သို့ရာတွင် မတတ်နိုင်၊ သူဘာသာပြန်ပြီးသည်အထိတော့ဖြင့် စောင့်ရပါမည်။ ငါးမိနစ်ခန့်ကြာသွားသည်။ အဲဒီတော့မှ သူက ပြီးဆုံးသွားပါသည်။ ကျွန်တော့်ကိုတချက်ကြည့်လိုက်သည်။

ကျွန်တော်က ဆက်ခါပြောသည်။

"ကျွန်တော်တို့ ပြည်ထောင်စုကြီးဆိုတာက၊ ကချင်, ချင်း, ကယား, ကရင်, ရှမ်း, မြန်မာစတဲ့ လူမျိုးစုံတွေ...."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တပုဒ်ပြီးတော့ မချမ်းနွေကို အချက်ပေးလိုက်သည်။ သူသည်ကျွန်တော့်ကိုမကြည့်တော့။ ပါးစပ်မှသည်း ဘာကိုမှမပြောတော့။

"ဟော့၊ မချမ်းနွေ၊ ဘာသာပြန်လေကွာ"

"ပီးပီ တပ်မင်း"

ဟာ၊ ဒီသူငယ်ဘာဖြစ်နေပါလိမ့်။

"ငါအခုပြောတာ ဘာသာပြန်အုံးလေကွာ"

"အဲဒါပီးပီ တပ်မင်း"

ကျွန်တော့်မှာ သူ့ကိုနားမလည်နိုင်တော့။

"ဘယ်တုန်းက ပီးတာလဲ"

"ခုနကဘဲ"

"ဘယ့်နှယ်လဲကွ မချမ်းနွေရဲ့၊ ငါအခုမှ ပြောခါစ ရှိသေးတာ..."

အဲဒီတော့မှသူက သဘာအနေအထားဖြင့် ရှိသေလေးစားစွာ ပြန်လည်အစီရင်ခံပါသည်။

"တပ်မင်းကတနေရာလဲဒါဘဲပြော၊ နောက်တနေရာလဲ ဒါဘဲပြောတော့ ကျွန်တော်က တပ်မင်း ပြောတာတွေ အားလုံး အလွတ်ရနေတယ်လေ။ ဒါကြောင့်အခု အားလုံး တခါထဲပြောလိုက်ပီးပီ" တဲ့။

ထို့ကြောင့် ထိုဘာရားပွဲတွင် ကျွန်တော်၏မိန့်ခွန်းကို ထိုမျှနှင့်ဘဲ မချင့်မရဲဖြင့် အဆုံးသပ်လိုက်ရပါသည်။ မချမ်းနွေ ကိုတော့ ထိုရွာမှအထွက် လမ်းကွေ့ကလေး တခုတွင် ကျောက်တုံးတတုံးပေါ်မှာထိုင်ပြီးတိုးတိုးတိတ်တိတ်ကျိတ်ခါပညာပေးခဲ့ရပါသည်။

"မင်း နောက်ကို ငါပြောသလောက်ပဲ ပြော၊ ငါဘာတွေ





ပြောမယ်ဆိုတာ သိသည်ဖြစ်စေ၊ မသိသည် ဖြစ်စေ၊ ငါ့ရှေ့က ကျော်ပီး ဘာတခုမှမပြောရဘူး ကြားလား"

"ကောင်းပါပီဘပ်ခင်း၊ ကျွန်တော်မှားပါတယ်"

"မင့်အမှားကို အခုသိပီမဟုတ်လား"

"ဟုတ်ကဲ့တပ်မင်း"

"မင်း ဘာမှားခဲ့သလဲ"

"ကျွန်တော် နွားရှေ့ ထွန်ကျူးခဲ့ပါတယ်"

"အေး၊ဟုတ်တယ်၊ မင်း နွားရှေ့ ထွန်ကျူးခဲ့တယ်"

သူကအလေးပြုပြီးထွက်သွားတော့ ကျွန်တော်သည် စဉ်းစားကာ ကျန်ရစ်ခဲ့ရပါသည်။ နွားရှေ့ထွန်ကျူး.... နွားရှေ့ ထွန်ကျူး....။

မြတ်စွာဘုရား....ကျွန်တော် နွားဖြစ်နေပါပြီကော။

* * *

ဖိုးမောင

ထိုညက ဘာလက်ရှော့တွင်နားကြသည်။ နောက် ဘနေ့နံနက်စောစော ဆက်လက်ထွက်ခဲ့ကြပြန်သည်။ ဆိတ်ကလေးကသည်း အိုးထဲသို့ မရောက်သေးသည်မို့ တပဲ....ပဲ....။

နေမွန်းမတည့်မီမှာပင် ဖိုးမောနှင့်နှစ်မိုင်ခန့်အလို ကျောက်ငုံးကြီးနှစ်လုံးတို့အကြား၊ လမ်းကျဉ်းကလေးတခုသို့ ရောက်လာခဲ့ကြသည်။ ထိုလမ်းအကွေ့ ကလေးသို့ ချိုးလိုက်မိလျှင် ကျွန်တော့်ခြေတို့သည် တံ့ သွားကြသည်။

လှမ်းမြင်လိုက်ရသည်က ဖိုးမောကုန်းမြင့်။ ပန်းချီကားကြီး တချပ်ကို ထောင်ပြထားသည့်နှယ်။



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်သည် ပြေပြေကလေး မြင့်တက်သွားသည်။ လှေခါးထစ် လယ်ကွက်ကလေးများသည် ဝါသော နီသော စိမ်းသော မြသော အရောင်မျိုးစုံတို့ဖြင့် ကြည်စင်သည့် နေခြည်မျှင် တို့တွင် တလွင့်လွင့်မြူးနေကြသည်။ ချစ်စရာတဲစုကလေးတို့က ဟိုမှာဘက်သည်မှာတစ်ပိုင်းဖြင့် ရှခင်း၏အလှကို ဖြည့်စွက်ထားသည်။ သူတို့၏ ဟိုဘက်မှာတော့ နောက်ခံအဖြစ် ငွေသရဖူကို ဆောင်းထားသည့် ရေခဲတောင်ကြီးက ပြာတော့မလို စိမ်းတော့ မယောင် တဖိတ်ဖိတ်တလက်လက် မားမားကြီးရပ်လျှက်။

ထိုရှခင်းကို ကျွန်တော်တသက်တွင် မမေ့နိုင်ခဲ့ပါ။ နောင်သောအခါ တရုတ်နှင့်မြန်မာတို့အကြား နယ်နိမိတ်တို့ကို ပြန်လည်သတ်မှတ်ကြရာ၌ ထိုဖီးမော်ဒေသကို တရုတ်တို့ဘက်သို့ပေးလိုက်ရသည်ဟု ကြားသိလိုက်ရသော အခါတွင်၊ မြတ်သည် ရှုံးသည်ကိုကျွန်တော်နားမလည်၊ ဆွေမျိုးရင်းချာ တဦးတယောက်အား စွန့်လွှတ်လိုက်ရသကဲ့သို့ ရင်တွင်း၌ ခံစားခဲ့ရသည်။

နောက်နေ့တွင် ထိုရေခဲတောင် ကြီး၏ လမ်းခွလပ်တွင် ရှိသော ရှေးခေတ် ဗြိတိသျှတို့၏ ခံတပ်ဟောင်း နေရာသို့ သွားရောက်ကြည့်ရှုခဲ့သည်။ ရေခဲတို့ ဖုံးလွှမ်းနေသဖြင့် မြောင်ချောမာ တင်းနေသောတောင်ခါးပန်းရှိ လမ်းကလေးမှ ခက်ခက်ခဲခဲဖြင့် သွားရောက်ခဲ့ကြရသည်။

ထိုနေရာသည် တရုတ်ပြည်မှလာသော သောင်ကြားလမ်းကို ထိန်းထားသည်။ ယခုကဲ့သို့ ဝိဇ္ဇာလက်စက်များမရှိသေးသော ထိုရှေးခေတ်က မှန်ပြူစခန်းအဖြစ်အသုံးပြုခဲ့ကြမည်ဖြစ်သည်။ မှန်ဖြင့် ဘာလက်ချော့စခန်းသို့ အချက်ပြ ဆက်သွယ်ခဲ့ကြပါလိမ့်မည်။

ယခုမူ သေဆုံးခဲ့သူတို့ကို မြုပ်နှံထားသော မြေပုံ နှစ်ခုသုံးခု





တို့ကသာ တပ်စခန်းတခု ဖြစ်ခဲ့ကြောင်းကို ဇမ်းပန်းတနဲ ပြောပြနေကြပါသည်။

အဲဒီစခန်း၏ ရှေ့နားလက်တကမ်းမှာတော့...၊ တရုတ်ပြည်။

*   *   *

## ပူတာအို ဒေသ

ဖီးမော်ဒေသမှ ပြန်ရောက်လာပြီး မကြာခင်မှာဘဲ ပူတာအိုသို့ ခရီးထွက်ခဲ့ရပြန်သည်။

ပူတာအိုသို့သွားလိုပါက ဈေးနွေရာသီနှင့် ဆောင်းရာသီ တို့တွင်သာ သွားဘို့လွယ်ကူသည်ဖြစ်သည်။ ကားလမ်းဖြင့် ဆုမ်ပရာဘုံကိုဖြတ်ပြီး သွားလိုကသွားလို့ရသည်။ သို့ရာတွင်၊ လမ်းပန်းအခြေအနေကမကောင်း၊ သွားသူမရှိဖြစ်သည်။ ထို့ကြောင့် ပူတာအိုသို့ဆိုပါက လေကြောင်းကိုသာ အားကိုးကြရသည်။ ထိုလေကြောင်းသည်ပင် ပူတာအိုလေယာဉ်ကွင်းက နွေရာသီကွင်းမျှသာဖြစ်သောကြောင့် မိုးတွင်း၌မသွားနိုင်။

မြစ်ကြီးနားတွင်ရှိခဲ့စဉ်က ပူတာအိုသို့ တကြိမ်သာ မဟုတ်၊ အကြိမ်ပေါင်းများစွာ ရောက်ခဲ့ရသည်။

ထိုဒေသသည် ခေါင်လွန်းလှသည်ဖြစ်သဖြင့် ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ပြုလုပ်စရာတွေ များစွာ ရှိနေခဲ့ပါသည်။ လူမျိုးစုအားဖြင့် ဒူးလင်းဂျိမ်းဖေါ၊ရဝမ်၊ခမ်းတီးရှမ်း၊လီဆူးစသည်တို့စုပေါင်းနေထိုင်ကြသည်ဖြစ်သဖြင့် သူတို့အချင်းချင်း ချစ်ကြည်သင့်မြတ်စွာ နေထိုင်နိုင်ကြရေးကိုလည်း အလေးပေး ဆောင်ရွက်ခဲ့ကြရသည်။

မြစ်ကြီးနားမှလေယာဉ်ဖြင့်မြင့်မားလှသည့် ဘောင်တန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကိုကျော်ဖြတ်ပျံသန်းလာခဲ့ပြီး တနာရီခန့်အကြာတွင် ဒယ်အိုးပက်ပက်တလုံးကဲ့သို့ တောင်များ ဝိုင်းရံလျက်ရှိသော ပူတာအိုမြေပြန့်ကိုရောက်ရှိသည်။ ရောက်သည်နှင့် နွားစားကျက်စိမ်းစိမ်းကြီးကိုမြင်လိုက်ရသည်။ အဲဒါသည်ပူတာအို လေယာဉ်ကွင်းပင်ဖြစ်ပါသည်။ တခါတရံ၌မူ ထိုလေယာဉ်ကွင်း ပေါ်တွင် နွားများ အုပ်လိုက်ရှိနေကြသဖြင့် တော်တော်နှင့် မဆင်းနိုင် ဖြစ်ရတတ်သည်။

ထိုလေယာဉ်ပျံကွင်းမှပူတာအိုမြို့သို့ သုံးမိုင်ခန့်ကွာဝေးသည်။ ကားများ မရောက်ရှိကြသေးသဖြင့် လှည်းဖြင့် သွားလိုကသွား၊ သို့မဟုတ် ခြေလျင် လျှောက်ကြရသည်။

ထိုစဉ်က ပူတာအိုသည် ခေါင်းတခြားကိုယ်တခြားမြို့ကလေးပင်ဖြစ်ပါသည်။ ခေါင်းပိုင်းဖြစ်သည့် အစိုးရဌာန များသည် တောင်ကုန်းပြန့်ပြန့်ကလေး ပေါ်တွင် သီးသန့် ရှိနေကြသည်။ ကိုယ်ပိုင်းဖြစ်သောမြို့ သို့မဟုတ် ကျေးရွာ တို့ကတော့ ထိုကုန်းမြင့်ကလေး၏အခြေ၊ ပတ်လည်အနိမ့်ပိုင်းတွင် ရှိကြသည်။

ကျွန်တော်မြစ်ကြီးနားသို့ရောက်စက ထိုဒေသ၌စစ်တပ်သည် ပင်မရှိသေးပါ၊ စစ်ရဲတပ်ခွဲတခွဲသာရှိခဲ့သည်။

ပဌမဆုံး အခေါက်ကတော့ ပူတာအိုမှ ဝေးဝေးလံလံသို့ မရောက်ခဲ့ရ။ အမေရိကန်လူမျိုး သာသနာပြုများ ဖြစ်ကြသည့် မစ္စတာ မော့(စ) သားအဖတို့၏ မူလာဒီးရွာသို့သာ သွားနိုင်ခဲ့သည်၊ ဂရိတ်ဖရွတ်ဟု ခေါ်သော ရှောက်သီးတမျိုး ဤအချပ်တွင် ဦးဆုံးအကြိမ်အဖြစ် စတင်သီးခါစ။

“ဒီမျိုးကို ကျွန်တော် အမေရိကက အင်မတန်ကြိုးစားပြီး ယူလာခဲ့ရတာပါ” မစ္စတာမော့(စ)က ရင်ကော့ပြီး ပြောပြပါသည်။





သူကပြုစုလိုက်သဖြင့် တလုံးကို မြည်းစမ်း ကြည့်ခဲ့ရသည်။ တခြမ်းခွဲပြီး သကြားဖြူးကာ ရေခဲသေတ္တာထဲတွင် တည သိပ်ထားသဖြင့် အရသာကချိုချိုအေးအေးချဉ်ချဉ်ခါးခါး ကောင်းသလိုလိုရှိသည်။ သို့ရာတွင် ကျွန်တော်မကြိုက်လှ။ ထိုအသီးကို ဗိလပ်တွင်နေခဲ့စဉ်ကတကြိမ် စားခဲ့ရဘူးသည်။ ထောသားလို့ ဆိုချင်ဆို ခံတွင်းမတွေ့။ သူ့အရည်ကတော့ မဆိုးလှ ထင်သည်။

ကျွန်တော်ရောက်သွားစဉ်က မစ္စတာမော့(စ)၏ သားကြီး ယူဂျင်းမော့(စ)သည် လီစူးအမျိုးသားများနှင့် ဝါးဖြင့်သာ ပြီးသည့် ဘုရားရှိခိုးကျောင်းကြီး တဆောင်ကို ထည်ဆောက်နေပါသည်။

ကျွန်တော့်အဖို့ အထူးအံ့သြခဲ့ရသည်က သူတို့ထံတွင်မက်ဆေးဖတ်ဂါဆင် လယ်ထွန်စက်တလုံး ရောက်ရှိနေခြင်းပင် ဖြစ်သည်။ ထိုစက်ကို လေယာဉ်ပျံဖြင့် တင်ခဲ့ရသည်ဟု ပြောပြကြသည်။ ထိုစက်သာမဟုတ်သူတို့မိသားစုအတွက်တနှစ်စာရိက္ခာများ၊အသားဗူး၊ ဝက်ပေါင်ခြောက်၊ ချိစ်(စ)မှအစ ကွန်းဖလိပ်တို့အထိ လေယာဉ်အစင်းပေါင်းများစွာတို့ကို စင်းလုံးငှါး၍ ရန်ကုန်မှ သယ်ယူသည်ဟုသိရသည်။

ထိုအခေါက်က အကြောင်းကိစ္စတခုနှင့် ပတ်သက်ပြီး လီစူးအမျိုးသားတို့အား စကားပြောစရာရှိသဖြင့် တွေ့ဆုံဟောပြောရသည်။ စကားပြန်ဖြင့် ဖြစ်သည်။ ထိုစကားပြန်က ယူဂျင်မော့(စ)။

ကျွန်တော်သည် ထိုအတွေ့အကြုံကို တွေးမိတိုင်း ရှက်လှပါသည်။ ပြည်ထောင်စုသား စစ်ဗိုလ်တဦးက ပြည်ထောင်စုသားများဖြစ်ကြသော လီစူးအမျိုးသားတို့ကိုတွေ့သည်။ တဦးနှင့်တဦး ဘာသာစကားမပေါက်ကြသဖြင့် စကားပြန်တယောက်က ကြား

www.burmeseclassic.com



မှနေပြီး ဘာသာပြန်ပေးရသည်။ ထိုဘာသာပြန်ပေးရသူက အမေရိကန်လူမျိုး။

နောက်တခေါက်ကတော့ ထိုစဉ်က မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော (ယခုအငြိမ်းစား)၏အမိန့်အရ ထိုဒေသတွင် တပ်များစွဲရေးအတွက် သင့်တော်သော စခန်းနေရာတို့ကို ရွေးချယ်ရန်ဖြစ်သည်။

ထိုစဉ်က ကြုံကြိုက်သည်က ဗိုလ်မှူးကြီးစောမြင့် (ယခုအငြိမ်းစား) ကလည်းသူ့အဖွဲ့နှင့်ပူတာအို၏မြောက်ဘက်၊ မြန်မာပြည်၏ မြောက်ပိုင်းအကျဆုံးသောဒေသတို့သို့ဖွံ့ဖြိုးရေးကိစ္စများ အတွက် ခရီးလှည့်လည်မည်ဖြစ်သဖြင့် ကျွန်တော်၏ အဖွဲ့သည် သူ၏အဖွဲ့နှင့်အတူ ပူတာအိုသို့ လာခဲ့ကြပါသည်။

၁၉၅၅ခုနှစ်က နိုင်ငံတော်အစိုးရသည် တရုတ်မြန်မာနယ်စပ်ပြန်လည်သတ်မှတ်ရာတွင် မှန်ကန်သော တရားမျှတသော နယ်စပ်မျဉ်းသစ် ရရှိရေးအတွက် တိကျ ခိုင်မာသော အထောက်အထားများတို့ကို စုဆောင်းရန်၊ ထို့နောက် ထိုနယ်စပ်ဒေသတလျှောက်တွင်မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးစုတို့၏ ဖွံ့ဖြိုးရေးနှင့်စည်းလုံးရေးတို့ကို ဆောင်ရွက်ရန် အစရှိသော ရည်ရွယ်ချက်ဘို့ဖြင့် "တရုတ်မြန်မာ နယ်စပ်ဒေသ စုံစမ်းရေးကော်မရှင်" ဟူသောအမည်ဖြင့် အဖွဲ့တဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ထိုအဖွဲ့၏ခေါင်းဆောင်မှာ ဗိုလ်မှူးကြီးစောမြင့်ဖြစ်ပါသည်။ ထိုအဖွဲ့တွင် ဦးရှမ်းလုံ (ထိုစဉ်က ကချင်ပြည်နယ် ဝန်ကြီးဌာန အတွင်းဝန်၊ ယခုဝန်ထမ်းရေးရာဦးစီးဌာန)၊ ဦးခင်ညွန့် (ယခင် တိုင်းမင်းကြီး၊ ယခုပဟိုပြည်သူ့ဝန်ထမ်းရွေးချယ်ရေး လေ့ကျင့်ရေးအဖွဲ့ဝင်)တို့နှင့် ဌာနအသီးသီးတို့မှ ကိုယ်စားလှယ်များ ပါဝင်ကြသည်။





ထိုအဖွဲ့၏အမည်ကို "ယိမ်းနွဲ့ပါး" ဟု မှည့်ခေါ်ထားသည်။ သူတို့သည် မြစ်ကြီးနား ဗန်းမော်ဘတိုက်နှင့် ဖီးမော၊ ဂေါ်လုံ၊ကန်ဖန်အစရှိသော ဒေသတို့သို့ ရောက်ရှိခဲ့ကြပြီးပါပြီ။ ယခုဤပူတာအိုဒေသသို့ လှည့်ခဲ့ကြခြင်းဖြစ်သည်။

ကျွန်တော်တို့အဖွဲ့က ခနဲ့တိုဖြစ်သဖြင့် ဖီးမောသို့ သွားခဲ့စဉ်ကကဲ့သို့ပင် တပ်စိတ်တဝက်ခန့်၊ ဝိုင်ယာလက်စက်တလုံး၊ ဆယ်ရက်စာရိက္ခာနှင့် လားဆယ်ကောင်ခန့်ဘဲ ဖြစ်ကြသည်။

ဗိုလ်မှူးကြီးစောမြင့်တို့ အဖွဲ့ကမူ သွားရမည့် ခရီးကလည်းဝေးလံလှသည်။ ဒေသ အနေဖြင့် ကလည်း ခေါင်လှပါသည်။ တာဝန်တို့ကလည်းကျယ်ပြန့်သည်ဖြစ်သဖြင့် အစိုးရဌာနပေါင်းစုံမှ ကိုယ်စားလှယ်များပါကြသည်။ ဆရာဝန်ပါသည်၊ ဆေးဝါးတွေပါသည်။ ရုပ်ရှင်ပြစက်ပါသည်၊ ပေးဝေရန်လက်ဆောင်ပစ္စည်းတွေပါသည်။ ထို့ကြောင့် အတော်ပင် ကြီးသောအဖွဲ့ဖြစ်သည်။

ကျွန်တော်တို့သည် ပူတာအိုမှနောင်မွန်အထိအတူတကွထွက်ခဲ့ကြသည်။ စုစုဝေးဝေးနှင့်မို့ ပျော်စရာကောင်းလှသည်။ လမ်းခရီးတွင်ဖြတ်ခဲ့ကြသည့်မချမ်းဘော ရွာကြီးသည် ထိုစဉ်ကတော့ ယခုကဲ့သို့ နံမည်မကြီးသေး။ မဖွံ့ဖြိုးသေး။ ထိုမှ မမြင့်လှသော တောင်တလုံးကို ကျော်သန်းပြီးနောက်၊ နောင်မွန်။

နောင်မွန်ဟုဆိုလျှင် နောင်မွန် တောင်အုပ်ကြီး ဦးကူရှင်ဖုံ (ယခုကွယ်လွန်) ကို သတိမရဘဲမနေနိုင်။ အင်မတန် ချစ်စရာကောင်းသောလူကြီးတယောက်၊ ဥဇ္ဈာရှိချစ်ကောင်းသော တောင်အုပ်ကြီး၊ ပြည်ထောင်စုစိတ်ဓါတ်အပြည့်အဝရှိသည့် ရဝမ်လူမျိုးတဦး။



www.burmeseclassic.com

www.burmeseclassic.com



တစ်နှံ၊ နောင်မွန်တောင်အုပ်ကြီးဟု ဆိုလျှင် ကချင်ပြည်နယ်၏ နံမည်ကြီး မချစ်ဥကိုသတိမရဘဲမနေနိုင်ပြန်။

ယနေ့မြန်မာပြည်တွင်မချစ်သို့မဟုတ်မဆေးဥဟူ၍ နံမည်ကြီးနေခြင်းသည် ထို နောင်မွန် တောင်အုပ်ကြီးနှင့် ဗိုလ်မှူးကြီး စောမြင့်တို့ကြောင့်ဟုဆိုပါက မှားမည်မဟုတ်ပါ။

တောင်အုပ်ကြီးသည် ထိုစဉ်ကအမြင်အား ဖြင့် အသက်လေးဆယ်ခန့်မျှသာဟုခန့်မှန်းရပါသည်။ သို့ရာတွင်သူ၏အမှန်တကယ် အသက်သည် ထို့ထက်များစွာ ပိုမိုကြီးသည်ဟုဆိုကြသည်။ ထိုသို့ နုပျိုနေရသည်မှာမချစ်ဥ၏ကျေးဇူးကြောင့်ဟု ပြောကြပြန်သည်။ ဟုတ်ချင်လဲဟုတ်ပါလိမ့်မည်။ အသက်နှင့်မလိုက် ပျိုမြစ်သန်မာသည်ကတော့အမှန်။

ထိုသတင်းကို မြေပြန့်သို့ သယ်ဆောင်လာသူက ဗိုလ်မှူးကြီး စောမြင့်နှင့် သူ၏ ယိမ်းနွဲ့ပါးအဖွဲ့သားတို့ပင်ဖြစ်ကြသည်။

ထို့နောက်တော့၊ ယခင်က တရုတ်လူမျိုးတို့သာ စားသုံးခဲ့ကြသည့် မချစ်ဥသည် မြန်မာလူမျိုးတို့၏နှုတ်ဖျားတွင် ရေပန်းစားလာခဲ့သည်။ ထိုအခါ...မချစ် မှ...မချစ်၊ လူတိုင်းက...မချစ်။

ကျွန်တော့် အနေဖြင့်ကတော့ ဤဆေးဥသည် အသက်ရှည်ဆေး မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ တမျိုးမျိုးတော့ဖြင့် စွမ်းရည်သတ္တိရှိပေလိမ့်မည်လို့ထင်သည်။ သို့ရာတွင် မည်၍မည်မျှစား၊ မည်သို့စား ဆိုသည်ကိုတော့ သိပ္ပံနည်းကျကျစူးစမ်းလေ့လာသို့ နှစ်ပေါင်းများစွာလိုပါလိမ့်မည်။ အတိုင်းအဆကို သေချာတိကျစွာ မသိရှိပါဘဲ အရမ်းမှန်းဆပြီး စားပါက ဘေးဥပါဒ်ပင် ရှိကောင်းရှိမည်ဖြစ်သည်။

ထိုအခေါက်က ရရှိခဲ့သည်က မချစ်ဥတို့သာမဟုတ်၊ပူတာအိုဒေသ၏အနီး ကြိုင်ဂနယ်မြေမှာမှရရှိသည်ဟုဆိုသော မရှော့ချက်သုံးရှူးတို့ကိုလည်း ရှားရှားပါးပါး ရရှိခဲ့ပါသည်။ ထိုဆေးရှက်သုံးရှက်တို့ကို ရရှိခဲ့သည်ကပင် တပ်မင်းတဦးမှ အလေးထားပြီး ခင်မင်လွန်းသောကြောင့်သာ ပေးလိုက်ခြင်းဖြစ်သည်။ ထိုမျှရှားပါးသည့်အရှက်။ ထိုမရှော့ရှက်၏သတ္တိကတော့ အဆိပ်မျိုးစုံတို့ကို ခြေဖျက်နိုင်ခြင်းပင်ဖြစ်သည်။ ကျန်သည့် အညွန့်တို့ကမူ ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာ အားလုံးတို့အတွက် သုံးနိုင်သည်ဟုဆိုကြသည်။ ထိုဒေသမှလူများသည် ထိုဆေးရှက်တို့အပေါ်တွင် ထိုမျှယုံကြည်ကြခြင်းကိုထောက်၍ ထိုဆေးရှက်သည် တနည်းမဟုတ်တနည်းတော့ဖြင့် အစွမ်းထက်မြက်မည်ဖြစ်သည်မှာ သံသယရှိစရာမလိုပါ။





ကျွန်တော်သည် နောင်မွန်သို့ရောက်လျှင် တပ်စခန်းနေရာတို့ကို လှည့်လည်ရွေးချယ်ရသည်။ တိုင်းမှူးအား တင်ပြနိုင်ရန်အတွက် ဓာတ်ပုံပေါင်းများစွာတို့ကိုရိုက်ခဲ့သည်။

ထို့နောက် ဗိုလ်မှူးကြီးစောမြင့်၏ယိမ်းနွဲ့ပါးအဖွဲ့နှင့် လူချင်းခွဲခဲ့ကြပါသည်။ သူတို့က မြောက်အရပ်သို့သွားမည်။ ကျွန်တော်က တောင်အရပ်သို့ဆင်းမည်ဖြစ်သည်။

ကျွန်တော်၏ ခရီးစဉ်က နောင်မွန်မှ ချောင်းကမ်းဘေးတလျှောက်ကိုလိုက်ခါ ရှဂရင်းရွာသို့သွားရန်ဖြစ်သည်။ ရှဂရင်းမှ ပူတာအိုသို့ပြန်ပါမည်။ စုစုပေါင်း ရက်သတ္တတပတ်ခန့် ကြာပါလိမ့်မည်။

နောင်မွန်မှ ရှဂရင်းသို့ သုံးရက်ခြေလျင်သွားရသည်။ ထိုသုံးရက်သော ခရီးသည် ကျွန်တော်၏သက်တမ်းတွင် သွားလာလှည့်လည်ခဲ့ရသမျှ ခရီးလမ်းပန်းတို့၌ အဆိုးဝါးဆုံး ဖြစ်သည်လို့ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးက ထိုသုံးရက်စလုံး အဆက်မပြတ်ရွာနေသည်။ ထို့ကြောင့် ကျွန်တော်တို့သည် အမြဲတစေ စိုရွှဲနေကြသည်။ လမ်းကမြေပြန့်ပင် ဖြစ်သော်လည်း မိုးကြောင့် အင်မတန်ဆိုးဝါးသော အခြေတွင်ရှိနေသည်။ တကယ်တော့လမ်းပင်မဟုတ်တော့။ တလျှောက်လုံး ခြေဆစ်အထိမြုပ်သော ရေမြောင်းကြီးတခု ဖြစ်နေသည်။ ဘေးဘက်သို့ ထွက်လျှောက်ကြရန်ကလည်း နေရာမရှိ၊ ခြုံများတောများ။ ပြီးတော့ တချိန်လုံး တောအုပ်မဲမဲကိုသာ ဖြတ်နေကြရသည်ဖြစ်သဖြင့် စွတ်စိုထိုင်းမှိုင်းသောအရပ်တို့တွင်ပေါက်ပျော်မှေ့ကြပါသည့် ကျွတ်ကောင်တွေနှင့် ဖြုတ်ကောင်တို့ကလည်း ခြေချစရာ လက်ထားစရာမရှိ ပေါလိုက်သည့်ဖြစ်ခြင်း။

နောင်မှန်မှထွက်ခဲ့ပြီးနာရီဝက်ခန့်ရှိလျှင်ပင် လူတွေရော လားတွေပါ ကျွတ်တို့တွယ်ကိုက်ခြင်းကြောင့် သွေးတရဲရဲနှင့်ရှိနေကြရပါပြီ။ ထိုကျွတ်တို့သည် သစ်ပင်တို့အပေါ်မှ ခုန်ချကြသည်၊ လမ်းဘေးခြုံတို့မှ ဖမ်းတွယ်ကြသည်၊ မြေပေါ်မှတက်လာကြသည်။ ထို့ကြောင့် လူတိုင်းလူတိုင်း ဘောင်းဘီတို့ကို ပေါင်လည်အထိလိပ်ခါ ကြိုးတို့ဖြင့် တင်းဘင်းစည်းနှောင်ထားကြရသည်။ ထိုအောက်ပိုင်းကိုတော့ ကိုက်လိုသမျှကိုက်ကြပါစေတော့။ တားချရမည်လည်းမဟုတ်၊ အကာအကွယ်လည်းမရှိ။ ထို့ကြောင့် တနေ့တာခရီးဆုံးလျှင် တကိုယ်လုံးသည် သွေးတို့ဖြင့် ချင်းချင်းနီနေပါပြီ။ သွေးဝနေကြသည့် ထိုကျွတ်ကောင်တို့ကို အတွင်းဘောင်းဘီတို့မှ ခါချရသည်။ဖိနပ်ထဲသို့လည်း မည်သို့ဝင်ကြသည် မသိ၊ ချွတ်လိုက်လျှင် ခြေအိတ်အတွင်း၌ သူတို့ကို တလုံးတထွေးကြီး တွေ့လိုက်ရပြန်သည်။ အင်မတန်မှရွံစရာ၊ အင်မတန်မှ စက်ဆုပ်စရာ၊ အင်မတန်မှ ကြောက်စရာဖြစ်သည်။

တနေ့တာ ခရီးဘထောက်သို့ရောက်လျှင် အဝတ်တို့ကိုချွတ်ပြီး စောင်တို့ကိုခြုံနေကြရသည်။ ချမ်းကလည်းချမ်း၊ ဖြုတ်ကလည်း ကိုက်၊ ကျွတ်ကိုလည်း ကြောက်ရ။

ညဘက်သို့ရောက်လာလျှင် အနီးအနားမှ ကျေးရွာလူကြီးများတို့ ရောက်လာကြသည်။ သူတို့သည် ကျွန်တော်တို့လုံနေသော မီးဖိုအဝါး၌ ထိုင်မိကြလျှင် သူတို့ကိုယ်ပေါ်တွင် ပါလာသည့် ကျွတ်တို့ကို တကောင်ပြီးတကောင်၊ တကောင်ပြီးတကောင် ဆွဲဖြုတ်ပြီး မီးဖိုထဲသို့ပစ်ခါ ထဲ့သည်။

ကျွန်တော် မှာတော့ အဲဒါကိုဘဲ ပြပွဲတခုလို စိတ်ဝင်စားစွာဖြင့် ငေးစိုက်ကြည့်နေမိရပါသည်။ မီးထဲတွင် လိန်တွန့်ပြီး သွေးတို့ကိုပြန်အန်နေကြသည့် ထိုကျွတ်ဘို့သည် ကြည့်၍ကောင်းသလား၊ နှလုံးနာစရာကောင်းသလား ကျွန်တော် မပြောဘတ်တော့ပါ။

ထိုကျေးရွာလူကြီးတို့နှင့် နယ်မြေအကြောင်း၊ ကောက်ပဲသီးနှံ အကြောင်း၊ စသည်တို့ကို ညဥ့်နက်သန်းကောင်အထိ ဆွေးနွေးရ ပြောဆိုရသည်။ တခါတရံ ယိုဒေသ၏သမိုင်းကို စကားစလိုက်မိပြီဆိုမှဖြင့် မိုးစင်စင်လင်းသည်အထိ တဝကြီးနားထောင်လိုက်ရ ကတ်ပါသည်။

ထို့နောက် အိပ်ရာသို့ဝင်ကြသည်။ အဲဒီမှာလ ဖြုတ်တွေက လက်ဖြင့်ဆုပ်ခါပက်လိုက်သည့်အတိုင်းဖြစ်သည်။ စစ်ခြင်ထောင်သည် သူတို့ကိုတားဆီးနိုင်။

ရှဂျင်းသို့ရောက်ခါမှ ကောင်းကင်ပြာနှင့်နေရောင်ဖျော့ဖျော့ကို တွေ့ရသည်။ ကျွန်တော်သည် ထို့အရင်ကတော့ ရိုးနေသည်ဖြစ်သည့် နေသာခြင်းနှင့် ကောင်းကင်ပြာပြာတို့ကို အလေးဂရုမပြုမိခဲ့။ အဲဒီ ရှဂရင်းကျခါမှ ကျွန်တော် မှာ ထိုနေရောင်ခြည်နှင့် ကောင်းကင်ပြာပြာတို့ကိုဘဲ ကြည့်လို့မဝဖြစ်ခဲ့ရပါသည်။







www.burmeseclassic.com

www.burmeseclassic.com



ရှုဂရင်းတွင်လည်း တပ်စခန်းနေရာကိုရှာရပြန်သည်။ ဒေသခံလူတွေ၏စိတ်ထားသဘောထားတို့ကို စုံစမ်းရသည်။ နယ်မြေ၏သီးနှံတို့အကြောင်းကိုလည်း လေ့လာရသည်။

ရှုဂရင်းမှ တောင်ဘက်သို့ဆင်းသွားပါက လီဆူးနှင့် တန်ဆာလူမျိုးစုတို့ ပျော်စံရာ ခေါင်လောင်ဖူးဒေသရှိသည်။ သို့ရာတွင် ကျွန်တော်သည် ခေါင်လောင်ဖူးသို့သွားရန် မလိုသေးပါ။ ထို့ကြောင့်အနောက်ဘက်လမ်းကိုလိုက်ခဲ့ပြီး ပူတာအိုသို့ပြန်ခဲ့သည်။

ရှုဂရင်းမှထွက်ခဲ့ပြီး နောက်တနေ့၊ နံနက် ဆယ်နာရီထိုးခန့် ကျွန်တော်နှင့်အဖွဲ့တို့သည် တောလမ်းကလေးနံဘေး ချောင်းကလေးတခု၏ကမ်းစပ်တွင် ခေတ္တအပန်းဖြေ နားနေကြသည်။ ထိုစဉ်တွင် ချူသံတို့ကိုကြားလိုက်ရပါသည်။ ပူတာအိုဘက်မှ လာနေသည့် လားအုပ်မှချူသံ။ တခဏကြာတော့ လီဆူးအမျိုးသမီး ဆယ်ယောက်ခန့် ဂါဝန်ကြီးတွေတဖားဖားနှင့် လာနေကြသည်ကို လှမ်းမြင်လိုက်ရသည်။ သူတို့သည်လေးလံလှသော ဝန်ထုပ်ဝန်ပိုးတို့ကို သယ်ပိုးလာကြရသည်ဖြစ်သဖြင့် သူတို့၏ ချစ်စရာလပြည့်ဝန်း မျက်နှာပြန့်ပြန့်ကလေးတို့အပေါ်တွင် ချွေးသီးချွေးပေါက်ကလေးတို့ကတစို့စို့။

သူတို့ရဲ့ နောက်နားမှာတော့ မြင်းပုကလေး တကောင်ထက်တွင် မျက်နှာဖြူတယောက်။

ထိုအဖွဲ့သည် ကျွန်တော်တို့နှင့်မလှမ်းမကမ်းတွင်ပင် ရပ်နားလိုက်ကြသည်။ ထို့နောက် မျက်နှာဖြူလူကြီးသည် မြင်းပေါ်မှ ဆင်းပြီး ကျွန်တော့်ထံသို့ လျှောက်လာသည်။ သူသည် ခေါင်လောင်ဖူးတွင် သာသနာပြုလုပ်ငန်းတို့ကို လုပ်ဆောင်နေသည်





ဟုဆိုသော အမေရိကန်လူမျိုး မစ္စတာမော်ရစ်ဆင် ဆိုသူပင် ဖြစ်ကြောင်းကို ကျွန်တော်အကဲခတ်မိသည်။

သူကမေးသလိုဖြင့်....

"ကာနယ် တင်မောင်...." နှုတ်ခွန်းဆက်သည်။

ကျွန်တော်က....

"မစ္စတာ မော်ရစ်ဆင်....၊ ဂလက်တူမီးယူ"

တဦးကိုတဦး လက်ဆွဲနှုတ်ဆက်ကြသည်။ ကျွန်တော်တို့နှစ်ဦးစလုံးပြုံးနေကြပါသည်။ သူကတော့ မည်သည်ကို တွေးမိလို့ပြုံးသည်၊ သို့မဟုတ် ရိုးသားစွာပင် ပြုံးသည်ဆိုသည်ကိုမပြောတတ်။

ကျွန်တော်ကတော့ ငယ်စဉ်က ဖတ်ဖူးခဲ့ရသည့် အာဖရိကတိုက် တောကြီးမျက်မှည်းအတွင်း၌ ပျောက်ဆုံးနေသူနှင့် လိုက်လံရှာဖွေသူတို့နှစ်ဦးတွေ့ကြစဉ်က....

"ဒေါက်တာ လစ်ဗင်းစတုံး၊ အိုင်ပရီဇွန်း"

ဒေါက်တာ လစ်ဗင်စတုံးဆိုတာ မှတ်တယ်၊ ဟူသော စတင်လေ၏ ကမ္ဘာကျော်နှုတ်ခွန်းဆက်စကားကိုပြေးပြီး သတိရလိုက်သောကြောင့်ဖြစ်ပါသည်။

* * * *

## ဂုဏ်ယူလို့မဆုံး

နောက်ဆုံးတခေါက် ပူတာအိုသို့ ရောက်ရသည်ကတော့ ဗိုလ်မှူးကြီးစောမြင့်၏ဖိတ်ခေါ်ချက်အရ ရန်ကုန်မှ ဌာနအကြီးအကဲအချို့ ထိုဒေသ၏ဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီး လာရောက် လေ့လာကြမည်ဖြစ်သဖြင့် လိုက်ပါသွားခဲ့ရခြင်းဖြစ်သည်။

ထိုအဖွဲ့တွင် ဗိုလ်မှူးချုပ်သန်းဖေ (ဗမာ့ရေတပ်မတော် ဦးစီး



www.burmeseclassic.com

www.burmeseclassic.com



ချုပ်၊ ယခုကွယ်လွန်)၊ဗိုလ်မှူးချုပ်ကလစ်(ဗမာ့လေတပ်မတော်ဦးစီးချုပ်၊ ယခု ပြည်ပ)၊ ဗိုလ်မှူးချုပ်အောင်ကြီး(ယခု အငြိမ်းစား)၊ ဦးခင်မောင်ဖြူ (ထိုစဉ်က ပြည်ထဲရေး အတွင်းဝန်၊ ယခု ဗတိုပြည်သူ့ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေး အဖွဲ့ )၊ဦးဘမောင် (ထိုစဉ်က ရဲမင်းကြီး၊ ယခုအငြိမ်းစား)၊ဗိုလ်မှူးကြီးခင်ညို(ယခု အငြိမ်းစား)၊ ဒုဗိုလ်မှူးကြီးမင်းဟန်(တပ်မတော်ဆေးမှူး၊ ယခု အငြိမ်းစား)စသူတို့ပါရှိကြသည်။

ထိုအချိန်ကျတော့ ပူတာအိုတွင် ဂျစ်ကားတစီး ရောက်ရှိနေပြီဖြစ်ပါသည်။ လေ့လာသူများ၊ တာဝန်ရှိပုဂ္ဂိုလ်များတို့ မကြာခဏရောက်ရှိလာကြတော့မည်ဖြစ်သဖြင့် ထိုဂျစ်ကားကို ပို့ပေးထားခြင်း ဖြစ်သည်။ ဂျစ်ကားသာ မဟုတ်၊ ထို့နောက်တွင်လည်း လယ်ထွန်စက်တလုံးနှင့် သစ်စက်ငယ်တလုံးတို့ကိုပါ နယ်မြေဖွံ့ဖြိုးရေးအတွက် ပို့ပေးထားခဲ့ပါသည်။

ရောက်ရှိလာကြသည့်လူကြီးတွေသည် ပူတာအိုအနီးပတ်ဝန်းကျင်တို့ကို လှည့်လည် ကြည့်ရှုလေ့လာကြသည်။ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသော ကိစ္စ အဝဝတို့ကို နယ်မြေလူထုတို့နှင့် တွေ့ဆုံဆွေးနွေးကြသည်။ ထို့နောက် ထိုနယ်မြေလူထု၏အလိုဆန္ဒတို့ကိုစုံစမ်းကြသည်။

သူတို့၏ ဆန္ဒကတော့ ပြည်ထောင်စု၏ အခြားအခြားသော နယ်မြေတို့နှင့်မခြား၊ တံတားတွေကိုလိုချင်ကြသည်၊ ကားလမ်းတွေကိုလိုချင်ကြသည်၊ ကျောင်းတွေကိုလိုချင်ကြသည်၊ဆေးခန်းတွေကိုလိုချင်ကြသည်။

ပူတာအိုတွင် ပြုလုပ်သည့် ဆွေးနွေးပွဲကြီးက စည်ကားလှပါသည်။ ပတ်ဝန်းကျင်မှ လူမျိုးပေါင်းစုံတို့ရောက်လာကြသည်။ ပြည်မမှ ဒုကမ္ဘာတွေ(လူကြီးတွေ) လာကြမည်၊ သူတို့တွေလိုလှ





ပါသည်။ သူတို့လိုချင်တာကလေးတွေကိုလဲပြောပြလိုလှပါသည်။ ထိုဒုကမ္ဘာတွေရဲ့ မိန့်ခွန်းတို့ကိုလည်း ကြားနာ လိုလှပါသည်။

ဆွေးနွေးပွဲစသည်ဆိုလျှင်ပင် ပဌမအကြိမ်အစဉ်အရရောက်ရှိနေကြသော ပြည်မမှ လူကြီးမင်းများနှင့် ပရိသတ်ကြီးကို မိတ်ဆက်ပေးရန်ဖြစ်သည်။

ထိုပုဂ္ဂိုလ်ကြီးတွေဟာ တယောက်စီဘယ်သူဖြစ်ကြရသည်။ ဘယ်သူ ဘယ်ဝါဆိုသည်ကို စကားပြန်စာဦးအကြေညာရပါမည်။

ဗိုလ်မှူးချုပ်ကလစ်က ထကာရပ်လိုက်သည်။ ထိုအခါ စကားပြန်က ဤပုဂ္ဂိုလ်ကြီးသည် သေနတ်တွေ တပ်ဆင်ထားသော လေယာဉ်ပျံတွေအများကြီးကို အုပ်ချုပ်ရသူဖြစ်သည်ဟု မိတ်ဆက်လိုက်သည်။

ပရိသတ်ကြီးက ဆူညံစွာဖြင့် လက်ခုပ်လက်ဝါးတို့ကို တီးပြီး ဩဘာပေးကြပါသည်။ လေယာဉ်ပျံကို သူတို့ ကောင်းစွာသိကြ မြင်ဘူးကြသည်။ အချို့ကမူ ကိုင်၍ပင် ကြည့်ဘူးကြပါသည်။ ထိုလေယာဉ်မျိုးတွေ အများကြီးကို အုပ်ချုပ်ရတယ်ဆိုတော့ နဲတဲ့ဒုကမ္ဘာမှမဟုတ်ဖဲ။ လက်ခုပ်သံက တော်တော်နှင့်မစဲတော့။

နောက်တယောက်၊ ဗိုလ်မှူးချုပ်သန်းဒေဖ။ ဤပုဂ္ဂိုလ်ကြီးသည် သေနတ်တွေ တပ်ဆင်ထားသော သင်္ဘောတွေ အများကြီးကို အုပ်ချုပ်ရသူဖြစ်သည်ဟု စကားပြန်ကကြေညာလိုက်သည်။

မည်သူကမှ လက်ခုပ်မတီးကြ။ အချင်းချင်းသာဘဝေါဝေါဖြင့် တီးတိုးမေးကြသည်။ သင်္ဘောဆိုတာ ဘာလဲ။ ဘယ်လိုဟာမျိုးလဲ။

ဟုတ်ပါသည်။ သူတို့အတော်များများသည် သင်္ဘောတိုမမြင်ဘူးကြပါ။ ထို့ကြောင့် စကားပြန်က သင်္ဘောဆိုသည်မှာအကာ



www.burmeseclassic.com

www.burmeseclassic.com



တပ်ထားသော လှေကြီးဖြစ်သည်ဟု ထပ်မံရှင်းပြလိုက်တော့မှ ရှိရှိပြုံးပြုံးဖြစ်သွားကြသည်။

လှေဆိုရင်တော့ သိတာပေါ့။ ဒီဆီလဲရှိသားဘဲ။ တယောက်စီး၊ နှစ်ယောက်စီး၊ တချို့ သုံးလေးယောက်စီးလို့ရသေး။

ထို့ကြောင့် အဓိပ္ပါယ်ရှင်းသွားပေမဲ့ ရေတပ်ဗိုလ်ချုပ်ဆိုသူကို သူတို့အထင်မကြီးကြ။ လှေတွေကိုအုပ်ချုပ်ရတာကလေးများ ကြီးကြီးကျယ်ကျယ်လုပ်လို့၊ ဒီမှာခတောင် လှော်တတ်ခတ်တတ်သေးတယ်။

ဗိုလ်မှူးချုပ်သန်းဖေခမြာ မျက်နှာငယ်ကလေးဖြင့် ပြန်၍ ထိုင်လိုက်ရပါသည်။

ထို့နောက် ဦးခင်မောင်ဖြူ။ သူကြီးတို့၏ဘုရင်၊ နားလည်လွယ်သောစကားဖြင့် အဲဒီလိုပြောပြလိုက်တော့ သဘောပေါက်သွားကြသည်။ အဆင့်အတန်းအသင့်သော လက်ခုပ်သံတို့ကို ရရှိလိုက်သည်။

နောက်တယောက်၊ ဦးဘမောင်။ အဲ....သူ့ကျတော့ပရိသတ်က အင်မတန်သဘောကျသည်။ သို့ပေမဲ့ ပဋ္ဌမတော့ ရဲမင်းကြီးဟု ပြောင်း၍မရ၊ ပုလိပ်ဟုလည်း သုံး၍ နားမလည်၊ သူတို့နားလည်ကြသည်က "ပြာတာ"။ ထို့ကြောင့် ဦးဘမောင်အား ပြာတာ၊ ဒုကမ္ဘာ့ ဒုကမ္ဘာဟု ကြေညာလိုက်သောအခါ ပတ်မကြီးသာရှိနေပါက မနဲပင်ထုပ်၍ယူရမည်ဖြစ်ပါသည်။ တီးလိုက်ကြသည့် လက်ခုပ်သံတွေက တဖြောင်းဖြောင်း၊ သူတို့နားလည်ကြသည်၊ ပြာတာသည် အင်မတန် တန်ခိုးအာဏာကြီးပါသည်၊ ပြာတာ ဒုကမ္ဘာ့ ဒုကမ္ဘာဆိုတော့ ပြောဘွယ်မရှိတော့။

သို့ဖြင့် တယောက်ပြီးတယောက် မိတ်ဆက်ပေးလို့ ပြီးသွားသည်။ ထို့နောက် ဟောပြောပွဲနှင့် ဆွေးနွေးပွဲများ။





ထိုဆွေးနွေးပွဲများ ပြီးဆုံးသွားပြီးသည့်နောက် ထိုဒေသရှိ လူမျိုးစုအားလုံးတို့နှင့် ကြွရောက် လာကြသော အစိုးရ ဌာနအကြီးအကဲများတို့သည် ဘဦး၏သဘောကို တဦး သိရှိသွားကြပါသည်။ တဦး၏ လိုလားချက်၊ စေတနာနှင့် အခက်အခဲတို့ကို တဦးကနားလည်သွားကြသည်။ သူတို့နှစ်ဦးတို့အကြား ခင်မင်ရင်းနှီးမှုက ပိုမိုခိုင်မာလာခဲ့သည်။

သို့ရာတွင် ကျွန်တော်တို့အားလုံးသည် နောက်ဘခုကိုလည်း နားလည်ခဲ့ကြပါသည်။ ရောမမြို့ကြီးကို တရက်ထည်းဖြင့် တည်ဆောက်၍ ရသည်မဟုတ်ပါ။ အဆောက်အအုံ တခုစီ တခုစီကို အုတ်တချပ်ချင်း အုတ်တချပ်ချင်းဖြင့် ဇွဲကောင်းကောင်း စိတ်ရှည်ရှည်ထားကာ အခိုင်အခံ့ တည်ဆောက်ကြရပါမည်။

ယနေ့ ဤအတိုင်းပင် တည်ဆောက်နေကြပါသည်။

ထို့ကြောင့် ယနေ့ပူတာအို ဒေသသည် အဘက်ဘက်တွင် အထူးတိုးတက်နေပါလိမ့်မည်၊ ကျွန်တော် ရောက်ရှိမြင်တွေ့ခဲ့ရသော ၁၉၅၆ ခုနှစ် ပူတာအိုနှင့် နှိုင်းယှဉ်နိုင်လောက်အောင်ပင် တိုးတက်နေပါလိမ့်မည်။

အကယ်၍ ထိုတိုးတက်မှုတို့အတွက် ကျွန်တော်သည် တချိန်က အုတ်တချပ်၊ သဲတဆုပ်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့သည် ဖြစ်ပါအံ့....

ကျွန်တော် ဂုဏ်ယူဝမ်းမြောက်လို့မဆုံးတော့ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ဋ္ဌကာပင်တောင်ခြေ

www.burmeseclassic.com

www.burmeseclassic.com

## အာပန်းဖြေခရီး

မြစ်ကြီးနားတွင် တနှစ်ခန့်သာနေခဲ့ကြရသည်။

၁၉၅၈ခုနှစ် မိုးတွင်းကြီး၌ပင် ပြည်မြို့တွင်ရှိ တပ်မဟာ(၃)သို့ တပ်မင်းအဖြစ်ပြောင်းရွှေ့ရပြန်သည်။ သို့ရာတွင် ပြည်မြို့တွင်နေရမည်တော့ မဟုတ်ပါ။ ထိုတပ်မဟာ ဌာနချုပ်ကို ပြည်မှ ဧကော်သူးလေပြည်နယ်၏ မြို့တော်ဖြစ်သော ဖားအံမြို့သို့ ပြောင်းရွှေ့ရမည်ဖြစ်သည်။

မြစ်ကြီးနားမှ အောက်မြန်မာပြည်သို့ ပြောင်းရွှေ့ရမည်ဆိုသောကြောင့် ကျွန်တော် ဝမ်းသာလှပါသည်။ ထိုသို့ဝမ်းသာရခြင်းမှာ ဤကချင်ပြည်နယ်၊ဤမြစ်ကြီးနားနှင့် ဤတပ်မဟာတို့၌မပျော်ပိုက်၍မဟုတ်ပါ။ ပျော်ပါသည်။ ပျော်သည်မှ အင်မတန်ပျော်သည်လို့ဆိုရမည်ဖြစ်သည်။နေရထိုင်ရသည်ကားကောင်းသည်။ အရာရှိအကြပ်တပ်သားတို့နှင့်လည်း အင်မတန်မှခင်မင်ရင်းနှီးခဲ့ရသည်။ တဲဘက်တာဝန် ထမ်းဆောင်ခဲ့ကြရာတွင်လည်းများစွာမှ အဆင်ပြေခဲ့ရပါသည်။ အဘယ်၍ ကျွန်တော်တွင် အရေး ဘကြီးအခြေအနေတွင်ရှိနေသည့် ကိုယ်ရေးကိုယ်တာ အကြောင်းတခုသာမရှိပါက မြစ်ကြီးနားမှ ခွဲခွာခဲ့ရသဖြင့် များစွာ စိတ်မကောင်းဖြစ်ရပါမည်။

ချစ်မြိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုကိုယ်ရေးကိုယ်တာကိစ္စက ကျွန်တော်၏ဇနီးနု၏ ကျန်းမာရေးချို့တဲ့မှုပင်ဖြစ်သည်။

နုသည် ဗိုလ်သပ်မှ ပြန်ရောက်ပြီးနောက် ခလေးပျက်ခဲ့ရသည်။ သို့ဖြစ်ရခြင်းသည်လည်း ပဌမဆုံးအကြိမ်မဟုတ်၊တတိယစတုတ္ထအကြိမ်ရှိပြီဖြစ်သည်။ ထို့ကြောင့် တစုံတခုတော့ဖြင့် ချို့ယွင်းနေပြီဆိုသည်ကို ခန့်မှန်းလို့ရသည်။ တကယ်တော့ ခန့်မှန်းစရာပင်မလိုတော့ပါ၊ နုသည်မျက်စေ့အောက်မှာပင် တနေ့တခြားပိန်၍ပိန်၍သာလာသည်။ အားနဲလာသည်။ မူးဝေသည့်ရောဂါစွဲကပ်လာသည်၊ အဲဒီအတွက်စိတ်ပူခဲ့ရပါသည်။ ယခုမူ အောက်မြန်မာပြည်သို့ ပြောင်းရပါတော့မည်။ ရန်ကုန်သို့ ရောက်ရင်ဖြင့် သူ့ကို မိဘများထံတွင်ထားမည်၊ သမားတော်ကြီးများနှင့်ကုသခွင့်ရပါပြီ။ ထို့ကြောင့် ကျွန်တော်ဝမ်းသာရပါသည်။

မြစ်ကြီးနားမှ တခုသောနံနက်ခင်းတွင် မိုးနှင်းပွင့်ကလေးတွေ တဖွားဖွား ကျလာနေသည့် အကြားမှ ထွက်ခွါလာခဲ့ကြသည်။ တပ်မဟာတပ်ရင်းတို့မှ အရာရှိများ အမျိုးသမီးများတို့က မြစ်ကြီးနားတဘက်ကမ်းသို့အထိ လိုက်လံပို့ကြသည်။

သူတို့နှင့်အတူ ကျွန်တော်၏ မွေးစားသားများ ဖြစ်ကြသော နံပတ်ဝမ်း၊နံပတ်တူးနှင့် နံပတ်သရီးတို့ကလဲ လိုက်ပို့ကြသည်။

သူတို့သည် ကချင်ကျောင်းသားကလေး သုံးဦးတို့ ဖြစ်ကြသည်။ အခေါ်ရလွယ်ကူစေရန် ဝမ်း၊တူး၊သရီးဟု ခေါ်ခဲ့ခြင်းဖြစ်သည်၊ စာအလွန်သင်လိုကြသည်။ သို့ရာတွင် အခြေအနေမပေးသဖြင့် အခက်အခဲတွေ့နေကြရစဉ် ကျွန်တော်က အိမ်တွင်ခေါ်ယူထားပြီး ကျောင်းထားပေးခဲ့ခြင်းဖြစ်သည်။ ယခု ကျွန်တော်ပြောင်းလာခဲ့ရတော့ သူတို့ကို ခေါ်ပါသေးသည်။ သူတို့မှာလည်း အကြောင်းကြောင်းတို့ကြောင့်မလိုက်နိုင်ကြ၊ထို့ကြောင့်





သူတို့ပညာ ဆက်လက် သင်ကြားနိုင်ရေးနှင့် နေရေးစားရေးတို့အတွက် တပ်မဟာဌာနချုပ်တွင်ပင် မှာကြား အပ်နှံထားခဲ့ရသည်။ ယခုသူတို့သည် ကျွန်တော့်ကို ကန်တော့ကြသည်။ ကျွန်တော်သည် သူတို့အားဆုပင်မပေးနိုင်ခဲ့၊ ရင်တွင်း၌ တစ်ဆို့လို့ရှိနေခဲ့ရသည်။ သံယောဇဉ်ကကြီးမားလှပါသည်။ ကျွန်တော်တို့ထွက်လာခဲ့ကြတော့ သူတို့သည်အားငယ်စွာဖြင့် ငေးမျှော်ကြည့်ကာ ကျန်ရစ်ခဲ့ကြပါသည်။

သူတို့သုံးဦးကျန်ရစ်ခဲ့ကြပေမဲ့ တယောက်ကတော့ကျွန်တော်တို့နှင့်အတူ လိုက်ပါလာခဲ့ပါသည်။ သူက ကျွန်တော်၏မွေးစားသားဇန်ယော။

သူသည် ကျွန်တော်ပူတာအိုဒေသတွင်ခရီး လှည့်လည်စဉ်က လားသမားတို့နှင့် အတူပါလာသည်။ ခေါင်လောင်ဖူး အရပ်မှ ဆယ်နှစ်သားခန့်ရှိ တန်ဆာလူမျိုးကလေးဖြစ်သည်။ သွားလေရာတွင် မြန်မာသင်ပုန်းကြီးစာအုပ်ကလေးကို တကိုင်ကိုင်နှင့်တွေ့မြင်နေရသဖြင့်မေးမြန်းကြည့်ရာမှမြင်ကြီးနားသို့လိုက်သိုပါသည်၊ ကျောင်းတက် လိုပါသည်ဟု ဆိုသဖြင့် ခေါ်ခဲ့ပြီး ကျွေးမွေးကျောင်းထားပေးခဲ့သူဖြစ်သည်၊ (သူသည်ကျွန်တော်နှင့်၁၉၅၆ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ၊ကိုးတန်း ရောက်သည်အထိ နေခဲ့သည်။ ယခုမူ ပူတာအိုတွင် ကျောင်းဆရာအဖြစ် အမှုထမ်းနေသည်ဟု ဝမ်းမြောက်ဖွယ်ကြားသိရသည်)။

လိုက်ပို့ကြသူတို့ကို ခတ်ချိဆိပ်တွင် ထားခဲ့ပြီး ကျွန်တော်တို့သည်ကားများဖြင့် ထွက်ခဲ့ကြပါသည်။ ယခင်အခါများက ဆီးသန့်ခွင့်မယူနိုင်ခဲ့သည်မို့ ယခုကဲ့သို့တနေရာမှတနေရာသို့အကူးတတ်နိုင်သ၍ နားနားနေခနေ ရီးသွားရန် စဉ်းစား ခဲ့သည်။ မှူဆယ်တွင် တညအိပ်ပါမည်။ ပြီးလျှင်မေမြို့ရှိ စိန့်အယ်(လ)

www.burmeseclassic.com



ဘတ်ကျောင်းတွင် ကျောင်းအိပ် ကျောင်းသားအဖြစ် နေလျက်ရှိသည့် သားအားဝင်၍တွေ့မည်။ ထို့နောက်မန္တလေးမှပြည်မြို့အထိ သင်္ဘောဖြင့် မြစ်ကြောမှ စုန်မည်။ သို့ဖြင့် ကျွန်တော်ကိုယ်၌လည်း အနားရ၊ နုအဖို့လည်း အပြောင်းအလဲဖြစ်သဖြင့် ကျန်းမာရေးအတွက် ကောင်းမည်ဖြစ်သည်။

ထိုနေ့က ဗန်းမော်တွင် နေ့လည်စာ စားကြပြီး မူဆယ်သို့ ညနေစောင်းတွင်ရောက်သည်။ မူဆယ်ဘိုတဲတွင် တညနားကြသည်။

ဤမူဆယ် ဘိုတဲကို ကျွန်တော်အင်မတန် သဘောကျလှပါသည်။ ခန်းနား ကြီးကျယ်၍တော့ မဟုတ်။ ထိုဘိုတဲဝရံတာမှထွက်၍ မျှော်လိုက်လျှင် ရွှေလီမြစ်ကိုကျော်၍ တရုတ်ပြည်ဘက်တွင်ရှိသော တောင်တန်းပြာပြာကြီးတို့ကို ကြည်ကြည်နူးနူးမြင်တွေ့ရသည်။ ကြည့်လို့ မဝအောင် လှသည်လို့ ထင်မိပါသည်။ ပြီးတော့ အဲဒီတောင်တန်းကြီးတွေရဲ့ ဟိုဘက်မှာ ဘာတွေများရှိပါလိမ့်။ ဘယ်လိုများနေပါလိမ့်၊ တွေးလို့တောလို့ မှန်းဆကြည့်လို့လဲ အင်မတန်မှကောင်းလှပါသည်။

အမှန်တော့ နမ့်ခမ်း၊မူဆယ်၊ ကွတ်ခိုင်၊လားရှိုး၊ ဤဒေသတခုလုံးတွင် မည်သည့်အရပ်မျက်နှာသို့ ကြည့်လိုက် ကြည့်လိုက်၊ အင်မတန်မှ သာယာလှပါသည်။ ရွာဆက်တို့ ဝေးကြသည် ဖြစ်သော်လည်း မပြတ်ပြောင်းလဲနေသော မြင်ကွင်းတို့ကြောင့် ခရီးသွားရသည်မှာ ငြီးငွေ့စရာလုံးဝမရှိ၊ အမြဲသစ်ဆန်းနေသည်။

ထို့ကြောင့် ကျွန်တော်သည် မြစ်ကြီးနား၌နေခဲ့စဉ်က၊ ကိစ္စဖြင့် မန္တလေးသို့သွားရန်ရှိလျှင် တတ်နိုင်သရွေ့ ကားဖြင့်သာသွားသည်။ မူဆယ်တွင်တည၊ နောက်တနေ့မန္တလေး၊ အပြန်တွင်လည်း မူဆယ်တွင်တည၊ နောက်တနေ့ မြစ်ကြီးနား၊ နှစ်ရက် ခရီး





ဖြစ်သည်။ အသွားအပြန်လေးရက်၊ လေယာဉ်ဖြင့်ဆိုပါက မြစ်ကြီးနားမှ မန္တလေးသို့ တနာရီခွဲမျှသာကြာသည်။ သို့ရာတွင်ဤကုန်းလမ်းခရီးနှစ်ရက်ကို ကျွန်တော်အင်မတန်နှစ်သက်သည်။ ကျယ်ပြန့်သော ရှမ်းကုန်းမြေမြင့်သည်သန့်သည်၊ရှင်းသည်၊ အသက်ရှူလို့ဝသည်၊ ပြီးတော့ စိတ်ကြည်နူးစရာတို့ဖြင့် အပြည့်ဖြစ်သည်။ လမ်းခရီးတလျှောက် ဝဲယာ၌ သဘာဝလှပသော ရှုခင်းတို့၏ အရသာကို ခံယူရင်းလိုက်ပါလာရသည်က ကျွန်တော့်အဖို့အပန်းဖြေနည်းတပါးပင်ဖြစ်ရပါသည်။

ထိုညကတော့တကယ့်ပျော်ပွဲစားထွက်ကြသလိုပင်ဖြစ်သည်၊ မြို့တွင်းတရုတ်ဆိုင်မှ စားစရာတို့ကိုဝယ်ယူပြီး တဖွဲ့လုံးတပျော်တပါးအတူစားကြသည်။ စားသောက်နေရင်းသတိမိပါသည်၊ ဤဘိုတဲတွင် တကြိမ်က တညနားခဲ့စဉ်က ကျွန်တော်သည် အပြင်းဖျားခဲ့ဘူးသည်။ မန္တလေးမှအပြန် ဤဘိုတဲတွင် ဗိုလ်မှူးစောသန်း (ယခု အငြိမ်းစား) နှင့် ဆုံကြသည်။ သူသည် တပ်မတော်အတွက် ဝန်တင်လားများဝယ်နေသည်။ ဗိုလ်မှူးစောသန်းသည် အစားကောင်းကောင်း စားတတ်သူတယောက် ဖြစ်သည်။ ထို့ကြောင့် ညစာအပြီး ဝမ်းဘိုက်တင်းတင်းဖြင့် မီးဖိုအနီးတွင်မီးလှုံကြရင်း သူတွင်ပါလာသည့် လိမ္မော်သီးတို့ကို တလုံးပြီးတလုံး စားကြသည်။ သန်းခေါင်ကျော်သည်မှစပြီး ကျွန်တော်ဖျားပါလေပြီ။ မနက်လင်းလျှင် အဖျားအနည်းငယ်ကျလာသဖြင့် နမ့်ခမ်းဆေးရုံသို့ခုဝင်တော့။ အိမ်သို့သာ အဆက်ပြန်လိုဘော ဖြင့် လောင်းကုတ်အင်္ကျီအထူကြီးတထည်ကိုခြုံပြီး ဂျစ်ကားပေါ်တွင် မှေးကာလိုက်ခဲ့သည်။ ဗန်းမော်အနီးကျတော့ အဖျားဘက်ပြန်သည်။ မည်သို့ ဗန်းမော်ဘိုတဲသို့ ရောက်ခဲ့သည်ကိုပင် မသိတော့။ ထို့ကြောင့် ဗန်းမော်တွင်ပင်ညအိပ်လိုက်ရသည်။ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဝန် ခေါ်ရသည်၊ ဆေးတွေထိုးရသည်၊ ရေခဲအိတ်တွေဘင်ရသည်။ ဒါတွေအားလုံးကို ကျွန်တော်မသိခဲ့။ အဲဒီကာဘဲက ငှက်ဖျားရောဂါ စွဲကပ်ခဲ့သည်က ယနေ့အထိ။

မူဆယ်မှ နောက်တနေ့နံနက်စောစောထွက်ခဲ့ကြသည်။ မေမြို့သို့ ညနေသုံးနာရီခွဲခန့်တွင်ဝင်သည်၊ သား ဗညားအား ကျောင်းတွင်ဝင်၍တွေ့သည်။ ပျော်ရွှင်ကျန်းမာစွာရှိနေသည်ကို မြင်တွေ့ခဲ့ကြရသဖြင့် ဝမ်းသာကြရပါသည်၊ မိခင်ဖြစ်သူကတော့ သားငယ်ကို ခေတ္တခွဲထားခဲ့ရအုံးမည်ဖြစ်သဖြင့် မျက်ရည်တစမ်းစမ်း။

မန္တလေးတွင် သဘောစောင့်ရင်း နှစ်ရက်နားရသည်။ ထိုနှစ်ရက်အတွင်း မန္တလေးတောင် ရန်ကင်းတောင်နှင့် ဘုရားစုံဖူးကြသည်။

မန္တလေးမှထွက်ခဲ့ကြသည့်နံနက်က မြစ်လည်သို့ ရောက်သည်နှင့်....

"ဟော၊ မောင်ရေ...." နုက အလန့်တကြား ခေါ်လိုက်သဖြင့်....

"ဘာလဲဟင်...." စိုးရိမ်တကြီးမေးမိရသည်။

"နု ထီးကလေး ကားထဲမှာကျန်ရစ်ခဲ့ပီ"

သူ့မျက်နှာက ငိုတော့မလိုဖြစ်နေရရှာသည်။ သူ့ ဒီထီးကလေးကို သူအင်မတန်ကြိုက်ရှာပါသည်။ အနက်ရောင်ပိုးထီး၊ လက်ကိုင်က ကနုတ်မာရိုး ကောက်ကောက်ကလေး၊ အင်မတန်လှသည်။ ကျွန်တော် ဗိလပ်မှ အမှတ်တရဝယ်လာခဲ့သော လက်ဆောင်ဖြစ်သည်။ ဤထီးနှင့်တွဲ၍ဝယ်ခဲ့သော အလှပြင် ပစ္စည်းများထည့်ရာ လက်ဆွဲသေတ္တာကိုလည်း သူ အင်မတန်မြတ်နိုးပါသည်။ ထိုနှစ်ခုတို့ကို သွားလေရာသို့ တယုတယကိုင်ခဲ့သည်၊ လက်မှမချ။ အခုတော့ ထီးကလေးကကျန်ခဲ့ပါပြီ။





"ဗိုလ်ကြီးထွန်းရှိန် သွေ့မှာပေါ့ကွာ၊ တွေ့ရင်ပို့ပေးမှာပေါ့"

...ကို စိတ်ဖြေရသည်။

သို့ စိတ်မကောင်းစွာဖြင့် လိုက်ပါလာခဲ့ကြရာမှ စစ်ကိုင်းသို့ ရောက်လို့ သဘောဆိုက်တော့ အံ့သြဝမ်းသာလို့ မဆုံးကြတော့။ ...လ်ကြီးထွန်းရှိန်သည် ထီးကလေးကို မြှောက်ခါမြှောက်ခါဖြင့် ...ကိုဆိုနေပါသည်။ နု အမြတ်တနိုးကိုင်တတ်မှန်းသိလို့ တွေ့လျှင် ...တွေခြင်း ကားဖြင့်အမှီလိုက်၍ ပို့ပေးခြင်းဖြစ်သည်။ အခုမှဘဲ ...ခမြာ ပြုံးနိုင်ရယ်နိုင်ပါပြီ။

စစ်ကိုင်းမှထွက်ခဲ့ကြသည်။ သဘောက ကျွန်တော်ငယ်ငယ်က ...သိခဲ့သော ရောဝတီဖလိုတီလာကုမ္ပဏီ ခေတ်ကကဲ့သို့ သန့်သန့် ...ရှင်းရှင်း လှလှပပ မဟုတ်တော့ပါ။ ညစ်ပတ်သည်၊ အစား အသောက်ကလည်း မကောင်း၊ အခင်းအကျင်းဟူ၍ ဘာမှမရှိ။ ...ိုင်းပြည်လွတ်လပ်လို့ ပြည်သူပိုင်ဖြစ်ခါမှ ဤသို့သော အခြေ အနေသို့ လျှောကျခဲ့သည်က စိတ်မကောင်းစရာ။

ချောက်သို့ရောက်တော့ ချောက်မြို့တွင်ရှိ တပ်မဟာ(၁၁)၏ တပ်မင်း ဗိုလ်မှူးကြီးကြည်ဝင်း(ယခု အငြိမ်းစား)နှင့် ဗိုလ်မှူး ကြီး ကတော်တို့က လာရောက်ကြိုဆိုကြပါသည်။ ထိုညကသူတို့ အိမ်တွင်ပင် ညစာစားပြီး အရာရှိရိပ်သာတွင် တည်းသည်။

နောက်တနေ့နံနက် သဘောထွက်သွားတော့ ကျွန်တော်တို့ လိုက်မပါသွားကြတော့။ ကျွန်တော်တို့က ဗိုလ်မှူးကြီးကြည်ဝင်း စီစဉ်ပေးသည့် မော်တော်ကားများဖြင့် ကုန်းလမ်းမှ မကွေးသို့သွား သည်။ မကွေးမှ မင်းဘူးသို့ကူးသည်။

မင်းဘူးရှိ ကျွန်တော်၏အဖိုး ဘကြီးဦးပိုက်နှင့် မမတို့မှာ မမျှော်လင့်ဘဲ ကျွန်တော်တို့ရောက်လာကြသဖြင့်ဝမ်းသာလို့မဆုံး ကြ။ မြေးအဖိုးတတွေ ထိုညကတော့ညဉ့်လုံးပေါက်ထိုင်၍စကား



www.burmeseclassic.com

www.burmeseclassic.com



တွေ့ ပြောကြသည်။ နောက်တနေ့ မကွေးသို့ ပြန်ကူးခဲ့ကြပြီး မကွေးတွင်ရှိ ကျွန်တော်၏ဖခင်နှင့် အဖိုးတို့ခေါင်းချရာ သုသာန်သို့သွားသည်။ ဂူတို့ကိုရှာသည်၊ မတွေ့တော့၊ နှစ်တွေကလည်း ကြာခဲ့ပြီကော၊ မကွေးသုသာန်ကလည်း တကွဲတောကြီးဖြစ်နေပါပြီ။ ထို့ကြောင့် ရော်မှန်းပြီးတော့သာ ကန်တော့ခဲ့ကြရသည်။

နောက်တနေ့ ချောက်မှရောက်လာသည့်သင်္ဘောဖြင့်ဆက်၍ ပြည်သို့လိုက်ပါခဲ့ကြသည်။ ပြည်တွင် သုံးရက်ခန့်နားရင်း တပ်မဟာဌာနချုပ်ကို ဖားအံသို့ ပြောင်းရွှေ့ရေးအတွက် စီ... ပြီး ရန်ကုန်သို့ဆင်းခဲ့ကြပါသည်။

* * * *

ချော

ထိုစဉ်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် ဗို... မှူးချုပ် ဘလိတ်(ယခု အငြိမ်းစား၊ နယူးဇီလန်)ဖြစ်သည်။

ကျွန်တော်သည် သူ့ထံတွင်သတင်းပို့ပြီး ဖားအံသို့ထွက်ခဲ့... သည်။ ဖားအံတွင် တပ်မဟာ(၃)ဌာနချုပ်ကို အမြန်ဆုံးဖွင့်လှ... ရပါမည်။ မကြာမီပြုလုပ်တော့မည့် စစ်ဆင်ရေးအတွက် ပြင်ဆင်... ပါမည်။ ရက်က သိပ်မရှိတော့။ အားလုံးသည် ဖုတ်ပူမီးဘိုက်...

နှကို ရန်ကုန်တွင် မိဘများနှင့်အတူထားခဲ့သည်။ ဆေးကု... ရန်အတွက်ဖြစ်သည်။ ပြီးတော့ ဖားအံတွင်လည်း နေစရာအိမ်က... မရှိသေး၊ မဆောက်ရသေး။ ကျွန်တော်သည်ပင် ဖားအံမြို့... တရုတ်သင်းချိုင်းအတွင်း၌ရောက်ရှိနေသော အရာရှိရိပ်သာတွ... တည်းခိုနေထိုင်ရအုံးမည်ဖြစ်သည်။ ပြီးတော့ ကျွန်တော်သည်... ဖားအံတွင် တော်တော်နှင့် အတည်တကျနေနိုင်အုံးမည်မဟုတ်...





...သေး၊ ရှေတန်းစစ်ဌာနချုပ်၌သာ အချိန်ပြည့်ရှိနေရမည်ဖြစ်ပါ...သည်။

ရောက်လျှင်ရောက်ခြင်း မော်လမြိုင်တွင်ရှိ တပ်မဟာ (၅) ...တပ်မင်း ဗိုလ်မှူးကြီးအောင်ရွှေ(ယခု ဗိုလ်မှူးချုပ် အငြိမ်းစား၊ ...အမတ်ကြီး)ထံမှ နယ်မြေတို့ကို ခွဲဝေ လက်ခံရမည်ဖြစ်သဖြင့် ...ပ်တို့သို့ သူနှင့်အတူ လိုက်လံစစ်ဆေးလက်ခံရသည်။ တဘက် ...တွင်လည်း တပ်မဟာ ဌာနချုပ်အတွက် အဆောက်အဦးတို့ကို ...ရေးတကြီး ဆောက်လုပ်နေရသည်၊ တချိန်ထဲ၌ ဌာနချုပ်ကို ...လည်း ဖွင့်ရသည်။ ထိုအချိန်ထဲ၌ပင် မကြာမီ ပြုလုပ်တော့မည့် ...စ်ဆင်ရေးအတွက် ပြင်ရဆင်ရပါသေးသည်။

ထိုစစ်ဆင်ရေးသည် တိုင်းစစ်ဌာနချုပ်၏ ဦးစီးမှုအောက်တွင် ...ပ်မဟာသုံးခုတို့ ပူးပေါင်းပြုလုပ်ကြမည့် စစ်ဆင်ရေးကြီးဖြစ် ...သည်။ ဗိုလ်မှူးချုပ်အောင်ရွှေ အုပ်ချုပ်သော တပ်မဟာ(၅)၊ ...လ်မှူးချုပ်စိန်ဝင်း (ထိုစဉ်က ဗိုလ်မှူးကြီး၊ ယခု ဝန်ကြီးချုပ်) ...ဆောင်သော တပ်မဟာ(၂)၊ ပြီးတော့ ကျွန်တော်၏ တပ်မ ...ဟာ(၃)။ ထို့ကြောင့် နယ်မြေအားဖြင့် တောင်ငူခရိုင်၊ ပဲခူး ...ခရိုင်တို့၏ စစ်တောင်းမြစ်အရှေ့ဘက် ကော်သူးလေပြည်နယ်တခု ...လုံး၊ သထုံခရိုင်တခုလုံးနှင့် မော်လမြိုင်အရှေ့ခြမ်း၊ ကော့ကရိတ် ...ယ်မြေတခုလုံး ယိုးဒယားနယ်စပ်အထိ။

ရန်သူကမ္ဘာ့ဒေသအတွင်းတွင်ကေအင်ဒီအိုတို့၏ဌာနချုပ်နှင့် ကေအင်ဒီအို ခေါင်းဆောင်များအားလုံးတို့လိုလို ရှိနေကြသည့် ...အပြင် တိုက်ခိုက်ရေးတပ်တို့အနေဖြင့်လည်း အတော်တင်းဆုံး ...အကောင်းဆုံးဖြစ်သည့် ဗိုလ်စိုး (ယခုကျဆုံး)။ ဗိုလ်မြ(တော ...ကွင်း)။ ဗိုလ်လင်းဆင် (ယခုကျဆုံး)စသည့် ကေအင်ဒီအို စစ် ...ခေါင်းဆောင်တို့၏ နံမည်ကျော်တပ်များ။



www.burmeseclassic.com

www.burmeseclassic.com



နယ်မြေအချို့တို့သို့ လှည့်သည်ကြည့်ရှုပြီး ဖားအံသို့ ပြန်ရောက်သည်နှင့်ပင်စစ်ဆင်ရေးကာလအတွင်း ကျွန်တော်၏လက်အောက်၌ အမှုထမ်းကြမည့်တပ်များတို့သာ တဖွဲဖွဲ ရောက်ရှိလာနေကြပါပြီ။

ကျွန်တော်၏မူလလက်ရှိတပ်တို့မှာ....ဒုဗိုလ်မှူးကြီးလွန်းတင် (ယခုဗိုလ်မှူးကြီးအငြိမ်းစားအလုပ်သမားဌာန)၏ ခြေလျင်တပ်ရင်း(၉)။ဒုဗိုလ်မှူးကြီးမောင်ကျော် (ယခုဗိုလ်မှူးကြီး အငြိမ်းစား စက်မှုလက်မှု)၏သေနတ်ကိုင်တပ်ရင်း(၃)။ ဗိုလ်မှူးစံမြတ်ရွှေ(ယခုနိုင်ငံတော်ကောင်စီဝင်)၏ခြေလျင်တပ်ရင်း(၂၇)တို့ဖြစ်ကြသည်။

နောက်ထပ်ရောက်ရှိလာကြသည့်တပ်ဘို့က.... ဒုဗိုလ်မှူးကြီးမြင့်ဆွေ(ယခုအငြိမ်းစားစက်မှုလက်မှု)၏ခြေမြန်တပ်ရင်း(၁၀၄) ဒုဗိုလ်မှူးကြီးဂွမ်ရှိန်(ယခုဗိုလ်မှူးကြီးအငြိမ်းစား၊ အားကာ)၏ ခြေမြန်တပ်ရင်း(၁၀၈)။ဒုဗိုလ်မှူးကြီးထင်ကျော် (ယခုဗိုလ်မှူးကြီးအငြိမ်းစား၊ ဝန်ကြီးဆောက်လုပ်ရေး)၏ ခြေမြန်တပ်ရင်း(၁၀၅)တို့ဖြစ်ကြသည်။

ထိုအချိန်မှစတင်ပြီး ကျွန်တော်သည် သဘောမီးရထားတို့ဖြင့် ဖါးအံနှင့်မုတ္တမ၊မုတ္တမနှင့်စစ်တောင်းတို့အကြား မဖြတ်လှည့်လည်နေရပါတော့သည်။ ထိုစဉ်ကတော့ ဟယ်လီကော့ပတာ ရဟတ်လေယာဉ်တို့ကလည်း မရှိကြသေး။ ထို့ကြောင့် ထိုခေတ်ကတပ်မှူးတဦးသည်ကားလမ်းရှိလျှင်ကားဖြင့်၊ ရေလမ်းရှိလျှင်သဘောဖြင့် သွားလာရသည်။ ဘာမှမရှိလျှင်တော့ ခြေလျင်။

နောက်ပိုင်းတပ်မဟာဌာနချုပ်ကိုမူ တပ်မဟာဗိုလ်မှူးဖြစ်သူဗိုလ်မှူးမျိုးဝင်း (ယခုဒုဗိုလ်မှူးကြီးအငြိမ်းစား၊ သစ်ထုတ်လုပ်





ရေး)နှင့်ဗိုလ်မှူးမောင်လွင်(ယခုဒုဗိုလ်မှူးကြီးအငြိမ်းစား၊ တာပေါ်လင်စက်ရုံ)တို့ကို အပ်ခဲ့ရသည်ဖြစ်သည်။

သို့ဖြင့် ရက်အနည်းငယ်အတွင်းမှာပင် စစ်ဆင်ရေး အတွက်လိုအပ်သည့်အစည်းအဝေးများ၊ ဆွေးနွေးမှုများတို့ပြီးဆုံးခဲ့ကြပါပြီ။ တပ်အသီးသီး တို့သို့လည်း အမိန့်များ၊ ညွှန်ကြားလွှာများ ထုတ်ဆင့်လိုပြီးပါပြီ။ တပ်တွေသည် တောတွင်းသို့ ချဉ်းနင်းဝင်ရောက်ရန် အသင့်ရှိနေကြပါပြီ။ ထိုအတွင်းရန်သူသတင်းတို့ကလည်း တမျိုးပြီးတမျိုး ဝင်လာမစဲ၊ တခုနှင့်တခု ကိုက်ညီကြသည်လည်းရှိသည်၊ ဆန့်ကျင်ကြသည်လည်းရှိသည်။သို့ရာတွင် အချိန်ကမရှိတော့၊ အဖြစ်နိုင်ဆုံးကို ဆုံးဖြတ်ပြီး ညွှန်ကြားချက်တို့ကိုနောက်ဆုံးအနေဖြင့် ညှိနှိုင်းဖြေ့စွက်ချပြန်သည်။

ထိုနေ့က ဗိုလ်မှူးကြီးဂွမ်ရှိန်၏ တပ်ကို့ကို တွေ့ဆုံရန်အတွက် သထုံသို့လာခဲ့သည်။ ထိုတပ်သည် သထုံနှင့်မုတ္တမအကြားတပ်ဖြန့်ထားသည်။ မကြာမီတောတွင်းသို့စတင်ချီတက်ကြပါတော့မည်။ သူတို့ဘာတွေများလိုသေးပါလိမ့်၊ တပ်မဟာမှူးအနေဖြင့် သူတို့ကိုဘာအကူအညီများပေးနိုင်အုံးမှာပါလဲ၊ပြီးတော့သူတို့၏အခြေအနေကိုလည်း အကဲခတ်လိုပါသေးသည်။ အရာရှိတွေ၏ အခြေအနေ၊ အကြပ်တပ်သားတို့၏စိတ်ဓာတ်.... စသည်....စသည်....။ တပ်မှူးတဦးသည် မိမိလက်အောက်ရှိ တပ်ဘို့၏ အကြောင်းကိုတတ်နိုင်သမျှ သိရှိနားလည်ထားရန် လိုအပ်လှပါသည်။ ထိုတပ်အသီးသီးတို့၏ စွမ်းရည်ကိုသိရှိထားပါမှ ပိုမိုထိရောက်စွာအသုံးချနိုင်မည်ဖြစ်သည်။

ကျွန်တော်၏ သံချပ်ကာမီးရထားသထုံသို့ပင် မရောက်သေးလမ်းတဝက်တွင်ပင် ဗိုလ်မှူးကြီးဂွမ်ရှိန်ကို တွေ့သည်။ သူသည်ရိက္ခာပစ္စည်းများတို့ကို သယ်ယူရန်အတွက် အထမ်းသမားများ

www.burmeseclassic.com



စုခဆောင်းနေကြသည့် သူ့ရဲဘော်တွေကို ကိုယ်တိုင်ကွပ်ကဲနေပါသည်။ ထိုသို့အသမ်းသမား စုခဆောင်းခြင်းကို အရပ်စကားဖြင့် "ချောဆွဲ" သည်ဟု ခေါ်ကြသည်။

ကျွန်တော်သည် ထိုသို့ချောဆွဲသည်ကို တခါမှကိုယ်တိုင်မကြုံခဲ့စဖူး။ မြစ်ကြီးနားတွင်နေခဲ့ရစဉ်က ခရီးထွက်မည်ဟု ဆိုလျှင် လားတွေကိုငှါး၍ သွားကြသည်။ ယခုကဲ့သို့ အထမ်းသမား လူများခေါ်ရန်မလို၊ ခေါ်ရန် လိုအပ်ပါလျှင်လည်း ဝမ်းမြောက်ဝမ်းသာလိုက်ကြမည့်သူတွေက အများကြီး၊ လိုချင်သလောက်ရနိုင်သည်။ အကြောင်းကတော့ ပူတာအို မြစ်ကြီးနား စသောဒေသတို့တွင်(ထိုစဉ်က)သောင်းကျန်းသူတို့ မရှိကြ၊ ထို့ကြောင့် ဘေးအန္တရာယ်မရှိ။ ထို့ကြောင့် သွားလာ ကြရသည်ကပင် တပျော်တပါးကြီး၊ တနည်းအားဖြင့် ပျော်စရာပင်ကောင်းသကဲ့သို့ ရှိပါသည်။

ယခု ဤသထုံနယ်မြေ။ အဆိုးဝါးဆုံး သူပုန်တို့ရှိကြသည်။ မြို့တွင်းမှ ခြင်ပတို့ ထွက်လိုက်သည်နှင့် မည်သူ့မှ မပိုင်သည့်နယ်မြေ။ ဦးစွာ ရောက်ရှိနေသူသည်သာလျှင်ရောက်ရှိနေချိန်ကလေးအတွင်း၌ ပိုင်ဆိုင်သည့်နယ်မြေ။ ထို့နောက် ထူထပ်သောတောကြီးများ။ အဲဒီမှာတော့ သူပုန်တို့ထောင်ထားသော မိုင်းဗုံးတို့နှင့် ပြည့်နှက်နေသည့်တောလမ်းများ၊ လက်နက်မျိုးစုံတို့ ကိုင်စွဲထားကြသည့် သူပုန်များတို့ပုန်းအောင်းစောင့်ကြိုနေသည့်လမ်းဘေးတောစပ်များ ချုံပုတ်များ။ ခြေလှမ်းတချက်မှားလိုက်သည်နှင့် ထိုမိုင်းဗုံးတို့က ပေါက်ကွဲ လိုက်ကြပါလိမ့်မည်။ ထိုအခါ ခြေပြတ် လက်ပြတ် လက်ပြတ်ခေါင်းပြတ်တို့နှင့်အသနလုံးအူသိမ်အူမတို့သည် ပတ်မှန်းကျင်တွင် လွင့်စင်ပြန့်ကျဲသွားပါလိမ့်မည်။ သတိမမူ ပေါ့ဆစွာသွားလိုက်မိသည်နှင့် ထိုချုံများ ဘောစပ်များ





တို့မှကျည်ဆံတို့က ဆုပ်ရှဲပက်လိုက်သလို တဝေါဝေါဖြင့် ထွက်ပေါ်လာကြပါလိမ့်မည်။ ထိုအခါ ထိုတောလမ်းကလေး တဝိုက်သည်သွေးတို့ဖြင့် ချင်းချင်းနီသွားပါလိမ့်မည်။

ထို့ကြောင့် အထမ်းသမားအဖြစ် လိုက်ပါကြရမည့်သူတို့သည် ကြောက်ရွှာကြပါသည်၊ သူတို့ကို အပြစ်မဆိုသာပါ။ ပြီးတော့ ပင်ပန်းသည်ကလည်း အင်မတန်မှ ဖြစ်သည်။ လေးလံလှသော ကျည်ဆံပုံးများ၊ ဓာတ်အားသွင်း စက်များ၊ ဆန်အိတ်များ ရိက္ခာပုံးများတို့ကို တတောဝင် တတောထွက်၊ တခတောင် တက်ဆင်း ထမ်းကြ သယ်ကြရပါမည်။ ထို့ကြောင့် အထမ်းသမားစုသည်ဟု သန့်သန့်မျှကြားလျှင်ပင် နီးရာ ကျေးရွာတို့မှ လူများသည် ပြေးကြသည်၊ပုန်းကြသည်။

တဘက်တွင်လည်း ကျွန်တော်တို့သည် တောတွင်း၌လနှင့်ချီ၍ သွားလာ လှုပ်ရှား ကြရမည်ဖြစ်သည်။ ထို့ကြောင့် လိုအပ်သော ခဲယမ်းမီးကျောက်နှင့် ရိက္ခာအပိုတို့ကို သယ်ကြရပါသည်။ စစ်သားတို့၏ကိုယ်တို့အပေါ်တွင်လည်း နောက်ထပ် တကျပ်သားမျှပင် ထပ်ဆင့်တင်၍မရတော့လောက်အောင်လေးလံလျက်ရှိနေကြပါပြီ။ အဲဒီတော့ အရံရိက္ခာနှင့် ခဲယမ်း မီးကျောက် တို့ကို သယ်ယူဘို့အထမ်းသမားများ မရလျှင်မဖြစ်။

အကြမ်းအားဖြင့် တပ်ခွဲနှစ်ခွဲ ပါရှိသော ၆ာ် ကြောင်း တကြောင်းသည် သယ်ယူရမည့် ရိက္ခာပစ္စည်းတို့က များပြားလှသည်။ တပ်သားတွေကိုယ်တိုင် သယ်နိုင်သ၍ သယ်ယူပြီးသည့်နောက်၊ ကျန်ရှိသည့် ပစ္စည်းတို့ကို သယ်ဆောင်ဘို့က အနည်းဆုံး အထမ်းသမားနှစ်ရာခန့် လိုလာသည်။ တဖန် ထိုအထမ်းသမားနှစ်ရာတို့အတွက် ရိက္ခာကလိုလာပြန်သည်။ထိုသပ်မံလိုလာသော ရိက္ခာကိုသယ်ဘို့ နောက်ထပ် အထမ်းသမား။ သို့ဖြင့် အထမ်း



www.burmeseclassic.com

www.burmeseclassic.com



သမားအတွက်ရိက္ခာ၊ ရိက္ခာအတွက်အထမ်းသမား၊ ဂျာခအား သူ အမေရိက်သည့်နှယ် လိုသည့်ဦးရေက မဆုံးနိုင်တော့။ သို့ရာတွင် အကြမ်းဖျင်းအားဖြင့်နှစ်ရာကျော်ကျော်လိုသည်ဆိုသည်ကိုတော့ တွက်လို့ရသည်။ ထိုမျှမှမရလျှင် တော့မဖြစ်။ ထိုသို့သော စစ်ကြောင်းခေတ္တကလည်း မနဲလှ။

ထိုမျှများပြားသော အထမ်းသမားတို့ကို ဘယ်က ရပါမည်လဲ။ တနေ့လျှင် သုံးကျပ် ပေးမည် ဖြစ်သည်။ သို့ရာတွင်ဘယ်ခလောက်ကြီးပေးပေးခေါ်၍မရပါ။ ကိုယ့်အလုပ်နှင့်ကိုယ် ဖြစ်ကြသည်ကတကြောင်း၊တလနှစ်လ တခါတရံသုံးလေးလ တောထဲသို့မလိုက်လိုကြ။ အိမ်နှင့်မခွဲလိုကြ။ ထို့ပြင် များစွာ ပင်ပန်းရပါမည်။ ပြီးတော့ မိုင်းဗုံးကိုနင်းမိမှာလား၊ ခြုံခိုအပစ်ခံရမှာလား တိုက်ပွဲတွင် မတော်တဆ ထိခိုက်ဒါဏ်ရာရမှာသား၊ ကြောက်ကြသည်။

ထို့ကြောင့် အာပေါက်အောင် တရားခေတ္တဟော သော်လည်း လိုက်မည့်သူမသွက်လာ၊ ပိုက်ဆံတွေပုံ၍ ပေးသော်လည်း လိုက်မည့်သူကမရှိ။ အနုနည်းဖြင့်တော့ ဘယ်လိုမှမရ။

နောက်ဆုံးတွင် အင်မတန်မှ စက်ဆုတ်ဘွယ်ကောင်းလှသည့် "ချောဆွဲ"ခြင်းကို မလွှဲမရှောင်သာသဖြင့် ပြုလုပ်ကြရပါသည်။ စစ်ဆင်ရေးသည်သာအဓိက၊ စစ်ဆင်ရေးအောင်မြင်ပါမှ ဤနယ်မြေအေးချမ်းမည်၊ ဤနယ်မြေအေးချမ်းပါမှ ဤနယ်သူ နယ်သားတွေသည် ယခုတွေကြုံနေကြရသည့် နေကောင်းခြင်းမနေရ၊ စားကောင်းခြင်းမစားရ၊ဆိုသည့်ဝဋ္ဋ အပေါင်းတို့မှလွတ်မြောက်ကြပါမည်။ ဆက်ကြေးပေးရခြင်းဒုက္ခ၊ ချောဆွဲခံရခြင်းဒုက္ခဘို့မှ ကင်းလွတ်ကြပါမည်။ လိုလား တောင့်တနေကြသည့် ထာဝရငြိမ်းချမ်းမှုကိုရကြပါလိမ့်မည်။ ထို့ကြောင့် ယခုကဲ့သို့ ချောဆွဲရ





ခြင်းသည် စင်စစ်တော့ ထိုလူတို့အတွက်ပင် ဖြစ်သည်။ အဲသည်လိုဘဲ မျက်စေ့မှိတ်၍ ဖြေလိုက်ကြရပါသည်။

အမှန်တော့လဲ သည်အတိုင်းပင်ဖြစ်သည်။ထိုသို့ပြုလုပ်ရသဖြင့် ပြုလုပ်ရသူ ကျွန်တော်တို့၏ စိတ်တွင် အင်မတန်မှ မချမ်းမသာဖြစ်ကြရသည်။ စက်ဆုတ်ခြင်းဖြစ်ကြရသည်။ တပ်သားကလေးမှ အစ ဗိုလ်မှူးကြီးတွေ၊ဗိုလ်မှူးချုပ်တွေအဆုံး ထိုကိစ္စနှင့်ပတ်သက်၍ မည်သူမှ စိတ်တွင်မထိခိုက်သူမရှိ၊ သူတို့သည်လည်း နှလုံးသားနှင့်လူခတ္တသာဖြစ်ကြပါသည်။ အခြားနည်းလမ်းကို ထိုစဉ်က ထိုအခြေအနေတွင်မည်သို့မျှရှာဖွေမတွေ့ရှိ၍သဖြင့်သာ အသဲတို့ကိုမာခဲ့ကြရသည်။

မည်သို့ပင်ဖြစ်စေ၊ ထိုစဉ်က၊၁၉၅၆ခုနှစ်။

ယခုနှသထုံခရိုင်သည် ထို ၁၉၅၆ခုနှစ် အခြေအနေနှင့် မနှိုင်းယှဉ်သာလောက်အောင် အေးချမ်း သာယာလျက် ရှိနေပါပြီ။ ထိုသို့ဖြစ်ပါက ထိုချောဆွဲခံခဲ့ကြရရှာသော ရဲဘော်ကြီးတွေ၏ ကျေးဇူးနှင့် သူတို့၏စွန့်လွှတ်မှုတို့ကို ကျွန်တော်တို့သည် မမေ့အပ်အသိအမှတ်မပြု၍မဖြစ်။

ဗိုလ်မှူးဂုမ်ရှိန်နှင့် ကျွန်တော်တို့သည် မီးရထား လမ်းပေါ်မှ ရပ်၍ ကြည့်နေကြသည်။ တပ်တို့သည် ထိုအနီးရှိရွာကလေးကို တိတ်တဆိတ် အလစ်တွင်ဝိုင်းလိုက်ကြသည်။ ထို့နောက်သန်စွမ်းသောလူရွယ်လူလတ်ဟူသမျှတို့ကိုခေါ်ထုတ်လာကြသည်။ အချို့တို့မှာ အင်္ကျီမပါ ဘလာလုံးတီး၊ လုံချည်စုတ်ကလေးနှင့်သာဖြစ်ကြသည်။

ရွာထဲမှာတော့ အော်သံ၊ ခေါ်သံ၊ ငိုသံတို့ဖြင့် ပွက်လောရိုက်နေပါပြီ။ မကြာမီ မိန်းမသားတို့သည် အထုတ်ကလေးတို့ကိုဆွဲသူကဆွဲ၊ ရွက်သူကရွက် လိုက်လာကြသည်။ ကျွန်တော်တို့ စုရုံး



www.burmeseclassic.com

www.burmeseclassic.com



ထားသောသူတို့၏ လင်သားမောင်ဖွားတို့ကို မရဲတရဲဖြင့် ရှာဖွေကြသည်။ တွေ့လျှင် ထိုအထုတ်ကလေးတို့ကိုပေးကြသည်။အချို့က မျက်ရည်တွေ တပေါက်ပေါက်ဖြင့်၊ ယောကျ်ားဖြစ်သူကလည်း တတွတ်တွတ်မှာနေရှာသည်။

"မွေးခါနီးရင်အမေ့အိမ်ပြောင်းနေကြားလား"

"အေးပါတော်၊ ကျုပ်အတွက်စိတ်ချသာသွားစမ်းပါ၊တော်သာ...."ကိုယ်ဝန်အရင့်အမာကြီးနှင့်ဇနီးက မျက်ရည်တစမ်းစမ်းဖြင့် ပြန်၍ပြောသည်။

"တော့်ကွမ်းအစ်လဲထဲ့ပေးလိုက်တယ်"

နောက်တယောက်က တဘက်စုတ် ကလေးဖြင့် မျက်နှာမှ ချွေးတို့ကို သုတ်လိုက်ရင်းပြောသည်။ ထိုယောကျ်ားက ဘာမှ ပြန်၍မပြော။မိခင်၏ပခုံးကိုကိုင်ကာ ရပ်နေသော သားငယ်ကိုသာ စိုက်ကြည့်နေသည်။

တစုံတွဲကတော့ ယောကျ်ားက ဇနီးသည်ကို အားပေးနေသည်။ လက်ထပ်ပြီးစ ဇနီးမောင်နှံဖြစ်ဟန်တူသည်။

"ခဏဘဲကွယ်၊ အလွန်ဆုံးတလပေါ့"

ဇနီးသည်ကလေးက မျက်စောင်း ကလေးတချက်ကို ပစ်ခါထိုးလိုက်သည်။

"ဘယ်ခဏနမှာလဲ၊ ဟိုအရှေ့ရွာက ကိုဘဖြိုးတို့ဆို သုံးလတောင်ကြာခဲ့တာ"

"အေးလေ၊ ဘာဖြစ်ဖြစ် ခဏပေါ့"

ကျွန်တော့်အနီးတွင်ရှိနေသော ဗိုလ်မှူးကြီးဂွမ်ရှိန်သည်မျက်စေ့ မျက်နှာမကောင်းရှာတော့။ ကျွန်တော်ကိုယ်၌လည်းမကြည့်ချင်မမြင်ရက်၊ ရဲဘော်တွေမှာလည်း သေနတ်ကြီးတွေ တကားကားဖြင့်သာ အနားတွင်ရပ်နေကြရသည် သူတို့သည်လည်း မျက်





နှာတွေပျက်နေကြသည်။ လူတိုင်းလူတိုင်း၏ စိတ်တွင်း၌ ထိခိုက်လျက်ရှိနေကြသည်၊

"မတတ်သာလို့သာ....တပ်မင်း...."

ဗိုလ်မှူးကြီးဂွမ်ရှိန်က ကျွန်တော့်ကို ပြောသလိုဖြင့် သူ့ကိုသူ ဖြေနေရဟန်တူပါသည်၊

ကျွန်တော်ကကော သာပြောရပါမည်လဲ။ ပြောစရာမရှိတော့ဘူးလား၊ သူ့ကိုအဖြေပေးစရာ မရှိတော့ဘူးလား။

ရှိပါသည်။ ပြောလိုက်ချင်လှပါသည်။ အဲဒါတရားခံက.... ပြည်တွင်းစစ်ပေါ့။ဗိုလ်မှူးရယ်....ပြည်တွင်းစစ်၊

လွတ်လပ်ရေးရပြီးကြခါမှ ဝါဒအစွဲတွေပွိုင်ကြ။ သူကသာသည် ငါကနာသည်ဖြစ်ကြ၊ အမေကျော်ဒွေးတော် လွှမ်းလိုက်ကြ၊ ပြီးတော့ လက်နက်ကလေးတွေကလဲ အဆင်သင့်ရှိနေကြတော့ ဟိုကစီကနဲ၊ သည်ကညံကနဲ သူပုန်ထလိုက်ကြ၊ ထတဲ့သူကလဲထ၊ ချတဲ့လူကလဲချ၊ တကြိမ်ကရဲဘော်တွေ၊ အခုတော့ တယောက်မျက်နှာတယောက် မကြည့်ချင်လောက်အောင်ဖြစ်နေကြရတဲ့ ရန်သူ....ရန်သူမှ....အပြတ်အသတ်ရန်သူ။

အဲသည်လိုဖြစ်လာတော့....တာဝန်အရ တရားခံအငှားလိုက်ရသူက....စစ်သား၊ နိုင်ငံရဲအရေးမှုလွဲပြီး နိုင်ငံရေးဆိုလို့ဘာတခုမှ နားမလည်ရှာတဲ့....စစ်သား။

သို့ပေမဲ့ ဒါတွေကိုကျွန်တော်မပြောတော့ပါ၊ပြောလဲမပြောချင်တော့ပါ။ အခုလိုချောဆွဲနေရတဲ့ စက်ဆုတ်ဖွယ် အလုပ်တခုအတွက် လျှောက်လဲချက်တွေကိုလဲ မပေးလိုတော့ပါ။

မီးရထားဆီသို့သာ တလှမ်းချင်းလျှောက်လာခဲ့ပါသည်။

"တပ်မင်း စိတ်မကောင်းဘူး ထင်တယ်"တပ်ရင်းမှူးက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပေါ့ဗျာ၊ဘယ်တတ်နိုင်မလဲ"

"ခဏပါဘပ်မင်း၊ နောက်တပတ်လောက်ဆိုရင် သူတို့နေသားတကျဖြစ်ပြီး ပျော်လာကြမှာပါ၊ အနီးရှိ တပ်ကြပ်ကြီးတယောက်ကဝင်ပြီးဖြေသည်။

ဟုတ်တော့ဟုတ်ပါသည်။ စစ်ဆင်ရေးစလို့ တပတ်လောက်ကြာလာသည်ဆိုလျှင်ပင် ရဲဘော်တွေနှင့်ထိုအထမ်းသမားကြီးတို့သည် သူ့အဖွဲ့နှင့်သူ ပျော်လို့ရှင်လို့ ရှိလာတတ်ကြပါသည်။ ရဲဘော်တွေနှင့် ရင်းနှီးလာကြပြီမို့ ထိုအထမ်းသမားကြီးတွေသည်ရဲဘော်တွေ၏အခက်အခဲတို့ကို သိမြင်လာကြသည်။ရဲဘော်တွေကလည်း ထိုအထမ်းသမားကြီးတွေ၏ ဒုက္ခကိုပိုမို နားလည်လာကြသည်၊ ထိုအခါတဦးကိုတဦး လိုလိုချင်ချင် ကူညီလာကြသည်။

"ရဲဘော်၊ကျောပိုးအိတ်ကြီး ကျုပ်ပေး၊ ရဲဘော်ကသေနတ်တဘက်နဲ့" အထမ်းသမားဦးကြီးက ရဲဘော်ကလေး၏ ကျောပိုးအိတ်ကို ကူသယ်ပေးတတ်သလို၊ ရဲဘော်ကလည်း "အကိုမောပလား၊ပေးကျွန်တော့်ကို အဲဒီဆန်အိတ်၊အာကိုကဒီသေနတ်ကို ခဏကိုင်ခဲ့"ကြင်နာမှုကလေးတွေ သံယောဇဉ် ကလေးတွေအပြန်အလှန် ရှိလာတတ်ကြသည်။ညဘက်တို့တွင် စခန်းချသောအခါတို့၌ရဲဘော်နှင့် ထိုဦးလေးအကိုတို့သည် စောင်ထထည်၏အောက်တွင် ကျောချင်းကပ်အိပ်ကြသည်။

နှစ်လခန့်အကြာ ထိုတပ်သည် လမ်းမကြီးပေါ်သို့ပြန်ရောက်သည်နှင့် အထမ်းသမား ရဲဘော်ကြီးတို့ကို ပြန်ရှုံလွှတ်ကြသည်။ အဲဒီကျတော့လဲ သူတို့ခမြာတွေမှာ တပြုံးပြုံးတရှင်ရှင်၊ ခါးပိုက်ထဲတွင် စုမိဆောင်းမိသည့် ငွေစကလေးတို့က တချင်ချင်။ မပါ





ဘူးဆို....တယောက် တယောက်တွင် နှစ်ရာကျော်ကျော် သိုးရှာနိုးပါး။

ကျွန်တော့်မှာတော့ ကာလဝိဘက်နောက်ပိုးတက်အဖြစ်မျိုးနှင့်ကြုံခဲ့ရပါသည်။ ထိုသို့ ကျွန်တော်၏ တပ်တွေက ဤဒေသတွင် "ချောဆွဲ"နေကြစဉ် ကျွန်တော်၏ ဇာတိဖြစ်သော သာပေါင်းမြို့နယ် ဒည်ကုန်းရွာကလေးမှ ကျွန်တော်၏အကို,ဦးလေးစသူတို့မှာတော့ ထိုဒေသသို့ ရောက်သွားကြသော တပ်တွေ၏ချောဆွဲခြင်းကို အလူးအလဲခံနေကြရပါသည်။ ပုသိမ်မှ စစ်တပ်တွေ အနောက်ရိုးမသို့ တက်တိုင်း တက်တိုင်း ကျွန်တော်ညီအကိုတတွေ၊ ဘကြီးတွေ ဦးလေးတွေမှာလွတ်သည်ဟုမရှိကြ၊ လိုက်ကြရသည်။နောင်သောအခါ ကျွန်တော်ရွာသို့ခေတ္တရောက်သွားတော့....။

"ဆွဲလိုက်တဲ့ချော၊ မပြောပါနဲ့တော့ကွာ။ ဗိုလ်မှူး ဘသူတဲ့၊ အဲ....၊ သူ့တပ်ပေါ့။ ငါ့ဖြင့် ဟောဒီကြည့်စမ်း....၊ ကျွဲပခုံး နွားပခုံးကျနေတာဘဲ။နှစ်လနဲ့ဆယ်ရက်၊ နှစ်လနဲ့ဆယ်ရက်။အနောက်ရိုးမှာ....ကျွန်တော်၏ ယောက်ဖတဦးက သူ့အဖြစ်ကိုပြောပြရင်း သူ့ပခုံးထူလအန်းကြီးကို ကျွန်တော့် မျက်နှာရှေ့သို့ ထိုးချပြသည်။

ကျွန်တော် ပြုံးရမှာလား၊ မဲ့ရမှာပါလား၊ မပြောတတ်တော့ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## မင်းရန်အောင်

ဤစစ်ဆင်ရေးကြီးကို "မင်းရန်အောင်"ဟု အမည်မှည့်ခေါ်ထားသည်။

တပ်မဟာ သုံးခုတို့ ကိုယ့်နယ်မြေနှင့်ကိုယ်ပင်ဖြစ်သော်လည်း တညီးနှင့်တဦးပူးပေါင်းဆောင်ရွက်ကြရမည့်စစ်ဆင်ရေးဖြစ်သည်။

ကျွန်တော်သည် နောက်တန်းတပ်မဟာဌာနချုပ်ရှိရာ ဖားအံမှခန့်ရှင်း၊ ဘိုမဟုတ် ဖါပွန်သို့သွားရာ လမ်းမကြီး၏ အစဖြစ်သော ကမာမောင်းရွာကြီးတွင် ရှေ့တန်းစစ်ဌာနချုပ်ကို ဖွင့်လှစ်၍ရှင်း၊ ဤစစ်ဆင်ရေးကို ဦးစီးနိုင်သည်ဖြစ်သည်။ ထိုနေရာတို့မှနေ၍ ကျင်လည်သော ဂီတပညာရှင်တဦးသည် စန္ဒယားခလုတ်တို့အပေါ်၌ မိမိ၏လက်ဆယ်ချောင်းတို့ကို လိုအပ်သလို လှုပ်ရှား၍ သံစုံတို့ကိုဖြစ်ပေါ်စေသကဲ့သို့....တောတွင်းနေရာ အနှံ့အပြားတို့၌ ရောက်ရှိနေကြမည့် စစ်ကြောင်းကြီးငယ်တို့ကို လိုအပ်သလို အကွက်ဆင် လှုပ်ရှားနိုင်သည်ဖြစ်ပါသည်။

သို့ရာတွင် ဤနယ်မြေသည် ကျွန်တော့်အဖို့ အသစ်ဖြစ်သည်။ ကိုယ်လှုပ်ရှားရမည့်ဒေသကို တတ်နိုင်သ၍ ကျွမ်းကျင်ဘို့သိုအပ်သည်၊ တတ်နိုင်သ၍ ကိုယ်တိုင်ကိုယ်ကျရောက်ရှိထား သင့်သည်။ ထို့ပြင် အရေးကြီးသောစစ်ကြောင်းတို့နှင့် မပြတ် ထိတွေ့နေပြီး ရုတ်တရက်ပေါ်ပေါက်လာသည့်အခြေအနေတို့ကို မျက်မြင်ကိုယ်တွေ့ သုံးသပ်ပြီး အဆုံးအဖြတ်ပေးလိုပါသည်။ ထို့ကြောင့်အနံ့ဆုံး စစ်ဆင်ရေး၏ ပဌမပိုင်းတွင် စစ်ကြောင်းတို့နှင့် တပါတည်း လိုက်ပါရန်ဆုံးဖြတ်ခဲ့ပါသည်။

စစ်ဆင်ရေး စတင်သည့် "စ" ရက်တွင် စစ်ကြောင်းတို့သည်





တချိန်တည်း၌ လှုပ်ရှားလိုက်ကြသည်။ ကြိုတင် သတ်မှတ်ပေးထားသောရည်မှန်းချက်တို့သို့ ဦးတည်ချီတက်ကြသည်။

ကျွန်တော်သည် ဗိုလ်မှူးကြီး ထင်ကျော်၏ စစ်ကြောင်းနှင့် အတူလိုက်ပါခဲ့သည်။

အရှေ့ဘက် မိုးကုတ်စက်ဝိုင်းဆီမှ တဖြေးဖြေးခြင်း ခေါင်းပြူလာသည့် နေရောင်ခြည်ဖြူဖြူ၏အလင်းရောင်တွင် ဝိုးတဝါး မြင်တွေ့လိုက်ရသည့် ထိုစစ်ကြောင်းကြီးသည် ရွာထိပ်မှ နေ၍ ဆန့်ထွက်လာသည်။ တွင်းပေါက်ဝမှလျှောထွက်လာနေသည့် မြွေကြီးတကောင်လိုလူးကာလွန့်ကာ ရှည်၍ရှည်၍ထွက်လာခဲ့သည်။

ရဲဘော်တွေသည် သေနတ်တွေ၊ စိန်ပြောင်းတွေ၊ လက်ပစ်ဗုံးတွေ၊ ကျည်ဆံတွေ၊ ဂေါ်ပြားတွေ၊ ပေါက်ပြားတွေ၊ ရေဘူးတွေ၊ ကျောပိုးအိတ်တွေ၊ ဘေးလွယ်အိတ်တွေ၊ ကျည်ဆံ အပိုတွေ၊ ရိက္ခာအပိုတွေ....၊ များပြားလေးလံလှသည့် ပစ္စည်းတို့ဖြင့် ပိနေကြသည်။ တဦး တဦးသယ်ပိုးထားကြရသည့်ပေါင်ချိန်က ငါးဆယ်ထက်မနဲ၊ ထိုအလေးချိန်ဖြင့် ပိနေသည့်အကြားမှ တလှမ်းချင်း တရွေ့ရွေ့လှုပ်ရှားသွားလာနေကြရသည်။

ဖြစ်နိုင်မယ်များဆိုရင်ဖြင့် ထိုအလေးချိန်တို့ကို ဆွဲယူနုတ်ပစ်လိုက်လိုလှပါသည်။ ယနေ့ ကျွန်တော်တို့ လူမျိုးသည် ဖျှမ်းမျှအားဖြင့် အနည်းငယ် အရပ်ပုကြပါသေးသည်။ ထိုပုသောသူကို ရိုင်ဖယ်အရှည်ကြီးများ၊ အလေးကြီးများ၊ ကြီးမားသောအထုပ်အပိုးကြီးများတို့ဖြင့် တပ်ဆင် ပေးလိုက်သော အခါတွင် သူ၏လှုပ်ရှားမှုသည် များစွာမှ ခက်ခဲကျဉ်းကြပ်သွားမည် ဖြစ်သည်မှာ မုချဖြစ်သည်။ ရန်သူနှင့်ရင်ဆိုင်တွေ့၍ မြောက်ကြ ပစ်ကြတွားတက်ကြရသောအခါတို့တွင် သူ၏ပေါ့ပါး လျှင်မြန်မှုသည် ရာခိုင်နှုန်းများစွာမှ နိမ့်ကျသွားမည်မှာ မလွဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မဟာတ်နိုင်။ ကျွန်တော်တို့ဘွင်ရှိသည်က ဤလက်နက် ဤပစ္စည်းတို့သာဖြစ်ကြသည်။ ရက်ပေါင်းများစွာ တောတွင်း၌ ချီတက်ကြရမည်ဖြစ်သဖြင့် ဒီကျည်ဆံထိုရိက္ခာ ဆိုပစ္စည်းတို့ကို မသယ်၍လည်းမဖြစ်။ တာတ်နိုင်လှိုများ ဟယ်လီကော့ပတာစင်းရေများများနှင့် လိုသည်တို့ကို နောက်ပိုင်းမှနေ၍ လိုက်လံပို့ ပေးနိုင်မည်ဆိုချင်ဖြင့် ဒါမှ ဟုတ်နင်လဲ စတင်ချီတက်သည်ဟု ဆိုကတဲ့က ထိုဘပ်တို့ကို လိုရာတောတွင်းဒေသတို့သို့ ဟိုဟယ်လီကော့ပတာတို့ဖြင့် တိုက်ရိုက်ပို့ဆောင် ပေးနိုင်မည်ဆိုချင်ဖြင့်....။

ကျွန်တော်၏ အတွေးများ မဆုံးမှီမှာပင် အထမ်းသမားရဲဘော်ကြီးတွေကို လှမ်းမြင်လိုက်ရသည်။ သူတို့မှာလည်း ဆန်အိတ်ပိုင်းများ၊ ရိက္ခာပုံးများ၊ကျည်ဆံသေတ္တာများတို့၏အခလေးချိန်အောက်တွင် တလှုပ်လှုပ်ဖြင့်သာ ရွေ့လျားနေနိုင်ကြသည်။

ရှည်လှပါသည်။ လှူအတန်းကြီးက ရှည်လှပါသည်။ ရန်သူအင်အားကောင်းကောင်း၏ မိမိချ၍ ချုံခို တိုက်ခိုက်ခြင်းကိုသာ အလစ်တွင် ခံလိုက်ရပါက၊ မစဉ်းစားရဲအောင်ဖြစ်သွားမိရသည်။

သို့ရာတွင် ဤအခြေအနေသည် ကျွန်တော်တို့ အဖွဲ့ အတွက် အဆန်းမဟုတ်တော့ပါ။ စစ်ဆင်ရေးပေ့....ဟုဆိုလိုက်တိုင်းလိုလိုတဲ့တဲ့ကြီး ရင်ဆိုင်လိုက်ကြရသည့် အခြေအနေပင်ဖြစ်သည်။ တပ်မှူးဘဝယောက်အနေဖြင့်လည်း ဖြစ်ခါမှဖြစ်စေတော့ မလွှဲမရှောင်သာသည့် အခြေအနေမျိုးပင်ဖြစ်သည်။

သို့ဖြင့် ကျွန်တော်တို့သည် သတိကြီးစွာထား၍ ခြေတဖဝါးစာခန့်မျှသာရှိသော တောတွင်းလမ်းကလေးအဘုင်း တရွေ့ရွေ့ဖြင့် ချီတက်ခဲ့ကြသည်။

ကျွန်တော့်ခေါင်းထဲ၌မူ ဤစစ်ကြောင်းကဲ့သို့ပင် စတင်လှုပ်ရှားနေကြမည့် အခြားအခြားသော စစ်ကြောင်းတို့အကြောင်း





ကို သတိရစဉ်းစားနေမိရသည်။ သတ်မှတ်ပေးထားသောအချိန်တိုင်း ထွက်နိုင်ကြပါ့မလား၊ ထွက်ခါနီးကာမှ ပြဿနာသစ်တွေကိုများ ထပ်မံတွေ့ရှိနေကြသေးသလား။ လမ်းခရီးမှာရန်သူနှင့်များတွေ့နေမှာလား၊ ရည်မှန်းချက်သို့ မရောက်ခင်မှာတော့ မတွေ့စေလိုသေးပါ။ ပြီးတော့ ရည်မှန်းချက်ကို ပေးထားသောအချိန်တွင် တိတိကျကျဆုက်နိုင်ပါ့မလား။

မိမိတပ်များအကြောင်းမှရန်သူ၏အကြောင်းသို့စိတ်ကရောက်သွားချပြန်သည်။ ဗိုလ်စိုးဘယ်မှာလဲ။ ဗိုလ်လင်းထင်ကော ဘယ်မှာရောက်နေသလဲ။ ဗိုလ်မြ၊ သူ့ကိုလဲ မေ့ထားလို့မရ။ ထို့ပြင် ဗိုလ်မင်းမောင်(ကျဆုံး)၊ကောဘာဆာ(အလင်းဝင်)၊မန်းသာမြိုင်(ခေါ် )မန်းရှမ်းဖခလေး (ယခင် ဘော်လှန်ရေးကောင်စီဝင် အစရှိသော ကေအင်ဒီအိုခေါင်းဆောင်တွေကော....။ သူတို့ရှိနေကြသည်ဟုဆိုသောအချပ်တို့မှာဘဲ ရှိနေကြအုံးမလား၊ ရွှေ့ပြောင်းသွားကြပြီလား။

တကယ်တော့ ရန်သူသည်ကျွန်တော်တို့စတင်ချီတက်လာပြီဆိုသည်ကို ယခုလောက်ဆိုပါက သိရှိနေကြပြီဖြစ်ပါလိမ့်မည်။ တပ်သစ်တွေဤနယ်မြေအတွင်းသို့ရောက်ရှိလာကြသည်၊ ပြီးတော့ အထမ်းသမားတို့ကိုစုသည်ဆိုကတဲ့က စစ်ဆင်ရေးလာတော့မည်ဆိုသည်ကို ခန့်မှန်းပြီး ဖြစ်ကြပါလိမ့်မည်။ ကျွန်တော်တို့အနေဖြင့်ကလည်း ထိုလှုပ်ရှားမှုတို့ကို ဖုံးကွယ်၍မရ။

သို့ရာတွင်ကျွန်တော်တို့ဖုံးကွယ်ထားနိုင်သည်တို့ကတော့ ရှိကြပါးသေးသည်။ အဲဒါတွေက....ထိုစစ်ဆင်ရေး၏ ရည်ရွယ်ချက်၊ ထိုစစ်ဆင်ရေး စတင်မည့်နေ့ရက်၊ ထိုစစ်ဆင်ရေး၏ တိုက်ခိုက်ပုံ တိုက်ခိုက်နည်း၊ စစ်ကြောင်းတို့၏ရည်မှန်းချက်များ၊ ထိုစစ်ဆင်ရေး၏ ကြာမြင့်မည့်အချိန်ကာလ စသည်တို့ဖြစ်ကြသည်။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ရှက်ချက်တွေအပေါ်၌သာလျှင် ကျွန်တော်တို့ အားထားကြရသည် ဖြစ်ပါသည်။

သတ်မှတ်ပေးထားသည့်နေ့ရက်မှာပင် ကျွန်တော်၏ပဌမဆုံးရည်မှန်းချက်ဖြစ်သည့်"ဂူဝ"ကို ဗိုလ်မှူးကြီးဂွမ်ရှိန်၏ တပ်ရင်း(၁၀၇)က ရန်သူ၏အနည်းငယ်မျှသောခုခံမှုကိုဖယ်ရှားလိုက်ပြီး အလွယ်တကူပင်သိမ်းပိုက်နိုင်ခဲ့ပါသည်။

ဂူဝ ဆိုသည်မှာ ကျောက်တောင်တခု၏ ဂူပေါက်ဝတခုကို အစွဲပြုပြီး ခေါ်ဝေါ်ထားသော တောတွင်းတနေရာ ဖြစ်သည်။ ထိုနေရာသည် အကြမ်းဖျင်းအားဖြင့်သထုံခရိုင်ဘီးလင်း၊ ဝဲကာလိနှင့် ဖားအံခရိုင်၏ ကမဝ်မောင်းတို့အကြားတွင် တည်ရှိသည်။ တောနက်သည်၊ သွားရေးလာရေး ခက်ခဲသည်။ ထို့ကြောင့် သူပုန်တို့အဖို့ အစိုးရတပ်တို့မှ လုံခြုံမှု အသင့်အတင့်ရှိသည်။ ထို့ကြောင့် ကေအင်ဒီအိုတပ်မှူး ဗိုလ်စိုး၏ ဌာနချုပ်တနေရာ ဖြစ်သည်။

တပ်ရင်း(၁၀၇)မှ ဂူဝကိုသိမ်းပိုက်လိုက်ချိန်တွင် ဗိုလ်မှူးကြီးထင်ကျော်၏ တပ်ရင်း(၁၀၅)က ထိုဒေသ၏ အရှေဘက်မြေမ်းမှ ပိတ်ဆို့ထားပြီးဖြစ်သည်။ ကျွန်တော်၏ ရှေ့တန်းဌာနချုပ်ကတော့ မြစ်ကျိုးရွာကလေး။ ကျွန်တော်၏ဌာနချုပ်ဆိုရာ၌ တပ်မဟာ ထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးအေးဖေ(ယခု ဒုဗိုလ်မှူးကြီး၊ လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့)နှင့်အဖွဲ့၊ ဝိုင်ယာလက်စက်၊ ပြီးတော့ တပ်ကြပ်ကြီး အုံးကြိုင်ခေါင်းဆောင်သော လက်ရွေးစင်တပ်စိပ်တစိပ်တို့သာဖြစ်ကြသည်။

မြစ်ကျိုးရွာကလေးသည် ဂူဝနှင့် မျှားစွာမဝေးလှ။ စေတီတဆူရှိသည်။ ဗိုလ်စိုး တည်ထားကိုးကွယ်သောစေတီဟုပြောကြသည်။ဒေသခံလူအချို့ကမူ ဗိုလ်စိုး တိုက်ခိုက်ရရှိထားသမျှပစ္စည်း





ဥစ္စာ ရွှေငွေရတနာများတို့ကို ထိုစေတီတော်၏အောက်၌ မြှုပ်နှံထားသည်ဟုပင်ဆိုကြသည်။ သို့ရာတွင် ကျွန်တော်တို့တွင် ထိုပစ္စည်းတို့ကိုရှာဖွေတူးဖော်ရန် အချိန်မရရှိခဲ့ကြ။

စစ်ဆင်ရေး စပြီဟုဆိုသည်နှင့် မျက်စေ့ နှား ဦးနှောက်တို့ကို အချိန်အနည်းငယ်မျှပင် အခြားတပါးသို့ အာရုံမစိုက်နိုင်ကြတော့။

စက္ကန့်တိုင်းသည် အရေးကြီးလာခဲ့ပါပြီ။

* * *

## မြိုင်တောဆီက

ဂူဝကိုသိမ်းပိုက်ပြီး နာရီပိုင်း အတွင်းမှာပင် ကျွန်တော်ရောက်ရှိသွားသည်။

သူပုန်တို့၏ နေရာထိုင်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး သူတို့ဘယ်လိုနေခဲ့ စားခဲ့ကြသည် စသည်တို့ကို ခန့်မှန်းအကဲခပ်ကြသည်။ ပြီးတော့ ဗိုလ်မှူးကြီးဂွမ်ရှိန်၊ ဗိုလ်မှူးကြီး ထင်ကျော်၊ ကျွန်တော်နှင့် အရာရှိ အကြပ်တပ်သားအချို့တို့ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ပွဲဦးထွက်တွင် ရည်မှန်းချက်တခုကို အောင်မြင်လိုက်သဖြင့် ရဲဘော်တွေသည် စိတ်ဓာတ်တက်ကြွနေကြပါသည်၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။

ကျွန်တော်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်မိရပါသည်။ သို့ရာတွင် ရန်သူကိုမရရှိလိုက်သဖြင့် အခက်အခဲတခုနှင့်ရင်ဆိုင်လိုက်ရသကဲ့သို့ ရှိသွားရသည်။ အကယ်၍ ရရှိခဲ့သည့်သတင်းအတိုင်းသာ ရန်သူသည် ဤနေရာတွင်ရှိနေကြပြီး ကျွန်တော်တို့နှင့်တွေ့ဆုံတိုက်ပွဲဖြစ်လိုက်ရသည်ဆိုပါက သူတို့အချို့အဝက်ကိုဖမ်း



www.burmeseclassic.com

www.burmeseclassic.com



မိသိုက်ကြပါမည်။ ယခုတော့ သူတို့သည် ကြိုတင်ရှောင်တိမ်း သွားကြပါပြီ။

သို့ရာတွင် ကိစ္စမရှိပါ။ ထိုသို့ ရှောင်တိမ်းသွားကြလိမ့်မည်ဆိုသည်ကိုလည်း ကျွန်တော်တို့သည် ကြိုတင်တွက်ဆပြီးဖြစ်သည်။ မည့်သည့်ဒေသသို့ သွားရောက် ခိုနားကြမည် ဆိုသည်ကိုပင် ကျွန်တော်တို့သိပါသည်။

မဲနသာဆယ့်နှစ်ရွာ။ ထိုအရပ်သို့ သူတို့ရောက်ရှိနေကြပါပြီ။

မဲနသာ ဆယ့်နှစ်ရွာဆိုသည်မှာ ဂူဝ၏အနောက်ဘက်၊ ဘီးလင်းချောင်းအနီး မလှမ်းမကမ်းတွင်ရှိသော ရွာကလေးများဖြစ်ကြသည်။ ထိုနေရာသည် တောခေါင်သည်။ သို့ရာတွင် တဲစုကလေးတို့က အဆက်မပြတ်လှ။ ရိက္ခာရနိုင်သည့် နေရာမျိုး။ ခိုအောင်း၍ကောင်းသည့်နေရာမျိုး။

ထိုဒေသသို့ ချက်ခြင်းပင် စစ်ကြောင်းနှစ်ကြောင်းတို့ကိုစေလွှတ်ပြီး မွှေနှောက်စေလိုက်သည်။

ထိုသို့မွှေနှောက်လိုက်ခြင်းဖြင့် ရန်သူသည်ပုန်းအောင်းနေကြရာမှမုချပေါ်ထွက်လာကြရမည်ဖြစ်သည်။မြော်လင့်သည့်အတိုင်းပင် တိကျသောသတင်းတို့ကိုရရှိသည် ထိုရန်သူအား ဟိုမှာသည်မှာ တွေ့လာရသည်၊ တိုက်ပွဲကလေးတို့ကို ဖော်ထုတ်လာနိုင်ကြသည်။တိုက်ပွဲတပွဲ၌မူ သူပုန်ခေါင်းဆောင်ဗိုလ်စိုးပုန်းအောင်းနေရာ တဲစုကလေးကိုပင် ဝိုင်းမိခဲ့ကြသည်။သို့ရာတွင် အချိန်တာနေဝင်ရီတရော ဖြစ်နေသဖြင့် ထိုပုဂ္ဂိုလ်သည် အမှောင်ထုကိုခိုပြီး လွတ်မြောက်သွားခဲ့သည်။ ထို့ကြောင့် ဗိုလ်မှူးကြီးဂွမ်ရှိန်နှင့် ကျွန်တော်တို့မှာ အမှတ်တရအဖြစ် ဗိုလ်စိုး၏နိုင်လွန်ခြင်ထောင်၊ မှန်ဘီလူး၊ မြေပုံစာရွက်၊ စာရွက်စာတမ်းများ အစရှိသည်တို့ဖြင့်သာနှစ်သိမ့်လိုက်ကြရပါသည်။





ဗိုလ်မှူးကြီးဂွမ်ရှိန်နှင့် သူ၏စစ်ကြောင်းဘိုကို ထိုဒေသတွင်ထားခဲ့ပြီး ဗိုလ်မှူးကြီးထင်ကျော်၏စစ်ကြောင်းတို့နှင့်ဆက်လက်လိုက်ပါခဲ့သည်။ ဖှာပွန်၏အရှေ့တောင်ဘက်တွင်ရှိ မဲဝိုင်ရွာကြီးကို သိမ်းပိုက်တပ်စွဲလိုက်ကြသည်။

မဲထာတွင်းသို့ ဝင်ခဲ့သည်မှာ ရက်သတ္တ နှစ်ပတ်ခန့်ရှိခဲ့ပါပြီ၊ လူအားဖြင့် သယ်ယူလာခဲ့ကြသော ရိက္ခာတို့သည်လည်း ကုန်ပါတော့မည်။ ထို့ကြောင့် ထပ်မံဖြည့်တင်းရန် လိုအပ်လာခဲ့သည်။

မဲဝိုင်၏အနီးတဝိုက်တွင် မြေပြန့်ရှိသည်၊ မြေပြင်အမှတ် အသားလည်း ကောင်းသည်ဖြစ်သဖြင့် ဤအရပ်၌ပင် လေကြောင်းမှလာရောက်ချပေးမည့် ရိက္ခာတို့ကို လက်ခံရန် ဆုံးဖြတ်လိုက်ပါသည်။

သတ်မှတ်ထားသောနေ့၊ သတ်မှတ်ထားသော အချိန်တွင် လေတပ်မတော်မှ ဒါကိုတာ လေယာဉ်ပျံတွေသည် တစင်းပြီးတစင်း ကျွန်တော်တို့၏ ခေါင်းပေါ်သို့ရောက်ရှိလာကြပြီး ဝဲနေကြသည်။

သူတို့ကို မော့ကြည့်ပြီး ကျွန်တော်တို့မှာ ရင်တွင်း၌ခံစားမှုမျိုးစုံတို့ဖြင့်အပြည့်။ သူတို့သည် ရန်ကုန်မှ လာကြသည်ဖြစ်သဖြင့် ရန်ကုန်သတင်းတွေကို မေးလိုက်ချင်လှပါသည်။ သူတို့သည်ကျွန်တော်တို့၏ အိမ်ထောင်သည်များရှိရာ အရပ်သို့ပြန်ကြမည် ဖြစ်သဖြင့် မှာလိုက်ကြားလိုက်ချင်လှပါသည်။ ပြောလိုက်ပါဗျာ၊ ကျွန်တော်တို့အားလုံး ဘေးမသီရန်မခလဲရှိနေကြပါတယ်....လို့။ ဘယ်တွေရောက်နေကြသလဲလို့ မေးကြရင်တော့....၊ ခင်ဗျားတို့မြင်တဲ့အတိုင်းဘဲပေါ့၊ အင်မတန်မှ ခေါင်လှပါတဲ့ တောကြီးမျက်မည်းထဲမှာပေါ့။

လေယာဉ်ကြီးတွေသည် တစင်းပြီးတစင်း အလှည့်ကျနိမ့်နိမ့်

www.burmeseclassic.com



ကလေးဆင်းလာကြပြီး အချက်ပြထားသည့်ကွင်းထဲသို့ ပစ္စည်းထုပ်ပိုးကို ပစ်ချပေးခဲ့ကြသည်။ ဘေးပေါက်တို့မှ တွန်းချလိုက်သည့် အထုပ်တို့က ကျလာကြပါလိမ့်မည် ဒလိမ့်ခေါက်ကွေး၊ အောက်မှ စောင့်နေသည့်ရဲဘော်တွေကတော့တပျော်တပါးကြီး ပြေးလိုက်ရှောင်လိုက်ကြ။ဗုံးဆံအချို့နှင့် ကွဲရှဘတ်သည့်ပစ္စည်းတွေကိုမူလေထီးတွေဖြင့်ချပေးသည်မို့ကြည့်လို့ကောင်းလိုက်သည်မှ၊ ကျလာလိုက်ကြသည်က တအိအိတဝဲဝဲ။

နောက်ဆုံး၊ ထိုလေယာဉ်ကြီးတွေက လက်ပြနှုတ်ဆက်ပြီး အနောက် ယွန်းယွန်းဆီသို့ ပျံသွားကြတော့ အောက်တွင် ကျန်ရစ်ခဲ့သည့် ကျွန်တော်တို့မှာ ရင်တွင်း၌ ဟာတာတာကြီးတွေ ဖြစ်ခါကျန်ခဲ့ကြရပါသည်၊

သို့ပေမဲ့ ကြာကြာကြီးတော့ တွေးမနေနိုင်ကြ၊ ဧေးမနေနိုင်ကြ၊ လေယာဉ်တို့မှ ချပေးခဲ့သည့် ပစ္စည်းတို့ကို ကမန်းကရာ လိုက်လံကောက်ကြရသည်။ သို့မဟုတ်ပါက ရန်သူကအနီးအနားမှာများရှိနေလို့ လေယာဉ်ပျံတွေကိုမြင်လိုက်လို့လာပြီးမစ်ကြခတ်ကြ အနောက်အရှက်ပိုကြရင်ဖြင့် ကသိကအောက် ဖြစ်ကြရပါအုံးမည်။

အရုံအစေ့ ရပြီးကြတော့ တပ်များအလိုက် ခွဲဝေပေးရမြန်သည်။ အကယ်၍သာ ကျွန်တော်တို့သည် အင်အားနဲ့သည် ဖြစ်ပါက ထိုရိက္ခာတို့ကိုရလျှင်ရခြင်း ရန်သူတို့ရောက်မလာမီ ထိုနေရာမှ အမြန်ဆုံးထွက်ခွါကြရမည်ဖြစ်သည်။ ယခုတော့ကျွန်တော်တွင် စစ်ကြောင်း တကြောင်းလုံးရှိနေပါသည်။ ပူးရာမလိုပါ။ ရန်သူကလာရောက် တိုက်ရိုက်မည်ဆိုလျှင်ပင် ဝမ်းမြောက် ဝမ်းသာ ကြိုဆိုမည်ဖြစ်ပါသည်။

ထိုနေ့ကဖြင့် ရဲဘော်တွေမှာ ထမင်းမေ့ဟင်းမေ့ ဖြစ်ကြရရှာ





သည်။ လေယာဉ်ပျံတို့မှချပေးခဲ့သည့်ပစ္စည်းတို့နှင့် ရောဂါဆူတို့အဖို့ နောက်ပိုင်း အိမ်သူသက်ထားတို့ထံမှ စာတွေပါလာသောကြောင့် သစ်ပင်တို့အောက်မှာ၊ တောက်ရိုးပုံတို့ဘေးမှာ၊ ဘုန်းကြီးကျောင်းအောက်တို့မှ နေရာအနှံ့ ထိုမှာတယောက် သည်မှာတစု တပြုံးပြုံးနှင့်ပေဖူးလွှာတို့ကို အကြွရာဘာလုံးချင်း တလုံးချင်း အရသာခံပြီး ဖတ်နေကြသည်။

"မောင်ရေ....၊ဘာတွေများ စားသောက် နေရသလဲကွယ်" ဆိုသည်ကတမျိုး။

"ကိုထွန်းခင်....၊ တော့သားလေ စကားတွေတောင် တလုံးနှစ်လုံးပြောနေပြီတော့...." ဆိုသည်ကတဖုံ။

"အကို ကျန်းမာရေးကို ဂရုစိုက်နော်....၊ညီမတို့အတွက် စိတ်ချပါ...." ဆိုသည်ကတနည်း၊ စသည်....၊စသည်။

ကျွန်တော်နှင့် ဗိုလ်မှူးကြီး ထင်ကျော်တို့မှာတော့ ဇရပ်လေ့ခါးထိပ်မှာထိုင်ပြီးထိုရဲဘော်တို့နှင့်အတူ ရောလို့ဝမ်းသာပျော်ရွှင်နေကြရပါသည်။

ကျွန်တော်တို့ နှစ်ယောက်အတွက်တော့ ဘာစာမှမပါ။သူ့အတွက်မပါသည်က ဗိုလ်မှူးကြီးထင်ကျော်သည် ထိုအချိန်ကလူပျိုကြီးအဖြစ်၌သာ ရှိနေသေးသောကြောင့်ဖြစ်သည်။ ကျွန်တော်တို့မပါသည်က....၊ နဲနဲတော့ စဉ်းစားစရာ ဖြစ်နေရသည်မို့ ရင်တွင်း၌ တအုံနွေးနွေးဖြင့်နေရပါသည်၊ နုသည်ကျွန်တော့်ထံသို့ မည်သို့ မည်ပုံစာပို့ရမည် ဆိုသည်ကို သိပါသည်။ တောင်ပိုင်းတိုင်းစင်ဌာနချုပ်သို့ သွားရောက် ပေးထားလိုက်ရုံဘဲ ဖြစ်သည်။ ဒါဖြင့် ဘာဖြစ်လို့ စာပါမလာပါလိမ့်။ နေမှကောင်းမ ရဲ့လား။

"တပ်မင်း၊ဆေးလိပ်...."

ဗိုလ်မှူးကြီးထင်ကျော်က လှမ်းပေးသဖြင့် ဘဲလိပ်ကိုယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်း သူ့လက်ဖွင့်မှ ဗူးကိုကြည့် ယိုက်မိသည်။ ကာရေဗင်ဒအစီးက ရက်၊ ခုနကလေးကပင် သူ့အတွက် သူ့တပ်က အထူးစပယ်ရှယ် တဲ့ ပေးလိုက်တဲ့ ကရေဗင်ဒေအ စီးကရက်။

မီးညှိပြီးတဖွာကို အားပါးတရရှိုက်ယူလိုက်သည်။ ပြီးမှတော့ ငွေကာဝိုက်ခါ လွင့်ပျံတက်သွားသော မီးခိုးလုံးလေးတွေနှင့် အတူ စိတ်တို့က ဟိုလွင့် သည်ယိမ်း လိုက်ပါသွားကြပြန်သည်။ ဘာကြောင့်စာမပါလာပါလိမ့်။

ထိုအခိုက် အချက်ပြဆက်သွယ်ရေးတပ်မှ တပ်ကြပ်ကသံကြိုး စာတွေတပုံကြီးနှင့် ရောက်လာသဖြင့် အတွေးမျှင်တို့ကို ဖြတ် လိုက်ရသည်။ အနီးရှိ မြေပုံစာရွက်ကြီးကို ဆွဲယူ ဖြန့်ခင်းလိုက် သည်။ ခဲတံအနီအပြာတို့ကို ကိုင်လိုက်ပါသည်။

ရန်သူ့ သတင်းတွေ၊ မိမိစစ်ကြောင်းဘို့ရဲ့ လှုပ်ရှားမှုတွေ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ညွှန်ကြားချက်တွေ....။ဖတ်လိုက် မြေပုံပေါ်တွင် ရေးမှတ်လိုက်....၊ ဆက်သက်ဆောင်ရွက်ရမည့်ရာတို့ကို စဉ်းစားလိုက်ဖြင့် တစောင်ပြီးတစောင်။

ထို့နောက် လတ်လတ်ဆတ်ဆတ် ရောက်ရှိလာသည့် ငါးပိ ကြော်ဗူးတို့ကို ဖွင့်ပြီးထမင်းစားကြသည်။ ပြီးတော့ ရန်ကုန်မှ တယောက်သော စစ်ဦးစီး အရာရှိတဦး၏ စိတ်ကူး စိတ်ဆန်း ကောင်းကောင်းဖြင့် ထည့်ပေးလိုက်သော ကွမ်းယာတို့ကို ဝါးကြ ရပ သည်။ကြိုးမားလိုက်ပါတဲ့ စည်းစိမ်။

ထခဏကြာတော့ ဗိုလ်မှူးကြီး ထင်ကျော်က ကာဘိုင်သေ နတ်ကို ပခုံးမှာချိတ်ပြီး တပ်တို့ကို လှည့်လည် စစ်ဆေးဘို့ထွက် သွားသည်။

ကျွန်တော် ဘာလုပ်စရာ ရှိပါသေးသလဲ ရိက္ခာတွေလဲရပါ ပြီ၊ စစ်ကြောင်းတို့ကိုလည်း အမိန့်တို့ကို ပေးပို့ပြီးခဲ့ပါပြီ။ မနက်





ဖြန်တွင် ကျွန်တော်တို့သည် ဤနေရာမှ ဖာပွန်သို့ ဆက်လက် ချီတက်ကြမည်ဖြစ်သည်။

ကာရဗင်ဓအ စီးကရက်တလိပ်ကိုမီးညှိပြီး ဇရပ်ပေါ်ရှိ အိပ် ရာဆီသို့ လျှောက်လာခဲ့သည်။ မနက်ဖြန် လျှောက်ကြရမည့် ခရီးက သက်သာမည်မဟုတ်၊ တောင်တန်းတခုကို ကျော်ကြရ မည်ဖြစ်သည်၊ ထို့ကြောင့် ရသ၍အချိန်ကလေးမှာတော့ အနား ယူလိုက်အုံးမှ။

အိပ်ရာပေါ်တွင် လှဲလိုက်ပါသည်။ မညီမညာ ကြမ်းခင်းတို့ က တကျွီကျွီမြည်သွားကြသည်။ နာလိုက်ပါသည့်ကျော။

နာပေမယ်ပေါ့၊ အောက်ခင်းက ဂရောင်းရှိဖူးခေါ်သော မိုး ကာဖျင်ခင်းတခုသာ ဖြစ်သည်။

ခေါင်းအုံးကတော့ ကျောပိုးအိပ်။

*  *  *  *

## စိတ်မောရပါသည်

ဖာပွန်သို့ရောက်သည့်အချိန်လောက်မှာတော့ စစ်ဆင်ခရီး၏ အရှိန်အဟုန်သည် ပို၍မြန်ဆန်ကြီးမားလာခဲ့ပါပြီ။

စစ်ကြောင်းတို့သည် ကစင့်ကလျားရှိသွားကြပြီ ဖြစ်သည့် ရန်သူတို့အား စစ်ကြောင်းငယ်ကလေးများခွဲပြီး အနားမပေး လိုက်လံရှာဖွေ တိုက်ခိုက်နေကြပြီ ဖြစ်သည်မို့ တိုက်ပွဲကြီးများ မတွေ့တော့ဘဲ တိုက်ပွဲငယ်ကလေးတို့ကို နေ့စဉ်နှင့်အမျှ ဖော် ထုတ်လာနိုင်ခဲ့ကြသည်။

သူပုန်ခေါင်းဆောင်တို့၏ သတင်းကိုလည်း ဟိုမှာ ရောက်နေ သည်၊ သည်မှာရှိနေသည်ဟုမကြာခဏ ကြားသိရသည်။ ကြား သိရသည့်အတိုင်းလည်း လိုက်လံဝိုင်းဝန်းတိုက်ခိုက်သည်။ သို့ရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် သူတို့ကိုမရရှိသေး။ ကောက်ရိုးပုံကြီး ထဲတွင် အပ်ကလေး တချောင်းကို ရှာရသည့်ပမာ ခက်ခဲလှပါသည်။ ထို့ကြောင့် ဗွဲ ကောင်းကြရပါလိမ့်မည်။

သို့ဖြင့် တောအဆင့်ဆင့် တောင်အထပ်ထပ်တို့ကို နင်းကြ ဖြတ်ကြရသည်။ ဆယ်ရက်တခါ၊ ဆယ့်ငါးရက်တခါ သင့်တင့် သောနေရာတို့တွင် ခေတ္တချပ်နားပြီး လေကြောင်းမှ ချပေးသည့် ရိက္ခာတို့ကို ရယူကြရသည်။ ထို့နောက် ဆက်လက်ပြီး တောင် အထပ်ထပ် တောအဆင့်ဆင့်ကို ဖြတ်ကြနင်းကြရပြန်သည်။

ထိုသို့ပိုမိုလှုပ်ရှားလေ၊ တိုက်ပွဲတို့ကိုတွေ့လေဖြစ်သည်။ထိုတွေ့ ရသော တိုက်ပွဲတို့တွင် မိမိဘက်မှနာလိုက်သည့်အခါတွေရှိသည်၊ နဲတော့နဲပါသည်။ ရန်သူဘက်မှမူ တထိတစ်ဖြင့်အတော်ဘလေး အထိနာခဲ့ကြပါပြီ။

ဥပမာ၊ စစ်ဆင်ရေး၏အစပိုင်းတွင် မိုင်းဗုံးထိထားသည့် ရဲ ဘော်တို့ကို အစောင့်အရှောက် တပ်စုနှစ်စုဖြင့် ကမာမောင်းသို့ ပြန်၍ပို့သည်။ သူပုန်ဗိုလ်မြ၏အဖွဲ့ ကလမ်းမှဖြတ်ပြီး ချုံခိုတိုက် ခိုက်သည်။ ကျွန်တော်တို့ အတော်ကလေး နာလိုက်ကြရသည်။ ထိုနည်းတူတညနေခင်းတွင် ရွာတရွာ၌ သူပုန်တို့သည် ခရီးထွက် ရန်အတွက် ရွာထိပ်တွင် လူစုလျက် ရှိနေကြသည်။ ထိုအခိုက် ကျွန်တော်တို့စစ်ကြောင်းတကြောင်းကရောက်ရှိသွားသည်။ အဲ သည်အချိန်မှာတော့ ကျွန်တော်တို့ဘက်မှအတော်ကလေးအမြတ် ရလိုက်ကြသည်။ထိုသို့သောတိုက်ပွဲကလေးတို့က မကြာခဏ။

တဖြေးဖြေးခြင်းဖြင့် ရန်သူသည် ကျွန်တော်တို့ကို ရင်မဆိုင် တော့၊ ချုံခိုတိုက်ခိုက်မှုကိုလည်း မပြုဝံ့ကြတော့။သို့ရာတွင် ကျွန် တော်တို့အား အမြဲတစေစောင့်ကြိုနေသည့် အန္တရာယ်က ရန်သူ တို့၏အနှံ့အပြားမြှုပ်နှံထားသော မြေမြှုပ်ဗုံးတို့ပင်ဖြစ်ကြသည်။





တောတွင်း လမ်းတို့သည် ကျဉ်းမြောင်းလှ ပါသည်။ လူ တယောက်စာမျှသာရှိသည်။ ဘေးနှစ်ဘက်တို့က ထူထပ်သော ခြုံများ၊ တောများ၊ ထိုလမ်းကလေး တို့မှ ကျွန်တော် တို့သည် တယောက်၏ခြေရာကို တယောက် တိကျစွာနင်းပြီး သတိကြီး စွာဖြင့်သွားကြရသည်။ ထိုအထဲ မှပင် ထိုဗုံးဘို့က တအုံးအုံး တဒိုင်းဒိုင်း ပေါက်ကွဲကြသည်။ ထိုအခါများ၌ အနီးပတ်လည်ရှိ ရဲဘော်တွေသည် အကျိုးအရှုံးဖြစ်ကြရပါသည်။

ခက်သည်က အကယ်၍သာ ထိုဗုံးတို့သည် နိုင်ငံခြားမှ လာ သည်၊ စက်ရုံတို့မှထုတ်လုပ်သည့်ဗုံးများဖြစ်ကြပါက ကျွန်တော် တို့သည် မှုကြမည်မဟုတ်ကြပါ။ပေါက်ကွဲသည်နှင့် အရိုးတခြား အသားတခြား။ ထိုနေရာတွင်ပင် အသက်ပျောက်ကြရမည်ဖြစ် သည်။ အဲဒါမျိုးကို ကျွန်တော်တို့သည် ကံသာလျှင်အမိ ကံသာ လျှင်အဖ သဘောထားကြသည်၊ သို့ရာတွင် ယခုမူ ဗုံးတို့က တောတွင်းလုပ်ဗုံးများဖြစ်ကြသဖြင့် သံတိုသံစပါသည်၊ ဗုလင်း ကွဲတွေ ပါသည်။ ထို့ကြောင့် ပေါက်ကွဲလိုက်လျှင် လူကို တခါ တည်း သေစေသည်ထက် ခြေပြတ်လက်ပြတ် မချိမဆံ့ခံရမည့် ဒဏ်ရာတို့ကိုသာ ပေးမည်ဖြစ်သည်။

ကျွန်တော့်အဖို့မှာတော့ တချိန်လုံး ရင်တမမ။ဘယ်သူတွေ များ မိုင်းဗုံးနင်းမိကြမှာပါလဲ။ ဘုရားတ တတ။ ဦးနှောက် အတွင်းမှာလည်း နယ်မြေတခုလုံးပါရှိသည့် မြေပုံကြီးကို အမြဲ တစေ ဖြန့်ခင်းထားရပါသည်။ မည်သည့်ရန်သူသည် မည်သည့် နေရာမှ မည်သည့်နေရာသို့ ဦးတည်သွားလာနေသည်။ မည်သည့် အဖျက်လုပ်ငန်းကို မည်သည့်နေရာတွင် ပြုလုပ်မည်၊ သို့မဟုတ် မည်သည့်အရပ်တွင် ပုန်းခိုမည်။ ကျွန်တော်၏ မည်သည့်စစ် ကြောင်းသည် မည်သည့်အရပ်တွင် ရောက်ရှိနေသည်၊ ထိုစစ်



www.burmeseclassic.com

ကြောင်းတို့ကို မည်သို့ဆက်သွယ်လှုပ်ရှားစေခဲ့မည်။ သို့ဖြင့် ကျေးရွာတို့၏ တည်ရာနေရာများ၊ ရန်သူ၏သင်္ကေတဖြစ်သော အနီရောင် အဝိုင်းများ၊ မိမိတပ်တို့၏သင်္ကေတဖြစ်သော အပြာရောင် အဝိုင်းများ၊ ချိတ်ဆက်နေကြသည်ကို ပြသသည့် မြှားနီမြှားပြာများ၊ ထိုအမှတ်အသားသင်္ကေတတို့ကသာ ထိုဦးနှောက်ထဲတွင် ဆည်းဆာ၏အနောက်ဘက်ကောင်းကင်ပြင်ကြီးလိုရောင်စုံကစားနေကြပါသည်။

ထို့အပြင် နောက်ပိုင်းအတွက်ကိုလည်း နောက်ဆံတင်းနေမိရသည်။ မှားအံ့ဒေသအတွက် ဗိုလ်မှူးမျိုးဝင်းနှင့် စစ်တောင်းမှ မုတ္တမအကြားဒေသအတွက် ဗိုလ်မှူးကြီးမောင်ကျော်တို့ ရှိနေကြသည်ကမှန်သည်။ သို့ရာတွင် ရန်သူသည် အလုံးအရင်းဖြင့် ထိုဒေသတို့၏ တနေရာရာကို အလစ်တွင် ဝင်ရောက်တိုက်ခိုက်မည်ဆိုပါက တိုက်ခိုက်နိုင်သည်ဖြစ်သည်။ ထို့ကြောင့် သူတို့ထံသို့လည်း နားတစ်ငုံငုံ။

စိုးရိမ်သည့်အတိုင်းပင် ဖြစ်ခဲ့ရသည်။ စစ်ဆင်ရေးစတင်ပြီး တလကျော်နှစ်လခန့်အကြာတွင် သူပုန်ဗိုလ်စိုးသည် ရှေ့ပိုင်းတွင်ရှိစစ်ကြောင်းတို့အကြားမှတိတ်တဆိတ်လွတ်မြောက်ခါ တောင်ဘက်သို့ အလုံးအရင်းနှင့်ဆင်းသွားသည်။ သထုံမြို့ကို အလစ်ဝင်ရောက်တိုက်ခိုက်ရန်။

ထိုလှုပ်ရှားမှု၏ သတင်းအစအနကို ဗိုလ်မှူးကြီးမောင်ကျော် ရရှိသည်။ သို့ရာတွင် မည်သူခေါင်းဆောင်၍လာသည်၊ ရန်သူအင်အား မည်၍မည်မျှ၊ မည်သည့်ရည်ရွယ်ချက် စသည့် အသေးစိတ်တို့ကိုမူ တိကျစွာမသိရသေး။ ထို့ကြောင့် တပ်ခွဲတခုကို ကိုယ်တိုင်ဦးစီးကာ သထုံ၏အရှေ့ဘက် မင်းလှင်ရွာကြီးသို့ ဦးတည်ပြီး တိုက်ကင်းထွက်ခဲ့သည်။





မင်းလှင်ရွာကြီးနှင့် ဂိုက်လေးရွာခန့်သို့အရောက်တွင်မှ သူပုန်တို့ ရွာထဲတွင်ရောက်ရှိနေကြောင်း ခိုင်မာစွာသိရှိရသည်။ ရှေ့သို့ အနည်းငယ်တိုးလိုက်သည်။ ကျွဲလူးအိုင်ကြီးတခုတွင် နေရာယူလိုက်ပြီး ရန်သူအား စတင်ပစ်ခတ်သည်။ အကယ်၍သာ ရန်သူသည် မလှုပ်မရှား ငြိမ်သက်နေကြမည်ဆိုပါက ဗိုလ်မှူးကြီးမောင်ကျော်နှင့် ထိုတပ်ခွဲသည် ထိုရွာအတွင်းသို့ ဝင်သွားမိကြပေလိမ့်မည်။ ထိုသို့သာ ဝင်သွားမိပါက ထိုတပ်ခွဲတခုလုံးအဖို့ ပြန်လမ်းမရှိတော့ပါ။ ယခုမူရန်သူသည် ဗိုလ်မှူးကြီးမောင်ကျော်၏ မြူခေါ်မှုကို သည်းမခံနိုင်ကြ။ တလုံးချင်းပစ်သွင်းနေသည့် နှစ်လက်မ မော်တာဗုံးတို့၏ဒဏ်ကို မခံနိုင်ကြ။ လက်တယားယားဖြစ်လာကြသည်။ ထို့ကြောင့် ပုန်းအောင်းနေကြရာမှ ထွက်လာကြကာ အော်ဟစ်၍ဆဲကြသည်။ ပြန်လည် ပစ်ခတ်ကြသည်။

ထို့နောက်တော့ တိုက်ပွဲကစပါပြီ။ တဦးနှင့်တဦး ကိုက်နှစ်ရာခန့်အကွာတွင် အနားမပေး ပစ်ခတ်ကြသည်။ ပစ်ခတ်လိုက်ကြသည်မှာ ထိုနေ့နံနက် ကိုးနာရီမှ ထိုနေ့တနေ့လုံး၊ ထိုညတညလုံး၊ နောက်နေ့ တနေ့လုံး၊ နောက်ည တညလုံး၊ နောက်တနေ့နံနက် အရုဏ်ဦးအထိ။

ကျွန်တော်သည် ထိုတိုက်ပွဲစပြီး တနာရီခန့်အကြာတွင်မှ ပင်တီလင်းမှနေ၍ ထိုသတင်းကိုရရှိသည်။ ဗိုလ်မှူးကြီးမောင်ကျော်၏ ထောက်လှမ်းရေးအရာရှိ ဗိုလ်ထွန်းလှင်(ယခု ဗိုလ်မှူး၊ တပ်ရင်းမှူး) နှင့်ဝိုင်ယာလက်စ်စက်နှင့်တိုက်ရိုက်စကားပြောနိုင်ခဲ့သည်။

အခြေအနေကို အကဲခတ်လို့ရပါပြီ။ သူပုန် ဗိုလ်စိုးကိုယ်တိုင် ဦးစီးသော အင်အားခြောက်ရာသည် ဗိုလ်မှူးကြီးမောင်ကျော်၏ လူသုံးရာပင်မပြည့်သော တပ်ခွဲကို ဝိုင်းထားနေပါပြီ။ ထိုတပ်ခွဲသည်

www.burmeseclassic.com

ကွင်းခေါင်ခေါင် ကျွဲလူးအိုင်အတွင်းမှနေ၍ အသေအလဲ ခုခံနေကြရသည်။

"တပ်မင်း...၊ တပ်ကူအမြန်ဆုံးပို့ပေးပါ" ဗိုလ်ထွန်းလွင်၏အသံကို ဝိုင်ယာလက်စက်မှ သဲ့သဲ့ကလေးမျှသာကြားနေရသည်။

"ကောင်းပြီ....၊ ကောင်းပြီ....၊ ကျည်ဆံကိုချွေပစ်ပါ၊ တပ်ကူအမြန်ဆုံးရောက်အောင် ပို့ပေးမယ်"

သူ့ကို အဲဒီလိုသာနှစ်သိမ့်လိုက်ရသည်။ ကျွန်တော်ပို့ပေးနိုင်သည့် သူတို့နှင့်အနီးဆုံးတပ်က ဂူဝဒေသတွင် ရောက်ရှိနေသည့် ဗိုလ်မှူးကြီးဂွမ်ရှိန်၏ စစ်ကြောင်းသာဖြစ်သည်။ ထိုစစ်ကြောင်းကို ဝိုင်ယာလက်ဖြင့်ခေါ်သည်။ ချက်ခြင်းလိုပင်ရသည်။

"စစ်ကြောင်းမှူးကို စကားပေါ်တင်ပေးပါ"

ဗိုလ်မှူးကြီးဂွမ်ရှိန် စက်ပေါ်သို့ရောက်လာသည်။ သူ့အား ဗိုလ်မှူးကြီး မောင်ကျော်တို့၏ အခြေအနေကို ပြောပြသည်ပြီးနောက်....

"အမြန်ဆုံး မင်းလွင်ကိုချီတက်ပါ"

"အခုတက်မယ် တပ်မင်း၊ စိတ်ချပါ"

သူနှင့်စကားပြောပြီးနောက် မုတ္တမနှင့်စစ်တောင်းအကြားရှိတပ်အားလုံးတို့ကို တပ်လှန့်လိုက်သည်။ အဲဒါတွေပြီးစီးတော့မှ ရင်ထဲတွင် အနည်းငယ်အေးသလိုလိုရှိသွားရပါသည်။ သို့ရာတွင် ဗိုလ်မှူးကြီးဂွမ်ရှိန်၏စစ်ကြောင်းသည်ထိုမင်းလွင်ရွာသို့အရောက် ဘယ်လောက်ကြာကြာ ချီတက်ရမှာပါလဲ။ အကွာအဝေးအားဖြင့် နှစ်ဆယ်ငါးမိုင်မျှသာရှိသော်လည်း ထူထပ်သော တောတွေကို ဖြတ်ရပါမည်။ အစောဆုံးရောက်နိုင်လျှင် နောက်တနေ့ညနေ ၃ ါတောင်မှ မရပ်မနား ခရီးဖြင်းချီတက်ပါမှ။

စိတ်မောလို့သွားရပြန်ပါသည်။ အဲဒီအချိန်အထိ ဗိုလ်မှူးကြီး





မောင်ကျော်၏ တပ်ခွဲသည် တောင့်ခံ ထားနိုင်ပါမည်လား၊ အဲသည်အချိန်လောက်ဆိုရင်ဖြင့် ထိုတပ်ခွဲသည် ရှိမှရှိပါအုံးတော့မှာလား။

ချက်ခြင်းဖင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သို့အခြေအနေကို အစီရင်ခံပြီး လေကြောင်းမှကူညီတိုက်ခိုက်ပေးဘို့ အကူတောင်းသည်။

ထိုနေ့တနေ့လုံးမှာတော့ ထိုင်လိုက်၊ ထလိုက်၊ လမ်းလျှောက်လိုက်၊ မြေပုံကြည့်လိုက်၊ နာရီကြည့်လိုက်၊ ဝိုင်ယာလက်စက်သို့ပြေးလိုက်။

ထိုတပ်ခွဲသည် ကွင်းခေါင်ခေါင်ကြီးထဲဘွင် နှိနေရသဖြင့် နေပူရှိန်၏ဒဏ်ကို အပြင်းအထန် အလူးအလဲခံနေကြရပါလိမ့်မည်၊ သောက်ရေကတော့ အသင့်အတင့် ရှိနေအုံးမည်ဖြစ်သည်။ ထမင်း၊ ဘယ်မှာ စားနိုင်ကြမှာပါလဲ၊ ချက်ပြုတ်ဖို့ကိုဝေးစွ ခေါင်းပင်ထောင်နိုင်ကြမည်မဟုတ်။ ထိုအခိုက် ကပ်သီးကပ်သပ် မဆီမဆိုင် တွေးလိုက်မိသဖြင့် အင်မတန်စိတ်မကောင်းဖြစ်သွားမိရသည်။ စီးကရက် အင်မတန်ကြိုက်တတ်ရှာတဲ့ ဗိုလ်မှူးကြီး မောင်ကျော်အဖို့တော့ သောက်စရာစီးကရက်မှ ရှိပါအုံးမလား၊ ရှိတောင်မှသောက်ဖို့အချိန်ရပါ့မလား။

ထိုအတိုင်းပင်ဖြစ်ခဲ့သည်။ ပဉ္စမနေ့ကရေကိုချွေတာခဲ့သောက်ကြသည်။ အစားကတော့ မစားကြရ။ ကျည်ဆံကို ချွေ၍ပစ်ကြသည်။ သို့ချွေပစ်ရင်းဖြင့် ရန်သူ၏ ကျည်ဆံတို့ကိုလည်း ချုကြရပါသေးသည်။

သို့ဖြင့် တနေ့တာကုန်လွန်ခဲ့သည်။ ပြီးတော့တညသ ထိုညလုံးတွင်လည်း တဖေါက်ဖေါက် ဘဒိုင်းဒိုင်းပစ်ကြခတ်ကြ၊ မအိပ်ကြရ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တနေ့နံနက်တွင် လေတပ်မတော်မှ စီးဖြူရီ တိုက်လေယာဉ်များတို့ ရောက်ရှိလာကြပြီး တစင်းပြီးတစင်း အလှည့်ကျ စွန့်စွန့်စားစား ထိုးဆင်းကြပြီးရန်သူ့ဘိုအားဒုံးပျံလက်နက် များဖြင့် ပစ်ခတ် တိုက်ခိုက်ပေးကြသည်။ ကျွန်တော်သည် ဗိုင်ယာလက်စက်မှတဆင့် ထိုလေယာဉ်တို့ဘိုက်ခိုက်နေကြသည်ကို ကြားသိနေရသည်ဖြစ်သဖြင့် ဗိုလ်မှူးကြီးမောင်ကျော်နှင့် ရဲဘော်တွေ မည်မျှဝမ်းမြောက် အားတက်နေကြမည်ဆိုသည်ကို စိတ်တွေးဖြင့် မှန်းဆ မြင်ယောင်နေမိရသည်။ အားပါးတရပြုံးလိုက်ရပါသည်။

ဒုတိယညနေပိုင်းသို့ရောက်လာတော့ ရန်သူ၏ ပစ်ခတ်မှုအင်အားသည် သိသိသာသာကြီးကျဆင်းလာခဲ့ပါပြီ။ ထိုအချိန်အထိ သူတို့ဘက်သို့ 'သာ'ခဲ့သော တိုက်ပွဲ၏ချိန်ခွင်လျှာသည် တစတစဖြင့် ကျွန်တော်တို့ဘက်သို့ 'ပါ'ခဲ့ပါပြီ။

ကျွန်တော်စိတ်အေးရပါပြီ။ နာရီပိုင်းအတွင်းမှာပင် ဗိုလ်မှူးကြီးဂွမ်ရှိန်၏စစ်ကြောင်းသည် ရောက်ရှိလာတော့မည်ဖြစ်သည်။

လက်တွေ့မှာမူ ထိုစစ်ကူစစ်ကြောင်းသည် နောက်တနေ့ နံက်အရုဏ်တက်မှာမှ ထိုမင်းလှင်ရွာသို့ရောက်ရှိလာနိုင်ခဲ့ကြသည်။သူတို့သည် တနေ့လုံးတညလုံး၊ နောက်တနေ့လုံး နောက်တညလုံး မအိပ်မနေ ခက်ခဲလှသည့် တောအထပ်ထပ်ကိုဖြတ်ကျော်ချီတက်ခဲ့ကြရသည်။

ရန်သူသည် ကျည်ဆံလည်းကုန်ပါပြီ။ လေတပ်၏ တိုက်ခိုက်မှုကြောင့်ရင်း၊ ထိုတပ်ခွဲ၏ ပစ်ခတ်မှုကြောင့်ရင်း အကျအဆုံးလည်း များပြားခဲ့ရပါပြီ။ ထို့ကြောင့် မလင်းမှီမှာပင် ဆုတ်ခွာသွားကြသည်။ ဗိုလ်မှူးကြီးဂွမ်ရှိန်မှာတော့ မသက်သာလှ၊ ဆုတ်ခွာ ထွက်ပြေးသွားသည့် ထိုရန်သူ၏နောက်သို့ လ မှုပ်မကွာ လိုက်ရပြန်ပါသည်။





ပြန်လည်သုံးသပ် ကြည့်လိုက်တော့ ထိုမင်းလှင် တိုက်ပွဲသည် ကျွန်ုပ်တော်တို့အဖွဲ့ များစွာမှ အရေးကြီးသောတိုက်ပွဲဖြစ်ခဲ့သည်။ ရန်သူ၏အင်အားအကြီးဆုံးဖြစ်သောဗိုလ်စိုး၏အဖွဲ့ကိုအကျအဆုံးများပြားစေခဲ့သည်။ သူတို့၏ ကျည်ဆံတို့ကို ကုန်စေနိုင်ခဲ့သည်။ ထိုအဖွဲ့အား နောက်ထပ် နလံမထူနိုင်အောင် ဦး ကျိုး သွားအောင် ဖြိုခွဲနိုင်ခဲ့ပါသည်။ ပြီးတော့သထုံကိုလည်း ထိရောက်စွာကာကွယ်နိုင်ခဲ့သည်။

အမှန်တော့ကျွန်တော်တို့သည် အင်မတန် ကံကောင်းခဲ့ကြပါသည်။ ဗိုလ်စိုးသည် ကျွန်တော်တို့၏ အင်အား အလုံးအရင်းတို့ ဂူဝနှင့်ဂူဝအထက်တွင် ရှိနေကြသည်ကို သိသည်။ ထို့ကြောင့် သထုံမြို့သည် အစောင့်အရှောက် အနည်းငယ်မျှဖြင့်သာ ရှိနေသည်ဆိုသည်ကို ခန့်မှန်းသည်။ ထို့ကြောင့် ဤအချိန် မျိုးတွင် သထုံကိုဝင်၍ စီးနင်းဘိုမခက်ခဲလှ၊ စီးနိုင်မည် ဆိုပါက ထိန်းသိမ်းမထားနိုင်စေကာမူ တညခန့် လုယက်နိုင်မည်ဖြစ်သည်။ ပြီးတော့ ကျွန်တော်တို့၏ သိက္ခာကိုလည်း ချနိုင်ပါလိမ့်မည်။ သူ၏အတွေးအခေါ်သည် အင်မတန်ပင် မှန်ပါသည်။ ထိုအတိုင်းပင် တခုမကျန်မှန်သည်။

သို့ရာတွင် သူသည်ဘပ်ရင်း(၃)တပ်ခွဲကိုအထင်သေးခဲ့သည်။ အတွက်မှားခဲ့သည်။

အကယ်၍သာသူသည်ဗိုလ်မှူးကြီး မောင်ကျော်နှင့်ထိုဘပ်ခွဲဘိုကိုမတိုက်ဖဲရှောင်ပြီး သထုံသို့သာ အမြန်ဆုံးချီဘက်ဘိုက်ခိုက်ပါက သူ၏ ရည်ရွယ်ချက်သည် ရာခိုင်နှုန်းပြည့်အောင် မြင်မည်ဖြစ်သည်။ ယခုမူ သူသည် လောဘကြီးခဲ့ပါသည်။ သထုံကိုလည်းတိုက်လိုသည်၊ ဤတပ်ကိုလည်း အခွင့်သာခိုက် ခြေမှုန်း



www.burmeseclassic.com

www.burmeseclassic.com



လိုသည်။ ထို့ကြောင့် ဘကြီးနှင့်လဲ့၊ တီးတင်ပွဲကိုလည်းမမှီဖြစ်လိုက်ရသည်။

ထိုတိုက်ပွဲ ပြီးပြီး သွားတော့ ကျွန်တော့်မှာ ခြေကုန် လက်ပန်းဖြင့် ကျန်ရစ်ခဲ့ရပါတော့သည်။

ကိုယ်တိုင် ကိုယ်ကျသာ ပါဝင်ပြီး ထိုတိုက်ပွဲမျိုး တရာကိုတိုက်ဖို့ပါသည်။

ယခုကဲ့သို့ တပ်မဟာမှူးတဦးအနေဖြင့် ဝေးလံသော အချပ်မှနေပြီးရင်တမမ၊ဘုရားတ တတရှိခဲ့ရသည်က ပင်ပန်းလှပါသည်။

* * *

## လိပ်ပြာလှလှ

ထိုစစ်ဆင်ရေးပြီးဆုံးပြီးသည့်နောက် ဖားအံတွင်လည်း နေစရာအိမ်များ ဆောက်လုပ်လို့ပြီးပြီဖြစ်သည်။

ထို့ကြောင့် နုကို ခေါ်ခဲ့ပါသည်၊ သူသည်ကျွန်တော် စစ်ကြောင်းတို့နှင့် လိုက်ပါသွားစဉ် အတွင်းက တွေးထင်ခဲ့သည့်အတိုင်းပင် ဆေးရုံသို့ ခေတ္တတက်ခဲ့ရပါသေးသည်။

ဖားအံအိမ်ကလေးသည် သစ်သားအိမ်ကလေးဖြစ်သည်။ပျဉ်ကာ ပျဉ်ခင်းသွတ်မိုး၊ အိမ်တောင်သည် ရပ်ကွက်၏ အစွန်ဆုံးတွင် ရှိသည်ဖြစ်သဖြင့် အိမ်ရှေ့ ဝရံဘာကလေးမှ ကြည့်မျှော်လိုက်လျှင် လှပသော ဇွဲကပင်တောင်ကြီးကို နီးကပ်စွာတွေ့မြင်ရသည်။ သူနှင့်ကျွန်တော်တို့ အကြားတွင် မြစိမ်းရောင်လယ်ကွက်တို့မှအပ အခြားဘာမှမရှိ၊ ရှင်းလင်းသည့် မြင်ကွင်းမြမြကြီးတခုသာဖြစ်သည်။

သာယာသည့်ရှုခင်း၊ သန့်ပြန့်သော လေတို့ကြောင့်ပင် ထင်သည်၊နုသည်ဖားအံသို့ရောက်ခါမှ ပို၍ကျန်းမာလာသည်။သကြံန်





အတွင်း၌ပင် မော်လမြိုင်မှဗိုလ်မှူးကြီးစောမြင့်(ယခုအငြိမ်းစား)နှင့် ဇနီးတို့ကဖိတ်ခေါ်သဖြင့် သွားရောက် ရေကစားလိုက်ကြပါသေးသည်။

သို့ရာတွင် ကျွန်တော်သည် ဖားအံတွင် သုံးလခန့်မျှသာနေခဲ့ရသည်၊ မင်္ဂလာဒုံတွင် ဖွင့်လှစ်မည့် အထူးသင်တန်းတခုသို့တက်ရောက်ရမည်ဖြစ်သဖြင့် ရန်ကုန်သို့လာခဲ့ကြရပြန်သည်။ နုကတော့နဲနဲကလေးမှ မပြန်ချင်၊ ဤဖားအံတွင် သူပျော်သည်။ ဤအိမ်ကလေးကိုလည်း သူအင်မတန်ချစ်သည်။

သင်တန်းသည်သုံးလမျှသာကြာမည်ဖြစ်သဖြင့် ကျွန်တော်တို့သည် ပစ္စည်းများများမယူခဲ့ကြ၊ အဝတ်အစားအနည်းငယ်ဖြင့်လာခဲ့ကြသည်။ သင်တန်းပြီးဆုံးပါက ဖားအံသို့တပျော်တပါးအမြန်ဆုံးပြန်ကြပါမည်။

ရန်ကုန်၌ နုကိုမိဘများနှင့် မြို့ထဲတွင်ထားပြီး ကျွန်တော်ကတော့ မင်္ဂလာဒုံ အရာရှိရိပ်သာတွင်သွားရောက်နေထိုင်ခဲ့ရသည်။

ထိုသင်တန်းကို ဗိုလ်မှူးချုပ်မောင်မောင်(ယခုသံအမတ်ကြီး)နှင့်ဒုဗိုလ်မှူးကြီးစမိုက်(ယခုအငြိမ်းစား)တို့ကဦးဆောင်ကြသည်။

သင်တန်းသို့ တက်ရောက်ခဲ့ကြသူတွေကတော့....

ဒု ဗိုလ်မှူးကြီးချစ်လှိုင်(ရေ) ယခု၊ ဗိုလ်မှူးချုပ်၊ ဒုဦးစီးချုပ်(ရေ)။
ဒု ဗိုလ်မှူးကြီးမောင်ကြည် ယခု၊ အငြိမ်းစား။
ဗိုလ်မှူးကြီးသန်းစိန် ယခု၊ နိုင်ငံတော် ကောင်စီဝင်။
ဒု ဗိုလ်မှူးဘနီ ယခု၊ သံအမတ်ကြီး။
ဒု ဗိုလ်မှူးကြီးရှိရှိုး(လေ) ယခု၊ အငြိမ်းစား။
ဗိုလ်မှူးကြီးလှမော် ယခု၊ သံအမတ်ကြီး။
ဒုဗိုလ်မှူးကြီးအောင်ညွန့်(လေ)ယခု၊မြို့ပြလေကြောင်း။
ဒု ဗိုလ်မှူးကြီးသိလှ ယခု၊ အငြိမ်းစား၊ ကြက်ခြေနီ။

www.burmeseclassic.com



| | |
|---|---|
| ဗိုလ်မှူးကြီးရဲထွန်း | ယခု (အငြိမ်းစား)၊ ဆောက်လုပ်ရေး။ |
| ဒု ဗိုလ်မှူးကြီးမောင်မောင်ကြီး (ရေ) | ယခု အငြိမ်းစား။ |
| ဗိုလ်မှူးကြီးကြည်မောင် | ယခု အငြိမ်းစား။ |
| ဗိုလ်မှူးကြီးစောမြင့် | ယခု အငြိမ်းစား။ |
| ဗိုလ်မှူးကြီးလှအောင် | ယခု အငြိမ်းစား၊ မြေတိုင်း။ |
| ဗိုလ်မှူးကြီးချစ်မြိုင် | ယခု သံအမတ်ကြီး။ |
| ဗိုလ်မှူးကြီးထွန်းစိန် | မြို့ မင်းကြီးဟောင်း၊ ကွယ်လွန်။ |
| ဗိုလ်မှူးကြီးသောင်းကြည် | ယခု နိုင်ငံတော်ကောင်စီဝင်။ |
| ဗိုလ်မှူးကြီးခွန်နောင် | ယခု အငြိမ်းစား၊ ဓာတ်သတ္တု။ |
| ဗိုလ်မှူးကြီးကျော်စိုး | ယခု နိုင်ငံတော်ကောင်စီဝင်။ |
| ဗိုလ်မှူးချုပ်စိန်ဝင်း | ယခု ဝန်ကြီးချုပ်။ |

နှင့် ကျွန်တော်တို့ဖြစ်ကြပါသည်။

သင်တန်းသည် တဖြေးဖြေးဖြင့် နှစ်လကျော်ကျော် သုံးလ ပိုင်းသို့ ရောက်လာသည်၊ ပြီးခါနီးရက်ပိုင်းအလိုတွင်....

ကျွန်တော်၏ဇနီးနုသည် ကျောက်ကပ်ရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်ခဲ့ရပါသည်။

ထိုနောက်တော့ ကျန်ရှိသည့်သင်တန်းရက်တွေသည် မည်သို့ ကုန်ဆုံးသွားသည်ကိုမသိလိုက်တော့။ မဆုံးနိုင်သောအိပ်မက်ဆိုး ကြီးတခုတွင်သာ စားသည်၊ အိပ်သည်၊ သွားသည်၊ လာသည်၊ လည်ပတ်နေခဲ့ပါသည်။

သင်တန်းပြီးဆုံးတော့ ယိုးဒယားပြည်သို့ အခြားသော သင် တန်းသားများတို့နှင့်အတူ စစ်မစ်ရှင်နှင့် တပတ်ကြာမျှ လိုက်ပါ သွားခဲ့ ရပါသေးသည်။ ထိုမှ ပြန်ရောက်တော့ ကျွန်တော်သည် လက်ရှိတပ်မဟာ (၃) မှ တပ်မဟာ (၉) သို့ ပြောင်းရွှေ့ရန် အမိန့် စာ ကျွန်တော့်အား စောင့်ကြိုနေပါသည်။

သို့ရာတွင် ဖားအံသို့တော့ ပြန်ရပါအုံးမည်၊ မပြန်ချင်ပါ။





ဟောင်းခဲ့သည်တို့ကို အသစ် မဖြစ်လိုတော့ပါ။ သို့ရာတွင် မပြန်၍မဖြစ်။ တပ်ကိုလွှဲပြောင်းပေးခဲ့ရပါအုံးမည်။ ပြီးတော့ အိမ်တွင် ကျန်ရစ်သည့်ပစ္စည်းအလေးတို့ကို သိမ်းရဆည်းရပါအုံး မည်။ ပြီးတော့ တပ်ရင်းအသီးသီးတို့မှ အရာရှိ အကြပ် တပ်သား တို့ကလည်း ကျွန်တော့်ကို နှုတ်ဆက်လိုကြပါသေးသည်။ ခေတ္တ ဖြစ်စေ ပြန်လာပါရန်ပြောကြသည်။

ထို့ကြောင့် ဖားအံသို့ပြန်ခဲ့သည်။ မော်လမြိုင်တွင်တညအိပ် သည်။ နောက်တနေ့နံနက် စောစောတွင် ဖားအံမှ လာရောက် ကြိုဆိုသော သင်္ဘောဖြင့် သံလွင်မြစ်ကို ဆန်ခဲ့သည်။ ထုံးအိုင် ရွာကြီးသို့ရောက်လာသည်။ သို့ရာတွင် မနားတော့ပါ၊ ခါတိုင်း ဆိုပါက နုနှင့်ကျွန်တော်တို့သည် ထိုရွာကြီးတွင် ခေတ္တဆိုက်ကပ် ပြီး နုကြိုက်တတ်သော စာဂူလေးကြော် ကောက်ညှင်းပေါင်း ဆီထမင်းစသည်တို့ကို ဝယ်၍စားနေကျ။

တလမ်းလုံး စာအုပ်တအုပ်ကို ကြိုးစားပြီးဖတ်ခဲ့သည်။ သို့ရာ တွင် စိတ်ကတော့ စာထဲတွင် လုံးဝမရှိ။ ထို့ကြောင့် ထပြီး မြတင်းပေါက်မှ နှစ်ဘက်သော ကမ်းတို့ကိုကြည့်သည်။

သာယာလှပါတဲ့ သံလွင်မြစ်။

ထိုအခိုက်....၊ ထူးဆန်းလှပါသည်။

လိပ်ပြာလှလှကလေးတကောင်။

ဘယ်တုန်း ဘယ်အခါကဝင်ရောက်လာသည်မသိ၊ ကျွန်တော် ၏ ရင်ဘတ်ပေါ်တွင် လာရောက်နားသည်။ စိတ်တွေကဘဲ လှည့် စားနေကြလေသလား၊ သူ့ကိုစွဲလန်းမှုကရင်ဘွင်း၍ တလှပ်လှပ်ဖြင့် ဖြစ်ပေါ်လာမိရပါသည်။ လက်ပေါ်သို့ အသာအယာဘင်သည်။

အတောင်ပံငွေဖြူရောင် အပေါ်တွင် ဝါရွှေပြောက်ကလေး တွေက လှပစွာ ပန်းဖေါက်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုအား မြေသို့ မြှုပ်နှံ လိုက်ရစဉ်ကလည်း ဤငွေဖြူရောင် သေတ္တာလှလှကလေးဖြင့်ပင် ဖြစ်ပါသည်။ ဤကဲ့သို့ပင် ပန်းပြောက်ကလေးတွေနှင့်။

လိပ်ပြာကလေးသည် ကျွန်တော်၏ လက်ပေါ်တွင် ကြာကြာ မြင့်မြင့်ကြီးနားနေသည်၊ ကျွန်တော့်မှာ သူပျံသွားမည်ကိုပင် စိုးရိမ်နေမိရပါသည်၊

ဘဝကူးပြောင်းခြင်း၏ နက်ရှိုင်းသော သဘောပေလား။

အဲသည်လိုဘဲ ခလေးတစ်ယောက်လိုရိုးသားစွာဖြင့် တွေးတော နေမိရသည်။ အဲသည်လို တွေးလိုက်မိတော့ထိုလိပ်ပြာကလေး၏ အပေါ်၌စွဲငြိမိသည့်သံယောဇဉ်ကပိုလို့ ကြီးမားလာမိရပြန်သည်။

ဘာလုပ်ရပါ့မလဲ။ သူပျံသွားမည်ကိုလဲစိုးလှပါသည်။ ဖမ်းလို့လဲ မထားချင်။ လွတ်လွတ်လပ်လပ်ပျံပါစေ၊ သွားလိုရာသို့သွားပါစေတော့။

တခဏကြာတော့ ကျွန်တော်၏ လက်ပေါ်မှ သူထပြီးပျံသွားသည်။ စာပွဲပေါ်တွင် တင်ထားသော ကျွန်တော်၏ စစ်ဦးထုပ် အပေါ်တွင် နားပြန်သည်။ ထိုမှ ပြတင်းပေါက်ပေါ်သို့ သွားသည်။ ဘာဖြစ်ဦးထုပ်သို့ပြန်လာပြန်သည်။

သို့ဖြင့်လာခဲ့ကြရာမှ လှပသော ဇွဲကပင်တောင်ကြီးကို လှမ်းမြင်နေရပါပြီ။ နှုချစ်တဲ့ဇွဲကပင်တောင်။

မကြာမီ ဖားအံဆိပ်ကမ်းသို့ သင်္ဘောကပ်သည်။ ကမ်းနှုဖူးတွင် တပ်မဟာတပ်ရင်းတို့မှ အရာရှိများလာရောက်ကြိုဆိုနေကြသည်ကို မြင်နေရသည်။

အခန်းတွင်းသို့ ပြန်၍ကြည့်လိုက်သည်။

လိပ်ပြာကလေးက မရှိတော့ပါ။

* * *

# အက္ခရာစဉ်အညွှန်း

(က)


| | |
|---|---|
| ကလစ်၊ ဗိုလ်မှူးချုပ် | ၂၅၄,၂၅၅ |
| ကာစိ၊ ဦး | ၉၇ |
| ကူရှင်ဖို့၊ တောင်အုပ်ကြီး | ၂၄၇ |
| ကေအင်ဒီအို | ၂၀, ၂၁, ၂၈၃ |
| ကောကဆာ | ၂၈၃ |
| ကိုကို၊ ဗိုလ်ကြီး | ၃၅ |
| ကင်စလေမာတင် | ၁၇၈,၁၈၁,၁၈၈ |
| ကျော်ငြိမ်း၊ ဦး | ၈၈ |
| ကျော်စိုး၊ ဗိုလ်မှူးကြီး | ၄၇,၅၂,၅၉,၆၉,၃၀၂ |
| ကျော်ဇော၊ ဗိုလ်မှူးချုပ် | ၄၇,၅၉,၈၈,၂၄၆ |
| ကျော်မြင့်၊ ဒုဗိုလ်မှူးကြီး | ၁၉၈,၁၉၉,၂၀၀ |
| ကျော်ဟိုး၊ ဗိုလ်မှူး | ၄၇ |
| ကြည်မောင်၊ ဗိုလ်မှူးကြီး | ၃၀၂ |
| ကြည်မောင်၊ ဗိုလ်မှူး | ၇၄ |
| ကြည်ဝင်း၊ ဗိုလ်မှူးကြီး | ၂၆၇ |
| ကွန်မြူနစ်ပါတီ | ၁၅ |
| (ခ) | |
| ခင်ဇော၊ ဗိုလ်ကြီး | ၂၈ |
| ခင်ညို၊ ဗိုလ်မှူးကြီး | ၈၈,၂၅၄ |
| ခင်ညွန့်၊ ဦး | ၂၄၆ |
| ခင်ညွန့်၊ အရာခံဗိုလ် | ၁၀၁,၁၉၂ |
| ခင်မောင်မြို့၊ ဦး | ၂၅၄,၂၅၆ |
| ခင်အောင်မြင့်၊ ဗိုလ်ကြီး | ၇၄ |
| ခင်အုန်း၊ ဗိုလ်ကြီး | ၇၅,၇၆ |


www.burmeseclassic.com

www.burmeseclassic.com




ခင်ဦး,ဗိုလ်ကြီး ၇၅
ချစ်မြိုင်,ဗိုလ်မှူးကြီး ၃၅,၃၀၂
ချစ်လှိုင်,ဒုဗိုလ်မှူးကြီး ၃၀၁
ခွန်နောင်,ဗိုလ်မှူးကြီး ၃၀၂

( ဂ )

ဂွမ်ရှိန်,ဒုဗိုလ်မှူးကြီး ၂၇၀,၂၇၁,၂၇၅,၂၇၆,၂၇၇,၂၈၄
၂၈၅,၂၈၆,၂၈၇,၂၉၆,၂၉၈

( င )

ငွေခိုင်,ဦး ၈၉

( စ )

စမိုက်,ဒုဗိုလ်မှူးကြီး ၃၀၁
စောစမိုင်း(လဲ) ၃၁,၃၂,၃၄,၃၅
စောမြင့်,ဗိုလ်မှူးကြီး ၂၄၆, ၂၄၇, ၂၄၈, ၂၄၉, ၃၀၁,
၃၀၂
စောသန်း,ဗိုလ်မှူး ၂၆၅
စိုး,ဗိုလ် ၂၆၉, ၂၈၃, ၂၈၄, ၂၈၆, ၂၉၄,
၂၉၅,၂၉၉
စံရှိန်,ဗိုလ် ၂၈
စံမြတ်ရွှေ,ဗိုလ်မှူး ၂၇၈
စန်းညွန့်,ဗိုလ် ၄၄,၄၅,၄၆
စန်းမောင်,ဦး ၁၀၄
စန်းအောင်,ဗိုလ်ကြီး ၃၂
စိန်မြင့်,ဗိုလ်ကြီး ၂၇
စိန်ဝင်း,ဗိုလ်မှူးကြီး ၃၀,၃၁,၂၆၉,၃၀၂

( ဇ )

ဇေယျ,ဗိုလ်မှူးကြီး ၄၇
ဇော်ဝင်း,ဦး ၁၆၂





( တ )

တက်ထွန်း,ဦး ၁၈၉
တင်ထွန်း,ဗိုလ်ကြီး ၇၄,၂၁၀,၂၁၃,၂၁၄,၂၁၆
တင်မေ,ဗိုလ်မှူးချုပ် ၄၇,၅၂
တင်မောင်,ဗိုလ်ကြီး ၂၇
တင်ဦး,ဗိုလ်ချုပ်ကြီး ၄၇
တင့်လင်,ဗိုလ်ကြီး ၂၇
တိုတာစိန်,ဗိုလ် ၂၈

( ထ )

ထင်ကျော်,ဒုဗိုလ်မှူးကြီး ၂၇၀,၂၈၁, ၂၈၄, ၂၈၅, ၂၈၇,
၂၈၉,၂၉၀
ထွန်းငြိမ်း,ဗိုလ်ကြီး ၇၅
ထွန်းစိန်,ဗိုလ်မှူးကြီး ၃၀၂
ထွန်းတင်,ဗိုလ်ကြီး ၇၅
ထွန်းမင်း,ဗိုလ်ကြီး ၂၂၃,၂၂၅,၂၂၈,၂၃၄
ထွန်းရင်လော,ဗိုလ်ကြီး ၂၁၆,၂၁၇
ထွန်းရွှေ,ဗိုလ်မှူး ၁၁၂,၁၁၃,၁၁၄
ထွန်းရှိန်,ဗိုလ်ကြီး ၂၆၇
ထွန်းလှ,ဗိုလ်ကြီး ၇၅
ထွန်းလှ ၂၂၂

( ဒ )

ဒေါ်မန်စမစ်,ဆာ ၁၃၇,၁၃၉
ဒေါ်ရသီဝုဒ်မင်း ၁၇၈, ၁၇၉, ၁၈၁, ၁၈၂, ၁၈၃,
၁၈၅,၁၈၈,၁၈၉

( န )

နေဒွန်း,ဗိုလ်ကြီး ၇၅
နေဝင်း,ဗိုလ်ချုပ်ကြီး ၁၇, ၄၇, ၅၅, ၁၁၁, ၁၈၅, ၁၉၃,
၁၉၅,၁၉၆,၁၉၈,၂၂၅


www.burmeseclassic.com

www.burmeseclassic.com




( ပ )

ပရင်းဒါဂါတ် ၁၄
ပုဂံမင်း ၁၃
ပင်လုံစာချုပ် ၁၅
ပြည်သူ့အရေးတော်ပုံပါတီ ၁၅

( ဖ )

ဖရင့် ၂၀၂
ဖေညွှန့်,ဗိုလ်ကြီး ၂၇
ဖန်ဘာရာအဲယားရှိုး ၁၃၃
ဖိတ်(သ်)ယဒ် ၂၀၁

( ဘ )

ဘကြီးတော်ဘုရား ၁၃
ဘခင်,ဗိုလ် ၂၈
ဘငွေး,ဗိုလ်ကြီး ၄၂
ဘနီ,ဒုဗိုလ်မှူးကြီး ၃၀၁
ဘဖြူ,ဗိုလ်မှူးကြီး ၇၅,၇၆
ဘမောင်,ဦး ၂၅၄,၂၅၆
ဘရှင်,ဗိုလ်မှူးကြီး ၈၉
ဘလိတ်,ဗိုလ်မှူးချုပ် ၂၆၈
ဘနက်,မစ္စတာ ၂၀၁
ဘို(စ်),မစ္စတာ ၁၀၄
ဘုံဘေဘားမားသစ်ကုမ္ပဏီ ၁၄

( မ )

မရန်နော,ရဲဘော် ၂၂၁,၂၃၁,၂၃၂,၂၃၃,၂၃၄,
၂၃၅,၂၃၉,၂၄၀


အက္ခရာစဉ်


မာဂရက်မင်းသမီး ၁၃၁
မာရီ ၁၉၀,၁၉၂,၂၀၁
မော့(စ်),မစ္စတာ ၂၄၄,၂၄၅
မော့(စ်),ယူဂျင်း ၂၄၅
မောရစ်ဆင်,မစ္စတာ ၂၅၃
မိုးကြိုးစစ်ဆင်ရေး ၂၀,၂၁,၂၆
မင်းညို,ဗိုလ် ၂၈
မင်းဒင်,ဗိုလ်ကြီး ၄၄,၄၆
မင်းမောင်,ဗိုလ် ၂၀၃
မင်းရန်အောင် စစ်ဆင်ရေး ၂၈၀
မင်းသိမ်း,ဗိုလ်မှူးကြီး ၁၇
မင်းဟန်,ဗိုလ်ကြီး ၇၅
မောင်ဘက်တင်,လော့ဒ် ၁၉၁,၁၉၃,၁၉၆
မောင်ကျော်,ဒုဗိုလ်မှူးကြီး ၂၇၀,၂၉၄,၂၉၅,၂၉၇,၂၉၈,၂၉၉
မောင်ကြည်,ဒုဗိုလ်မှူးကြီး ၃၀၁
မောင်ဘို,ဒုဗိုလ်မှူးကြီး ၅၉
မောင်မောင်,ဗိုလ်မှူးချုပ် ၄၇,၅၂,၃၀၁
မောင်မောင်,ဗိုလ်ကြီး ၇၄
မောင်မောင်ကြီး,ဒုဗိုလ်မှူးကြီး ၃၀၂
မောင်မြင့်,ရဲဘော် ၂၂၁,၂၂၂
မောင်လွင်,ဒုဗိုလ်ကြီး ၇၅
မောင်အောင်,ဗိုလ်ကြီး ၁၀၁,၂၀၃
မန်းသာမြိုင် ၂၈၃
မြ,ဗိုလ် ၂၆၉,၂၈၃,၂၉၂
မြင့်ဆွေ,ဒုဗိုလ်မှူးကြီး ၂၇၀
မျိုးမြင့်,ဒုဗိုလ်မှူးကြီး ၆၉
မျိုးလွင်,ဗိုလ် ၂၈
မျိုးဝင်း,ဗိုလ်မှူး ၂၇၀,၂၉၄


www.burmeseclassic.com

www.burmeseclassic.com



(ရ)

ရဲထွန်း၊ ဗိုလ်မှူးကြီး ၃၀၂
ရစ်ချက်ဆင်၊ ဗိုလ်ကြီး ၄၂
ရစ်ချက်ဘာတ်ဝဲ(လ်) ၁၉
ရန်ကုန်အစိုးရ ၁၉
ရန္တပိုစာချုပ် ၁၃
ရန်ပြေ၊ ကို ၁၀၁
ရှရိုး၊ ဒုဗိုလ်မှူးကြီး ၃၀၁
ရှမ်းလုံ၊ ဦး ၂၄၆

(လ)

လဇန်တူး၊ ဗိုလ်ကြီး ၂၁၆
လီမီ၊ ဂျင်နရယ် ၂၁
လူမော်၊ ဗိုလ်ကြီး ၇၅
လင်းထင်၊ ဗိုလ် ၂၆၉
လင်းဘာတ်၊ ကွန်မန်ဒို ၁၄
လွင်၊ ဗိုလ်မှူး ၁၇၆
လွင်မောင်၊ ဗိုလ်မှူး ၂၇၁
လွန်းတင်၊ ဗိုလ်မှူး ၄၀,၄၁,၄၂,၄၄,၄၅၊၂၇၀
လှကြည်၊ ဗိုလ် ၂၀
လှဖေ၊ ဗိုလ် ၂၀
လှမော်၊ ဒုဗိုလ်မှူးကြီး ၃၀၁
လှအောင်၊ ဗိုလ်မှူးကြီး ၃၀၂

(ဝ)

ဝုဒ်၊ မစ္စတာအယ်(လ်) ၂၀၁
ဝင်းဖေ၊ ဗိုလ်ကြီး ၇၅
ဝမ်စိန်၊ ကို ၁၀၂

အညွှန်းစဉ်

(သ)

သီလှ၊ ဒုဗိုလ်မှူးကြီး ၃၀၁
သောင်းကြည်၊ ဗိုလ်မှူးကြီး ၃၀၂
သန်းစိန်၊ ဗိုလ်မှူးကြီး ၃၀၁
သန်းတင်၊ ဗိုလ်ကြီး ၇၅
သန်းဖေ၊ ဗိုလ်မှူးချုပ် ၂၅၇,၂၅၅
သိန်းညွန့်၊ ဗိုလ်ကြီး ၂၇
သိန်းမောင်၊ ဗိုလ်ကြီး ၇၄
သိန်းဟန်၊ ဒုဗိုလ်မှူးကြီး ၂၁၈

(အ)

အရှေ့အိန္ဒိယကုမ္ပဏီ ၁၃
အာရှလုံးငယ် ၁၅
အေး၊ ဗိုလ်ကြီး ၂၃,၂၇,၃၉
အေးဖေ၊ ဗိုလ်ကြီး ၂၀၄
အယ်လစ်ဇဘက်၊ ဘုရင်မ ၁၂၅
အောင်ကြီး၊ ဗိုလ်မှူးချုပ် ၂၅၄
အောင်ဆန်း ၁၅
အောင်ညွန့်၊ ဒုဗိုလ်မှူးကြီး ၃၀၁
အောင်ဒင်၊ ဗိုလ်မှူး ၁၀၁,၁၀၆,၂၀၃
အောင်ဖေ၊ ဗိုလ်ကြီး ၇၅
အောင်ရွှေ၊ ဗိုလ်မှူးချုပ် ၄၇,၂၆၉
အိုင်ရင်း ၂၀၁
အုန်းကျော်၊ ဗိုလ်ကြီး ၂၇
အုန်းဖေ၊ ဗိုလ်ကြီး ၂၀
အုန်းကြိုင်၊ တပ်ကြပ်ကြီး ၂၀၄
အုန်းခင်၊ ကို ၁၀၁
အုန်းမောင်၊ ဗိုလ်မှူး ၂၁၁,၂၁၄

www.burmeseclassic.com